# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူထုဗဟိုပြုစီမံကိန်း

## သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်

ဩဂုတ်လ ၁၀ ၊ ၂၀၁၇။

# မာတိကာ


က။ နိဒါန်း

ခ။ စီမံကိန်း၏ရည်ရွယ်ချက်

ဂ။ စီမံကိန်းလုပ်ငန်းစဉ်များ

- စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်နေရာ၊ဒေသရွေးချယ်ခြင်း
- စီမံကိန်းစက်ဝန်း
- အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများ

ဃ။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ်များ

င။ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်မှုနှင့်ပတ်သက်နေသည့် မြန်မာနိုင်ငံ၏ဥပဒေများ

စ။ ကမ္ဘာ့ဘဏ်မှချမှတ်ထားသည့် စီမံကိန်းလုပ်ငန်းအကောင်အထည် ဖော်ဆောင်ရေး မူဝါဒများ

ဆ။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အကာအကွယ်ဆိုင်ရာအတွေ့အကြုံနှင့်သင်ခန်းစာများ

ဇ။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်ဆိုင်ရာကိစ္စရပ်များကို ချဉ်းကပ်နိုင်မည့် နည်းလမ်းများ

ဈ။ စီမံကိန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းအား ဆန်းစစ်လေ့လာခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

ည။ စောင့်ကြည့်ကြီးကြပ်မှုအစီအစဉ်

ဋ။ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းမှုအစီအစဉ်

ဌ။ လူထုအား အကြံပေးခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် အသိပေးကြေညာခြင်း

ဍ။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်ကို အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်းရံပုံငွေ

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ (၁) ပထမနှစ်စီမံကိန်းစက်ဝန်းမှ စတုတ္ထနှစ်စီမံကိန်းစက်ဝန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်း မြို့နယ်များ၏မြေပုံ နှင့်အမည်စာရင်း

နောက်ဆက်တွဲ (၂) ပုံစံ (စ-၁၃) အကာအကွယ်စစ်ဆေးချက်ပုံစံ

နောက်ဆက်တွဲ (၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ

နောက်ဆက်တွဲ (၄) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအား တွေ့ရှိပါက လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ

နောက်ဆက်တွဲ (၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်

နောက်ဆက်တွဲ (၆) ပုံစံ (စ-၁၄) ဆန္ဒအလျောက်လှူဒါန်းခြင်း

နောက်ဆက်တွဲ (၇) ပြန်လည်နေရာချထားရေးမူဘောင်

နောက်ဆက်တွဲ (၈) ဒေသခံများနှင့်ပတ်သက်သော မူဘောင်

နောက်ဆက်တွဲ (၉) ပုံစံ (စ - ၆) စီမံကိန်းလုပ်ငန်းခွဲအား အပြီးသတ်စစ်ဆေးခြင်း

နောက်ဆက်တွဲ (၁၀) မြန်မာနိုင်ငံအတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေများ ဟု တရားဝင်သတ်မှတ်ထားသည့် နေရာ (၄၇) ခု

နောက်ဆက်တွဲ(၁၁) **အကြံဉာဏ်ရယူခြင်းအစည်းအဝေး များ။**

## List of Acronyms

| | |
|---|---|
| AF | Additional Financing |
| CDD | Community-Driven Development |
| CF | Community Facilitator |
| DRD | Department of Rural Development |
| EA | Environmental Assessment |
| ECoP | Environmental Code of Practice |
| EIA | Environmental Impact Assessment |
| EMP | Environmental Management Plan |
| ESMF | Environmental and Social Management Framework |
| ESSAF | Environmental and Social Screening and Assessment Framework |
| GHM | Grievance Handling Mechanism |
| GoM | Government of Myanmar |
| JSDF | Japan Social Development Fund |
| IDA | International Development Association |
| IP | Indigenous People |
| IPF | Investment Project Financing |
| IPP | Indigenous Peoples Plan |
| NCDDP | National Community Driven Development Project |
| OP | Operational Policy |
| PCR | Physical Cultural Resources |
| PCRMP | Physical Cultural Resources Management Plan |
| RAP | Resettlement Action Plan |
| SA | Social Assessment |
| TA | Technical Assistance |
| TF | Technical Facilitator |
| TPIC | Township Planning and Implementation Committee |
| TTA | Township Technical Assistance |
| VPSC | Village Project Support Committee |
| VTPSC | Village Tract Project Support Committee |
| VTDP | Village Tract Development Plan |

## က။ နိဒါန်း

၁။ ၂၀၁၁ခုနှစ်မှစတင်ပြီးမြန်မာနိုင်ငံတော်အစိုးရက စတင်အကောင်အထည်ဖော်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များ၏ အဓိကအကြောင်းအရာတစ်ရပ်မှာ "အထက်မှအောက်သို့ အဆင့်ဆင့် အမိန့်ပေးသည့်စနစ်" မှ "လူထုဗဟိုပြုစနစ်" သို့ ပြောင်းလဲသွားစေရေး အားထုတ် ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ အဆိုပါနည်းစနစ်သစ်အား မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် လက်တွေ့လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် လူထုဗဟိုပြုစီမံကိန်း(NCDDP) အား ပုံစံချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက်(၂၀၁၂) ခုနှစ်တွင်ကမ္ဘာ့ဘဏ်မှ နည်းပညာနှင့်ငွေကြေး အကူအညီတောင်းခံခဲ့သည်။ လူထုဗဟိုပြုစီမံကိန်းသည် ရန်ပုံငွေသုံးစွဲရာ၌ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူ၊ တာဝန်ခံမှုတို့အပေါ် အလေးဂရုပြုရင်း ကျေးလက်နေ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးရေးလမ်းစဉ်နှင့် လုပ်ငန်းရပ်များကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရာတွင်၊ လုပ်ဆောင်ကြရာတွင် ပိုမိုစွမ်းဆောင်နိုင်စေရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးမည်၊ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

၂။ ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံနှင့်ပြန်လည်ထိတွေ့ဆက်ဆံမှု ကနဦးအဆင့်များအတွင်း ပြုစုခဲ့သည့် မူလလူထုဗဟိုပြုစီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆောင်ရွက်ရေး မူဝါဒအမှတ် (၈.၀၀) (အခက်အခဲ အကျပ်အတည်းများနှင့် အရေးပေါ်အခြေအနေများကို လျင်မြန်စွာတုံ့ပြန်မှု) (Operational Policy – OP 8.00) နှင့်အညီပြင်ဆင်နိုင်၊ ရေးဆွဲထားနိုင်ခဲ့ပါသည်။ မူဝါဒအမှတ် (၈.၀၀)အရ နိုင်ငံတော်အစိုးရသည် သတ်မှတ်ရွေးချယ်ထားသည့် စီမံကိန်းရင်းနှီးမြှုပ်နှံမှုများအား အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့်အဓိကအကာအကွယ် စည်းမျဉ်းတစ်ခုအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်လေ့လာရေးမူဘောင် (ESSAF)ကို ပြဋ္ဌာန်းခဲ့သည်။ လူထုဗဟိုပြုစီမံကိန်းမှ ငွေကြေးထောက်ပံ့မည့် စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော်ရာတွင် ကျေးရွာလူထုကိုယ်တိုင်မှ သတ်မှတ်ရွေးချယ်ခဲ့ခြင်း ဖြစ်သည့်အတွက် (ESSAF) သည်

(၁) စီမံကိန်းလုပ်ငန်းခွဲများ စီစဉ်နေစဉ်အတွင်း ပေါ်ပေါက်လာနိုင်ခြေရှိသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဆုံးဖြတ်ခြင်း၊ အကဲဖြတ်ခြင်းများ

(၂) ဖြစ်ပေါ်လာနိုင်ခြေရှိသည့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုးကျိုးများကို ဖယ်ရှားရန်၊ သို့မဟုတ်တခြားတစ်ခုခုဖြင့်ပြန်ထေမိစေရန်၊ သို့မဟုတ် လက်ခံနိုင်ဖွယ်ပမာဏအထိ ရောက်အောင် လျော့ချရန်အလို့ငှာ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ချိန်နှင့် ဆက်လက်လုပ်ဆောင်ချိန်များတွင် ဆောင်ရွက်ရမည့်လျော့ပါးသက်သာစေရေး၊ စောင့်ကြည့်လေ့လာရေးနှင့် အဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်း ယန္တရားတစ်ခုကို ချမှတ်ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်စဉ်ကာလအတွင်း ဖြစ်ပေါ်လာမည့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုသက်ရောက်မှုများကို စောင့်ကြည့်လေ့လာရန်၊ မှတ်တမ်းတင်ထားရန်အတွက် အကောင်အထည်ဖော်ရေး လက်စွဲတွင် အသုံးပြုရမည့်စံချိန်စံညွှန်း ပုံစံများအပါအဝင်ပိုမို အသေးစိတ်သည့်အချက်အလက်များကို ထည့်သွင်းထားပါသည်။

၃။ အမေရိကန်ဒေါ်လာသန်း(၈၀) တန်ဖိုးရှိသည့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး ပံ့ပိုးမှုအဖွဲ့ (IDA) ကငွေကြေးထောက်ပံ့ထားပြီး အပိုင်း(ဂ) တွင်ဖော်ပြထားသည့် စီမံကိန်းအစိတ်အပိုင်း၄ခု နှင့်တစ်ထပ်တည်းတူသည့် ယခင် လူထုဗဟိုပြုစီမံကိန်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၅)ခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတို့မှ မြို့နယ်တစ်မြို့နယ်စီတွင်ပါဝင်သည့် ကျေးရွာအုပ်စုအားလုံးသို့အထောက်အပံ့များ ပေးအပ်ရန်စီစဉ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ အခြေအနေနှင့်ကိုက်အောင်လေ့လာသင်ယူမှုကို အထောက်အကူဖြစ်စေရန်အတွက် ယခုစီမံကိန်းတွင် ဖြည်းဖြည်းချင်း လုပ်ငန်းချဲ့ထွင်သည့်ဗျူဟာကို ကျင့်သုံးထားပါသည်။

၄။ မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း(၆၃)မြို့နယ်တွင် ဒေသခံပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားဖြည့်ပံ့ပိုးပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတော်အစိုးရမှ ကမ္ဘာ့ဘဏ်သို့ ရန်ပုံငွေထပ်မံတောင်းခံခဲ့မှုကြောင့် (၂၀၁၅) ခုနှစ်၊ ဖွန်လတွင် ကမ္ဘာ့ဘဏ်မှ လုပ်ငန်းဆောင်ရွက်မှု မူဝါဒအမှတ် (၁၀)၊ (ရင်းနှီးမြှုပ်နှံမှုငွေကြေးအထောက်အပံ့ - IPF ) ချေးငွေ ဒေါ်လာသန်း (၄၀၀) ပံ့ပိုးပေးရန် အတည်ပြုပေးခဲ့သည်။ ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုအတွက် စီမံကိန်း၏ မူလသတ်မှတ်ရက်အား (၂၀၁၂) ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့အထိ နှစ်နှစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ဖြည့်စွက်ရံပုံငွေအတွက် လိုအပ်ချက်တစ်ခုအနေဖြင့် လည်းကောင်း၊ OP10.10 အရလည်းကောင်း ESSAF အား အသုံးပြုနိုင်သော အကာအကွယ် မူဝါဒများဖြစ်သည့် OP 4.01, 4.04, 4.10, 4.12 တို့နှင့်အညီ ပြင်ဆင်၍ 2015 ဖေဖော်ဝါရီလတွင် လူထုသို့ တင်ပြဆွေးနွေးခဲ့ပြီး 2015 မတ်လ ၁၉ ရက်နေ့တွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်အဖြစ် ပြုပြင်ရေးဆွဲခဲ့သည်။ သဘာဝဝန်းကျင်နှင့် လူမ ဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) သည် မူလ (IDA) ချေးငွေ၊ ထပ်တိုး (IDA) ချေးငွေ၊ စင်ပြိုင်ပူးတွဲချေးငွေ၊ အခြားသော ငွေကြေးပံ့ပိုးသူ/ အဖွဲ့အစည်းများမှ ဖြည့်စွက်ချေးငွေများနှင့် ၏ နိုင်ငံတော်အစိုးရမှ စင်ပြိုင်ပူးတွဲချေးငွေများအားလုံးအား (NCDDP) စီမံကိန်းလုပ်ငန်းခွဲများ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ အတွက် ထိန်းသိမ်းကာကွယ်ပေးရန်နှင့် **လိုက်နာဆောင်ရွက်ရ တစ်ခုတည်းသော နည်းလမ်း** ဖြစ်ပါသည်။

၅။ (NCDDP)သည် စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု အရှိန်အား တဖြည်းဖြည်းချင်း မြှင့်တင်သည့် နည်းဗျူဟာကို ကျင့်သုံးပါသည်။ ပထမနှစ်စီမံကိန်း စက်ဝန်းတွင် စီမံကိန်းမြို့နယ် (၃) မြို့နယ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး နောင်နှစ်များတွင် စီမံကိန်းမြို့နယ်အသစ်များ ထပ်မံတိုးချဲ့ ဆောင်ရွက်ခဲ့သည်။ ပထမနှစ်စီမံကိန်း ီစက်ဝန်းမှ စတုတ္ထနှစ်စက်ဝန်း အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းမြို့နယ်များ၏ အမည်စာရင်းနှင့် တည်နေရာပြမြေပုံတို့အား အချပ်ပိုဇယား - ၁ တွင် ဖော်ပြထားပါသည်။ရရှိနိုင်မည့် အရင်းအမြစ် အခြေအနေနှင့် စီမံကိန်းမြို့နယ် သတ်မှတ်ရွေးချယ်မှုရလဒ်တို့အပေါ်တွင် မူတည်ပြီး ပဥ္စမနှစ်စက်ဝန်းကို မြို့နယ် (၁၆)ခုတွင ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ (၂၀၁၃) ခုနှစ် ဇန်နဝါရီလတွင် စီမံကိန်းအကောင်အထည်ဖော်မှုမှ ရလဒ်ကောင်းများ ထွက်ပေါ်လာမှုကြောင့် (NCDDP)သည် အချိန်တိုအတွင်းတွင် အောင်မြင်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ (၂၀၁၃) ခုနှစ်မှ (၂၀၁၇) ခုနှစ် နှစ်ဦးပိုင်းအတွင်း စီမံကိန်းစက်ဝန်း (၃) နှစ်အတွင်းတွင် စီမံကိန်းမြို့နယ် (၂၇) အတွင်းရှိ ကျေးရွာပေါင်း (၅,၄၀၀)၊ **လူဦးရေ(၃.၅)သန်း၏** ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းလုပ်ငန်းခွဲပေါင်း(၆,၇၀၂)ခုအား ရန်ပုံငွေပံ့ပိုးပေးနိုင်ခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းခွဲများမှာ လမ်းများ ပြုပြင် ဖောက်လုပ်ခြင်း(၂၃၄၀ကီလိုမီတာ)၊ စာသင်ကျောင်းပေါင်း (၁,၄၀၀)အား ပြုပြင်/ တိုးချဲ့ဆောက်လုပ်ခြင်း၊ ရေပေးရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ဆိပ်ခံများဆောက်လုပ်ခြင်း၊ စာကြည့်တိုက်များတည်ဆောက်/ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်ဆေးပေးခန်းများ တည်ဆောက်ပေးခြင်း စသည့် **ကျေးလက်အခြေခံအဆောက်အအုံများအား** တည်ဆောက် အကောင်အထည်ဖော်ပေးခြင်း ဖြစ်သည်။ ယခုလက်ရှိအခြေအနေတွင် လူဦးရေ သန်းချီပြီး လုပ်**ခ**/လစာရသည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများအား ဖန်တီးပေးနိုင်ခဲ့သည်။ ကျေးလက်ဦးစီးဌာန၏ စီစဉ်မှုဖြင့် (၂၀၁၆)ခုနှစ်တွင် ပြုလုပ်ခဲ့သော**နည်းပညာစစ်ဆေးခြင်း တွေ့ရှိချက်အရ** အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းခွဲများ၏ (၉၂%) သည် သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာ အရည်အသွေး သတ်မှတ်ချက်နှင့် ပြည့်မီ/ ကျော်လွန်ကြောင်း တွေ့ရှိရသည်။ထို့အပြင် NCDDP စီမံကိန်းလုပ်ငန်းခွဲများအား အခြားသော အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် အလားတူ/ပုံစံတူ စီမံကိန်းတည်ဆောက်မှုများနှင့် နိုင်းယှဉ်ကြည့်ပါက ကုန်ကျစရိတ်နှင့် ထိုက်တန်အကျိုးရှိအောင် အကောင်အထည်ဖော် တည်ဆောက်ထားနိုင်သည်ကို တွေ့ရပါသည်။ ထူးခြားမှုအနေဖြင့် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်မှုတွင် လူထုမှဆန္ဒအလျောက်လှူဒါန်းခြင်း၊ ပါဝင်လုပ်အားပေးလာသည်များကိုလည်း တွေ့ကြုံရ၊ လက်ခံခဲ့ရသည်များရှိပါသည်။

၆။ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အချိန်တွင် စီမံကိန်းမြို့နယ်အသစ်များအား ရွေးချယ်သတ်မှတ်ထားခဲ့သည့်အတွက် ESMF ရေးဆွဲနေချိန်တွင် ပါဝင်မည့် မြို့နယ်များအား သိရှိခဲ့ခြင်း မရှိသေးပါ။

တတိယနှစ်စီမံကိန်းရာသီ စက်ဝန်းတွင် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ဆိုင်ရာဥပဒေများနှင့်အညီ သတ်မှတ်ထားသော (ပုဂံသာသနိကနယ်မြေ) ပါဝင်နေသည့် ညောင်ဦးမြို့နယ်သည် စီမံကိန်းမြို့နယ်တစ်မြို့အဖြစ် ပါဝင်လာခဲ့သည်။ အဆိုပါပုဂံဒေသသည် မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနှင့် ရှေးဟောင်းသာသနိက အမှတ်တရအဆောက်အအုံများ ရှိနေခဲ့သောကြောင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ် တရားဝင် စာရင်းသွင်းသတ်မှတ်ပေးရန် (UNESCO) အဖွဲ့အား တင်ပြလျှောက်ထားသည့် နယ်မြေလည်း ဖြစ်ပါသည်။ စတုတ္ထနှစ်စီမံကိန်းရာသီစက်ဝန်းတွင်လည်း မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု နယ်မြေများ ဖြစ်ကြသည့် မန္တလေးတိုင်း**ဒေသကြီး**၊ နွားထိုးကြီးမြို့နယ်နှင့် ရန်ကုန်တိုင်း**ဒေသကြီး**၊ ကျောက်တန်းမြို့နယ်တို့သည် စီမံကိန်းမြို့နယ်များအဖြစ် ပါဝင်လာကြသည်။NCDDP စီမံကိန်းအနေဖြင့် စီမံကိန်းမြို့နယ်များအတွင်းမှ ကျေးရွာတိုင်းတွင် စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော်ဆောင်ရွက်သည် ဖြစ်၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများအတွင်း (သို့မဟုတ်) ဆက်စပ်နေသည့် ဒေသများအား စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရှိရာဒေသများအတွက် အထူးမူဝါဒ(OP–4.11)(PCR)နှင့်အညီ လိုက်နာစီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၇။ စီမံကိန်းသည် မြန်မာနိုင်ငံအတွင်းရှိ **ဆင်းရဲ**နွမ်းပါးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးပေး ဆောင်ရွက်သောကြောင့် **ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများသည် စီမံကိန်းအား ကူညီပံ့ပိုးရန် ဆန္ဒရှိလာကြသည်။** ၎င်းတွင် အီတလီနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း (AICS) မှ ချေးငွေ၊ UK ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ချေးငွေ၊ ဂျပန်နိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (JSDF) မှ ချေးငွေတို့လည်း ပါဝင်ပါသည်။ အဆိုပါ ချေးငွေများ**ဖြင့်** စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုတွင် ယခုဖြည့်စွက်ပြုပြင်ထားသည့် (ESMF) လမ်းညွှန်ချက်များပါဝင်သော စီမံကိန်းလက်စွဲ (Operation Manual) ပါစည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များအပေါ် သက်ရောက်မှုများအား စစ်ဆေးခြင်း၊ အဆိုပါသက်ရောက်မှုများအတွက်အကဲဖြတ်ခြင်း၊ လျော့ချနိုင်သောနည်းလမ်းများအား ပြင်ဆင်ခြင်းနှင့် ၊ စောင့်ကြည့်မှုအစီအစဉ်အတွက် ပြင်ဆင်မှုများပါဝင်သော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာကာကွယ်ထိန်းသိမ်းရေးဥပဒေ အတိုင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှု ဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) ကိုပြုပြင်ရေးဆွဲထားသည်။ အဆိုပါအသစ်ပြုပြင်ရေးဆွဲထားသည့် (ESMF) သည် NCDDP စီမံကိန်းတွင် ရန်ပုံငွေပံ့ပိုးပေးသည့်မူလထောက်ပံ့ငွေ၊ ထပ်တိုးချေးငွေ၊ အီတလီနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း (AICS) မှ နှစ်ရှည်ချေးငွေ၊ UK ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှချေးငွေ၊ ဂျပန်နိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (JSDF) မှချေးငွေ၊ ဖြည့်စွက်ချေးငွေများနှင့် နိုင်ငံတော်အစိုးရမှ ထည့်ဝင်ငွေတို့အတွက် စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုက်နာဆောင်ရွက်ရမည့် တစ်ခုတည်းသော အကာအကွယ်ပေးမှုဆိုင်ရာ လက်စွဲဖြစ်သည်။

## ခ။ စီမံကိန်း၏ ရည်ရွယ်ချက်

၉။ စီမံကိန်း၏ ရည်ရွယ်ချက်သည် ဆင်းရဲနွမ်းပါးသော ကျေးလက်နေပြည်သူလူထု လူနေမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လူထုဗဟိုပြုနည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အရေးပေါ်အခြေအနေနှင့်ဘေးအန္တရာယ်ကျရောက်သော အခြေအနေများတွင် အစိုးရအဖွဲ့အစည်းအနေနှင့် လျင်မြန်ထိရောက်စွာတုန့်ပြန်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော အစိုးရအဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ အထက်ပါရည်ရွယ်ချက်တို့ အောင်မြင်စေရေးအတွက်

(၁) ကျေးလက်ဒေသရှိ လူထုကိုယ်တိုင် စီစစ်ရွေးချယ် သတ်မှတ်လိုက်သည့် ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှု (ရင်းနှီးမြှုပ်နှံမှု)အတွက် ငွေကြေး ထောက်ပံ့ပေးခြင်း၊

(၂) လူထုအနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးရေးလုပ်ငန်းများအား အရေးကြီးသည့်အစီအစဉ်အလိုက် မိမိတို့ဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲ ဖော်ထုတ်သတ်မှတ်ပြီး အကောင်အထည်ဖော်နိုင်လာသည့် စွမ်းဆောင်ရည်နှင့် လုပ်ရည်ကိုင်ရည် မြင့်မားတိုးတက်လာစေခြင်း၊

(၃) အောက်ခြေလူထုအဆင့်တွင် စီမံကိန်းအကောင်အထည်ဖော်ရာ ိစက်ဝန်းတစ်လျှောက် လူတန်းစားမရွေး၊ ကျား/မ မရွေး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ပံ့ပိုးပေးခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် အောင်မြင်မှုရစေရန် ဖြ ဆောင်ရွက်မည် ဖြစ်သည်။

## ဂ။ စီမံကိန်းလုပ်ငန်း စဉ်များ

၁၀။ တည်နေရာ အနေအထားအရ ဆက်စပ်တည်ရှိနေသော ထပ်တိုးမြို့နယ်အချို့မှလွဲ၍ ဂျပန်နိုင်ငံလူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရန်ပုံငွေ JSDF နှင့် DFID တို့၏ ခွင့်ပြုမှု အတိုင်းအတာနှင့်အညီ မူလ (NCDDP) စီမံကိန်းနှင့် (AF) တို့မှ အောက်တွင် ရှင်းလင်းဖော်ပြထားသည့် စီမံကိန်းအစိတ်အပိုင်း(၅)ခုအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်း အစိတ်အပိုင်း တစ်ခုချင်းစီတွင် ကျားမအချိုးအစားညီမျှစွာ ပါဝင်ရန် ကြိုးပမ်းသည်နှင့်အညီ အမျိုးသမီးများ၏ ကိုယ်ရည်ကိုယ်သွေးနှင့်အစွမ်းအစ ပိုမိုမြင့်မားလာစေရန်အတွက် ရည်ရွယ်လုပ်ဆောင်ပေးသည့် စီမံကိန်း ဖြစ်ပါသည်။

၁၁။ **စီမံကိန်းအစိတ်အပိုင်း(၁) - လူထုသို့ တိုက်ရိုက် ထောက်ပံ့ငွေများ** - လူထုဗဟိုပြုစီမံကိန်း (NCDDP) သည် မြို့နယ်(၆၃)မြို့နယ်ရှိ ကျေးရွာအုပ်စုအားလုံးတွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာအဆင့်အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးအတွက် အနည်းဆုံး စီမံကိန်းစက်ဝန်း (၄) နှစ် ဆက်တိုက်ရန်ပုံငွေပံ့ပိုးပေးပါသည်။ ရန်ပုံငွေခွဲဝေချထားပေးမှုများ၏ သတ်မှတ်ပုံမှာ ကျေးရွာအုပ်စုအတွင်း နေထိုင်သူလူဦးရေ အနည်းအများ/ အချိုးအစား အပေါ်မူတည်၍ ကျေးရွာအုပ်စုတစ်စုလျှင် မြန်မာကျပ်ငွေ သန်း (၂၂) မှ သန်း (၂၀၀) အတွင်း ပံ့ပိုးပေးပါသည်။ မည်သည့်မြို့နယ်တွင်မဆို ပထမနှစ်စီမံကိန်းစက်ဝန်းတွင် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲအတွက် အနိမ့်ဆုံးပမာဏ သတ်မှတ်ထားခြင်းမရှိပေ။ ဒုတိယနှစ်နှင့် ကျန်နှစ်များတွင် ကျေးရွာစီမံကိန်းလုပ်ငန်းခွဲတစ်ခုအတွက် အနည်းဆုံးပမာဏမှာ မြန်မာကျပ်ငွေ (၂သန်း) ပံ့ပိုးပေးသည်။ ကျေးရွာအုပ်စုအတွက်ရန်ပုံငွေနှင့်လူထုမှလှူဒါန်းငွေများ (သို့မဟုတ်) အခြားသောပံ့ပိုးငွေများအပါအဝင် မည်သည့်စီမံကိန်းလုပ်ငန်းခွဲတွင်မဆိုမြန်မာကျပ်ငွေ သန်း(၁၀၀) ထက်မကျော်လွန်ရပါ။ စီမံကိန်းလုပ်ငန်းခွဲတစ်ခု တန်ဘိုးသည် မြန်မာကျပ်ငွေသန်း(၄၀) ထက်ကျော်လွန်ပါက စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ခြင်းမစတင်မီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်၏ ခွင့်ပြုချက်နှင့် ကမ္ဘာ့ဘဏ်၏ကန့်ကွက်ရန် မရှိကြောင်းအတည်ပြုချက်တို့ရရှိရန်လိုအပ်ပါသည်။ အကယ်၍ ကျေးရွာအုပ်စုနှစ်စု ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းခွဲတစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြပြီး ကမ္ဘာ့ဘဏ်၏ ကန့်ကွက်ရန်မရှိကြောင်း တောင်းခံရမည်။

၁၂။ ကျေးရွာတွင်းလမ်းများ၊ လူသွားလမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားငယ်များ၊ ရေပေးဝေရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ/ကျေးလက်ဆေးပေးခန်း/ ကျေးရွာလူထုခန်းမများအား တည်ဆောက်၊ ပြုပြင်၊ မွမ်းမံ၊ တိုးချဲ့ခြင်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ (အသေးစားရေအားလျှပ်စစ်၊ ဆိုလာ) စသည့်အခြေခံအဆောက်အအုံများ အတွက်ရန်ပုံငွေပံ့ပိုးပေးသည်။ စီမံကိန်းပထမနှစ်တွင် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ကျေးလက်ပြည်သူလူထုတို့ ရင်းနှီးကျွမ်းဝင်မှု မရှိနိုင်ခြင်းကို ထည့်သွင်းစဉ်းစားပြီး ပြုပြင်မွမ်းမံခြင်းနှင့် တိုးချဲ့ခြင်းလုပ်ငန်းများအား ပိုမိုဦးစားပေးကာ

(ရိုးစင်းသော စံညွှန်းဒီဇိုင်းများကိုသာ အသုံးပြု၍) အကောင်အထည်ဖော်ရန် ပိုမိုလွယ်ကူသည့် အကျုံးဝင်သည့် စီမံကိန်းလုပ်ငန်းခွဲ စာရင်းအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ရွေးချယ်ထားသည့် မြို့နယ်များရှိ ကျေးရွာအုပ်စုအားလုံးနှင့် ၎င်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအားလုံးအတွက် လူထုပူးပေါင်းပါဝင်သည့် စီမံကိန်း လုပ်ငန်းစဉ်အတိုင်း ရန်ပုံငွေကို ခွဲဝေချထားပေးသည်။စီမံကိန်းရေးဆွဲခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများ ဦးစားပေးသတ်မှတ်ခြင်းတို့ကို ကျေးရွာသားများနှင့် ကျေးရွာအုပ်စုကော်မတီဝင်များက စီမံကိန်းလက်စွဲပါ လမ်းညွှန်ချက်များနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်သည်။

## စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန် နေရာ၊ ဒေသရွေးချယ်ခြင်း


၁၃။ စီမံကိန်းတွင်ပါဝင်မည့်မြို့နယ်များအား ရွေးချယ်ရာတွင် ဆင်းရဲနွမ်းပါးမှုကို အဓိကအခြေခံပြီးရွေးချယ်မည် ဖြစ်သည်။ ထို့ပြင် (၁) အလားတူလုပ်ငန်းများအတွက် အခြားဖွံ့ဖြိုးရေး အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေမရရှိမှုနှင့် (၂) သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များ၏ လိုလားမှုနှင့် စွမ်းဆောင်ရည် (ကူညီပံ့ပိုးပေးနိုင်မှု) တို့ကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။ ထောက်ပံ့ငွေရရှိမည့်မြို့နယ်များရွေးချယ်ရာတွင် သက်ဆိုင်သူ အားလုံးပါဝင်သည့် မြို့နယ်ရွေးချယ်ရေးအကြံပေး အစည်းအဝေးတစ်ရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များ၌ ကျင်းပကာ ရွေးချယ်မည် ဖြစ်ပါသည်။ အဆိုပါ ညှိနိုင်းအစည်းအဝေးများ ပြီးနောက်တွင် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက စီမံကိန်းအတွက် ဦးစားပေးအစဉ်လိုက် မြို့နယ်များ၏စာရင်းကို သဘောထားမှတ်ချက်နှင့် တကွ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ပေးပို့ရမည်ဖြစ်သည်။ ထို့နောက်တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ စီးပွားရေးရာကော်မတီသို့ ရလဒ်ကို ပေးပို့ရွေးချယ်ပါမည်။ အဆိုပါ ရွေးချယ်လိုက်သည့်မြို့နယ်စာရင်းကို ကမ္ဘာ့ဘဏ်သို့ပေးပို့ကာ ကန့်ကွက်ရန်မရှိကြောင်း အတည်ပြုချက် ရယူရမည်ဖြစ်သည်။

## စီမံကိန်းစက်ဝန်း

၁၄။ စီမံကိန်းကို စက်ဝန်းများဖြင့် ပိုင်းခြားသတ်မှတ်ပြီး ဆောင်ရွက်ပါသည်။ ပုံ(၁) တွင် ဖော်ပြထားသည့်အတိုင်း စက်ဝန်းတစ်ခုစီတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဆင့် (၁၄) ဆင့် ပါဝင်သည်။

၁၅။ ကျေးလက်စေတနာ့ဝန်ထမ်းများ၏အကူအညီဖြင့် လူထုစည်းရုံးရေးမှူးများသည် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူထုတစ်ရပ်လုံး ပါဝင်လာရေး နည်းလမ်းများကိုအသုံးပြုပြီး ရွာသူရွာသားများ၏ဦးစားပေး လိုအပ်ချက်များကိုထိရောက်မှန်ကန် အကျိုးရှိစွာ ဖြည့်တင်းပံ့ပိုးပေးနိုင်မည့် ဦးစားပေးလုပ်ဆောင်မှုများနှင့်ထိုလုပ်ဆောင်မှုများမှ အကျိုးကျေးဇူးခံစားရမည့် ဆင်းရဲနွမ်းပါးသူများနှင့် အခြေခံလူတန်းစားများပါဝင်သည့် ဦးစားပေးအုပ်စုများကို ဖော်ထုတ်ပါမည်။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ပြန်လှန်သုံးသပ်ကာ ကျေးရွာအုပ်စု၏ ဦးစားပေး လိုအပ်ချက်အလိုက် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများနှင့် ကိုက်ညီစေရန် ကျန်ရှိသည့် စက်ဝန်းသုံးခုတွင် နှစ်စဉ်ပြင်ဆင်ရေးဆွဲပြီး ရရှိနိုင်သောထောက်ပံ့ငွေကို ဦးစားပေးစီမံကိန်းလုပ်ငန်းများအလိုက် သတ်မှတ်မည်ဖြစ်သည်။

**ပုံ ၁ - ကျေးရွာအဆင့် စီမံကိန်းစက်ဝန်း**




၁၆။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သည်ရှိရင်းစွဲကဏ္ဍအလိုက် စီမံချက်များနှင့်နိုင်းယှဉ်ပြီး ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များ၊ မြို့နယ်များသို့ပေးအပ်သော အခြားသောသိရှိပြီး အကူအညီများကို ပြန်လှန်သုံးသပ်ကာ ကျေးရွာအုပ်စုတစ်ခုချင်းစီအလိုက် လာမည့်နှစ်စီမံကိန်းစက်ဝန်းအတွက် အဆိုပြုထားသည့် လုပ်ငန်းများကိုအတည်ပြုခြင်းများပြုလုပ်ပါသည်။ အကယ်၍ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ်တွင် တင်ပြထားသည့် ဦးစားပေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ကွဲပြားမှု တစ်ခုခုရှိလာပါက (ဥပမာ။ ။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်က ကျောင်းဆောက်ရန် အဆိုပြုထားသော်လည်းယင်းကို ပညာရေးဝန်ကြီးဌာနက

စီစဉ်ထားပြီးဖြစ်ပါက) ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီမှ ရရှိသည့်အချက်အလက်များ အပေါ်တွင်မူတည်၍ ဦးစားပေးစီမံကိန်းများကို ပြန်လန်ဆန်းစစ်သုံးသပ်ပြီး အသစ်ပြင်ဆင်ထားသည့် စီမံချက်ကို မြို့နယ်အဆင့်သို့ပေးပို့အတည်ပြုချက်ရယူရမည်။

၁၇။ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ်များ ရေးဆွဲရာတွင် ရွာသူရွာသားများနှင့် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီတို့အား ကူညီပံ့ပိုးပေးသည်။ ထို့ပြင် ရွာသူများနှင့်ရွာသားများအား သီးခြားတွေ့ဆုံဆွေးနွေးကာ ၎င်းတို့၏လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းများကို သိရှိနိုင်စေရန် အကြံဉာဏ်တောင်းခံခြင်း၊ အကြံဉာဏ်ပေးခြင်းတို့ ဆောင်ရွက်သည်။ ၎င်းတို့သည် ရရှိလာသည့်အချက်အလက်များကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ် နည်းပညာဆိုင်ရာအဖွဲ့တို့သို့ တာဝန်ယူတင်ပြပါသည်။

၁၈။ ကျေးရွာနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို နောက်တစ်နှစ်လုပ်ငန်းများ မစတင်မီ နှစ်စဉ်သုံးသပ်ညှိနှိုင်း ပြင်ဆင်သွားရမည်။ ရွာသူရွာသားများနှင့်ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီတို့သည် ၎င်းတို့၏ လိုအပ်ချက်နှင့် ဦးစားပေးအစီအစဉ်များကို ပြန်လည်သုံးသပ် ညှိနှိုင်းသွားမည်ဖြစ်သည်။ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် မူလဖွံ့ဖြိုးရေး အစီအစဉ်နှင့် သိသာထင်ရှားစွာကွဲလွဲမှုများကို (စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲတွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း) အတည်ပြုသွားရမည် (သို့မဟုတ်) သတင်းအချက်အလက် ရရှိရေးအတွက် ပြုပြင်ရေးဆွဲထားသော အစီအစဉ်ကိုရယူရမည်။ ပြုပြင်ရေးဆွဲထားသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်နှင့်ပတ်သက်၍ ကွဲလွဲချက်တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီမှ တစ်ဆင့် ဦးစားပေးအစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ထားသောအစီအစဉ်ကို တင်ပြရမည်။

၁၉။ မြို့နယ်များရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် လက်ထောက်နည်းပညာမှူးများသည် ပြည်နယ်နှင့်တိုင်းများရှိ (NCDDP)စီမံကိန်းရုံးခွဲများမှ နည်းပညာဆိုင်ရာပံ့ပိုးမှုဖြင့် စီမံကိန်းလုပ်ငန်းဒီဇိုင်းများအား ရေးဆွဲပြင်ဆင်ရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်နေစဉ်အတွင်း အကျုံးဝင်သည့် အကာအကွယ်များနှင့် ကိုက်ညီမှုရှိစေရေးကို တာဝန်ယူမည်ဖြစ်သည်။ ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတများက စီမံကိန်းလုပ်ငန်းခွဲများတစ်ဆင့်ချင်း အလိုက်အကောင်အထည်ဖော်မှုကို ကြီးကြပ်ရပြီး ကန်ထရိုက်တာများနှင့် အလုပ်သမားများအား ငွေပေးချေရာတွင် လက်မှတ်ထိုးပေးရသည်။ ကျေးရွာအလိုက် ဝယ်ယူရေးဆပ်ကော်မတီက ကုန်ပစ္စည်းများ၊ အလုပ်များနှင့်ဝန်ဆောင်မှုများကို ကျေးလက်ဦးစီးအင်ဂျင်နီယာ၏အကူအညီဖြင့် တာဝန်ယူဆောင်ရွက်ရသည်။ ဘဏ္ဍာငွေစီမံခန့်ခွဲမှုနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းများကို ကျေးရွာအုပ်စု ဘဏ္ဍာရေးဆပ်ကော်မတီက လုပ်ဆောင်ပေးရသည်။ ပြည်နယ်နှင့်တိုင်း NCDDP စီမံကိန်းရုံးခွဲများသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ဌာနဆိုင်ရာရုံးများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းတို့သည်မြို့နယ်အဆင့် NCDDP ရုံးအဖွဲ့များအား နည်းပညာဆိုင်ရာပံ့ပိုးမှုများ ပေးရမည်။ ထိခိုက်ဆုံးရှုံးမှုမျမရှိစေရန် အကာအကွယ် နည်းလမ်းများ၊ စီမံကိန်းအကောင်အထည် ဖော်ဆောင်မှုအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အခြားသောကိစ္စရပ်များအားလုံး ပံ့ပိုးကူညီပေးရမည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းများအနေဖြင့် လက်တွေ့ဆောင်ရွက်နေသော စီမံကိန်းမြို့နယ်များအတွင်းရှိ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုများအား စောင့်ကြည့်အကဲခတ်စစ်ဆေးပေးရမည်ဖြစ်ပြီး မြို့နယ်အဆင့် စီမံကိန်း ရုံးများ မှဖြေရှင်း၊ ညွှန်ကြားမပေးနိုင်သည့် အခက်အခဲများ အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးရမည်ဖြစ်သည်။

၂၀။ စီမံကိန်း လုပ်ငန်းခွဲများသည် ကျေးရွာအုပ်စုတစ်ခုအတွင်း တစ်ရွာထက်မက ပါဝင်နိုင်သည်။ ကျေးရွာအုပ်စု စီထောက်ကော်မတီသည် ၎င်းနှစ်စဉ်ရရှိသော ရံပုံငွေအား မိမိအုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာထက်မက ပိုမိုအကျိုးရှိစေရန်ဆောင်ရွက်ရမည်။ ဤလုပ်ငန်းစဉ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အင်ဂျင်နီယာသည် ကော်မတီဝင်များ၊ လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး စီမံကိန်းလုပ်ငန်းခွဲများကို သတ်မှတ်ရေးဆွဲပြင်ဆင်ရမည်။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများကို သုံးသပ်စီစစ်အတည်ပြုပေးရမည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရသည့် ကျေးရွာများမှစောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများသည် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်မှုကို ပူးပေါင်းကြီးကြပ်ပေးရမည်ဖြစ်ပြီး ကန်ထရိုက်တာနှင့် အလုပ်သမားများအား ငွေပေးချေမှုကိုလည်း စစ်ဆေးကြီးကြပ်ပေးရမည်။

၂၁။ မည်သည့်စီမံကိန်းလုပ်ငန်းခွဲအတွက်မဆို ကျေးရွာလူထုက ငွေသားဖြစ်စေ၊ ပစ္စည်းဖြစ်စေ ထည့်ဝင်ပေးရန်မလိုပါ။ သို့သော် ရပ်ရွာလူထုအနေဖြင့် ဆန္ဒရှိပါက ထိုသို့ ထည့်ဝင်လှူဒါန်းရန် ခွင့်ပြုထားပါသည်။ မည်သူတစ်စုံတစ်ဦးကိုမျှ ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်ပြီး ၎င်း၏ပိုင်ဆိုင်မှုပစ္စည်းများကိုထည့်ဝင်ရန်၊ လှူဒါန်းရန် အတင်းအကြပ် တောင်းဆိုခွင့်မရှိပါ။ သဘောဆန္ဒအလျောက် ထည့်ဝင်လှူဒါန်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင့်သုံးရမည်ဖြစ်သည်။ ကျေးရွာလူထုအနေဖြင့် လုပ်အားထည့်ဝင်ကူညီမှုရှိခဲ့ပါကလည်း ဒေသလုပ်ခနေ့တွက်နှုန်းထား/ ပေါက်စျေးများကို အခြေခံပြီး အမျိုးသား၊ အမျိုးသမီးများ၏ တူညီသောလုပ်အားအတွက် တူညီသော လုပ်အားခနှုန်းထားဖြင့် ပေးချေရမည်။ လုပ်အားခနှုန်းထားများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးက အမြဲမပြတ် စစ်ဆေးလေ့လာသုံးသပ်ပေးနေရမည်။

**အကျုံးဝင်သောစီမံကိန်းလုပ်ငန်းခွဲများ**

၂၂။ လုပ်ငန်းခွင်အတွင်း သင်ယူရသောနည်းလမ်းကို ထိရောက်စွာအသုံးချနိုင်ရန်အတွက် ပထမစက်ဝန်းအတွင်း မြို့နယ်တိုင်း၌ ဒီဇိုင်းရေးဆွဲရန်နှင့်အကောင်အထည်ဖော်ရန် လွယ်ကူရိုးရှင်းသည့် စီမံကိန်းလုပ်ငန်းခွဲများပါဝင်သော ခွင့်ပြုစာရင်းတစ်ရပ်ကို ထားရှိမည်။ ယင်းတို့တွင် သတ်မှတ်ပုံစံများဖြင့်သာ အသုံးပြုထားသော ပြန်လည်ထူထောင်ရေး လုပ်ငန်းငယ်များ သို့မဟုတ် ရပ်ရွာအခြေခံအဆောက်အအုံများ အနည်းငယ်တိုးချဲ့ခြင်းတို့ ပါဝင်ပြီး ယင်းလုပ်ငန်းများအတွက် ပြင်ပမှပစ္စည်းဝယ်ယူခြင်းကို တတ်နိုင်သမျှ နည်းပါးစေရပါမည်။ ပထမဆုံးနှစ် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ဇယား(၁)တွင်ဖော်ပြထားပြီး စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲတွင်လည်း အသေးစိတ် ဖော်ပြထားပါသည်။

**ဇယား (၁) ပထမနှစ်တွင် အကျုံးဝင်သောစီမံကိန်းလုပ်ငန်းခွဲများ (ဆောင်ရွက်နိုင်သောစာရင်း)**

| | **အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲ အမျိုးအစားများ** | **အကျုံးဝင်သောအမျိုးအစားအလိုက် ရှင်းလင်းချက်များနှင့် ကန့်သတ်ချက်များ** |
|---|---|---|
| ၁ | ကျေးလကကျန်းမာရေးဌာန | ကျေးလက်ဆေးပေးခန်း လက်ရှိအဆောက်အအုံအား ပြန်လည်ပြုပြင်ခြင်း (သို့) အသေးစား တိုးချဲ့ခြင်း |
| ၂ | ကျောင်းအဆောက်အအုံများ | ကျောင်း၏တည်ရှိဆဲ အဆောက်အအုံအား ပြန်လည်ပြုပြင်ခြင်း (သို့) အသေးစား တိုးချဲ့ခြင်း |

| | အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲ အမျိုးအစားများ | အကျိုးဝင်သောအမျိုးအစားအလိုက် ရှင်းလင်းချက်များနှင့် ကန့်သတ်ချက်များ |
|---|---|---|
| ၃ | ကျေးလက်လမ်းများ (ကျေးရွာချင်းဆက်လမ်းများနှင့် ရွာများနှင့် မြို့နယ်များကြားရှိ လမ်းများ) | လက်ရှိလျှောက်လမ်းများနှင့် လမ်းများအား လက်ရှိပုံစံအတိုင်း ပြန်လည်တည်ဆောက်ခြင်း (သို့) ပြုပြင်ထိန်းသိမ်းခြင်း၊ တံတားငယ်များနှင့် မြေအောက်မြောင်းပိုက်လိုင်းများအား ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။ |
| ၄ | ကျေးလက်ရေပေးဝေမှု စနစ်များ | ရေတွင်းများ၊ မိုးရေလှောင်ကန်များအား ပြန်လည်ပြုပြင်ခြင်း (သို့) အသေးစားတိုးချဲ့ခြင်း၊ ရေဝေတီမြစ်၏ မြစ်မပေါ် သို့မဟုတ် မေခနှင့် မေလိခ မြစ်လက်တက်များ အပေါ် သို့မဟုတ် မြစ်လက်တက်များ တစ်လျှောက်တွင် တည်ရှိနေခြင်းမဟုတ်သော သဘာဝမြစ်ချောင်းများ သို့မဟုတ် ရေအရင်းအမြစ်များမှ အသေးစားရေပိုက်လိုင်းသွယ်တန်းခြင်း။ |
| ၅ | ကျေးလက်မီးလင်းရေး | နေရောင်ခြည်စွမ်းအင်ပြားနှင့်အားသွင်းရန်နေရာ၊ အသေးစား ရေအား လျှပ်စစ် (၁၀ ကီလိုဝပ်ထက်နည်းသော)၊ နေရောင်ခြည်စွမ်း အင်သုံး လမ်းမီးစနစ်၊ ဇီဝဓာတ်ငွေ့ဖြည့်သွင်းရာနေရာ၊ ဒီဇယ်သုံးမီးစက် (၂၀kilovolt-amps ထက်နည်းသော)၊ ဇီဝလောင်စာသုံးမီးစက် (၁၅ kilovolt-amps ထက်နည်းသော) |
| ၆ | ကျေးရွာအပန်းဖြေရာ နေရာများ | ကလေးထိန်းနေရာများနှင့် ဆက်သွယ်ရေးဆိုင်ရာနေရာများအပါအဝင် လက်ရှိအဆောက်အအုံနေရာများအား ပြန်လည်ပြုပြင်ခြင်း (သို့) အသေးစားတိုးချဲ့ခြင်း။ |
| ၇ | ကျေးလက်ဈေး | လက်ရှိဈေးအဆောက်အအုံအား ပြန်လည်ပြုပြင်ခြင်း (သို့) အသေးစား တိုးချဲ့ခြင်း |
| ၈ | အသေးစား ရေပေးဝေခြင်း | ပြန်လည်ပြုပြင်ခြင်း (၂၅ ဟက်တာအောက်) |
| ၉ | ကျန်းမာသန့်ရှင်းရေး | အများသုံးအိမ်သာများ၊ အသေးစားရေဆိုးသန့်စက်နှင့် အမှိုက်စွန့်ပစ်ရာ နေရာများကို ပြန်လည်ပြုပြင်ခြင်း၊ အသေးစားတိုးချဲ့ခြင်း (သို့) အသစ်ဆောက်လုပ်ခြင်း။ |
| ၁၀ | ဆိပ်ခံတံတား | လက်ရှိ အများသုံးဆိပ်ခံတံတားကို ပြန်လည်ပြုပြင်ခြင်း (သို့) အသေးစား တိုးချဲ့ခြင်း |

၂၃။ စီမံကိန်းဒုတိယနှစ်နှင့် ကျန်နှစ်များတွင် ကျေးရွာအုပ်စုများ၌ မည်သည့်စီမံကိန်း လုပ်ငန်းခွဲအတွက်ပင်ဖြစ်စေ ရန်ပုံငွေမှအသုံးပြုနိုင်သည်။ ယင်းတို့တွင် (အောက်ပါ ဇယား(၂) တွင်ဖော်ပြထားသည့်) "အကျုံးမဝင်သောစီမံကိန်းလုပ်ငန်းခွဲများ" စာရင်းတွင် ပါဝင်သည့် အခြေအနေများမှအပ အသေးစားဆောက်လုပ်ရေးလုပ်ငန်းများ အကျုံး ဝင်သည်။ "အကျုံးမဝင်သောစီမံကိန်းလုပ်ငန်းခွဲများ" စာရင်းတွင်ပါဝင်သော လုပ်ငန်းများမှာ (၁) စီမံကိန်းဖွံ့ဖြိုး တိုးတက်ရေးရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိ၍သော်လည်းကောင်း၊ (၂) မြန်မာနိုင်ငံဥပဒေများနှင့် ဆန့်ကျင်နေ၍သော်လည်းကောင်း သို့မဟုတ် (၃) ရင်းနှီးမြှုပ်နှံမှုပမာဏကို ထည့်သွင်းစဉ်းစားသည့်အခါ တွဲဖက်ရရှိလာမည့် ကောင်းကျိုး ထက် ဆိုးကျိုးပိုမိုရရှိနိုင်ဖွယ် ရှိခြင်းတို့ကြောင့် အဆိုပါစာရင်းတွင် ပါဝင်နေကြခြင်းဖြစ်သည်။

**ဇယား (၂) လူထုဖဟိုပြု စီမံကိန်း၏ အကျုံးမဝင်သော လုပ်ငန်းများစာရင်း (စီမံကိန်းဒုတိယနှစ်နှင့် ကျန်နှစ်များတွင် မဆောင်ရွက်နိုင်သောစာရင်း)**

**လူထုဖဟိုပြုစီမံကိန်း ရန်ပုံငွေတွင် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ**

| | |
|---|---|
| ၁ | ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင် အထည်ဖော်ရေးကော်မတီ (TPIC) ၏ခွင့်ပြုချက်စာရင်းတွင် မပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ |
| ၂ | ဆင်းရဲနွမ်းပါးသူများ (သို့) ဝိုင်းပယ်ခံရသောအုပ်စုများနှင့် ထိခိုက်လွယ်သော အုပ်စုများကို ချန်လုပ်ထားသော စီမံကိန်းလုပ်ငန်းခွဲများ |
| ၃ | တူညီသောအလုပ်အတွက် အမျိုးသမီးများနှင့် အမျိုးသားများ လုပ်အားခ တူညီစွာပေးချေခြင်း မရှိသော စီမံကိန်းလုပ်ငန်းခွဲများ |
| ၄ | ဒေ ဒေသခံရွာသားများကို နေရာရွှေ့ပြောင်းရန်၊ ဖယ်ရှားရန် လိုအပ်သောစီမံကိန်းလုပ်ငန်းခွဲများ၊ |
| ၅ | မြေယာသော်လည်းကောင်း ပိုင်ဆိုင်မှုတစ်စုံတစ်ရာသော်လည်းကောင်း ဆုံးရှုံးရခြင်းအတွက် လျော်ကြေးပေးရာတွင် ကမ္ဘာ့ဘဏ်၏ရန်ပုံငွေ သို့မဟုတ် အခြား အစိုးရပိုင်းမှ ရရှိသော ငွေကြေးများမှ ပေးလျော်သောစီမံကိန်းလုပ်ငန်းခွဲများ၊ |
| ၆ | ပုဂ္ဂလိကကုန်ပစ္စည်းများ၊ ပုဂ္ဂလိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ အစိုးရရုံးများ (သို့) ဘာသာရေးဆိုင်ရာ အဆောက်အအုံများအားငွေကြေးထောက်ပံ့သောစီမံကိန်းလုပ်ငန်းခွဲများ၊ |
| ၇ | လိုအပ်သည့်နည်းပညာပိုင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက်များ စံနှုန်းများနှင့် ကိုက်ညီမှုမရှိသော၊ |
| ၈ | ပြန်လည်မပြင်ဆင်နိုင်သော သဘာဝပတ်ဝန်းကျင် (သို့) လူမှုရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများရှိလာနိုင်သော၊ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ဖန်တီးနိုင်သော (သို့) ဆိုးကျိုးများအား လျော့ပါးအောင် ထိရောက်စွာ ပြုလုပ်နိုင်ခြင်းမရှိသော၊ [သို့မဟုတ် မြန်မာနိုင်ငံ (EIA) တိုးတက်မှုလုပ်ငန်းစဉ်အရ သဘာဝပတ်ဝန်းကျင်၏ ကနဦးအခြေအနေကို အကဲဖြတ်လေ့လာခြင်း (IEE), သဘာဝပတ်ဝန်းကျင်အား ရိုက်ခတ်မှုကို ဆန်းစစ်လေ့လာခြင်း (EIA) တို့ ပြုလုပ်ရန် လိုအပ်သော ] |
| ၉ | အစိုးရ (သို့) အခြား ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များမှ ငွေကြေးထောက်ပံ့သော (သို့) ငွေကြေးထောက်ပံ့ရန် အစီအစဉ်ရေးဆွဲထားသော |
| ၁၀ | ဆေးဝါးများ၊ စစ်ဆင်ရေးသုံးပစ္စည်းကိရိယာများ၊ ကျောက်ဂွမ်း (၄င်းပါဝင်သော ပစ္စည်းများ)၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ သံကြိုးတပ်လွှများ အပါအဝင် အန္တရာယ်ရှိနိုင်သော ပစ္စည်းများနှင့်ကိရိယာများအား အသုံးပြုခြင်း (သို့) ဝယ်ယူခြင်း (သို့) ယဉ်ကျေးမှုအရင်းအမြစ်များအပါအဝင် အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်နိုင်သော အခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသောစီမံကိန်းလုပ်ငန်းခွဲများ၊ |
| ၁၁ | ကလေးသူငယ်တို့အား မတရားသောနည်းလမ်းဖြင့် စေခိုင်းခြင်း အသုံးပြုခြင်း စသည့် အလွဲသုံးစားမှု၊ ကလေးသူငယ်တို့၏လုပ်အား စသည်တို့အား ခေါင်းပုံဖြတ်မှု (သို့) လူကုန်ကူးခြင်းတို့ ဖြစ်ပွားနိုင်သည့် လုပ်ငန်းများပါဝင်နေသောစီမံကိန်းလုပ်ငန်းခွဲများ၊ |
| ၁၂ | အဓမ္မလုပ်စေခိုင်းထားသော အလုပ်သမားများကို အသုံးပြုသည့် လုပ်ငန်းများနှင့် ပတ်သက်မှုရှိသော စီမံကိန်းလုပ်ငန်းခွဲများ |
| ၁၃ | ဆည်တာတမံများတည်ဆောက်ပြုပြင်သောလုပ်ငန်းများ |
| ၁၄ | ရေဝတီမြစ်မကြီးပေါ်တွင် လူထုရေပေးဝေခြင်း၊ အသေးစားဆည်ရေ သွယ်တန်းခြင်း (သို့) အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ခြင်းတို့ ကဲ့သို့သော လုပ်ငန်းများအပါအဝင် အပြည်ပြည်ဆိုင်ရာရေကြောင်းလမ်းမှရေကို အသုံးပြုမည့် စီမံကိန်းလုပ်ငန်းခွဲများ။ ရေဝတီမြစ်၏ မြစ်လက်တက်များဖြစ်သော မေခ နှင့် မလိခမြစ်များပေါ် (သို့) တလျှောက်တွင် လူထုရေပေးဝေခြင်းနှင့် အသေးစားဆည်ရေ သွယ်တန်းခြင်း လုပ်ငန်းများအတွက်လည်း စီမံကိန်းက ငွေကြေးပံ့ပိုးပေးမည်မဟုတ်ပါ။ |
| ၁၅ | ကာကွယ်စောင့်ရှောက်ထားသော မြေဧရိယာ၊ သစ်တောကြိုးဝိုင်း (သို့မဟုတ် အဆိုပြုထားသော မြေဧရိယာ) သို့မဟုတ် အခြားသဘာဝဇာတိမြေ သို့မဟုတ် အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ထားသော မြေဧရိယာများပေါ်တွင် စီမံခန့်ခွဲမှု အစီအမံများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သီးသန့် ကြိုတင်စီစဉ်ထားသော ရင်းနှီးမြှုပ်နှံမှုများ မဟုတ်ဘဲ အဆိုပါ သဘာဝဇာတိမြေများ သိသာထင်ရှားသော ပြောင်းလဲမှု (ဆုံးရှုံးမှု) သို့မဟုတ် |

| | |
|---|---|
| | လျော့ပါးမှုများ ဖြစ်ပေါ်ရန် အလားအလာရှိသည့် အသစ်ဆောက်လုပ်ခြင်း နှင့်/သို့မဟုတ် ပြန်လည်ပြုပြင်ခြင်း ရှိသောစီမံကိန်းလုပ်ငန်းခွဲများ။<br>မှတ်ချက်။ ။ လက်ရှိအခြေခံ အဆောက်အအုံများ(ဥပမာ-ခရီးသွားလုပ်ငန်းကိုရည်ရွယ်သော လက်ရှိလူသွားလမ်း (သို့) လှည်းလမ်းကြောင်း) တို့သည် ယင်းစီမံကိန်း၏ အစီအမံနှင့် ကွဲလွဲမှုမရှိပါက ဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအဆင့် ကျေးလက်ဒေ သဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အတည်ပြုချက်ကိုလည်း ရယူရမည်။ |
| ၁၆ | အဓိကကျသော ဇာတိမြေများ၊ ကာကွယ်ထားသော မြေဧရိယာများ၊ အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်ရန် အဆိုပြုခံထားရသော မြေဧရိယာများ (ဥပမာ သစ်တောကြိုးဝိုင်းများ) တွင်နေရာရွှေ့ပြောင်းခြင်း သို့မဟုတ် ရှိပြီးသား နေရာထိုင်ခင်းများအား တိုးချဲ့ခြင်းတို့ပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ။<br>မှတ်ချက်။ ။ လူနေအိမ်ထောင်စုများ ရှိပြီးဖြစ်ပါက ရန်ပုံငွေ အဆိုပြုလွှာသည်ဒေသစည်းကမ်းများ ၊ လုပ်ထုံးလုပ်နည်းများ၊ မြေယာစီမံခန့်ခွဲမှုများနှင့် အကာအကွယ်ဧရိယာ စီမံခန့်ခွဲမှု စီမံချက်များနှင့်အညီ ဖြစ်စေရမည်။ |

၂၄။ အကျုံးမဝင်သောလုပ်ငန်းများစာရင်း ကိုလည်း စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲတွင်ဖော်ပြထားပါသည်။ ရရှိလာခဲ့သော လုပ်ငန်းအတွေ့အကြုံများ၊ လူထုစည်းရုံးရေးမှူးများနှင့် ကျေးလက်ဦးစီးဌာန ဝန်ထမ်းများ၏ အကောင်အထည်ဖော်မှုနှင့် အကြံပေးမှုများမှရရှိလာသော အတွေ့အကြုံ များအပေါ်အခြေခံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့သည် လူထုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကို အခါအားလျော်စွာ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရမည်။

၂၅။ **စီမံကိန်းအစိတ်အပိုင်း(၂) - ကူညီထောက်ပံ့ခြင်းနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး** - ယခုစီမံကိန်းသည် ဗဟိုအဆင့်နှင့် မြို့နယ်အဆင့်များတွင် နည်းပညာအကူအညီနှင့် လုပ်ငန်းအရည်အသွေးမြင့်မားစေရေး ငွေကြေးဆိုင်ရာအကူအညီပေးရေးအတွက် ဒေသအလိုက်ကူညီထောက်ပံ့မှုများနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးအပိုင်းများတွင် ငွေကြေးအမြောက်အမြား ကျခံသုံးစွဲထားသည့်အပြင် လုပ်ငန်းကျွမ်းကျင်မှုရှိသော CF, TF တို့အား ငှားရမ်းခန့်ထားပြီး ပံ့ပိုးပေးထားပါသည်။ ယင်းတို့တွင် လုပ်ငန်းခေါင်းစဉ် (၁)အရ လူထုကိုယ်တိုင်ဆောင်ရွက်သော လုပ်ငန်းများ အကောင်အထည်ဖော်မှုကို အားပေးကူညီခြင်းနှင့် ဝေဖန်အကြံပြုမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ်တစ်ခု ပေါ်ပေါက်ရေး ရည်ရွယ်ချက်ဖြင့် လူထုစည်းရုံးရေးမှူးများ ငှားရမ်းခေါ်ယူခြင်း ဖြစ်ပါသည်။ ဤအခြေအနေအရ အားလုံး ပါဝင်နိုင်ရေး လုပ်ငန်းစဉ်၊ စီမံကိန်းစီမံခန့်ခွဲမှု၊ ကျားမတန်းတူညီမျှမှုနှင့် ပါဝင်နိုင်မှု၊ ဒေသအလိုက် ကော်မတီဝင်များ၊ မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် အစိုးရ ဝန်ထမ်းများအတွက်သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် လူမှုတာဝန်ယူတာဝန်ခံမှုစသည့်နယ်ပယ်များတွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုစီမံကိန်းက ကူညီထောက်ပံ့မည်ဖြစ်ပါသည်။

၂၆။ **စီမံကိန်းအစိတ်အပိုင်း(၃)-အသိပညာ နှင့် လေ့လာသင်ယူခြင်း** အသိပညာ၊ ဗဟုသုတနှင့် လေ့လာသင်ယူခြင်း - ၄ ခေါင်းစဉ်အောက်တွင် အစိုးရဝန်ထမ်းများ၊ ကျေးရွာနှင့် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များအား မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပတွင်အကောင်အထည်ဖော်နေသည့် လူထုဗဟိုပြုချဉ်းကပ်မှုများမှ လေ့လာသင်ယူနိုင်စေရန် ကူညီပံ့ပိုးလျက်ရှိပါသည်။ ယင်းတွင် လက်ရှိအချိန်အထိ အကောင်အထည်ဖော်ထားသည့် အစီအစဉ်အရ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးလက်လူထုအကြား အပြန်အလှန် လေ့လာသင်ယူ ခဲ့မှုများအပေါ်အခြေပြုကာ သက်ဆိုင်ရာအစိုးရဝန်ထမ်းများအား အာဆီယံနိုင်ငံများနှင့် အခြားသောဒေသများတွင် အောင်မြင်နေသည့် လူထုဗဟိုပြုသော ဖွံ့ဖြိုးရေးချဉ်းကပ်မှုများကို လက်တွေ့မျက်မြင်သွားရောက်လေ့လာစေမည်ဖြစ်ပါသည်။ စီမံကိန်းသည် ပြီးခဲ့သည့်နှစ်ကရရှိခဲ့သည့် အတွေ့အကြုံများ မျှဝေနိုင်ရန်နှင့် နောက်နှစ်တွင် စီမံကိန်း၏ ဒီဇိုင်းပိုင်း၊ အကောင်အထည်ဖော်မှုအပိုင်းတို့ တိုးတက်စေရေး ဆွေးနွေးနိုင်ရန်တို့အတွက် နှစ်စဉ်သက်ဆိုင်သူအားလုံးပါဝင်သော လေ့လာသုံးသပ်မှုများကိုလည်း ဆက်လက် ကျင်းပသွားပါမည်။ လေ့လာသုံးသပ်ရာတွင် စီမံခန့်ခွဲအုပ်ချုပ်မှုနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ဆက်စပ်ကာ ရရှိခဲ့သည့် သင်ခန်းစာများကို အဓိကထားပါမည်။

နောက်ဆုံးအနေဖြင့် ကျား/မ တန်းတူညီမျှမှု တိုးတက်ရေးနှင့် အမျိုးသမီးများ၏ဘဝအား မြှင့်တင်ရေးအတွက် လူထုဗဟိုပြုဖွံ့ဖြိုးရေးဆိုင်ရာ "ကျား/မကွန်ရက်" တစ်ခုကိုလည်း တည်ထောင်သွားမည် ဖြစ်ပါသည်။

၂၇။ **စီမံကိန်းအစိတ်အပိုင်း(၄)-အကောင်အထည်ဖော်ရေးဆိုင်ရာအထောက်အပံ့ပေးခြင်း** - ဤအပိုင်းသည် မြို့နယ်အဆင့် နှင့် ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံခန့်ခွဲမှုအတွက် ကုန်ကျစရိတ်များကို ထောက်ပံ့သွားမည်ဖြစ်သည်။ ယင်းစရိတ်များတွင် စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ခြင်း၊ အစီရင်ခံခြင်းနှင့် ဆက်သွယ်ရေးကိစ္စများ၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းအတွက် စီမံခန့်ခွဲရေးနှင့် ပို့ဆောင်ရေးဆိုင်ရာ အထောက်အပံ့များ ပါဝင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြင်ပမှ စာရင်းစစ်နှင့်နည်းပညာဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်နိုင်ရေးလည်းပါဝင်ပါသည်။ ရုံးခန်းအဆောက်အအုံအား ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်း (သို့) အသေးစား ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ငွေကြေးထည့်ဝင်ပံ့ပိုးပေးမှုကိုလည်း ဤခေါင်းစဉ်တွင် ထည့်သွင်းထားသည်။

၂၈။ **စီမံကိန်းအစိတ်အပိုင်း(၅)- အရေးပေါ် အခြေအနေများတွင် တုန့်ပြန်ခြင်း** - ဤအပိုင်းအတွက် ခွင့်ပြုငွေ "သုည" ဟုသတ်မှတ်ထားခြင်းမှာ သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများ၊ ပြင်းထန်သောသဘာဝဘေးများ ဖြစ်ပေါ်သည့် အခါမျိုးတွင် ပံ့ပိုးပေးနိုင်ရေးအတွက် အခြားသောခေါင်းစဉ်များအောက်မှ ဆွဲယူသုံးစွဲနိုင်ရန်ဖြစ်ပါသည်။

## ဃ။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေး အစီအစဉ်များ

၂၉။ လူထုဗဟိုပြုစီမံကိန်းကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်ဟူ၍ အဆင့်(လေး)ဆင့်ခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီစဉ်ထားရှိမှုပုံစံကို အောက်ပါစာပိုဒ်တွင် တင်ပြထားပါသည်။

၃၀။ ပြည်ထောင်စုအဆင့်တွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (DRD) သည် မြန်မာနိုင်ငံတော်အစိုးရ၏ကိုယ်စား လူထုဗဟိုပြုစီမံကိန်းကို လက်တွေ့ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မိမိဌာနအတွင်းတွင် လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး စီမံအုပ်ချုပ်မှုရုံးအဖွဲ့(CDD Secretariat) အား

(၁) စီမံကိန်း၏ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း၊

(၂) စီမံကိန်းလက်စွဲတွင်ဖော်ပြထားသော လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်စေခြင်း

(၃) နည်းပညာဆိုင်ရာပံ့ပိုးမှုနှင့် အဖွဲ့အစည်းဆိုင်ရာပံ့ပိုးမှုများအတွက် အတိုင်ပင်ခံများအား ငှားရမ်းခြင်း၊

(၄) သတင်းနှင့်ဆက်သွယ်ရေးကွန်ယက်များ ထူထောင်ခြင်းနှင့် သတင်းဖြန့်ဝေခြင်း၊

(၅) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ကြသူများအားလုံးကို စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပို့ချပေးခြင်း၊


(၆) ခိုင်မာပြီး မှန်ကန်တိကျ ပြည့်စုံသော ရေးသားတင်ပြချက်များဖြင့် အစီရင်ခံစာများ ရေးသားတင်ပြခြင်းတို့ အပါအဝင် စောင့်ကြည့်စစ်ဆေးခြင်း၊

စသည်တို့အား တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားရှိခဲ့ပါသည်။

ကျေးလက်ဦးစီးရုံးသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာနေရာဒေသများသို့ ပုံမှန် သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲပေးခြင်းများဆောင်ရွက်ပေးပါသည်။ လစဉ်အစီရင်ခံစာများကိုသုံးသပ်ခြင်း၊ ပေါ်ပေါက်လာသည့် စီမံခန့်ခွဲရေးနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များကိုဖြေရှင်းခြင်းနှင့် မြို့နယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများနှင့် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဦးဆောင်ကော်မတီနှင့် ကမ္ဘာ့ဘဏ်တို့ထံသို့လည်း တိုးတက်မှု သုံးလပတ်အစီရင်ခံစာများ တင်ပြမည်ဖြစ်သည်။

၃၁။ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးအဖွဲ့(TA)ကကူညီပံ့ပိုးပေးသည်။ အဆိုပါအဖွဲ့အား အဖွဲ့ခေါင်းဆောင် (လူထုဗဟိုပြုဖွံ့ဖြိုးရေးကျွမ်းကျင်ပညာရှင်) မှဦးဆောင်ပြီး ဝယ်ယူဖြန့်ဖြူးရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဝေဖန်အကြံပြုဖြေရှင်းရေး၊ လေ့ကျင့်သင်တန်းပေးရေး၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ခြင်းစသည့် ကဏ္ဍနယ်ပယ်များမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည်။ အကောင်အထည်ဖော်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်နှင့်အညီ ဆောင်ရွက်ခြင်းတို့ အတွက် ပြည်ထောင်စုအဆင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကတာဝန် ယူထားပြီး ပြည်ထောင်စုအဆင့် အကြံပေးအဖွဲ့သည် မြို့နယ်အကြံပေးအဖွဲ့များမှတစ်ဆင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ကြီးကြပ်မှုတို့ကို အားဖြည့်ကူညီပေးသည်။

**ပုံ (၂) အဖွဲ့အစည်းတည်ဆောက်မှုပုံစံ**




၃၂။ ပြည်ထောင်စုအဆင့် နည်းပညာကော်မတီသည် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအား ပြန်လှန်သုံးသပ်စစ်ဆေးခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ မြို့နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်တို့တွင် တွေ့ကြုံရတတ်သည့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများအား ဖြေရှင်းပေးခြင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုအတွက် အခြားသောဆက်စပ်နေသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို

ပြုလုပ်ရန်အတွက်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ပြည်ထောင်စုအစိုးရစီးပွားရေးရာကော်မတီသည် စီမံကိန်း၏ ဦးဆောင်ကော်မတီအဖြစ် လုပ်ဆောင်သည်။

၃၃။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဆိုင်ရာ အာဏာပိုင်များသည် စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့်ကြီးကြပ်မှုတို့ကို လုပ်ဆောင်ပေးသည်။ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စီမံကိန်းမြို့နယ်ရွေးချယ်ခြင်း ၊ အကြံဉာဏ်ရယူခြင်းအစည်းအဝေးကို ပြည်နယ်/တိုင်းဒေသကြီးရုံးစိုက်ရာမြို့တွင် ဦးဆောင်ကျင်းပကာ စီမံကိန်းမြို့နယ်(၃)မြို့နယ်မှ (၅)မြို့နယ်အထိ ရွေးချယ်ပေးသည်။ထို့နောက် မြို့နယ်ရွေးချယ်ခြင်းရလာဒ်အား သဘောထားမှတ်ချက်နှင့်တကွ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ ပေးပို့ တင်ပြပါသည်။ စီမံကိန်းတိုးချဲ့မှုအပေါ်မူတည်၍ စီမံကိန်းမြို့နယ်ရွေးချယ်ခြင်းအစည်းအဝေးများအား ကျင်းပဆောင် ရွက်သွားမည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် စီမံကိန်းရုံးအဖွဲ့များကို စတုတ္ထနှစ် စီမံကိန်းစက်ဝန်းတွင်စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါစီမံကိန်းရုံးခွဲများသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အတူပူးပေါင်းဆောင်ရွက်၍ မြို့နယ်စီမံကိန်းရုံးများအား အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ အကာအကွယ်ဆိုင်ရာနည်းလမ်းများ ၊စောင့်ကြည့်စစ်ဆေးရေးနှင့်အကဲဖြတ်သုံးသပ်ရေး စသည့်နည်းပညာဆိုင်ရာ အကူအညီများပံ့ပိုးပေးသည်။ ထို့အပြင် မြို့နယ်များ၏စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများအား စုစည်း၍ပြည်ထောင်စုအဆင့်သို့ အစီရင်ခံတင်ပြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့၏ ဒေသအတွင်းရှိ စီမံကိန်းအကောင်အထည်ဖော်ရာမြို့နယ်များ၏ စီမံကိန်းလုပ်ငန်းခွဲများအား လက်တွေ့အကောင်အထည်ဖော်နေမှုများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သောအကူအညီများပံ့ပိုးပေးသည်။မြို့နယ်အဆင့်တွင် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များကိုလည်း ပံ့ပိုးကူညီဖြေရှင်းပေးသည်။

၃၄။ မြို့နယ်အဆင့်တွင်မူ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ (TPIC) နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခွဲများသည် (မြို့နယ်လူထုဗဟို ပြုစီမံကိန်းရုံး) စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းများတွင် အဓိကတာဝန်ရှိ သည်။

၃၅။ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးကို စီမံကိန်းတာဝန်ခံ၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေး တာဝန်ခံ (M&E) (MIS)၊ သတင်းအချက်အလက်နည်းပညာမှူး၊ လူမှုရေးရာတာဝန်ခံ၊ ကျား/မရေးရာကျွမ်းကျင်သူပညာရှင်တို့နှင့် အခြေခံအဆောက်အအုံကျွမ်းကျင်သူ စသည်တို့ဖြင့်ဖွဲ့စည်းထားပြီး မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းများအတွက် အဆိုပါရုံးမှတာဝန်ရှိပါသည်။ လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာအုပ်စု /ကျေးရွာကော်မတီများအား နည်းပညာ အကူအညီများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးရန်အတွက် မြို့နယ်အဆင့်စီမံကိန်းရုံးများကိုဖွဲ့စည်းထားရှိသည်။ ၎င်းတို့သည် မြို့နယ်ရှိအစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန်နှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ရန်တာဝန်ရှိသည်။

၃၆။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) သည် လက်ရှိမြို့နယ်အဆင့်အကူအညီစီမံခန့်ခွဲရေးဆပ်ကော်မတီကို တိုးချဲ့ထားခြင်းဖြစ်ပြီး ယင်းဆပ်ကော်မတီသည် ပြည်နယ်တိုင်းဒေသကြီးအဆင့်နှင့် ကျေးရွာလူထုအဆင့်တို့ကိုအုပ်ချုပ်မှုဆိုင်ရာကိစ္စနှင့်စီမံကိန်းအကောင်အထည်ဖေါ်ရေးကိစ္စတို့တွင် ပေါင်းစပ်ညှိနှိုင်းပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အဆိုပါကော်မတီနှင့် ဆပ်ကော်မတီတို့သည် မြို့နယ်အဆင့်ရှိ ဌာနအဖွဲ့အစည်း အများအပြားကို အချင်းချင်းထိတွေ့ဆက်ဆံစေရန် ဆောင်ရွက်သည်။ (TPIC)တွင် သက်ဆိုင်ရာမြို့နယ်အဆင့်ဌာနဆိုင်ရာကိုယ်စားလှယ်များ (ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီမံကိန်းရေးဆွဲရေးစသည်) ပါဝင်ပြီး မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်သည်။ TPIC သည် (စီမံကိန်းအတွက် သတ်မှတ်ထားသည့်လိုအပ်ချက်များအားလုံး ပြည့်စုံသည်ဟု

အတည်ပြုချက်ရယူပြီးနောက်တွင်) ကျေးရွာအုပ်စုတစ်ခုချင်းစီအလိုက် ပထမအဆင့်ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ကို ပြန်လည်သုံးသပ်၍ခွင့်ပြုပေးသည်။ နှစ်စဉ်ပြန်လည် သုံးသပ်ချက်များကို (TPIC) သို့ပေးပို့ရမည်ဖြစ်သည်။ သို့သော်မူလစီမံကိန်းများမှ သိသိသာသာကွဲလွဲသွားသည့်အခါများမှတစ်ပါး (TPIC) ၏သဘောတူညီချက်ကို တောင်းခံရန်မလိုအပ်ပါ။

၃၇။ မြို့နယ်အဆင့် စီမံကိန်းရုံးသည် ပြည်နယ်/တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံး၊ ပြည်ထောင်စု အဆင့်နည်းပညာ အထောက်အပံ့ပေးရေးအဖွဲ့တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ စီမံကိန်းအချက်အလက်နည်းပညာ၊ ဝေဖန်အကြံပြုဖြေရှင်းရေးနှင့်အခြားကိစ္စရပ်များ စသည်တို့နှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာ အကူအညီများကို ရရှိမည်ဖြစ်သည်။

၃၈။ ကျေးရွာအုပ်စု/ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် ကျေးရွာစီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးပေးရန်တာဝန်ရှိပြီး အဆိုပါလုပ်ငန်းစဉ်များအား စီမံကိန်းလက်စွဲ၊ သဘာပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်တို့နှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိသည်။

၃၉။ (VTPSC)သည် သက်ဆိုင်ရာ ကျေးရွာအုပ်စုအတွင်းရှိ သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ကာ မိမိကျေးရွာအုပ်စု၏ လိုအပ်ချက်များနှင့် ရရှိနိုင်မည့် ရန်ပုံငွေတို့ကို ချိန်ညှိကာ လုပ်ကိုင်ရမည့်စီမံကိန်းလုပ်ငန်းခွဲများကို ဦးစားပေးအဆင့်သတ်မှတ်သည်။ ကျေးရွာအုပ်စု တစ်ခုချင်းစီတွင် ကျေးရွာအုပ်စု ဝေဖန်အကြံပြုဆပ်ကော်မတီကို (VTPSC)၏အောက်တွင်ဖွဲ့စည်းသည်။ထိုဆပ်ကော်မတီ၏တာဝန်များမှာ ဝေဖန်အကြံပြု ချက်များအား ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ စောင့်ကြည့်စစ်ဆေးပေးခြင်း၊ လိုအပ်ပါက ဝေဖန်အကြံပြုစာများကို မြို့နယ်အဆင့်သို့ဆက်လက်တင်ပြပေးခြင်းတို့ဆောင်ရွက်သည်။ အဆိုပါဝေဖန်အကြံပြု ဆပ်ကော်မတီကို ကျေးရွာတစ်ရွာချင်းစီမှ (VTPSC) အဖွဲ့ဝင်မဟုတ်သည့် ကိုယ်စားလှယ်နှစ်ဦးစီဖြင့် ဖွဲ့စည်းထားသည်။

၄၀။ ကျေးရွာအဆင့်စီမံကိန်းအထောက်အကူပြုကော်မတီသည် (VPSC) ကျေးရွာအဆင့် စီမံကိန်း အကောင်အထည်ဖော်မှုကို အဓိကတာဝန်ယူသည်။ စီမံကိန်းလုပ်ငန်းခွဲများကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် နှင့်အညီ ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရန်လည်းတာဝန်ရှိသည်။ (VPSC) သည် ကျေးရွာအခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းခွဲများအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးရွေးချယ်သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်။ အထူးသဖြင့်စီမံကိန်းဝန်ထမ်းများ လူထုစည်းရုံးရေးမှူးများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲပါ လမ်းညွှန်ပြဋ္ဌာန်းချက်များနှင့်အညီ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအား ဖွဲ့စည်းထားခြင်းရှိမရှိကို စစ်ဆေးရသည်။ အဖွဲ့ဝင်အားလုံး၏ (၅၀%) သည် အမျိုးသမီးများ ဟုတ်/ မဟုတ်ကိုလည်း စစ်ဆေးရမည်ဖြစ်သည်။

၄၁။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ(VPSC) ၏အောက်တွင် ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီများအားဖွဲ့စည်းထားပြီး စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို ကျေးရွာသူရွာသားများထံ ပုံမှန်အစီရင်ခံရမည်ဖြစ်သည်။ အဆိုပါဆပ်ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့အား ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။

၄၂။ ကျေးရွာစေတနာ့ဝန်ထမ်းများက စီမံကိန်းအကောင်အထည်ဖော်စဉ် ကာလတစ်လျှောက်တွင် လူထုစည်းရုံးရေးမှူးများကို ကူညီပံ့ပိုးမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များတွင် တိုင်းရင်းသားလူမျိုးစုများပါဝင်မှု၊ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး

ကော်မတီများနှင့် စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများ အတွင်း တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်မှု၊ စီမံကိန်း အကြောင်းသတင်းဖြန့်ချိရာတွင် ဒေသသုံးဘာသာစကားများ အသုံးပြုမှုစသည်တို့ကိုလည်း ကူညီပေးမည် ဖြစ်သည်။

၄၃။ အကြံပြုချက်ဖြေရှင်းဆောင်ရွက်မည့် ကျေးရွာ ကိုယ်စားလှယ်(၂)ဦးကို လူထုလူတန်းစားအားလုံးပါဝင်သည့် ရပ်ရွာလူထု အစည်းအဝေးများမှတစ်ဆင့် ရွေးချယ်ပါသည်။ အဆိုပါကိုယ်စားလှယ်သည် ကျေးရွာအဆင့် တိုင်ကြားမှုများအား တာဝန်ယူကိုင်တွယ်ဖြေရှင်းပေးရန်တာဝန်ရှိပြီး နစ်နာမှုအတွက် တိုင်ကြားလိုသူများအနေဖြင့် ပင်တိုင်ထား ဆက်သွယ်ရမည့်သူလည်းဖြစ်သည်။

**ဇယား (၃): ကျေးရွာအဆင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပါဝင်သည့် အဖွဲ့အစည်းများ**

| **အမည်** | **ဖွဲ့စည်းပုံ** | **အဓိက လုပ်ဆောင်ချက်** | **ရပ်တည်ချက်** |
|---|---|---|---|
| **ကျေးရွာ** | | | |
| ကျေးရွာစီမံကိန်း အထောက်အကူ ပြုကော်မတီ | ကျေးရွာတွင်နေထိုင်သူ အဖွဲ့များက ရွေး ကောက် တင်မြှောက်သည်။ (၅၀%)မှာအမျိုးသမီးများဖြစ်ပြီး ကျေးရွာလုပ်အားပေး များနှင့်လူထုစည်းရုံးရေးမှူးများက အထောက်အပံ့ပေး သည်။ | ဦးစားပေးလိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ စီမံကိန်း လုပ်ငန်းခွဲ ဒီဇိုင်းများတွင် ပါဝင်ခြင်းနှင့်စစ်ဆေးခြင်း | ပထမနှစ် မြို့နယ်(၃) မြို့ နယ်ရှိ ကျေးရွာများတွင် စတင်ဖွဲ့စည်းသည်။ ဒုတိယနှစ် မြို့နယ် (၆) မြို့နယ်တွင် ဖွဲ့စည်းထားရှိသည်။ နောက်ပိုင်းမြို့နယ်များ တွင်လည်း ဆက်လက်ဖွဲ့စည်းရန်ရှိသည်။ |
| စောင့်ကြည့်ကြီး ကြပ်ရေး ဆပ်ကော်မတီ | ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ အနက်မှ ၂ ဦးကို ရွေးချယ်သည်။ | အကာအကွယ်များအပါအဝင် စီမံကိန်း လုပ်ငန်းခွဲများ အား အကောင်အထည် ဖော် ခြင်းကို စောင့်ကြည့်ကြီးကြပ်ခြင်း၊ ကျေးရွာ သို့ အခါအားလျော်စွာ အစီရင်ခံစာများ ထုတ်ပြန် ပေးခြင်း | ပထမနှစ် မြို့နယ်(၃)းမြို့ နယ်ရှိ ကျေးရွာများတွင် ဖွဲ့စည်းသည်။ ဒုတိယနှစ် မြို့နယ် (၆) မြို့နယ်တွင် ဖွဲ့စည်းထားရှိသည်။ နောက်ပိုင်းမြို့နယ်များ တွင်လည်းဆက်လက်ဖွဲ့စည်းရန်ရှိသည်။ |
| ဝေဖန်အကြံပြုဆိုင် ရာ အဓိက ပုဂ္ဂိုလ်များ | ကျေးရွာမှ ၂ ဦး ရွေးချယ်သည်။ | ကျေးရွာလူထုအဆင့် ဝေဖန်အကြံပြုချက်များကို တတ်နိုင်သရွေ့ ကိုင်တွယ်ဖြေရှင်းခြင်း၊ စီမံကိန်း၏ ဝေဖန်အကြံပြုဖြေရှင်းရေးစနစ်နှင့် | ပထမနှစ် မြို့နယ်(၃)းမြို့ နယ်ရှိ ကျေးရွာများတွင် ဖွဲ့စည်းသည်။ ဒုတိယနှစ် မြို့နယ် (၆) မြို့နယ်တွင် ဖွဲ့စည်းထားရှိသည်။ နောက်ပိုင်းမြို့နယ်များ |

| | | | |
|---|---|---|---|
| | | ပတ်သက်သည့် သတင်းအချက်အလက်များ ပေးခြင်း | တွင်လည်းဆက်လက်ဖွဲ့စည်းရန်ရှိသည်။ |

## င။ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်နေသည့် မြန်မာနိုင်ငံ၏ဥပဒေများ

**မြေယာဥပဒေများ**

၄၄။ မြန်မာနိုင်ငံတွင် မြေယာအသုံးချခြင်းနှင့်စပ်လျဉ်း၍ တစ်ပေါင်းတစ်စည်းတည်းသော ဥပဒေမရှိသော်လည်း မြေယာအမျိုးအစားအမျိုးမျိုးအတွက် ဥပဒေများစွာရှိသည်။ နိုင်ငံတော်အတွင်းရှိမြေယာအားလုံးသည် တည်ဆဲဥပဒေအရ နိုင်ငံတော်၏စီမံခန့်ခွဲမှု အောက်တွင်ရှိနေပြီး မြေယာအသုံးချသူများအား မြေစာရင်းဦးစီးဌာနမှ လက်မှတ်များ ထုတ်ပေးပါသည်။ (၁၈၉၄) ခုနှစ်မြေယာပိုင်ဆိုင်မှုအက်ဥပဒေအရ သက်သေခံလက်မှတ်များကို ထုတ်ပေးသည်။ အကြောင်းကြောင်းကြောင့် ပုဂ္ဂလိကမြေယာကိုရယူသည့်အခါ သို့မဟုတ် သစ်ပင်၊ စိုက်ပျိုးထားသည့်သီးနှံများအစရှိသည့် ပုဂ္ဂလိကပိုင်ဆိုင်မှုများသည် နိုင်ငံတော်စီမံကိန်း သို့မဟုတ် ပုဂ္ဂလိကစီမံကိန်းများကြောင့် ဆုံးရှုံးသည့်အခါ ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးပေးရမည်ဖြစ်သည်။ ထိခိုက်နစ်နာသူများအနေဖြင့် တရားရုံးထံ တိုင်ကြားအမှုဖွင့်ခွင့်ကိုလည်း ယင်းအက်ဥပဒေတွင် ဖော်ပြထားသည်။

၄၅။ လယ်ယာမြေဥပဒေသစ်ကို (၂၀၁၂) ခုနှစ်မတ်လအတွင်းတွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လယ်မြေပိုင်ရှင်များအား မိမိတို့ပိုင်ဆိုင်သောလယ်ယာများအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း လဲလှယ်ပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် သို့မဟုတ် လှူဒါန်းပိုင်ခွင့်များပေးခြင်းတို့ကိုလည်း ထည့်သွင်းရေးဆွဲထားသည်ကိုတွေ့ရပါသည်။ ထို့ပြင် မြေနှင့်မြေပေါ်ရှိ အဆောက်အဦးများ အတွက်လည်း တန်ဘိုးတွက်ချက်ပြီးလျော်ကြေးငွေ ပေးရမည်ဟုလည်းသတ်မှတ်ခဲ့ပါသည်။ (၂၀၁၂)မတ်လမှာပင် အတည်ပြုခဲ့သည့် မြေလွတ်၊မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအရ အသုံးမပြု ရသေးသော မြေယာများအတွက် ဥပဒေသတ်မှတ်ချက်များပြဋ္ဌာန်းခဲ့သည်။ မြေလွတ်မြေလပ်မြေရိုင်းသုံးစွဲမှု မူဝါဒ (၂၀၁၅ ခုနှစ် မေလတွင်အသစ်ပြုပြင်ရေးဆွဲမှု)ကို နိုင်ငံတော်ပိုင်မြေအားစီမံခန့်ခွဲအသုံးပြုရန် နှင့် ရွေ့ပြောင်းယဉ်ကျေးမှုနယ်မြေအား ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များအား ကာကွယ်ထိန်းသိမ်းရန်၊ မြေယာပိုင်ဆိုင်မှုအား အတည်ပြုရန်နှင့် အစားအစာဘေးကင်းလုံခြုံမှုရှိစေရန် တို့အတွက် ချမှတ်ပြဋ္ဌာန်းခဲ့သည်။

**တိုင်းရင်းသားလူမျိုးစုများ**

၄၆။ ၂၀၁၄ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သည့်ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေမှာ (၅၁. ၄ သန်း) ရှိသည်။ လူမျိုးစုအရ သီးသန့်အချက်အလက်များ မထုတ်ပြန်သေးသည့်အချိန်တွင် ခန့်မှန်းထားသည်မှာ လူဦးရေအများဆုံးသည် ဗမာလူမျိုးစုဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ သုံးပုံနှစ်ပုံဝန်းကျင်ရှိကာ ကျန်တိုင်းရင်းသား လူမျိုးစုအများအပြားမှာ သုံးပုံတစ်ပုံရှိသည်။ လူများစုဗမာများမှာ မြန်မာပြည်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသ တို့တွင်အဓိကနေ ထိုင်ကြပြီး ၎င်းတို့ကို တိုင်းဒေသကြီးခုနစ်ခုဖြင့်ခွဲခြားထားကာ ကျန်တိုင်းရင်းသားလူမျိုးစုများအား နယ်စပ်ဒေသတစ်လျှောက်ရှိတောင်ပေါ်ဒေသများတွင် အများဆုံးတွေ့ရသည်။ ၎င်းတို့နေထိုင်ရာ ဒေသများကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ပြည်နယ်ခုနစ်ခုဖြင့် အကြမ်းဖျင်းသတ်မှတ်ထားသည်။ အဓိကတိုင်းရင်းသားအုပ်စုကြီးများတွင် ရှမ်း၊ ကရင်၊ ရခိုင်၊ ချင်း၊ မွန်၊ ကချင်နှင့် ကယားတို့ပါဝင်ကြသည်။ အဆိုပါ "တိုင်းရင်းသားလူမျိုး" ရှစ်မျိုးကို လူမျိုး ၁၃၅ ခုအဖြစ် ထပ်မံခွဲခြားထားပြီး ၎င်းတို့အားလုံးမှာ

ဘာသာစကားမိသားစုကြီးငါးခုဖြစ်သည့် တိဗက်တို ဘားမင်း၊ မွန်-ခမာ၊ တိုင်-ကဒိုင်၊ မှုန်-မီယန်နှင့် မာလာယို-ပိုလီနေးရှင်း တို့တွင် တစ်ခုမဟုတ်တစ်ခု ပါဝင်ကြသည်။ တိုင်းရင်းသား လူမျိုး တစ်မျိုးချင်းစီကို ထပ်ခွဲသည့်မျိုးနွယ်စုများအတွက်မူ သီးခြားလူဦးရေကိန်းဂဏန်းမရှိပါ။

၄၇။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၂၂ တွင် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုနှင့်အနုပညာတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကူညီထောက်ပံ့မည်ဟု ထည့်သွင်းရေးဆွဲထားသည်။ ယင်းအရ

"နိုင်ငံတော်သည် ...

(က) တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက် ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ကူညီဆောင်ရွက်မည်" ဟု ပြဋ္ဌာန်း ထားသည်။

၄၈။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၈/၂၀၁၅) ၊၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် ။ အဆိုပါဥပဒေတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဝန်ကြီးဌာန တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဝန်ကြီး တိုင်းရင်းသားရေးရာစသည်တို့၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များပါဝင်သည်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များဖြစ်သော တိုင်းရင်းသားတို့၏စကား၊ စာပေ၊အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသောကိစ္စရပ်များကို လုပ်ဆောင်ပေးရန် နှင့်ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏တိုင်းရင်းသားလူမျိုးများတွင်ပါဝင်သော လူမျိုးများအား တန်းတူညီမျှ အခွင့်အရေး ပေးထားပြီး ၎င်းတို့၏ယဉ်ကျေးမှုနှင့်ရိုးရာ အစဉ်အလာများ ထိန်းသိမ်းရန် ရည်ရွယ်သည့် ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများ ပါဝင်သည်။ ယင်းတို့ထဲတွင် ၁၉၉၁ ခုနှစတွင်ပြဋ္ဌာန်းကာ တည်ထောင်ခဲ့သည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်လည်းပါဝင်သည်။ ယင်းမှာ ချစ်ကြည်ရင်းနှီးသော ပတ်ဝန်းကျင်တွင် နေထိုင်ရင်း၊ တက္ကသိုလ်၌ပညာသင်ကြားခြင်းဖြင့် ပြည်ထောင်စု၏ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ ထုံးစံများနှင့် ရိုးရာအစဉ်အလာများကို ထိန်းသိမ်းရန်နှင့်နားလည်ရန်၊ တိုင်းရင်းသားလူမျိုးများအကြား ပြည်ထောင်စု စိတ်ဓာတ် အားကောင်း စေရန်တို့လည်းပါဝင်သည်။ သို့ရာတွင် နိုင်ငံတော်အသိအမှတ်ပြု တိုင်းရင်းသား လူမျိုးများစာရင်းကိုမူ (၁၉၈၂) ခုနစ် နောက်ပိုင်း ပြင်ဆင်ပြောင်းလဲခြင်းမရှိသေးပါ။

၄၉။ လွတ်လပ်ရေး ရချိန်မှစကာ တိုင်းရင်းသားတို့၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ ယဉ်ကျေးမှုအခွင့်အရေးများ နှင့် သဘာဝသယံဇာတစီမံခန့်ခွဲလိုမှု တို့ကြောင့်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ (၂၀၁၁)ခုနှစ်တွင်စတင်ခဲ့သည့် အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ တိုင်းရင်းသားလက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များ သက်တမ်းတိုးခြင်း သို့မဟုတ် အပြီးသတ်လက်မှတ်ထိုးခြင်းများ ရှိခဲ့သော်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ နှင့် ရခိုင်ပြည်နယ်တို့၏ ဒေသအချို့တွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်များအကြား နစ်ဖက်သဘောတူအပစ်အခတ် ရပ်စဲရေး စာချုပ်များချုပ်ဆိုနိုင်ခဲ့သည့်နောက်တွင် အချို့သော တိုင်းရင်းသား လူမျိုးစုများအနေဖြင့် ၎င်းတို့နယ်မြေအတွင်း နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများ၌ လုပ်ပိုင်ခွင့်များရရှိခဲ့သည်။ လူမှုရေးနှင့်အခြားသော အများပြည်သူဝန်ဆောင်မှုများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အကူအညီဖြင့် တိုင်းရင်းသား အာဏာပိုင်များက ဖော်ဆောင်ခဲ့ပြီး နယ်မြေဒေသအများအပြား၌ ဆက်လက် ဆောင်ရွက်နေဆဲဖြစ်သည်။ အထူးသဖြင့် ရခိုင်ဒေသတွင် ဘာသာရေး အကြောင်းပြု၍ အကြမ်းဖက်မှု ဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့သည်။လက်ရှိအစိုးရလက်ထက်တွင် သတင်းမီဒီယာလွတ်လပ်ခွင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး တိုင်းရင်းသား ပါတီများနှင့် အသင်းအဖွဲ့များမှာ နိုင်ငံရေးကိုတက်ကြွစွာလုပ်ကိုင်နေကြသည်။ လူမှုအဖွဲ့အစည်းများ၏လှုပ်ရှားမှုများသည်လည်း ပိုမို အားကောင်းလာခဲ့သည်။

## သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်း

၅၀။ မြန်မာအစိုးရသည် လက်ရှိတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို လွှမ်းခြုံသော ပြုပြင်ပြောင်းလဲရေးအား အကောင်အထည်ဖော်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် ဖွဲ့စည်းပုံ မူဘောင်တို့ကို ခေတ်နှင့်အညီပြုပြင်ရေးဆွဲ လုပ်ဆောင်လျက်ရှိပါသည်။ သို့သော် စိန်ခေါ်မှု များစွာကျန်ရှိနေပါသေးသည်။ မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာမူဝါဒများနှင့် ဥပဒေများမှာ များသောအားဖြင့် ကဏ္ဍတစ်ခုအတွက် ဖြစ်နေပြီး ဗဟိုပြုခြင်းမှ ကဏ္ဍပေါင်းစုံပါဝင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေး လုပ်ဆောင်ခြင်းများကို နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် တဖြည်းဖြည်းချင်း ပြောင်းလဲရန် လုပ်ဆောင်နေသည်။ မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာမူဝါဒများကို ဒေသတွင်းနိုင်ငံများနှင့် သဘောတူညီချက်များထားရှိထားသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း နိုင်ငံတွင်း သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာမူဝါဒများသည် ပိုမိုပြည့်စုံရန်အတွက် ဖြည့်စွက်ရန်လိုအပ်နေသေးသည်။

၅၁။ ဥပဒေနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ကွာဟမှုသည် စီမံခန့်ခွဲရေးနှင့် လုပ်ထုံးလုပ်နည်းဖွဲ့စည်းပုံများ၊ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်မည့် လုပ်နိုင်စွမ်းနှင့် အရင်းအမြစ်များ၏စွမ်းဆောင်ရည်ပေါ် သက်ရောက်မှုရှိသည်။ ကဏ္ဍအလိုက် ဝန်ကြီးဌာနများအကြားနှင့် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြား ပိုမိုကောင်းမွန်သည့် ပေါင်းစည်းမှုလည်း လိုအပ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ ဥပဒေရေးဆွဲမှုနှင့် အကောင်အထည်ဖော်နိုင်စွမ်း မရှိခြင်းတို့ကြောင့် ဂေဟဗေဒဆိုင်ရာများကျဆင်းမှုဖြစ်ပေါ်လာသည်ဟု မြန်မာ အရပ်ဘက် လူမှုအဖွဲ့အစည်းအချို့က ထောက်ပြကြသည်။

၅၂။ မြန်မာနိုင်ငံ၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဥပဒေတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ(၂၀၁၂)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၄)၊ သဘာဝပတ်ဝန်းကျင ထိခိုက်မှုအားဆန်းစစ်သောလုပ်ငန်းစဉ်၊စစ်ဆေးခန့်မှန်းခြင်း လုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက် များပါဝင်သည်။ (၂၀၁၂) ခုနှစ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ သည် မူလမြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (MOECAF)လက်ရှိ သဘာဝသယံဇာတများ နှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး မူဝါဒများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများလမ်းညွှန်ဖော်ပြပေးမှု၊ ဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ် ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအား ထိန်းချုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်အားဆန်းစစ်အကဲဖြတ်မှုစနစ်တို့အတွက် ပြဋ္ဌာန်းထားသည်။ ၂၀၁၂ ခုနှစ်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေး ဥပဒေတွင် ယဉ်ကျေးမှုသဘာဝအရင်းအမြစ်များကာကွယ်ထိန်းသိမ်းရန်အတွက်လည်း ထည့်သွင်းရေးဆွဲထားသည်။ (EIA) စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအား (၂၀၁၅) ခုနှစ် ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ (EIA)လုပ်ထုံးလုပ်နည်းများအရ သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာမှုပြုရန်လိုအပ်သည့် စီမံကိန်းအရွယ်အစား၊ ပုံစံအနေအထား တို့ပေါ်မူတည်၍ လိုအပ်သော (EIA/IEE/EMP) များအတွက် ပြန်လည်သုံးသပ်ခြင်း၊ အတည်ပြုပေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းတို့ကို ပြုလုပ်သည်။ လူထုဗဟိုပြုစီမံကိန်းမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အသေးစား စီမံကိန်းလုပ်ငန်းခွဲများတွင် လိုအပ်ပါက အဆိုပါ IEE နှင့် EIAဆိုင်ရာ ထုတ်ပြန်ချက်များကို ထည့်သွင်းစဉ်းစားရမည်။သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သွယ်ဝိုက် ချမှတ်ထားသော ဥပဒေစည်းမျဉ်းများ - (၁၉၉၂ - သစ်တောဥပဒေ)၊ နိုင်ငံတကာဥပဒေများနှင့် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံထားသော ဥပဒေများ ရှိပါသည်။

၅၃။ မြန်မာအမျိုးသားသစ်တောမူဝါဒ (၁၉၉၅) သည် ဦးစားပေးနယ်ပယ် (၆)ခုကို အဓိက အာရုံစိုက်ထားသည်။ အဆိုပါ နယ်ပယ်များမှာ

(၁) ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းကာကွယ်ခြင်း၊

(၂) လက်ရှိနှင့် အနာဂတ်အတွက် သစ်တောအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် ရေရှည်တည်တံ့နိုင်မြဲစေရန်၊

(၃) လောင်စာ၊ နေရာထိုင်ခင်း၊ အစားအသောက်နှင့် အနားယူအပန်းဖြေခြင်းစသည့် ပြည်သူလူထု၏ အခြေခံလို အပ်ချက်များဖြည့်ဆည်းပေးခြင်း၊

(၄) သစ်တောသယံဇာတများ၏ စီးပွားရေးအကျိုးဖြစ်ထွန်းနိုင်ချေကို လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ မထိခိုက်စေသောအပြုအမူများဖြင့် ထိရောက်စွာအသုံးချရန်၊

(၅) သစ်တောများ စီမံအုပ်ချုပ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်းနှင့်

(၆) နိုင်ငံ၏ အကျိုးစီးပွားနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့တွင် သစ်တောများ၏ အရေးကြီးသော အခန်းကဏ္ဍကို အများပြည်သူအား အသိပညာပေးခြင်းတို့ဖြစ်သည်။

အဆိုပါမူဝါဒကို အကောင်အထည်ဖော်ရာ၌ အရေးကြီးသောအချက်အလက်များတွင် အောက်ပါတို့ ပါဝင်သည်။ သစ်တောဥပဒေ (၁၉၉၂)၊ သစ်တောစည်းမျဉ်းများ (၁၉၉၅)၊တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများအား ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)၊ ရပ်ရွာကထိန်းသိမ်းသော သစ်တောရေိယာ ဆိုင်ရာ ညွှန်ကြားချက်များ (၁၉၉၅)၊ နိုင်ငံပိုင်သစ်တောများ စီမံခန့်ခွဲရေး အစီအစဉ် (၁၉၉၅)၊ သစ်တောများ ရေရှည်တည်တံ့ရေးစီမံခန့်ခွဲမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များ(၁၉၉၉)၊ခရိုင်သစ်တောများ စီမံခန့်ခွဲရေးအစီအစဉ်၏ ပုံစံနှင့်ညွှန်ကြားချက်များ (၁၉၉၆)၊ သစ်ထုတ်လုပ်ခြင်းအတွက် နိုင်ငံတော်အဆင့်

လိုက်နာရမည့်ကျင့်ဝတ်များ၊ သဘာဝပတ်ဝန်းကျင်ဥပဒေ၏ နိုင်ငံတော်အဆင့် မူဘောင်နှင့် နိုင်ငံတော်အဆင့် ပင်မအစီအစဉ်တို့ ဖြစ်သည်။ အချို့သော စည်းမျဉ်းများကို လက်ရှိတွင် ပြန်လည်စီစစ်နေဆဲဖြစ်သည်။

၅၄။ နိုင်ငံအနှံ့ရှိ အမျိုးသားဥယျာဉ် များနှင့် ထိန်းသိမ်းနယ်မြေအတွင်း ဇီဝမျိုးစုံမျိုးကွဲများ၏စာရင်းကောက်ယူမှု အနေအထားအရသည် လက်ရှိရရှိထားသော အချက်အလက်များမှာ နည်းပါးသည်။ အချို့သော ထိန်းသိမ်းနယ်မြေများတွင် လူအင်အား၊ နည်းပညာနှင့် ငွေကြေးအင်အားမလုံလောက်သော်လည်း (ဥပဒေအရ) အကောင်အထည်ဖော်ရန်လိုအပ်သည့် လုပ်ငန်းဆောင်တာများပါဝင်သောအုပ်ချုပ်မှု အစီအမံများ ရှိသည်။ထိန်းသိမ်း နယ်မြေများတွင် လူများကျူးကျော်ဝင်ရောက်မှုမှာ ကြုံတွေ့နေကြ ပုံမှန်ဖြစ်နေပြီး ယင်းကို ထိန်းချုပ်သတ်မှတ်ရန် ကြားဝင်စေ့စပ်မှုများလိုအပ်သည်။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်ထားသော တိကျသည့် ကာကွယ်ထိန်းသိမ်းခြင်းအဆင့်မှာမူ မရှိသေးပေ။

၅၅။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများအား ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)တွင် ရှားပါးပြီး မျိုးသုန်းလုနီးပါးဖြစ်နေသည့် ပန်းမန်မျိုးစိတ်များကို ဥပဒေအရ ကာကွယ်သည့် ပြဋ္ဌာန်းချက်လည်း ပါဝင်သည်။ ယင်းမှာ CITIES (Convention on International Trade in Endangered Species of Wild Fauna and Flora) က ဖော်ထုတ်သတ် မှတ်ထားသည့် မျိုးစိတ်များစာရင်းနှင့် ကိုက်ညီသည့် အမြဲတမ်းကာကွယ်ရမည့်စာရင်းနှင့် ယာယီကာကွယ်ရမည့်စာရင်းများကို ခေတ်နှင့်အညီ ပြုပြင်နေရန်လိုအပ်သည်။ ကာကွယ်ထိန်းသိမ်းထား သည့် ငါးမျိုးစိတ်များအတွက် ပြဋ္ဌာန်းချက်များလည်း မရှိ ပါ။

**ယဉ်ကျေးမှုအမွေအနှစ်များ**

၅၆။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များအတွက် လုပ်ဆောင်ရန် အခွင့်အာဏာ အပြည့်အဝရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေအရ " သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နီးနွယ်လျက်ရှိသော အခြားဝန်ကြီးဌာန များနှင့် ပူးပေါင်းပြီး ရှေးဟောင်းအမွေအနှစ်တည်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ ၊ ရှေးဟောင်းအဆောက်အအုံတည်ရှိရာနေရာများသို့ မကြာမကြာကြည့်ရှုစစ်ဆေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း" တို့ပြုလုပ်ရမည်။ မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအားထိန်းသိမ်းရန်အတွက် ချမှတ်ပြဋ္ဌာန်းထားသော အဓိက ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများမှာ အောက်တွင်ဖော်ပြထားသည်။

- ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများအား ကာကွယ် ထိန်းသိမ်းစောင့်ရှောက်သည့် ဥပဒေ (၁၉၉၈)ကို (၂၀၀၉)ခုနှစ်တွင် ပြင်ဆင်ရေးဆွဲခဲ့သည်။ အဆိုပါဥပဒေအောက်တွင် ဥပဒေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အရင်းအမြစ်များကို သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ ထိုဥပဒေသည် ရှေးဟောင်းအထိမ်းအမှတ်အ ဆောက်အအုံများ၊ ရှေးဟောင်းအထိန်းအမှတ်နယ်မြေ၊ရှေးဟောင်းသာသနိကနယ်မြေ၊ ရှေးဟောင်းအထိန်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းတည်နေရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများအား သတ်မှတ်ပေးထားပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ အသစ်ထပ်မံတိုးချဲ့ခြင်းများအတွက် ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီဆောက်လုပ်ရန်ခွင့်ပြုထားပါသည်။ ရှေးဟောင်းသမိုင်းဝင်နယ်မြေနှင့် အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားသောနယ်မြေများတွင် ရှိသော အဆောက်အဦးများအား ပြုပြင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်၊ အတည်ပြုချက်လိုအပ်သည်။ အလားတူပင် အထူးကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြုလုပ်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အတည်ပြုချက်၊ ခွင့်ပြုချက်တောင်းခံရန်လိုအပ်ပါသည်။ "(၁၈၈၆)ခုနှစ် တွင်တည်ရှိခဲ့သော" ဆိုသည့်

ရှေးဟောင်းအမွေအနှစ်သတ်မှတ်ချက်အား "လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ မတိုင်ခင်ကတည်းက တည်ရှိခဲ့သော အဆောက်အအုံများကိုရှေးဟောင်းအမွေအနှစ်အဖြစ်" ဟု (၂၀၁၁) ခုနှစ်ဥပဒေတွင် ပြင်ဆင် ရေးဆွဲခဲ့သည်။

- (၁၉၉၈) ခုနှစ်ဥပဒေအမိန့် (၂၀၁၄) ယခုလက်ရှိနှင့် သတ်မှတ်ရန်အစီအစဉ်ရှိသော အမွေအနှစ်ဇုန်များအတွင်း၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုအားထိန်းချုပ်ရန်နှင့် လက်ခံဆောင်ရွက်နိုင်ရန်အတွက် "ရှေးဟောင်းအမွေအနှစ်နယ်မြေများအား ကာကွယ်ခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဥပဒေ" အပေါ်တွင်မူတည်ကာ အသစ်ပြုပြင် ရေးဆွဲထားသည့် ဥပဒေစည်းမျဉ်းများအား ပံ့ပိုးပေးရန် နောက်ထပ်စည်းမျဉ်းစည်းကမ်းများအား အသေးစိတ် ချမှတ်ပြဌာန်းခဲ့သည်။ အမွေအနှစ်ဇုန်များ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများအား ထိန်းချုပ်ရန်အတွက် အသစ်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား အမိန့်ကြေညာစာအမှတ် ၂/၂၀၁၄ နှင့် ၃/၂၀၁၄ အားအစားထိုး လိုက်နာရမည်။ "ရှေးဟောင်းအမွေအနှစ် နယ်မြေများအား ကာကွယ်ခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဥပဒေ" အရ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (MZ) နှင့် ရှေးဟောင်းတည်နေရာဇုန် (AZ) ဟုသတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ) ကို "ရှေးဟောင်းအမွေအနှစ် နယ်မြေများအား ကာကွယ်ခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဥပဒေ" ၏ အပိုဒ်(၁၀-ခ) ကို ရည်ညွှန်း၍ ကြားခံဇုန်ဟုသတ်မှတ်သည်။

"ရုပ်ဝတ္ထုပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ် ကာကွယ်ခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်း ဥပဒေ" တွင် အခြားသော ဥပဒေများလည်းပါဝင်သည်။

- "ရှေးဟောင်းအဆောက်အအုံဆိုင်ရာကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဥပဒေ (ပြည်သူ့လွှတ်တော် ဥပဒေအမှတ် - (၅၁/၂၀၁၅)၊ ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၂၆ ရက် နှင့် ရှေးဟောင်းအဆောက်အအုံကာကွယ် ထိန်းသိမ်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေ အမိန့်ကြေညာစာအမှတ် - (၁၅/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်။ အဆိုပါဥပဒေတို့သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြန်လည်ပေးအပ်ခြင်းနှင့် လက်ခံရယူခြင်းတို့၏ လုပ်ငန်းတာဝန်များပါရှိသော ရှေးဟောင်းအဆောက်အအုံဆိုင်ရာ ဥပဒေကို ပြဌာန်းထားသည်။ ရှေးဟောင်းသုတေသနလုပ်ငန်းကို ရှာဖွေသော လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသော ရှေးဟောင်း အဆောက်အအုံအားတွေ့ရှိခဲ့ပါက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်/ ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက် ရမည်ဖြစ်ပြီး မလိုက်နာပါက အပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

- "ရှေးဟောင်းပစ္စည်းဆိုင်ရာ ဥပဒေ၏ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဥပဒေ (ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၄၃/၂၀၁၅၊ ၂၀၁၅ ခုနှစ်၊ဇူလိုင် ၂၂ ရက်နေ့ နှင့် ရှေးဟောင်းပစ္စည်းများကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (အမိန့်ကြေငြာစာအမှတ် - ၁၄/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ မေ ၃၁ရက်နေ့။ အဆိုပါဥပဒေတို့သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအတွင်းရှိ ရှေးဟောင်းပစ္စည်းများ ကာကွယ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြန်လည်ပေးအပ်ခြင်းနှင့် ့ပြန်လည်လက်ခံရယူခြင်းတို့၏ လုပ်ငန်းတာဝန်များပါရှိသော ရှေးဟောင်းပစ္စည်းများဆိုင်ရာ ဥပဒေကို ပြဌာန်းထားသည်။ ရှေးဟောင်းသုတေသနလုပ်ငန်းကို ရှာဖွေသော လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသော ရှေးဟောင်းပစ္စည်းများအား တွေ့ရှိခဲ့ပါက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်/ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မလိုက်နာပါက အပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ပြဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ**

□ "ညောင်ဦးမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကောင်စီ၏ဒေသဆိုင်ရာ အမိန့်ကြေငြာစာအမှတ် - ၁/၉၄ (၁၉၉၄)

ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းတည်နေရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန် (၃) ဇုန်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေတွင် အကျုံးဝင်ပြီး အဆိုပါအမိန့်ကြော်ငြာစာသည် (၁၉၉၄) ခုနှစ်တွင် ဥပဒေ ဖြစ်လာခဲ့သည်။ အဆိုပါဥပဒေတွင်ပုဂံဒေသရှေးဟောင်းအမွေအနှစ်ဇုန်များရှိ ဇုန် (၃) ဇုန်အတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများလည်း ပါဝင်သည်။ ၂၀၁၄ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သော လမ်းညွှန်ချက်အမိန့်စာသည် ၁၉၉၄ စည်းမျဉ်းဥပဒေအချို့အား ပြင်ဆင်ဖြည့်စွက် ထားသည်။ (၁၉၉၄) ခုနှစ်တွင်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအစား (၂၀၁၄) ခုနှစ်ဩဂုတ်လတွင်ထုတ်ပြန်လိုက်သော လမ်းညွှန်ချက်အမိန့်ကြော်ငြာစာကို လိုက်နာကျင့်သုံးရန်ဖြစ်သည်။

☐ **စီမံခန့်ခွဲမှုအစီအစဉ် - ထိန်းသိမ်းကာကွယ်ခြင်းအခြေအနေနှင့် ဇုန်သတ်မှတ်ခြင်း (၂၀၁၃)**

အဆိုပါစည်းမျဉ်းစည်းကမ်းများကို (၂၀၁၃) ခုနှစ်တွင် ရှေးဟောင်းအဆောက်အအုံဆိုင်ရာဇုန် တစ်ခုတည်းအတွက်သာ အသုံးပြုရန် သတ်မှတ်ပြဌာန်းခဲ့သည်။ အထက်တွင်ဖော်ပြထားသော (၁၉၉၄) ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ ချဲ့ထွင်ထားသော စည်းမျဉ်းများသည် (၂၀၁၄) ခုနှစ် လမ်းညွှန်ချက်အမိန့်ကြော်ငြာစာအတွက် အခြေခံအုတ်မြစ် ဖြစ်သည်။

၅၇။ နိုင်ငံတကာဆိုင်ရာသဘောတူညီချက်ပဋိညာဉ် - မြန်မာနိုင်ငံသည် အောက်ပါနိုင်ငံတကာသဘောတူညီချက် ပဋိညာဉ်များအား လက်မှတ်ရေးထိုး သဘောတူထားသည်။

(၁) လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသည့်အခါတွင် ယဉ်ကျေးမှုအမွေအနှစ်များအား မထိခိုက်စေရန် ထိန်းသိမ်းကာကွယ်မည့် ပဋိညာဉ်

(၂) (၁၉၅၆) ခုနှစ်ပဋိညာဉ်စာချုပ်နှင့် (၁၉၇၂) ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းသဘာဝ အမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းရန် ပဋိညာဉ်

(၃) ယဉ်ကျေးမှုအမွေအနှစ်များအား နိုင်ငံရပ်ခြားသို့တင်ပို့ခြင်း/ တင်သွင်းခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ပိုင်ဆိုင်မှုအား လွှဲပြောင်းခြင်း (၁၉၇၀) ခုနှစ် ပဋိညာဉ်

(၄) အတိအကျမဖော်ပြနိုင်သော/ ရုပ်ဝတ္ထုကဲ့သို့ လက်တွေ့မပြသနိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် (၂၀၀၃) ခုနှစ် ပဋိညာဉ်

## ( စ ) ကမ္ဘာ့ဘဏ်မှချမှတ်ထားသည့် စီမံကိန်းလုပ်ငန်း အကောင်အထည် ဖော်ဆောင်ရေး မူဝါဒများ

လူထုဗဟိုပြုစီမံကိန်းသည် သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာခြင်း (မူဝါဒအမှတ် ၄.၀၁)၊ သဘာဝဇာတိမြေများ (မူဝါဒအမှတ် ၄.၀၄)၊ တိုင်းရင်းသား လူမျိုးစုများ (မူဝါဒအမှတ် ၄.၁၀)၊ ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်း (မူဝါဒအမှတ် ၄.၁၂) နှင့် အပြည်ပြည်ဆိုင်ရာရေပိုင်နက်များ (မူဝါဒအမှတ် ၇.၅၀) အစရှိသည့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်း အကောင်အထည်ဖော်ရေးမူဝါဒများကို စတင်အသုံးပြုခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှုများကို စောင့်ကြည့်အကဲဖြတ်ခြင်းများသည် လုပ်ငန်းခေါင်းစဉ်ခွဲ (၁) အရ စီမံကိန်းလုပ်ငန်းများအတွက် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းခွဲ များနှင့်သာသက်ဆိုင်သည်။

ဖြည့်စွက်ရန်ပုံငွေအတွက်လည်း ယခုမူဝါဒများကိုသာ အသုံးပြုသွားပါမည်။ ယခု ESMF တွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ မူဝါဒအမှတ် (၄.၁၁) ကို စီမံကိန်းအကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်များတွင် ထည့်သွင်းအသုံးပြုရန်အတွက် ပြန်လည်ရေးဆွဲထားခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းစဉ်များအားလုံးသည် မူဝါဒအမှတ် (၄.၀၁) နှင့် စီမံကိန်းအစိတ်အပိုင်း (၁) အောက်ရ စီမံကိန်းလုပ်ငန်းခွဲများအတွက် ကမ္ဘာ့ဘဏ်၏ အကာကွယ်ပေးမှုဆိုင်ရာ မူဝါဒများ၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များနှင့် စီမံကိန်းအစိတ်အပိုင်း(၄) အောက်ရှိ ပိတ်သိမ်းခြင်းနှင့်နီးနှောတိုင်ပင်ခြင်းတို့ ပါဝင်သော အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတိုင်းအတွက် အထက်ပါအချက်တို့အား လိုက်နာရမည်။

၅၈။ **မူဝါဒအမှတ် ၄.၀၁ - သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း။** ဤမူဝါဒသည် ကမ္ဘာ့ဘဏ်မှထောက်ပံ့ရန်အဆိုပြုထားသောရင်းနှီးမြှုပ်နှံမှုများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော၊ ရေရှည်တည်တံ့မှုရှိစေရန်အတွက် သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာမှု ပြုလုပ်ရန် သတ်မှတ်ပြဋ္ဌာန်းချက်ဖြစ်သည်။ ဆန်းစစ်လေ့လာမှု၏ အတိမ်အနက်နှင့် အမျိုးအစားမှာ အဆိုပြုလုပ်ငန်းစဉ်များ၏ သဘောသဘာဝ၊ ပမာဏ၊ ဖြစ်နိုင်ချေရှိသော သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုများအပေါ်မူတည်သည်။ သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်တွင် သဘာဝပတ်ဝန်းကျင် (လေ၊ ရေနှင့်မြေ)၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုကဏ္ဍများ (ဆန္ဒအလျောက်မဟုတ်သော ရွှေ့ပြောင်းနေရာချထားခြင်း၊ တိုင်းရင်းသားလူမျိုးစုများ၊ ယဉ်ကျေးမှုအမွေအနှစ်များ) နှင့် နယ်စပ်ဖြတ်ကျော်နှင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် အခြေအနေများကို ထည့်သွင်း စဉ်းစား ဆောင်ရွက်သည်။ အဆိုပါစီမံကိန်းသည် မူဝါဒအမှတ် ၄.၀၁ နှင့်အညီ ခေါင်းစဉ် (ခ) နှင့်ကိုက်ညီမှုရှိသည်။ အကောင်အထည် ဖော်စဉ်ကာလအတွင်း ကျေးရွာလူထုကိုယ်တိုင်က စီမံကိန်းလုပ်ငန်းခွဲများကို ဖော်ထုတ်သတ်မှတ်မည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင် ဆန်းစစ်လေ့လာမှုသည် ယခု သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) တွင်ပြထားသည့် နည်းလမ်းများအား လိုက်နာရမည်ဖြစ်သည်။

၅၉။ **မူဝါဒအမှတ် ၄.၀၄ - သဘာဝဇာတိမြေများ။** ဤမူဝါဒကို စီမံကိန်းလုပ်ငန်းများကြောင့် သဘာဝဇာတိမြေပေါ်တွင် ဖြစ်နိုင်ချေရှိသော ဆိုးကျိုးများအားလျော့ချနိုင်ရန် ထည့်သွင်းရေးဆွဲထားသည်။ ဥပမာအားဖြင့် ကြိုးဝိုင်းသစ်တောများ သို့မဟုတ် ကာကွယ်ထားသောနယ်မြေများအတွင်း လမ်းသစ်ဖောက်လုပ်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။ အဆိုပါလုပ်ငန်းများမှာ အသေးစား လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများ သာဖြစ်ပြီး ရရှိလာမည့်အကျိုးသက်ရောက်မှုမှာ ကိုင်တွယ်ဖြေရှင်းနိုင်သည့် အနေအထားတွင်ရှိသော်လည်း (ကြိုးဝိုင်းသစ်တော သို့မဟုတ် နိုင်ငံပိုင်သစ်တောဖုန်ဟု အဆိုပြုထားသည့် နယ်မြေများအပါအဝင်) အရေးကြီးသော သဘာဝ ဇာတိမြေများနှင့် အခြားဇာတိမြေများ လျော့နည်းသွား သည့် ြ ရလဒ်မျိုးမရရှိစေရန် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းတစ်ခုအနေဖြင့် ဤမူဝါဒကို ထည့်သွင်းထားခြင်း ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ဖြစ်လာနိုင်ချေရှိသည့်စီမံကိန်းအကျိုးသက်ရောက်မှုများအား အသေးစိတ်စစ်ဆေးခြင်းနှင့် မူဝါဒ (၄.၀၄) ဖြင့် အကာအကွယ်ပေးထားသော ကိစ္စရပ်များအား မည်သို့ကိုင်တွယ်ဖြေရှင်းမည်ဟူသောနည်းလမ်းများကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်တွင် ပြဋ္ဌာန်းပေးထား သည်။

၆၀။ **မူဝါဒအမှတ် ၄.၁၁ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ ။** စီမံကိန်းတတိယနှစ်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေအဖြစ် တရားဝင်မှတ်တမ်းတင် ထားသော ညောင်ဦးမြို့နယ် (မန္တလေးတိုင်း)၊ စီမံကိန်းစတုတ္ထနှစ်တွင် နွားထိုးကြီးမြို့နယ် (မန္တလေးတိုင်း)၊ နှင့် ကျောက်တန်းမြို့နယ် (ရန်ကုန်တိုင်း) တို့သည်စီမံကိန်းမြို့နယ်များအဖြစ် တတိယနှစ် စီမံကိန်းစက်ဝန်း နှင့် စတုတ္ထနှစ်စီမံကိန်းစက်ဝန်း တွင် ပါဝင်လာသောကြောင့် ၄င်းကိုဖြည့်စွက် ပြဋ္ဌာန်းရခြင်းဖြစ်သည်။ အဆိုပါမြို့နယ်များအတွင်းရှိအချို့သောကျေးရွာများသည် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် နယ်မြေများ၏အနီးအနား/ နယ်မြေထဲတွင် ပါဝင်နေပါသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေတွင်

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသည့် မူဝါဒ အမှတ် - ၄.၁၁ အား လိုက်နာရန်ညွှန်ကြားထားပါသည်။ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ခြင်းကြောင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များအပေါ် သက်ရောက်မှုများကို ကန့်သတ်ထားရှိရန်၊ လုပ်ငန်းခွင် တည်နေရာသတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲမှုတို့လုပ်ဆောင်ရန်ဖြစ်ပြီး (၁) လူထုမှ အဆိုပြုထားသော စီမံကိန်းလုပ်ငန်းခွဲငယ်များကို ပံ့ပိုးပေးရန် နှင့် (၂) ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များအား ထိခိုက်ပျက်စီးစေသည့် စီမံကိန်းလုပ်ငန်းများအား စီမံကိန်းမှ ဆောင်ရွက်ခွင့် မပြုပါ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ၏ ထိခိုက်ပျက်စီးစေမှုအား ရှောင်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းနှင့် စီစစ်အကဲဖြတ်ခြင်းတို့အား တိုင်းတာသတ်မှတ်ခြင် ကို ESMF တွင် ဖော်ပြထားပါသည်။ စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ထိခိုက်စေမှုနှင့် ထိခိုက်မှုအား လျှော့ချပေးခြင်းတို့သည် ငွေချေးယူသော နိုင်ငံ၏ နိုင်ငံတော်တရားဥပဒေနှင့်သော်လည်းကောင်း နိုင်ငံတကာသဘောတူညီချက် ပဋိညာဉ် အရ လိုက်နာရမည့် ကျင့်ဝတ်များနှင့်သော်လည်းကောင်း ဖီလာဆန့်ကျင်နေခြင်း မရှိစေရပါ။

၆၁။ **မူဝါဒအမှတ် ၄.၁၀ (တိုင်းရင်းသားလူမျိုးစုများ)** စီမံကိန်း အကောင်အထည်ဖော်သော နေရာများတွင်ဒေသခံတိုင်းရင်းသားလူမျိုးစုများရှိနေမည်ဟုမျှော်လင့်ခဲ့သည့်အတွက် ဤမူဝါဒကို မူလစီမံကိန်းနှင့် ဖြည့်စွက်ရန်ပုံငွေ (AF)အတွက် ထည့်သွင်းချမှတ်ခဲ့သည်။ ယခုမူဝါဒသည် အီတလီနိုင်ငံချေးငွေ၊ JSDF ချေးငွေ၊ DFID ရန်ပုံငွေ ပါဝင်သော အခြားသောအထောက်အပံ့များအတွက်လည်း အကျုံးဝင်စေမည်ဖြစ်ပြီး အခြားငွေကြေးအထောက်အပံ့အောက်ရှိ တိုးချဲ့ထားသော တိုင်းရင်းသားလူမျိုးစုနယ်မြေများလည်း ပါဝင်မည်ဖြစ်သည်။ သို့ရာတွင် မြို့နယ်များ၌ အကျုံးဝင်မည့် မြို့နယ်စာရင်းအတိအကျကိုမူ အကောင်အထည် ဖော်ချိန်ကျမှ အခြားငွေကြေးအထောက်အပံ့များနှင့်အတူ ဆုံးဖြတ်မည်ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာအားလုံးတွင် သက်ဆိုင်သူအားလုံးပါဝင်သော လူမှုဆန်းစစ်လေ့လာမှုများကို ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ လူထု၏ကူညီ ထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရန်အတွက် လူမျိုးစုငယ်များအပါအဝင် ရပ်ရွာလူထုနှင့် ကြိုတင်အသိပေးသည့်၊ လွတ်လပသာအကြံပေးဆွေးနွေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူထုစည်းရုံးရေးမှူးများကလည်း ကူညီပံ့ပိုးပေးရမည်။ ဒေသခံတိုင်းရင်းသား လူမျိုးစုငယ်များ အပါအဝင် လူထုပါဝင်သောလူမှုဆန်းစစ် လေ့လာချက်များအတွက် အဓိကစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲတွင် ဖော်ပြသွားပါမည်။

၆၂။ **မူဝါဒအမှတ် ၄.၁၂ (ဆန္ဒအလျောက်မဟုတ်သောရွှေ့ပြောင်းနေရာချထားခြင်း)** စီမံကိန်း လုပ်ငန်းခွဲအများစုသည် အသေးစားကျေးလက်အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း သို့မဟုတ် အသေးစား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးမည်ဖြစ်ပြီး ပုဂ္ဂလိကပိုင်မြေယာများရယူခြင်း သို့မဟုတ်ပုဂ္ဂလိကပိုင်ဆိုင်မှုများဆုံးရှုံးခြင်းတို့ ဖြစ်လာနိုင်ခြေမရှိပါ။ သို့ရာတွင်စီမံကိန်း လုပ်ငန်းခွဲများမှာလူထု၏ တောင်းဆိုမှုပေါ်အခြေခံသည့်စနစ်ဖြင့် အကောင်အထည်ဖော်ရသဖြင့် မြေယာရယူခြင်းသို့မဟုတ် ပုဂ္ဂလိကပိုင် ပစ္စည်းများဆုံးရှုံးခြင်းတို့ အနည်းအကျဉ်းဖြစ်နိုင်ခြေရှိပါသည်။ ထို့ကြောင့်လည်း မူဝါဒအမှတ် (၄.၁၂) ကိုမူလစီမံကိန်းမှာကဲ့သို့ စတင်ကျင့်သုံးခြင်းဖြစ်သည်။ အိမ်ထောင်စုများအား နေရာပြောင်းရွှေ့ရန်လိုအပ်သည့် စီမံကိန်းလုပ်ငန်းခွဲများကို ခွင့်မပြုဘဲ လူထုရင်းနှီး မြှုပ်နှံမှုများအတွက် အကျုံးမဝင်သော လုပ်ငန်းများစာရင်းတွင် ထည့်သွင်းထားသည်။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြေယာနှင့်ဆက်နွယ်သော အကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်စေမည့် ရှုထောင့်မှဆန်းစစ်ရမည်ဖြစ်သည်။ မြေယာသိမ်းဆည်းခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်မှုများဆုံးရှုံးခြင်းများမလွှဲမရှောင်သာကြုံတွေ့ရမည်ဆိုပါက စီမံကိန်းပုံစံနှင့် တည်နေရာများကို ချိန်ညှိခြင်းအပါအဝင် ထိခိုက်မှုလျော့နည်းစေမည့်နည်းလမ်းများကို ရှာဖွေအသုံးပြုရမည် ဖြစ်သည်။ ပုဂ္ဂလိကမြေယာနှင့် ပိုင်ဆိုင်မှုများတွင် အနည်းငယ်ဆုံးရှုံးမှုများ မလွှဲမရှောင်သာ ပေါ်ပေါက်ခဲ့ပါက အကျိုးသက်ရောက်မှုများကို သက်ဆိုင်သူများကဆန္ဒအလျောက်လှူဒါန်းခြင်းနည်းလမ်းဖြင့်သာ ဖြေရှင်းမည်ဖြစ်သည်။ ထိုသို့ ဖြစ်နိုင်ချေမရှိပါက ပြန်လည်နေရာချထားရေးအစီအစဉ် (RAP) ကို သဘာဝ

ပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်လေ့လာရေးမူဘောင်ပါမူဝါဒများ၊ လုပ်ငန်းစဉ် များနှင့်အညီ ထိခိုက်သောအိမ်ထောင်စုများအား ပြောင်းရွှေ့သည့်ကာလတန်ဖိုးအတိုင်း ပြန်လည်ပေးလျော်ရန် ဖော်ထုတ်ချမှတ်သွားရမည်ဖြစ်သည်။ ဤစီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုရှိသောဖြစ်ရပ်များတွင်မူ (RAP) ကို အပြည့်အဝအကောင်အထည်ဖော်ရမည်။ အသေးစားမြေယာလှူဒါန်းမှုများအတွက် လျော်ကြေးငွေပေးလျော်ရန်လိုအပ်ပါက လူထုမှ ပေးလျော်ရမည်ဖြစ်ပြီး စီမံကိန်း ထောက်ပံ့ရံပုံငွေမှ အသုံးပြုခြင်းမရှိစေရ။

၆၃။ **မူဝါဒအမှတ် - ၇.၅၀ (အပြည်ပြည်ဆိုင်ရာရေပိုင်နက်များ)** - ဧရာဝတီမြစ် သည်ဟိမဝန္တာတောင်ကြားမှ မြစ်ဖျားခံစီးဆင်းလာသည့် "အပြည်ပြည်ဆိုင်ရာရေပိုင်နက်" နှင့် သက်ဆိုင်သော မြစ်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မြောက်မှတောင်သို့စီးဆင်းလျက်ရှိပြီး တောင်ဘက်ရှိ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ မြစ်လက်တက် (၉)ခု ခွဲဖြာပြီး စီးဆင်းဝင်ရောက်သွားပါသည်။ အဓိကမြစ်လက်တက်ကြီးနှစ်ခုဖြစ်သည့် "မေခ" နှင့် "မလိခ" မြစ်နှစ်သွယ်သည် တရုတ်ပြည်မှ မြစ်ဖျားခံစီးဆင်းပါသည်။ မလိခမြစ်လက်တက်အဖြစ် အိန္ဒိယနိုင်ငံ တွင်စတင်၍ မြစ်ဖျားခံလာခဲ့သည်။ မြစ်နှစ်မြွာပေါင်းဆုံပြီး မြန်မာနိုင်ငံအတွင်းဖြတ်သန်းစီးဆင်း ကာ မြစ်ကြောင်းတစ်ခုလုံး၏ ၉၉%သည် မြန်မာနိုင်ငံအတွင်းတွင် တည်ရှိပြီး ၁% ထက်နည်းသော ပမာဏသာ မြန်မာပြည် ပြင်ပတွင်တည်ရှိပါသည်။NCDDP အနေဖြင့် "အပြည်ပြည်ဆိုင်ရာရေပိုင်နက်" နှင့်သက်ဆိုင်သော စီမံကိန်းများအား ခွင့်ပြုမထားပါ။ မြစ်ရေအားသွယ်ယူသုံးစွဲခြင်း၊ ဆည်/ ရေကာတာငယ်များတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ထုတ်ယူခြင်းစသည့် ဧရာဝတီမြစ်၏ နဂိုနေနှင့် ရေစီးရေလာအား ထိခိုက်စေမည့် စီမံကိန်းလုပ်ငန်းများအားခွင့်မပြုပါ။ အလားတူပင် မေခ နှင့် မလိခ မြစ်များနှင့်ပတ်သက်သည့် စီမံကိန်းများအားလည်း ခွင့်ပြုမထားပါ။

၆၄။ NCDDP သည် ဧရာဝတီမြစ်နှင့် ပတ်သက်သောစီမံကိန်းများအားကန့်သတ်ထားသော်လည်း ဒေသခံပြည်သူများအနေဖြင့် လိုအပ်ပါက ချင်းတွင်းမြစ်၊ မူးမြစ်၊ ချောင်းမကြီးချောင်း၊ မြစ်ငယ်မြစ်၊ မုန်းချောင်းနှင့် နဝင်းချောင်းတို့မှရေအား နဂိုနေမထိခိုက်စေဘဲ စနစ်တကျသုံးစွဲရန် ခွင့်ပြုထားပါသည်။ နိုင်ငံအတွင်းရှိကျေးလက်နေ ပြည်သူတို့၏ ရေလိုအပ်ချက်မြင့်မားမှုအရ ရေပေးဝေမှုဆိုင်ရာ စီမံကိန်းအစီအစဉ်အသစ်များရှိသော်လည်း လက်ရှိ ရေပေးဝေရေးအစီအစဉ်များအား ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြုလုပ်သော လုပ်ငန်းများကို ဦးစားပေး၍ ရန်ပုံငွေထောက်ပံ့ပေးမည်ဖြစ်သည်။

## ၁၀။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အကာအကွယ်ဆိုင်ရာ အတွေ့အကြုံနှင့် သင်ခန်းစာများ

၆၅။။ (၂၀၁၃) ခုနှစ် ဇန်နဝါရီလတွင် လူထုဗဟိုပြုစီမံကိန်း စတင်အသက်ဝင်လာချိန်မှစကာ စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲကို ESSAF တွင် ပုံစံချထားသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒများနှင့် အခြေခံမှုများကို အသုံးပြုခြင်းဆိုင်ရာအချက်အလက်အသေးစိတ်ဖြင့်ဖော်ပြနိုင်ရန်အတွက်ရေးဆွဲခဲ့သည်။ (၂၀၁၄) ခုနှစ် ဩဂုတ်လ၊ (၂၀၁၅) ခုနှစ် ဩဂုတ်လ၊ (၂၀၁၆) ခုနှစ် စက်တင်ဘာလတွင် ပြည်ထောင်စုအဆင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ကြသူများ အားလုံးပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲရလဒ်အရ (၂၀၁၆) ခုနှစ် ဒီဇင်ဘာလတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုမှရရှိလာသည့် အတွေ့အကြုံနှင့်သင်ခန်းစာများအား ရေးသားထားပါသည်။ ဤကဏ္ဍတွင် မူလ NCDDP နှင့် လက်ရှိ AF တို့တွင် ပါရှိသော အကာအကွယ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သကသည့် အတွေ့အကြုံများကို ဖော်ပြထားပါသည်။

**သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း (မူဝါဒအမှတ် ၄.၀၁)**

၆၆။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (ESMF)နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များ (ECoPs) တို့သည် စီမံကိန်းလုပ်ငန်းခွဲများတွင် ဆိုးကျိုးသက်ရောက်မှုများအား လျော့ချရန် အသုံးပြုသည့် ပင်မသဘာဝပတ်ဝန်းကျင် အကာအကွယ်ပေးမှုနှင့်ဆိုင်သည့် စာရွက်စာတမ်းများ ဖြစ်သည်။ ထို့ပြင်အသေးစားအခြေခံအဆောက်အအုံများအတွက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကအသုံးပြုသည့် ဒီဖိုင်း စံသတ်မှတ်ချက် များနှင့် ဒီဖိုင်းကျင့်ဝတ်များကိုလည်း စီမံကိန်းလုပ်ငန်းခွဲများအတွက် အသုံးပြုခဲ့သည်။

၆၇။ ESMF တွင် အောက်ပါတို့အားထပ်မံဖြည့်စွက်၍ အားဖြည့်ထားပါသည်။

၆၈။ ရပ်ရွာလူထုရင်းနှီးမြှုပ်နှံခြင်း အတွက် အကျုံးမဝင်သည့်စာရင်းထဲသို့ နောက်ထပ်(၃)ချက်ထည့်သွင်းခဲ့ရာ ယင်းတို့မှာ (၁) ဆည်အသစ်များဆောက်လုပ်ခြင်း သို့မဟုတ် ရှိပြီးသားဆည်များအား ပြုပြင်ပြောင်းလဲခြင်း (၂)အရေးပါသောမည်သည့်စားကျက်မြေများအတွင်း၌မဆို ရှိရင်းစွဲ သို့မဟုတ် အဆိုပြုထိန်းသိမ်းရေး ဇရိယာအတွင်း၌ လမ်းဖောက်လုပ်ခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ခြင်း၊ (၃)အရေးပါသည့်စားကျက်မြေများ၊ အထူးသစ်တောထိန်းသိမ်းရေးမြေ၊ ထိန်းသိမ်းရေးဇရိယာများ သို့မဟုတ် ထိန်းသိမ်းရေးအတွက် အဆိုပြုထားသည့် ဇရိယာများအတွင်း၌ အဆောက်အအုံများဆောက်လုပ်ခြင်း သို့မဟုတ် ရှိရင်းစွဲအဆောက်အအုံများကို တိုးချဲ့ခြင်းစသည်တို့အတွက် ဖြစ်သည်။ ရပ်ရွာလူထုရင်းနှီးမြှုပ်နှံခြင်းအတွက် အကျုံးမဝင်သည့်စာရင်းများအရလည်း စီမံကိန်းတွင် အန္တရာယ်ရှိပစ္စည်းများနှင့် ပစ္စည်းကိရိယာများမသုံးစွဲရဟု သတ်မှတ်ထားသည်။ ယင်းတို့တွင် သံကြိုးတပ်လွှများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေး၊ ကျောက်ဂွမ်း (ကျောက်ဂွမ်းပါဝင်သည့်ပစ္စည်းများအပါအဝင်) သို့မဟုတ် ယဉ်ကျေးမှုအရင်းအမြစ်နှင့် ဆိုင်သည့်အရာဝတ္ထုများ (အမျိုးသားအဆင့် သမိုင်းဝင်၊ သို့မဟုတ် ဘာသာရေးပစ္စည်းများ) အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်စေနိုင်သည့် အခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်သည်။ အဆိုပါအချက်များကို ထင်ရှားပေါ်လွင်သည့် ပုံစံအသစ်များဖြင့် နောက်ဆက်တွဲများတွင် ဖော်ပြထားသည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းခွဲ စစ်ဆေးသည့်ပုံစံ (နောက်ဆက်တွဲ-၉)တွင် စီမံကိန်းလုပ်ငန်းခွဲတစ်ခုစီကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများကို ဖော်ပြနိုင်မည့် အပိုင်းတစ်ခုကိုလည်း ထည့်သွင်းထားသည်။

၆၉။ လူထုဗဟိုပြုစီမံကိန်းတွင်(၂၀၁၄) ခုနှစ် ဩဂုတ်လ၌ပြုလုပ်သော နည်းပညာဆိုင်ရာစစ်ဆေး တွေ့ရှိချက်မှာ စီမံကိန်းလုပ်ငန်းခွဲအားလုံး၏ (၉၀%) သည် (ESSAF) စံနှုန်းနှင့် / (ECoP) စံချိန်စံညွှန်းများအတိုင်းလိုက်နာကျင့်သုံးသည်ကိုတွေ့ရှိရသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုကမှု လျော့နည်း စေရေးအတွက် စီမံကိန်းလုပ်ငန်းခွဲငယ်များအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် (EMPs) ရေးဆွဲရန်မလိုအပ်ပါ။ ၄င်းစီမံကိန်းလုပ်ငန်းခွဲများလုပ်ဆောင်ရာတွင် စီမံကိန်းလုပ်ငန်းခွဲ (၃) ခုသာ စံချိန်စံညွှန်းနှင့် "မပြည့်မီ" ၊ (ESSAF) နှင့်မကိုက်ညီ ဟုသတ်မှတ်ခံခဲ့ရသည်။ အဆိုပါလုပ်ငန်းခွဲများကို ပြန်လည်ပြင်ဆင်ပြီးဖြစ်သည်။ (၂၀၁၆) ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် နည်းပညာဆိုင်ရာစစ်ဆေးမှုအရ စီမံကိန်းလုပ်ငန်းခွဲများ၏ (၉၆%)သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို စီမံကိန်းအကောင်အထည်ဖော်မဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးစီးချိန်များတွင် ကောင်းမွန်မှန်ကနစွာ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရသည်။ စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာလုပ်ငန်းခွင်များတွင် (ECoPs) နှင့်အကာအကွယ်ပုံစံများအား ၉၆% နှင့် ၉၉% အသီးသီး လိုက်နာကျင့်သုံးသည်ကို တွေ့ရှိရသည်။ နည်းပညာဆိုင်ရာစစ်ဆေးမှု၏ တွေ့ရှိချက်များအရ စီမံကိန်းလုပ်ငန်းခွဲအများစုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု အနည်းငယ်သာရှိသည်ကို တွေ့ရှိရသောကြောင့် EMP ရေးဆွဲရန် မလိုအပ် ပါ။

၇၀။ စီမံကိန်းစက်ဝန်းအသစ်မစတင်မီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နိုင်ငံခြားသား နည်းပညာအတိုင်ပင်ခံနှင့် ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီး အင်ဂျင်နီယာတို့သည် ပြည်ထောင်စုအဆင့်နှင့် မြို့နယ်အဆင့် ကျေးလက်ဦးစီးအင်ဂျင်နီယာများ၊ အခြေခံအဆောက်အအုံ ကျွမ်းကျင်ပညာရှင်များ နှင့် နည်းပညာ စည်းရုံးရေးမှူးများ အား (၁)အကာအကွယ်မူဝါဒများ (၂) နည်းပညာလေ့လာသင်ယူမှု (နည်းပညာစစ်ဆေးမှု၊ ကျေးရွာအတွင်း တည်ဆောက်မှု/အိမ်နီးချင်းနိုင်ငံများမှ ဒီဇိုင်းတို့အပေါ်လေ့လာမှုများ၊ လူထုသင်တန်းများ)နှင့် (၃) ပြန်လည်မွမ်းမံထားသော စီမံကိန်းလက်စွဲတို့နှင့် ပတ်သက်ပြီး အကာအကွယ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

## သစ်တောရေးရာ (မူဝါဒအမှတ် ၄.၃၆)

၇၁။ စီမံကိန်းအနေဖြင့် အောက်ပါစီမံကိန်းလုပ်ငန်းခွဲများကို အကျုံးဝင်သည်ဖြစ်စေ၊ အကျုံးမဝင်သည်ဖြစ်စေ ရန်ပုံငွေထောက်ပံ့လိမ့်မည်မဟုတ်ပါ။ (က) သစ်တောများ၏ ရှင်သန်ကြီးထွားရေးနှင့် အရည်အသွေးကို ထိခိုက်စေသော၊ (ခ) လူထု၏အခွင့်အရေးများ၊ လူမှုဖူလုံရေးနှင့်သစ်တောများ၊ အပြန်အလှန်သော် လည်းကောင်း၊ သစ်တောများအပေါ်၌သော်လည်းကောင်း မှီခိုနေရမှုကိုထိခိုက်စေသော၊ နှင့်(ဂ) အများပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ၊ ရပ်ရွာပိုင်ဖြစ်စေ သဘာဝသစ်တောများ သို့မဟုတ် စိုက်ခင်း များအား စီမံခန့်ခွဲခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အသုံးချခြင်းတို့တွင် အပြောင်းအလဲများ ဖြစ်ပေါ်စေရန် ဦးတည်သောလုပ်ငန်းများ။ စီမံကိန်းလုပ်ငန်းခွဲများအားလုံးကို အထက်ပါအချက်များအတိုင်း စစ်ဆေးလိမ့်မည်ဖြစ်သည်။

## မူဝါဒအမှတ် ၄.၁၀ ရှပ်ဝတ္ထုပိုင်းဆိုင်ရာယဉ်ကျေးမှုအရင်းအမြစ်များ

၇၂။ ဤမူဝါဒသည် မူလစီမံကိန်းနှင့် AF တို့တွင် မပါဝင်ခဲ့ပါ။ တတိယနှစ်နှင့် စတုတ္ထနှစ်စီမံကိန်း စက်ဝန်းတို့တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေဟု တရားဝင် သတ်မှတ်ထားသည့် မန္တလေးတိုင်းအတွင်းရှိ ညောင်ဦးမြို့နယ် (တတိယနှစ်)၊ နွားထိုးကြီးမြို့နယ် (စတုတ္ထနှစ်)၊ ရန်ကုန်တိုင်းအတွင်းရှိ ကျောက်တန်းမြို့နယ် (စတုတ္ထနှစ်) တို့အား စီမံကိန်းမြို့နယ်များအဖြစ် ရွေးချယ်ခဲ့ပြီးနောက် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

၇၃။ ညောင်ဦးမြို့နယ်၏ စီမံကိန်းပထမနှစ်စက်ဝန်းတွင် စီမံကိန်းလုပ်ငန်းခွဲများအား ဘဏ္ဍာရေးနှစ် ၂၀၁၅-၁၆ ခုနှစ် အတောအတွင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြင်ဆင်ထားခဲ့သည်။ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ (၁၆) ရွာသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေတွင် ပါဝင်နေသည်။ (၃) ရွာသည် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်(MZ)၊ (၆) ရွာသည် ရှေးဟောင်းတည်နေရာဇုန် (AZ) (ကျေးရွာတစ်ရွာသည် MZ နှင့် AZ နှစ်မျိုးလုံးတွင်တည်ရှိသည်)၊ (၉) ရွာသည် ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ) တွင် တည်ရှိသည်။ (ကျေးရွာတစ်ရွာသည် AZ နှင့် PZ နှစ်မျိုးလုံးတွင်တည်ရှိသည်)။ အဆိုပါကျေးရွာများ၏အမည်စာရင်းတို့အား နောက်ဆက်တွဲ (၁၀) ၏ ဇယား (က– ၁၀.၂) တွင် ဖော်ပြထားသည်။ ထိုကျေးရွာများတွင် စီမံကိန်း လမ်းညွှန်ချက်များနှင့်အညီ အသေးစားပြုပြင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွဲ (၂၀) ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းလုပ်ငန်းခွဲများအား ကြိုတင်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလအတွင်းတွင် ကျေးလက်ဦးစီးဌာန အနေဖြင့် ပုဂံရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ PCR နှင့် သက်ဆိုင်သည့် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်းအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်တို့အား အနီးကပ် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့သည်။ စီမံကိန်းလုပ်ငန်းခွဲအား အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်းတွင် CF, TF နှင့် သက်ဆိုင်ရာ ကျေးလက်/ဦးစီး အရာရှိတို့အား လိုက်နာကျင့်သုံးရန် စည်းကမ်းများနှင့် ESMF မှ လမ်းညွှန်ချက်များအား သင်တန်းပေး၍ ဆောင်ရွက်စေခဲ့သည်။

ရွေးပေါင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအား အဆိုပါသင်တန်းသို့ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာများနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများအတွက် သင်တန်းပို့ချပေးရန် ဖိတ်ကြားခဲ့သည်။ စီမံကိန်းလုပ်ငန်းခွဲများအားလုံးအတွက် PCR နှင့် EMP ပြင်ဆင်မှုများပါဝင်သော အကာအကွယ်ဆိုင်ရာ စစ်ဆေးမှု နည်းလမ်းများကိုလည်း ပို့ချပေးခဲ့သည်။ လမ်းညွှန်ချက်နှင့်အညီ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ခွင့်ပြုချက်အမိန့်စာ ရယူရမည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ DRD မှ အဆိုပါလုပ်ငန်းနှင့်သက်ဆိုင်သည့် အရာရှိများနှင့် ပူးပေါင်း၍ စီမံကိန်းအကောင်အထည်ဖော်ရာ အလုပ်ခွင်သို့ လုပ်ငန်းများမဆောင်ရွက်မီ၊ ဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်အပြီးတို့တွင် စောင့်ကြည့်စစ်ဆေးနိုင်ရန် ဖိတ်ကြားခဲ့သည်။ ထိုတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ကျေးရွာ(၁၀) ရွာရှိ စီမံကိန်းလုပ်ငန်းခွဲများအား စစ်ဆေးခဲ့သည်။ NCDDP အနေဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်များတွင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာ၌ ထိခိုက်ဆုံးရှုံးမှု၊ ပျက်စီးမှု မရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၇၄။ ယခုအသစ်ပြုပြင်ရေးဆွဲလိုက်သည့် ESMF သည် ယခင်ဖော်ပြထားသည့် နည်းစနစ်များအပေါ်တွင် မူတည်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အကာအကွယ်များ၊ ထိခိုက်/ ပျက်စီးမှုအားအကဲဖြတ်စစ်ဆေးခြင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ တိုင်းတာခြင်း၊ လျော့ချနိုင်မည့်နည်းလမ်းများ အားပြင်ဆင်ခြင်း နှင့် စောင့်ကြည့်စစ်ဆေးမှုတို့ပြုလုပ်ရန် ပြင်ဆင်ခြင်း စသည်တို့အား ထည့်သွင်းရေးဆွဲထားသည်။ စီမံကိန်းလုပ်ငန်းခွဲများအား တိကျသောစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် စနစ်တကျ လုပ်ဆောင်နိုင်ရန် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုအစီအစဉ်ကို နမူနာအနေဖြင့် ထပ်မံဖြည့်စွက် ထားပြီးဖြစ်ပါသည်။ ယခု ပြုပြင်ဖြည့်သွင်းရေးဆွဲထားသည့် ESMF အား ကာကွယ်ထိန်းသိမ်းထားသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် နယ်မြေ (သို့မဟုတ်) PCR အတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော်ဆောင်ရွက်ရာ စတုတ္ထနှစ်စီမံကိန်းစက်ဝန်းနှင့် နောက်ပိုင်းတွင် အသုံးပြုမည်ဖြစ်သည်။

၇၅။ နွားထိုးကြီးမြို့နယ်နှင့်ကျောက်တန်းမြို့နယ်တို့တွင် (၂၀၁၇) ခုနှစ်၌ စတုတ္ထနှစ်စီမံကိန်း စက်ဝန်းအား စတင်မည်ဖြစ်သည်။ နွားထိုးကြီးမြို့နယ်သည် မန္တလေးတိုင်းအတွင်းတွင် တည်ရှိပြီး (ဘုရားကြီးကျေးရွာအနီးတွင် တည်ရှိသည့် "ဝတီး" မြို့ဟောင်းဖြစ်သည်။) ထိုမြို့ဟောင်းနယ်မြေအတွင်းတွင် မည်သည့်ကျေးရွာမှ မရှိသော်လည်း အဆိုပါ မြို့ဟောင်းအနီးအနားတွင် စီမံကိန်းဆောင်ရွက်သည့် ရွာ (၅)ရွာ တည်ရှိသည်။ (နောက်ဆက်တွဲ - ၁၀) ပုံ ၁၀.၂ တွင်ကြည့်ပါ။ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းရှိ ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်(ပါဒကြီးစံပြကျေးရွာ)သည် ရှေးဟောင်းသာသနိက အထိမ်းအမှတ်နယ်မြေဖြစ်သည်။ ထိုနယ်မြေအတွင်းတွင် ကျေးရွာမရှိပါ။

၇၆။ နောက်ထပ်တိုးချဲ့အကောင်အထည်ဖော်မည့် စီမံကိန်းမြို့နယ်များတွင် ရှေးဟောင်းယဉ်ကျေးမှု အရင်းအမြစ်များအားမထိခိုက် မပျက်စီးရေးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

## တိုင်းရင်းသားလူမျိုးစုများ (မူဝါဒအမှတ် ၄.၁၀)

၇၇။ မူလစီမံကိန်းအရ စီမံကိန်းလုပ်ငန်းခွဲများ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရာတွင် လူမျိုးစုတိုင်းရင်းသားများနှင့် တိုင်ပင်ဆွေးနွေးပြီး ယင်းတို့ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ပြီး ့အခွင့်အရေးရရှိစေမည့်အပြင် မလိုလားအပ်သော အကျိုးသက်ရောက်မှုများကို လည်း ဖြေရှင်းပြီးဖြစ်စေမည့် လုပ်ဆောင်ပုံအဆင့်ဆင့်များဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်ကို အသင့်ပြင်ဆင်ထားသည်။လူမျိုးစုများ ပူးပေါင်းပါဝင်မှု လေ့လာခြင်း အပါအဝင် သက်ဆိုင်သူ အားလုံးပါဝင်သော လူမှုဆန်းစစ်လေ့လာမှု တစ်ရပ်ကို ကျေးရွာစီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များ ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ တတိယနှစ်စက်ဝန်း (၂၀၁၅-၂၀၁၆) တွင် စီမံကိန်းမြို့နယ်

(၂၇) ခု ခန့်မှန်းခြေ တိုင်းရင်းသားလူမျိုးခွဲအုပ်စု (၅၀)ကျော်အနက် (၃၂%)သည် တိုင်းရင်းသားလူမျိုးစုများမှ အကျိုးခံစားခွင့်ရှိခဲ့သည်။

**ဇယား (၄) စီမံကိန်းစက်ဝန်း(၃)၊ (၂၇) မြို့နယ်အတွင်း တိုင်းရင်းသားလူမျိုးစုများ ပါဝင်မှု ရာနှုန်းပြဇယား**

| တိုင်းရင်းသားလူမျိုးစု | ပါဝင်သည့်ရာခိုင်နှုန်း |
|---|---|
| ကရင် (ကရင်) | ၃၀% |
| မွန် | ၁၁% |
| ရခိုင် (အာရကန်) | ၁၀% |
| ချင်း | ၈% |
| ရှမ်း | ၇% |
| ပလောင် | ၆% |
| ခမီး (ချင်း၊ ခူမီး) | ၅% |
| စကော (ကရင်၊ စကော) | ၃% |
| ကယန်း ႏ (ကရင်၊ ပဒေါင်) | ၃% |
| ကယား (ကရင်နီ) | ၃% |
| ကဒူး (ကဒို) | ၁% |
| Bre (ကယော၊ ပရက်ဂ် ) | ၁% |
| Shu (ပိုးကရင်) **** ပြင်ဆင်ရန် | ၁% |
| ကနန်း | ၁% |
| ပအိုးဝ် (တောင်သူ) | ၁% |
| အရှို | ၁% |
| အခြား(ဒိုင်း၊ ရင်ဒူး၊ မြို၊ ဝါကင်၊ မန်နှ၊ မန်နောမိယမ်း၊ မာယာ၊ ရှမ်းဒူးအခါ၊ အိုး-ပု၊ ယင်းဘော်၊ မကန်း၊ ထားဝယ်၊ Kaungso၊ လေးမြို့၊ လီဆူး၊ ခမီ၊ အင်းသား၊ Matu၊ ဒိုင်းနက်၊ မွန်ကရင်၊ ခမူ၊ Awa၊ ဘွဲ့ကရင်၊ ကချင်၊ Anu၊ ဆလုံ၊ e၊ Ka-yu၊ ရှမ်းကြီး၊ Panun၊ Rongtu၊ လူရှီး၊ ကရင်ဖြူ၊ Anun၊ Ngron၊ Kebar၊ ယော | ၈% |

၇၈။ လူမှုဆန်းစစ်လေ့လာမှု၏ ရလဒ်များအရ လမျိုးစုတိုင်းရင်းသားများသည် လူထုဗဟိုပြုစီမံကိန်း တွင် ပါဝင်ဆောင်ရွက်ကြသလို ယင်းမှလည်း အကျိုးကျေးဇူးများ ရရှိသည်ကို တွေ့ရသည်။ လူမျိုးစုစာရင်း ကောက်ယူခြင်းကို ဆောင်ရွက်ရာတွင် ကျေးရွာအိမ်ထောင်စု အားလုံးနီးပါး၏ ပူးပေါင်းပါဝင်မှုကို ရရှိခဲ့ပြီး လူမျိုးစု တိုင်းရင်းသားများ အပေါ် မည်သည့်ခွဲခြားဆက်ဆံမှုမျိုးရှိသည်ဟူ၍ မကြားခဲ့ရပါ။

၇၉။ စီမံကိန်းလက်စွဲစာအုပ်အနှစ်ချုပ်ကို ရှမ်းဘာသာစကားသို့ပြန်ဆိုခဲ့ပြီး စီမံကိန်းပိုစတာ များနှင့် အကောင်အထည်ဖော်ရေးလက်စွဲတို့ကိုလည်း ပလောင်၊ အခါနှင့် ချင်းဘာသာများသို့ ပြန်ဆိုခဲ့ပါသည်။ စီမံကိန်းလုပ်ဆောင်မည့်မြို့နယ်အတွင်း တိုင်းရင်းသား လူမျိုးစုံနေထိုင်သည့်အပြင် အများအပြားမှာ ကိုယ်ပိုင်စာအရေးအသားမရှိသဖြင့် စီမံကိန်းဆိုင်ရာ ဘာသာပြန်ဆိုမှုအားလုံးမှာ အခက်အခဲ အတော်ရှိခဲ့ပါသည်။

ထို့ပြင်အစိုးရကျောင်းများ၌မြန်မာဘာသာဖြင့်သာ သင်ကြားသဖြင့် တိုင်းရင်းသားအတော်များများမှာ ၎င်းတို့နေထိုင်ရာဒေသမှာပင်လျှင် တိုင်းရင်းသားစာကို ၎င်းတို့ကိုယ်တိုင်မရေးတတ်ကြဘဲ ကိုယ်တိုင်စာရေးတတ် ဖတ်တတ်သူများသည် မြန်မာစာကိုသာရေးတတ်ကြကြောင်းကိုတွေ့ရသည်။ စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းရင်းသားဘာသာ များသို့ မှန်ကန်စွာ ပြန်ဆိုရေးမှာလည်း အခက်အခဲရှိခဲ့သည်။ အကြောင်းမှာ တိုင်းရင်းသားစကား အတော်များများတွင် စီမံကိန်းစာရွက်စာတမ်းများပါ အတွေးအခေါ်အယူအဆအသစ်၊ အသုံးအနှုန်း အသစ်များကို ခြုံငုံမိအောင် ဖော်ပြမည့် ဝေါဟာရ မရှိ၍ ဖြစ်သည်။

၈၀။ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဘာသာပြန်ရာတွင် ကြုံတွေ့ ရသော အခက်အခဲများကို ဖြေရှင်းရန်အတွက် ဆက်သွယ်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်း အနေဖြင့် တိုင်းရင်းသား ဘာသာစကားများဆိုင်ရာ အကြံများရယူခြင်း၊ ဖော်ထုတ်ရှင်းလင်းခြင်းများနှင့် ပက်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းညွှန်ချက်များရေးဆွဲလျှက်ရှိသည်။ မြို့နယ်တွင်းနေထိုင်သည့် တိုင်းရင်းသား လူမျိုးစုများ၏ ဘာသာစကားများ၊ အသုံးပြုနေသည့် ဒေသန္တရဘာသာစကားနှင့် သက်ဆိုင်ရာမြို့နယ်များ၏ လက်ထောက်နည်းပညာမှူးနှင့် အကာအကွယ်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးတွင် ပါဝင်ဆွေးနွေးသူများ၏ အကြံပေးဆွေးနွေးချက်များကို အခြေခံ၍ ဘာသာပြန်ဆိုရန် ဖြစ်နိုင် သော (သို့) သင့်လျော်သော ဘာသာစကားများသို့ ပြန်ဆိုရမည့် အရေးကြီး စာရွက်စာတမ်းများ စာရင်းကို လမ်းညွှန်ချက်များတွင်ထည့်သွင်းထားသည်။ ဘာသာပြန်ဆိုမည့် အဓိက စာရွက်စာတမ်း များတွင် ယခု ESMF ပါဝင်မည်ဖြစ်ပြီး အတည်ပြု ပြီးသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအမံများ အပြင် ဆန္ဒအလျောက်လူ့ဒါန်းကြောင်းပုံစံနှင့်အတူ ပြန်လည်နေရာချထားရေး အစီအစဉ် (RAP) အကျဉ်း၊ သို့မဟုတ် (RAP) ပြုလုပ်ရန်လိုအပ်သည့်နေရာများတွင် (RAP) အပြည့်အစုံတို့ကိုလည်း ထည့်သွင်းနိုင်သည်။ ယင်းစာရင်းများကို အဓိကပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးမှ ရေးသားပြုစုရန် သဘောတူညီ ပြီးဖြစ်သည်။ ကျေးလက်/ဦးစီးဌာနသည် ဖြည့်စွက်ရန်ပုံငွေအတွက် အကာအကွယ်ပေးရေးအစည်းအဝေးများတွင် တက်ရောက်လာသူများ၏ ဝေဖန်အကြံပြုချက်များကိုရယူခဲ့ပြီး အကြံပြုချက်များရယူရန်အတွက် လမ်းညွှန်ချက်မူကြမ်းကို လည်း သက်ဆိုင်သူများထံ မျှဝေခဲ့သည်။

၈၁။ တိုင်းရင်းသားများထဲမှ အကျိုးခံစားမည့်သူများ/ ထိခိုက်မှုရှိမည့်သူများ အနေဖြင့် စီမံကိန်း ပြုလုပ်ရသည့် အကြောင်းရင်းနှင့် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်၊ တွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်သူများက အလေးပေးပြောကြားခဲ့ကြသည့် လူမှုဘဝများ မထိခိုက်အောင် လုပ်ရမည့် ချဉ်းကပ်မှုများ စသည်တို့ကို နားလည်ရေးအတွက်လည်း ဆက်လက်ပြီး အလေးထားမည်ဖြစ်သည်။ မူလလူထု ဗဟိုပြုစီမံကိန်းမှရသည့် အတွေ့အကြုံအရ အထိအခိုက်နည်းပါးရေး စည်းမျဉ်းများ အကြောင်း အပါအဝင် စီမံကိန်း၏ချဉ်းကပ်လုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး လူနည်းစု တိုင်းရင်းသားများအား မျက်မြင်အကူပစ္စည်းများသုံးပြီး နှုတ်ဖြင့်ရှင်းလင်းတင်ပြခြင်းက အဓိပ္ပာယ် အရှိဆုံးနှင့် လက်တွေ့ အကျဆုံးနည်းလမ်းဖြစ်သည်ဟု တွေ့ရှိရသည်။ လူထုစည်းရုံးရေးမှူး များနှင့် လက်ထောက်နည်းပညာမှူးများ ထဲတွင် သက်ဆိုင်ရာ မြို့နယ်ရှိဒေသသုံးဘာသာစကားအား ပြောဆိုနိုင်သူများကို ထည့်သွင်းခဲ့သည်။ ယင်းမှ စီမံကိန်းကြောင့် အကျိုးခံစားမည့်သူများနှင့် ထိခိုက်နစ်နာမည့်သူများပါ ယခုထိခိုက်မှု ကာကွယ်ရေးစည်းမျဉ်းများကို နားလည်မှုရှိအောင် လုပ်ဆောင်ရာ၌ အသုံးတည့်ကြောင်း တွေ့ရသည်။ ရှေ့ဆက်ဆောင်ရွက်ရာတွင် အဓိကဘာသာစကား အားလုံးဖြင့် မျက်မြင်အကူပစ္စည်းများ ပိုမိုပြုလုပ်ရန်၊ သို့မှသာ တိုင်းရင်းသားများအနေဖြင့် စီမံကိန်းပါ အကာအကွယ်ပေးရေးစည်းမျဉ်းများကို နားလည်နိုင်စေရန် ဆက်လက်အားထုတ်သွားမည်ဖြစ်ပါသည်။ လုံခြုံရေးဆိုင်ရာ အကြံဉာဏ်ရယူခြင်း ဆွေးနွေးပွဲများတွင် တက်ရောက် လာသူများက အဆိုပါ နည်းလမ်းကို သဘောတူကြပါသည်။

**ဆန္ဒအလျောက်မဟုတ်သော ရွှေပြောင်းနေရာချထားခြင်း (မူဝါဒအမှတ် ၄.၁၂)**

၈၂။ မြို့နယ်များ၏ ပထမစက်ဝန်း ကာလတွင် တမင်တကာ မြေယာသိမ်းယူရန် (ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးစေရန်) လိုအပ်သော မည့်သည့် စီမံကိန်းလုပ်ငန်းခွဲမဆို တားမြစ်ချက်ပါဝင်သော ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာလုပ်ဆောင်နည်း အဆင့် (၄.၁၂) နှင့်ကိုက်ညီသော စည်းမျဉ်းစည်းကမ်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်တွင်ပြဋ္ဌာန်း ပေးသည်။

၈၃။ အောက်တွင်ဖော်ပြထားသည့် ဇယားအရ စီမံကိန်းပထမစက်ဝန်းအတွင်း မြေယာနှင့် ပိုင်ဆိုင်မှုများအား မြေပိုင်ရှင်၏ သဘောဆန္ဒမပါဘဲ သိမ်းဆည်းရယူခြင်းများ မရှိခဲ့ ပါ။ အချို့စီမံကိန်းလုပ်ငန်းခွဲများတွင် အသေးစားမြေယာ လွှဲပြောင်းရယူမှုများလိုအပ်ပါက စေတနာအလျောက် မြေယာလှူဒါန်းမှုပုံစံဖြင့် ဆောင်ရွက်ရမည်။ နည်းပညာ စစ်ဆေးခြင်း (ဩဂုတ်လ ၂၀၁၄) နှင့် လူမှုစစ်ဆေးခြင်းများ ( ၂၀၁၆ ခုနှစ် မေလနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း) အရ ထိခိုက်ခံ အိမ်ထောင်စုအားလုံး သည် စေတနာအလျောက်မြေယာလွှဲပြောင်းရယူမှုပုံစံကို ကောင်းစွာ သိရှိနားလည်ပြီးမှ ၎င်းတို့သဘောဆန္ဒဖြင့်သာ မြေကြီး/ပိုင်ဆိုင်မှုတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကော့မှူးမြို့နယ်မှလွဲ၍ ယင်းအတွက်မကျေနပ်မှု တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ခြင်းမရှိခဲ့ပါ။ ချို့ကြည့်ရလျှင် စေတနာအလျောက်မြေယာလှူဒါန်းမှု ပုံစံစာရွက်များကို မှန်မှန်ကန်ကန်ပြင်ဆင်ရေးဆွဲခဲ့ပြီး ထိခိုက်ခံအိမ်ထောင်စု များက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့ရာတွင် အချို့သောဒေသ များ၌ (ပိုင်ဆိုင်မှုများကို သဘောတူညီမှုဖြင့် လှူဒါန်းခဲ့သော်လည်း) လှူဒါန်းရန် သဘောတူကြောင်းပုံစံများ ၊ သဘောမတူကြောင်းပုံစံ စာရွက်များကိုပါ ပြင်ဆင်ခဲ့ရပါသည်။ လက်ထောက်နည်းပညာ မှူးများနှင့် လူထုစည်းရုံးရေးမှူးများအား အကာအကွယ်ဆိုင်ရာနှင့် ဆက်စပ်၍ သင်တန်းများပို့ချခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းခွဲများနှင့်ဆက်စပ်နေသည့် အကာအကွယ်လုပ်ငန်း ဆိုင်ရာ ထိခိုက်နိုင်ချေရှိသည် များကို လျှော့ချနိုင်ရန်အတွက် ပြင်ဆင်မွမ်းမံထားသည့်စီမံကိန်းလက်စွဲတွင် စီမံကိန်းလုပ်ငန်းခွဲများအတွက် အမြင့်ဆုံးဘတ်ဂျက် ကို ကျပ်သန်း (၁၁၀) (ဒေါ်လာ ၉၀၀,၀၀၀ခန့်) သတ်မှတ်ထားပြီး ကျပ်သန်း ၄၀ (ဒေါ် လာ ၃၅,၀၀၀ ခန့်) ထက်ပိုသည့် စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် ပြည်ထောင်စုအဆင့်ကျေးလက်ဦးစီးထံမှ အတည်ပြုချက်ရရှိရန်နှင့် ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်းစာ လက်ခံ ရရှိမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေပိုများသည့် စီမံကိန်းလုပ်ငန်းခွဲ များအတွက် စောင့်ကြည့်ကြီးကြပ်ရန်ခွင့်ပြုထားပါသည်။

**ဇယား (၅ - ၁) ပထမနှစ်စက်ဝန်း၊ မြို့နယ်အလိုက် ဆန္ဒအလျောက် မြေယာ လှူဒါန်းခြင်း အခြေအနေများ**

| မြို့နယ် | မြေယာပေးအပ်သော အိမ်ခြေ အရေအတွက် | ထိခိုက်ခံရသော အိမ်ခြေ အရေအတွက် | လျော်ကြေးငွေတောင်းခံသော အိမ်ခြေအရေအတွက် |
|---|---|---|---|
| ကျွန်းစု | ၆ | ၆ | ၀ |
| နမ့်ဆမ် | ၁၁ | ၂၂ | ၀ |
| ကန်ပက်လက် | ၇ | ၄၁ | ၀ |

**ဇယား (၅ - ၂) ပထမနှစ်စက်ဝန်း မြို့နယ်အလိုက် ဆန္ဒအလျောက် မြေယာ လှူဒါန်းခြင်း အခြေအနေများ**

| မြို့နယ် | မြေယာပေးအပ်သော SP အရေအတွက် | ထိခိုက်မှုခံရသော အိမ်ခြေအရေအတွက် | လျော်ကြေးတောင်းခံ သောအိမ်ခြေအရေအတွက် |
|---|---|---|---|

| | | | |
|---|---|---|---|
| ကျွန်းစု | ၉ | ၁၆ | - |
| နမ့်ဆမ် | ၁၁ | ၂၄ | - |
| ကန်ပက်လက် | ၁၃ | ၄၃ | - |
| ပင်လယ်ဘူး | ၄ | ၁၃ | - |
| အန်း | ၁၁ | ၂၇ | - |
| တပ်ကုန်း | ၁၀ | ၈၆ | - |
| လေးမျက်နှာ | ၇၅ | ၂၆၉ | - |
| စေတုတ္တရာ | ၁၇ | ၁၇ | - |
| ထန်းတပင် | ၁၅ | ၈၇ | - |

ဇယား (၅ - ၃) ပထမနစ်စက်ဝန်း မြို့နယ်အလိုက် ဆန္ဒအလျောက် မြေယာ လှူဒါန်းခြင်း အခြေအနေများ

| မြို့နယ် | မြေယာပေးအပ်သော SP အရေအတွက် | ထိခိုက်မှုခံရသော အိမ်ခြေအရေအတွက် | ရွှေ့ပြောင်းခံရသော အိမ်ခြေအရေအတွက် |
|---|---|---|---|
| ကျွန်းစု | ၂၈ | ၅၉ | - |
| နမ့်ဆမ် | ၇ | ၂၃ | - |
| ကန်ပက်လက် | ၇ | ၁၉ | - |
| ပင်လယ်ဘူး | ၁၉ | ၉၄ | - |
| အမ်း | ၂၂ | ၁၁၄ | - |
| တပ်ကုန်း | ၂၇ | ၁၁၄၇ | - |
| လေးမျက်နှာ | ၂၃ | ၂၇ | - |
| စေတုတ္တရာ | ၁၁ | ၃၁ | - |
| ထန်းတပင် | ၄၆ | ၂၃၅ | - |
| ကော့မှူး | ၁၈ | ၁၅၈ | - |
| ညောင်ဦး | ၄၇ | ၅၇၄ | - |
| မြောင် | ၈ | ၅၁ | - |
| ချောင်းဆုံ | ၄ | ၄ | - |
| ဒီမောဆိုး | ၁၈ | ၄၀ | - |
| ဖရူးဆိုး | ၉ | ၃၀ | - |
| လယ်ဝေး | ၁၇ | ၃၆၅ | - |
| ဗန်းမောက် | ၉ | ၃၀ | - |
| ငါန်းဇွန် | ၂၁ | ၂၃၆ | - |
| ကြံခင်း | ၈၈ | ၁၁၆ | - |
| ဘီးလင်း | ၁၅ | 80 | - |
| သာပေါင်း | ၂၉၈ | ၃၈၉ | - |
| ကျောက်ကြီး | ၁၂ | ၉၂ | - |
| မင်းတုန်း | ၄၇ | ၉၁ | - |
| ကြာအင်းဆိပ်ကြီး | ၁၉ | ၂၄၆၆ | - |

| | | | |
|---|---|---|---|
| မိုးညို | ၆ | ၄၆ | |
| တနသာၤရီ | ၈ | ၂၄ | - |
| ပလက်ဝ | - | - | - |

အောက်ပါတို့အား စီမံကိန်းအရဆောင်ရွက်သည်။

၈၄။ အကာအကွယ်သင်တန်းများကို အဓိကကျသည့် မြို့နယ်များမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများအား ပေးအပ်သွားမည်ဖြစ်သည်။ ယင်းသည် လူထုဆန္ဒမပါဘဲ မြေယာများရယူရာ၌ အကာအကွယ်ဆိုင်ရာ မှတ်တမ်းတင်ခြင်းနှင့် အကာအကွယ်ကိစ္စများ ဆောင်ရွက်မှုနှင့်သက်ဆိုင်သည့် အသိပညာဗဟုသုတ တိုးပွားစေမည်ဖြစ်ပါသည်။ အထူးသ ဖြင့် စီမံကိန်းကြောင့်အကျိုးသက်ရောက်မှုများအပေါ် ခန့်မှန်းတွက်ချက်ခြင်း၊ မြေယာနှင့်ပိုင်ဆိုင်မှု ရယူခြင်းများအတွက် အစားထိုးတန်ဖိုးများ သတ်မှတ်ခြင်းဆိုင်ရာ အကြားအမြင်နှင့် ကျွမ်းကျင်မှု တို့ တိုးတက်စေမည်ဖြစ်သည်။

၈၅။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်စဉ်အတွင်း ဖြေရှင်းပေးရန်ကျန်ရှိနေသည့် လူမှုအကျိုး သက်ရောက်မှုများကို လျင်လျင်မြန်မြန်တွေ့ရှိပြီး နည်းမှန်လမ်းမှန်ဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် နည်းပညာစစ်ဆေးမှုများနှင့် လူမှုစစ်ဆေးမှုများကို ပိုမိုတိုးတက်ကောင်းမွန် အောင်အားဖြည့်ပေးရမည် ဖြစ်သည်။ ထိခိုက်နိုင်ချေ ရှိသည့် အကာအကွယ် ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များအကြောင်း သိရှိထားမှုကိုလည်း တိုးတက်အောင်လုပ်ပေးရမည် ဖြစ်သည်။(အဓိကတိုင်းရင်းသား ဘာသာစကားများအပါအဝင်) ၆ သက်ဆိုင်သူအားလုံးပါဝင်သော လူမှုဆန်းစစ်လေ့လာခြင်းများတွင် အကာအကွယ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများကိုလည်း မိတ်ဆက်အသုံးပြု ရမည်ဖြစ်သည်။

**စီမံကိန်းနှင့်ပတ်သက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ် (GHM) နှင့် လူမှုစစ်ဆေးမှုတွေ့ရှိချက်များဆိုင်ရာ အတွေ့အကြုံ**

၈၆။ လူထုဗဟိုပြုစီမံကိန်းတွင် (ESSAF) နှင့် (ESMF) ပါပြဋ္ဌာန်းချက်များကဲ့သို့ ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေးစနစ် (GHM) ကို ထည့်သွင်း ခဲ့သည်။ ယင်းစနစ်အကြောင်းအသေးစိတ်ကို စီမံကိန်း လက်စွဲတွင်ဖော်ပြထားပြီး အကျဉ်းချုပ်ကို ယခုသဘာဝပတ်ဝန်း ကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်၏ အပိုင်း (၄) တွင် အနှစ်ချုပ်ဖော်ပြပေးထားပါသည်။

၈၇။ စီမံကိန်း စတင်အကောင်အထည်ဖော်ချိန်မှစ၍ ဝေဖန်အကြံပြုတိုင်ကြားမှုပေါင်း (၆၉၄၅) ခုကို လက်ခံရရှိခဲ့ပြီး (၄၀%)မှာ အမျိုးသမီးများထံမှ ဝေဖန်အကြံပြု တိုင်တန်းခြင်းဖြစ်သည်။ ယင်းတို့အနက် (၆၀၉၀) မှာ စီမံကိန်းနှင့်သက်ဆိုင်သော တိုင်ကြားမှုများဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉.၉% ဖြေရှင်းပြီး ဖြစ်သည်။ ကျေးရွာစီ/ထောက်ကော်မတီ၏ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှင့် ဝယ်ယူရေးလုပ်ငန်းဆိုင်ရာပြဿနာများ၊ မြေယာဆိုင်ရာ ပြဿနာများနှင့် ကျေးရွာကော်မတီအဖွဲ့ဝင်များ၏ အကျင့်စာရိတ္တဆိုင်ရာ ပြဿနာများအား တိုင်ကြားခြင်းတို့ ပါဝင်သည်။ (၈၀%) သော ဝေဖန်အကြံပြုစာများကို မြို့နယ်အဆင့်မှ ဖြေရှင်းပေးခဲ့ပြီး ကျန်ရှိနေသော ၂၀%ကို ပြည်ထောင်စုအဆင့်မှ ဖြေရှင်းပေးခဲ့သည်။ (၈၅%) ကိုစာဖြင့်ရေးသား တိုင်ကြားခြင်းဖြစ်ပြီး ပုံစံစာရွက်များ၊ လိပ်မူထားသည့်စာအိတ်များနှင့် စီမံကိန်းဝင် ကျေးရွာတိုင်းတွင် ချထားပေးသည့် စာတိုက်ပုံးများကိုအသုံးပြုပြီး ပေးပို့ခြင်းဖြစ်ပါသည်။

၈၈။ စီမံကိန်း ဝေဖန်အကြံပြု တိုင်ကြား ဖြေရှင်မှု စနစ်နှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေခံများကို ယခု တည်ထောင်ပြီး ဖြစ်သဖြင့် ဖြည့်စွက်ရန်ပုံငွေ ခေါင်းစဉ်ဖြင့် မြို့နယ်နှင့် ပြည်ထောင်စုအဆင့်ကျေးလက်ဦးစီးဌာနမှ

အဆင်ပြေအောင် ဖြေရှင်းပေးနိုင်စွမ်းကိုတိုးတက်အောင်ဆက်လက် အားထုတ်သွားမည် ဖြစ်သည်။ ထို့ပြင် တိုင်ကြားသူများအနေဖြင့် ဖြေရှင်းချက်အပေါ်ကျေနပ်ခြင်းရှိ/မရှိ (သို့မဟုတ်) ၎င်းတို့၏ တိုင်ကြားချက်များ ပိုမိုအားကောင်းခိုင်မာစေမည့် အချက်အလက်များကျန်ရှိနေခြင်း ရှိ/မရှိကို ၊ ဆုံးဖြတ်ရန် မလွယ်ကူသည့် ကျေးရွာလူထုအားဆုံးဖြတ်ချက်ချနိုင်စေရန် လူထုစည်းရုံးရေးမှူးများက ဆက်လက် ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

၈၉။ လူမှုစစ်ဆေးမှုများကို စီမံကိန်းစက်ဝန်း၏ ကဏ္ဍတစ်ခုအနေဖြင့် နှစ်စဉ် ဆောင်ရွက်ခဲ့သည်။ (၂၀၁၆) မေလနှင့် (၂၀၁၇) ခုနှစ် ဖေဖော်ဝါရီလ အကြားတွင် လူထုစစ်ဆေးမှုအစည်းအဝေး (၄၅၇၀) ခုကို တတိယစီမံကိန်းစက်ဝန်းပါ မြို့နယ် ၂၇ ခုတွင် ကျေးရွာအုပ်စုပေါင်း (၁၂၁၀) တွင် ကျင်းပခဲ့ရာ ရွာသူရွာသားပေါင်း (၃) သန်းကျော် တက်ရောက်ခဲ့ကြပါသည်။ လူထုစစ်ဆေးမှုဆိုင်ရာ လက်စွဲတစ်ခုကို ပြည်ထောင်စုအဆင့်ကျေးလက်ဦးစီးက ပြုလုပ်ပေးခဲ့ပြီး လူထုစည်းရုံးရေး မှူးများအား လူထုစစ်ဆေးမှု များမတိုင်မီ သင်တန်းများ ပို့ချပေးခဲ့သည်။

၉၀။ ခြုံကြည့်လျှင် လူထုစစ်ဆေးမှုပြုလုပ် ပြီးသည့်အခါ လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်သည့် ကျေးရွာလူထု အများစု အနေဖြင့် စီမံကိန်း အရဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ ရလဒ်များအပေါ် အပြုသဘောဖြင့် အကဲဖြတ်ပေးခဲ့ကြပါသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ သို့မဟုတ် လူမှုဆိုင်ရာ မည့်သည့်ပြဿနာရပ်ကိုမျှ လူမှုစစ်ဆေးမှုတွင် မတွေ့ရှိခဲ့ပါ။ အများဆုံး ပေးခဲ့သောမှတ်ချက်များမှာ

(က) ပံ့ပိုးငွေပမာဏကို တိုးမြှင့်ခဲ့ပြီး မိုးရာသီတွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်းမရှိစေရန် ရန်ပုံငွေအား စောစီးစွာ ခွဲဝေချထားပေးသင့်သည်။

(ခ) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံမှ ယခုထက်အကူအညီပိုရရန်လိုအပ်သည်။

(ဂ) အစည်းအဝေးအကြိမ်အရေအတွက်လျှော့ချသင့်သည်။ (သို့မဟုတ်) အစည်းအဝေး ခေါ်ယူမှုကို ရွာသားများ၏ နေ့စဉ်အလုပ်ချိန်များအတွင်းဝင်အောင် လုပ်သင့်သည်။

(ဃ) ရွာသူရွာသားများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာအသိပညာဗဟုသုတ တိုးပွားအောင် လုပ်ပေးသင့်သည်။

(င) လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး (O&M) ရန်ပုံငွေထူထောင်မည့်နည်းလမ်း၊ လက်သမားလုပ်ငန်းနှင့် ပန်းရံလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်သင်တန်းများအကြောင်း ရွာသူရွာသားများကို ပိုမို၍ သင်တန်း ပေးသင့် သည်။ GHM သင်တန်းများအား တိုးမြှင့်ပေးသင့်သည်။

(စ) တိုင်ကြားချက်များကိုဖြေရှင်းသည့်လုပ်ငန်းစဉ်ကို ပိုပြီးအရှိန်မြှင့်သင့်သည်။

(ဆ) ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်တွင် ရွာသားများပါဝင်မှု ယခုထက် ပိုများအောင် ပြုလုပ်သင့်သည်။

၉၁။ လူမှုစစ်ဆေးခြင်းများကို စီမံကိန်းပါမြို့နယ်အားလုံးတွင် တစ်နှစ်တစ်ကြိမ်ထပ်မံလုပ်ဆောင်မည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ယခင်နှစ်မှသင်ခန်းစာများကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ အထူးသဖြင့် အောက်ပါ ပြဿနာရပ်များကို ပိုပြီးရှင်းရှင်းလင်းလင်း ဖြေရှင်းနိုင်ရန်အတွက် လူမှုစစ်ဆေးမှုများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပါမည်။

(ဂ) GHM ၏ဆောင်ရွက်ချက်များနှင့် အကြံပြုတိုင်ကြားစာများအား ပိုမိုတိကျစွာညွှန်ကြားသင့်သည်။

(ခ) လူမှုစစ်ဆေးမှုများသည် ESMF မူဘောင်ကိုလိုက်နာရေးကိစ္စအပေါ် ပိုပြီးတိုက်ရိုက်ကျကျ ကိုင်တွယ်လုပ်ကိုင်သင့်သည်။

## ၉။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်ဆိုင်ရာကိစ္စရပ်များကို ချဉ်းကပ်နိုင်မည့် နည်းလမ်းများ

၉၂။ ယခု ESMF သည် ကမ္ဘာ့ဘဏ်မှချမှတ်ထားသော အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒ များနှင့်အညီ လူထုဗဟိုပြုစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရာတွင် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစေရေးအတွက် ယေဘုယျကျသည့်မူဝါဒများ၊လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်း များကို ချမှတ်ပေးသည်။

အထူးသဖြင့် ESMF သည် အောက်ပါအချက်များကို အောင်မြင်ပြီး မြောက်စေရန်ရည်ရွယ်ပါသည်။

(က) လူထုအစည်းအဝေးပွဲများ ကျင်းပသည့်ပထမဆုံးနေ့မှစ၍ စီမံကိန်းမြို့နယ်တွင် နေထိုင်သူ တိုင်းမည့်သည့်တိုင်းရင်းသားမဆို၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည့်သည့်အခြေအနေကို မဆို ESMF တွင်ပါရှိသော အကာကွယ်ဆိုင်ရာနည်းလမ်းများအတိုင်း ခံစားပိုင်ခွင့်ရှိသည်။

(ခ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့အပေါ်တွင် ဖြစ်နိုင်ချေရှိသော မလိုလားအပ်သည့် ဆိုးကျိုး သက်ရောက်မှုများကို ရှောင်ရှားခြင်း ၊ နည်းသထက်နည်းအောင် ပြုလုပ်ခြင်း ၊ ထိခိုက်မှုများအား လျော့ပါးသက်သာစေခြင်း တို့ကိုပြုလုပ် ရမည်။

(ဂ) စီမံကိန်းနှင့် ယှဉ်တွဲနေသော (သို့မဟုတ်) စီမံကိန်းကြောင့် ပေါ်ပေါက်လာသော အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ဆုံးရှုံးမှုများကို ကာကွယ်ရမည်။ မရှောင်လွှဲနိုင်ပါက ဆုံးရှုံးမှုများကို အနည်းဆုံး ဖြစ်စေရမည်ဖြစ်ပြီး ဆုံးရှုံးမှုများအတွက် အပြည့်အဝ ပေးလျော်ရမည်။

(ဃ) စီမံကိန်းမှငွေကြေးထောက်ပံ့ထားသောစီမံကိန်းလုပ်ငန်းခွဲကြောင့် အကျိုးသက်ရောက်မှု ရှိသည့် မြေယာတွင်နေထိုင်ကာ အဆိုပါမြေယာကို တရားဝင်ပိုင်ဆိုင်သူ (သို့မဟုတ်) ယင်းမြေယာဖြင့် လုပ်ကိုင်စားသောက်သူ မည်သူမဆို လျော်ကြေးငွေရယူနိုင်သည်။ အဆိုပါ လျော်ကြေးသည် နောက်ခံ တိုင်းရင်းသားမျိုးနွယ်နှင့် ပိုင်ဆိုင်မှုအခြေအနေတို့ကို ထည့်သွင်းတွက်ချက်ခြင်းမရှိဘဲ ပြောင်းရွှေ့သည့် ကာလတန်ဖိုးအတိုင်း စီမံကိန်းမစတင်မီကာလမှ၄င်းတို့၏ နေထိုင်မှုအဆင့်အတန်း၊ ဝင်ငွေ ရနိုင်စွမ်း၊ ထုတ်လုပ်နိုင်သည့်အဆင့်အတန်းမျိုးအတွက် လုံလောက်မှုရှိရမည်။

(င) စီးပွားရေးအရသော်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းများအရသော်လည်းကောင်း ရွှေ့ပြောင်း ရခြင်း ကို ရှောင်ရှားရမည်၊ နည်းသထက်နည်းအောင် ပြုလုပ်ရမည်၊ လျော့ပါးသက်သာစေရမည်။ စီမံကိန်း ကြောင့် အိမ်ရာများရွှေ့ပြောင်းခြင်းကို လုံးဝခွင့်မပြုပါ။

(စ) စီမံကိန်းကြောင့် မည်သူတဦးတယောက်မှ ယင်းတို့၏ ကုန်ထုတ်လုပ်မှုပိုင်ဆိုင်ခြင်းများ (၁၀%) ထက်ပို၍ ဆုံးရှုံးခြင်းမရှိစေရ။ နဂိုမူလဒီဇိုင်းကြောင့် အိမ်ထောင်စုတစု၏ တန်ဖိုးရှိ သော ပိုင်ဆိုင်မှုများ

၁၀ ရာခိုင်နှုန်းထက်ပို၍ ဆုံးရှုံးခြင်းဖြစ်ပေါ်ပါက ဒီဇိုင်းကို ပြန်လည်ချိန်ညှိရမည် (သို့မဟုတ်) အခြားတနေရာကို ရှာဖွေရမည်။

(ဆ) ဖြစ်နိုင်သည့်နေရာမှန်သမျှတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးဖြစ်ထွန်းမှုများကို တိုးတက်ကောင်းမွန်စေရမည်။

(ဇ) တိုင်းရင်းသားလူမျိုးစုများ၏ သဘောထားကို အလေးအနက်ထားရယူရမည်ဖြစ်ပြီး ၎င်းတို့ အနေဖြင့် စီမံကိန်း၏အကျိုးကျေးဇူးများကို ယဉ်ကျေးမှုအရ သင့်တော်သည့်ပုံစံဖြင့် ရရှိနိုင်ရမည်။

(စျ) လျော်ကြေးငွေများကို အပြည့်အဝပေးချေပြီးမှ (သို့မဟုတ်) ဆန္ဒအလျောက် စွန့်လွှတ်လှူဒါန်းခြင်းလုပ်ငန်းစဉ်များ အောက်ပါကဏ္ဍတွင်ဖော်ပြထားသည့်အတိုင်း ပြီးစီးပြည့်စုံပြီးနောက်ပိုင်းမှသာ စီမံကိန်းလုပ်ငန်းခွဲများ တည်ဆောက်မှုကို စတင်ရမည်။

(ည) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာအကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စွမ်းရည်ကို ခိုင်မာစေရမည်။

၉၃။ မူဝါဒအမှတ် ၄.၁၀ အရလိုအပ်သည့် လူမှုဆန်းစစ်ချက်များအားလုံးနှင့် တိုင်းရင်းသားများအား လွတ်လွတ်လပ်လပ် ကြိုတင် အသိပေးတိုင်ပင်ညှိနိုင်းမှုများရှိစေရေး ချဉ်းကပ်မှုများသည် လူမှုဆန်းစစ်ချက် (SA) တွင် ပါဝင်ပြီး ယခု ESMF တွင်ဖော်ပြထားသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုများ ဆုံးရှုံးနစ်နာမှုလျော့ပါးသက်သာစေရေး လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် ပတ်သက်ပြီး ယခုမူဘောင်တွင် မူဝါဒအမှတ် ၄.၁၂ နှင့် ကိုက်ညီအောင် ရေးဆွဲထားပါသည်။ မူလ လူထုဗဟိုပြုစီမံကိန်းပါချဉ်းကပ်မှုနှင့်ကိုက်ညီစေရန်အတွက် တိုင်းရင်းသား လူမျိုးစုငယ် များ ဆိုင်ရာ သီးခြားအစီအစဉ် သို့မဟုတ် ပြန်လည်နေရာချထားရေးမူဝါဒမူဘောင်များကို ရေးဆွဲမည်မဟုတ်ပါ။

**အဓိကလုပ်ငန်း အဆင့်များ**

**အဆင့် (၁) စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ်ခြင်း**

၉၄။ ကျေးရွာအဆင့်တွင် လွတ်လပ်ပြီး ကြိုတင်အသိပေးထားသည့် လူထုပါဝင်သော လူမှုဆန်းစစ်ချက် (SA)၊ လူမျိုးစု စစ်ဆေးမှုနှင့် ဦးစားပေးလိုအပ်ချက် များဖော်ထုတ်ခြင်း - လူထုစည်းရုံးရေးမှူးများ၏ ပံ့ပိုးမှု ဖြင့် အကျိုးခံစားရမည့် ကျေးရွာများတွင် ကျေးရွာအစည်းအဝေးများ စဉ်ဆက်မပြတ် ပြုလုပ်ပြီး လူမှု ဆန်းစစ်ချက်ရယူခြင်း၊ ရွာသူရွာသားများက ဦးစားပေး လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ အတွက် ကျေးရွာ စေတနာ့ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များ တင်မြှောက်ခြင်းကို ဆောင်ရွက်ပါသည်။

၉၅။ လူထုပါဝင်သော လူမှုဆန်းစစ်ချက်များတွင် စီမံကိန်းဧရိယာအတွင်း တိုင်းရင်းသားလူမျိုးစုများ တည်ရှိမှုဆန်းစစ်ခြင်းလည်းပါဝင်သည်။ အကယ်၍ တိုင်းရင်းသားလူမျိုးစုအသိုင်းအဝန်းရှိနေပါက လူမှုဆန်းစစ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းတို့၏လူမှုစီးပွားအခြေအနေများ၊ ရပ်ရွာအသိုင်းအဝိုင်း အတွင်း ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စများတွင် ၎င်းတို့ ပါဝင်နိုင်မှုအဆင့်နှင့် စီမံကိန်း လုပ်ငန်းများ အပေါ် ၎င်းတို့အမြင်များကို ဆန်းစစ်ပါသည်။ လူမှုဆန်းစစ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖြစ်နိုင်သည့်နေရာတွင် ရုပ်မြင်သံကြားကိရိယာများအသုံးပြုကာ တိုင်းရင်းသားလူမျိုးစုများကို ၎င်းတို့ နားလည်နိုင်မည့် ဘာသာစကားဖြင့် လွတ်လွတ်လပ်လပ်၊ အသိပေးတိုင်ပင်မှုများ ပြုလုပ်မည်ဖြစ်သည်။ အသိပေး တိုင်ပင်မည့် ဆွေးနွေးပွဲများကို မကျင်းပမီ လုံလောက်သည့် အချိန်ပေးကာ ရွာသားများအား ကြိုတင်အသိ ပေးရပြီး အဖွဲ့ငယ်များခွဲကာ လွတ်လပ်စွာဆွေးနွေးမှုကို တတ်နိုင်သမျှ ပြုလုပ်ရမည်။

၉၆။ ပြည်သူလူထုပါဝင်သော လူမှုဆန်းစစ်ချက်သည် တိုင်းရင်းသားလူမျိုးများကို စီစစ်ခြင်းနှင့် လွတ်လွတ်လပ်လပ်ကြိုတင်စီမံထားသောအချက်အလက်အပြည့်အစုံတို့ဖြင့်အကြံဉာဏ်များဆွေးနွေးရယူခြင်းမှရရှိလာသောရလဒ်များအပြင် မူဝါဒအမှတ်၄.၁၀အရ လိုအပ်ချက်များကို အပြည့်အဝဖြည့် ဆည်းပေးနိုင်ရန်အတွက် အောက်ပါတို့ကို ဖြေရှင်းကြမည်။

(က) စီမံကိန်းကြောင့် အကျိုးကျေးဇူးဖြစ်ထွန်းမည့်သူများ၏ လူဦးရေအချိုးအစား၊ လူမှုစီးပွား၊ ယဉ်ကျေးမှု၊ နိုင်ငံရေးစရိုက်လက္ခဏာနှင့်သက်ဆိုင်သော အခြေခံသတင်းအချက်အလက်များ။ အဆိုပါ သတင်းအချက်အလက်များသည်တိုင်းရင်းသားလူမျိုးစုများကိုကန့်သတ်ထားခြင်းမရှိဘဲ ထည့်သွင်းလျက်၊ စီမံကိန်းကြောင့် အကျိုးဖြစ်ထွန်းမည့်သူများ၏ မိရိုးဖလာပိုင်ဆိုင်သော သို့မဟုတ် ရိုးရာအရ အသုံးပြုသော သို့မဟုတ် နေထိုင်သော နယ်မြေများအကြောင်း နှင့် ထိုသူများမှီခိုနေရသော သဘာဝသယံဇာတများအကြောင်းလည်း ပါဝင်ရမည်။

(ခ) တိုင်ပင်ဆွေးနွေးပြီး ပြည်သူလူထုပါဝင်သော လုပ်ငန်းဆောင်တာများ။ အဆိုပါ လုပ်ငန်းဆောင်တာများသည် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ကိုင်နေချိန်အတွင်း တိုင်းရင်းသားလူမျိုးစု အတွက်သာ ကန့်သတ်ထားခြင်းမျိုးမဟုတ်ပဲ အကျိုးခံစားသူများ တက်ကြွစွာနှင့် အဓိပ္ပာယ်ရှိစွာ ပါဝင် နိုင်ခွင့်ရှိရမည်။

(ဂ) စီမံကိန်းအကျိုးခံစားသူ ရွာသားများကိုယ်တိုင် တက်ကြွစွာပါဝင်ပြီး ၎င်းတို့၏လိုအပ်ချက် ဦးစားပေး အစဉ်လိုက်ထုတ်ဖော်ထားသော စီမံကိန်းလုပ်ငန်းခွဲစာရင်း။

(ဃ) လူထုပါဝင်သောလူမှုဆန်းစစ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖော်ထုတ်ထားသော စီမံကိန်း လုပ်ငန်းခွဲများ၏ ကြုံတွေ့လာနိုင်သော ပြောင်းပြန်ရလဒ်နှင့် အပေါင်းလက္ခဏာဆောင်သော အကျိုး သက်ရောက်မှုများနှင့် ဆိုးကျိုးများကို ရှောင်ရှား၊ အကျဉ်းချုံ့၊ လျော့ချပြီး အကျိုးကျေးဇူးများကို ပို၍ တိုးပွားစေမည့် နည်းလမ်းများ။

(င) စီမံကိန်း၏အကျိုးခံစားရမည့်သူများကိုယ်တိုင် သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းခွဲများကို ကျယ်ပြန့်သောလူမှုအဖွဲ့အစည်း၏ ထောက်ခံမှုသက်သေ။ လူထုပါဝင်သော လူမှုဆန်းစစ်ချက်အရ ကျယ်ပြန့်သောလူမှုအဖွဲ့အစည်း၏ ထောက်ပံ့ကူညီမှုရရှိရန် မသေချာသောနေရာများတွင် စီမံကိန်း လုပ်ငန်းခွဲငယ်များကို အကောင်အထည်ဖော်မည်မဟုတ်ပါ။

၉၇။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များအရ ဦးစားပေးလိုအပ်ချက်များကို ခိုင်မာအောင်ပြုလုပ်ခြင်း - ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီသည် အဆိုပါကျေးရွာအုပ်စုဝင် ကျေးရွာများက ဖော်ထုတ်သောလုပ်ငန်းခွဲစာရင်းကိုထည့်သွင်းပြီး ဦးစားပေး ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီ အစဉ်များအဖြစ်သို့ စုစည်းသွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းအရ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များအနေဖြင့် မူဝါဒအမှတ် ၄.၁၀ အရ တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ အစီအမံအဖြစ် ဆောင်ရွက်မည်။ (ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ၏ မာတိကာ အသေးစိတ်ကို စာပိုဒ် (၉၉) တွင် ကြည့်ရှုနိုင်သည်။)

၉၈။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို ထောက်ခံအတည်ပြုခြင်း - မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီသည် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်များကို လက်ရှိဖွံ့ဖြိုးရေး စီမံကိန်းများ၊ သိရှိထားသော အထောက်အပံ့အစီအစဉ်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး အတည်ပြုပေးပါမည်။ အကယ်၍ စီမံကိန်းအား ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဆောင်ရွက်မည်ဆိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ခွင့်ပြုချက်ကို ရယူရမည်ဖြစ်သည်။ အဆိုပါဌာနများအနေဖြင့် ဆောက်လုပ်မည့် အစီအစဉ်အား ဆန်းစစ်ကြည့်ပြီးမှ ခွင့်ပြုပေးရမည်။ စိုက်ပျိုးမြေဧရိယာများတွင် လမ်းအူကြောင်းအသစ်ရှာဖွေဖောက်လုပ်ရန်လိုအပ်သည့်

စီမံကိန်းလုပ်ငန်းခွဲများ ပေါ်ပေါက်ခဲ့ပါက မြို့နယ်အဆင့် CDD ရုံးသည် လိုအပ်သောမြေပုံနှင့် စာရွက်စာတမ်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပေးပို့တင်ပြပြီး အခြားမြေအသုံးချပိုင်ခွင့်အတွက် အတည်ပြုချက်ရယူရမည်။ မြို့နယ်အဆင့် CDD ရုံးသည် စီမံကိန်းဌာနခွဲ ဆောက်လုပ်မှုအား စစ်ဆေးရန်နှင့် ခွင့်ပြုချက်ရရန်အတွက် TPIC သို့ ပေးပို့ရမည်။ အတည်ပြုလိုက်သည့် အစီအစဉ်များကို ဒေသဘာသာစကားဖြင့် ပြန်ဆိုပြီး ကျေးရွာအုပ်စုရုံးများ၊ ရွာသူရွာသားများ လက်လှမ်းမီမည့်အခြား သင့်လျော်မည့် နေရာများတွင် ထားရှိပေးပါသည်။ စာအရေးအသား စနစ်မရှိခြင်းကြောင့်ဖြစ်စေ၊ တခြားသော နည်းပညာပိုင်းအရ ခိုင်မာသည့်အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဒေသသုံး ဘာသာ စကားများသို့ ပြန်ဆိုရန်ခက်ခဲပါက အနည်းဆုံး အတည်ပြုပြီးသား စီမံကိန်းလုပ်ငန်းခွဲများအပါအဝင် အတည်ပြုပြီးသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ် အနှစ်ချုပ်ကို လက်ကမ်းစာစောင်၊ ပိုစတာ သို့မဟုတ် အသိပေးကြော်ငြာပစ္စည်း တစ်ခုခုတွင် ဖော်ပြကာ ကျေးရွာအတွင်းနှင့် ကျေးရွာအုပ်စုရုံးများ ရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားရမည်။

၉၉။ ပိုမိုကောင်းမွန်သော ကျေးရွာနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များကို ပြင်ဆင်ရေးဆွဲခြင်း။ ရွာသူရွာသားများနှင့် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ တို့သည် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို နှစ်စဉ်ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ပြင်ဆင်မွမ်းမံမည်။ အကယ်၍ ကြီးကြီးမားမား ပြင်ဆင်မှုများရှိပါက မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီကထောက်ခံ အတည်ပြုမည်။ ကျေးရွာနှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအမံကို ပြင်ဆင်ပြီးတိုင်း လွတ်လပ်ပြီးကြိုတင်စီမံထား၍ သတင်းအချက်လက်ပြည့်ပြည့်စုံစုံဖြင့် စီမံကိန်းအကျိုးခံစားသည့် လူထုများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် အကြံဉာဏ်ရယူတိုင်ပင်ခြင်းများကို ပြုလုပ် မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အဆိုပါပြောင်းလဲပြင်ဆင်မှုကိုလူထုနှင့် တိုင်းရင်းသားလူမျိုးအများစုက ကျယ်ကျယ် ပြန့်ပြန့်ထောက်ခံ ပံ့ပိုးမှုပေးကြောင်းကိုလည်း သေချာပြုလုပ်စေမည်။ (လုပ်ထုံးလုပ်နည်းကို စာပိုဒ် ၉၇ နှင့် အထက်တွင် ဖော်ပြထားသည်။)

**အဆင့် (၂) ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝထိခိုက်နိုင်မှုများ ဆန်းစစ်လေ့လာခြင်းနှင့် အကာအကွယ်အစီအစဉ်များ စဉ်းစားဆုံးဖြတ်ခြင်း။**

၁၀၀။ လုံခြုံရေးဆိုင်ရာများကို ဆန်းစစ်ခြင်း။ ။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အင်ဂျင်နီယာများ အနေဖြင့် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ၊ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများနှင့် ပူးပေါင်းကာ သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ ဆန်းစစ်ခြင်းကို လုပ်ဆောင်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် အသေးစိတ်ရေးဆွဲ ပြင်ဆင်ထားသော နောက်ဆက်တွဲ (၂) တွင်ပါဝင်သည့် ဆန်းစစ်လေ့လာခြင်းပုံစံကို အသုံးပြုရမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ အင်ဂျင်နီယာများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများအတွက် စီမံကိန်းလုပ်ငန်းခွဲများကို မည့်သို့မည်ပုံစီစစ်ကြည့်ရှုရမည်ကို သင်တန်း နှင့် လမ်းညွှန်မှုများရရှိပြီးဖြစ်ပြီး တောင်းဆို၊ ပြင်ဆင်၊ လုပ်ကိုင်နေသော စီမံကိန်းလုပ်ငန်းခွဲများတွင် လုပ်ငန်းခွင်တွင်း လက်တွေ့သင်ယူထားပြီးဖြစ်သည်။

၁၀၁။ ငွေကြေးထောက်ပံ့မှုရရှိထားပြီး အမျိုးအစားမတူညီသည့် ကျေးရွာဖွံ့ဖြိုးရေး အဆောက်အဦစီမံ ကိန်းလုပ်ငန်းများဖြစ်သော လမ်းငယ်များ၊ တံတားငယ်များ (၁၀ မီတာအောက်)၊ အသေးစား ကျေးလက်ဒေသရေပေးဝေရေးစနစ်များ၊ အများသုံးယင်လုံအိမ်သာများ၊ အသေးစားဆည်ရေ သွယ်တန်းခြင်းစနစ်များ (၂၅ ဟက်တာအောက်)၊ ကျေးရွာလျှပ်စစ်မီးရရှိရေး (နေရောင်ခြည်စွမ်း အင်သုံးဆိုလာပြားများ၊ ၂၀ KV အောက် တပိုင်တနိုင် ရေအားလျှပ်စစ်ထုတ်ယူခြင်း၊ နေရောင်ခြည်စွမ်း အင်သုံး လမ်းမီးထွန်းခြင်း၊ ဇီဝလောင်စာသုံးလျှပ်စစ်ထုတ်လုပ်ခြင်း 15 KV amp အောက်) တို့ လုပ် ဆောင်နေကြသဖြင့် စီမံကိန်းလုပ်ငန်းခွဲများတွင် မတူညီသော သက်ရောက်မှုများ ရှိလာတတ်သည်။ (ဥပမာ ဆူညံသံ၊ ဖုန်၊ မြေယာတိုက်စားခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊

ရေအရည်အသွေး၊ ကျွန်းမာ ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစသည်) ပမာဏသေးငယ်သော ထောက်ပံ့ကြေးများနှင့် ကျေးရွာ အုပ်စုများအကြား သယံဇာတများပျံ့နှံ့ခြင်းတို့ရှိကြသောကြောင့် စီမံကိန်းလုပ်ငန်းခွဲနေရာများနှင့်ဒေသ ဆိုင်ရာတခုလုံးကိုခြုံငုံကြည့်ပါက စီမံကိန်းအတွက် အဆိုပါပေါင်းစပ်ဖြစ်ပေါ်လာသော သက်ရောက်မှု တို့ သည် မပြောပလောက်ဟု မျှော်မှန်းရသည်။ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှု အကဲဖြတ်ရေးနည်းလမ်းများ သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၂၉ ) ရက်နေ့ တွင်ထုတ်ပြန်သော အကြောင်းကြားစာ အမှတ် ၆၁၆/၂၀၁၅ အတိုင်း ထိရောက်မှုရှိလာခဲ့သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် ပြင်ဆင်ပြီးချိန်တွင် အဆိုပါထုတ်ပြန်ချက်သည် ကနဦး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းများ၏ လိုအပ်သော လုပ်ရှားမှု အမျိုးအစားနှင့် အရွယ်အစား တို့ကို ညွှန်ပြပေးသည်။ အဆိုပါထုတ်ပြန်ချက် ဖြင့် စီမံကိန်း အကောင်အထည်ဖော်နေသော ကာလဖြစ်သည့် ပထမနှစ်မှ တတိယနှစ်အထိ ကနဦး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းများကို အသုံးပြုခြင်းမရှိခဲ့ပေ။ သို့သော်လည်း အဆိုပါ လိုအပ်သော အကဲဖြတ်မှုများကို မွမ်းမံထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုမူဘောင် မှ အကာအကွယ်ဆိုင်ရာ စစ်ဆေး မှုများကို (နောက်ဆက်တွဲ ၂) တွင်ထည့်သွင်းထားသည်။

ပထမနှစ် အကျုံးဝင်သော စာရင်းတွင် ပါဝင်သော မြို့နယ်များ၌ အဆိုပြု စီမံကိန်းလုပ်ငန်းခွဲများ၏ ဘောင်ဝင်မှုအပေါ် အတည်ပြုခြင်းကို ဆန်းစစ်ချက်က အဓိကထားပါသည်။ ပထမနှစ် အကျုံးဝင်သည့် စီမံကိန်းလုပ်ငန်းခွဲပါလုပ်ငန်း များအတွက် ဖြစ်လျှင် အဆိုပါ စီမံကိန်းလုပ်ငန်းခွဲများ (ဇယား - ၆) မှ ပေါ်ပေါက်လာဖွယ်ရှိသော အကျိုးသက်ရောက်မှုများ လျော့နည်းစေရန်အတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ် (ECoPs) (နောက်ဆက်တွဲ ၃ က) ကိုအသုံးပြုပါသည်။ ရှေးဟောင်း သုတေသနဆိုင်ရာအခွင့်အလမ်းကို ရှာဖွေ သောအစီအစဉ် (နောက်ဆက်တွဲ ၄) ကို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များအတိုင်း လိုက်နာလိမ့်မည်ဖြစ်ပြီး ၎င်းသည် မျှော်လင့်မထားမှုများကိုတွေ့ရှိရခြင်းဖြစ်သည်။ ရှေးဟောင်း အမွေ အနှစ်တည်ရှိရာနေရာတည့်တည့် သို့မဟုတ် မှတ်ပုံတင်ထားသော ရှေးဟောင်းအမွေအနှစ် တည်ရှိရာ ဇုန် နှင့်ကပ်လျက်တည်ရှိခြင်း သို့မဟုတ် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် တည်ရှိသည်ဟု သိသာထင်ရှားပြီး လူသိများသောနေရာများအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် များအပေါ် ထိခိုက်နိုင်မှုများကို ရှောင်ရှားရန်/လျော့ပါးသက်သာစေရန် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီ အစဉ်တို့တွင် ရှေးဟောင်းသုတေသနဆိုင်ရာ အခွင့်အလမ်းကို ရှာဖွေသော လုပ်ငန်းစဉ်ကို ထည့်သွင်း အသုံးပြု မည်ဖြစ်သည်။

၁၀၂။ စီမံကိန်းဒုတိယနှစ်နှင့် နောက်ပိုင်းနှစ်များတွင် အကျုံးဝင်သောလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဆန်းစစ်လေ့လာမှုများသည် အောက်ဖော်ပြပါနယ်ပယ် လေးခုကို အဓိကထားစဉ်းစားသည် -

(က) Open Menu အပေါ်မူတည်၍ အဆိုပြုစီမံကိန်းလုပ်ငန်းခွဲများသည် ငွေကြေးထောက်ပံ့ရန် အတွက် အကျုံးဝင်မှုရှိမရှိအားသေချာစေခြင်း၊ (ခ) ဆန်းစစ်ချက် ပုံစံကိုအသုံးပြုပြီး စီမံကိန်းလုပ်ငန်းခွဲများမှဖြစ်ပေါ်လာနိုင် သော အကျိုး သက်ရောက်မှု များကိုဆုံးဖြတ်ခြင်း၊ (ဂ) ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ် (၁) သို့မဟုတ် (၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ် အမှတ် ၁ (သို့)၂ (နောက်ဆက်တွဲ ၃ ခ) နှင့် ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေသော လုပ်ငန်းစဉ် တို့ ကဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုးများ ကို လျော့ကျစေနိုင် ခြင်းရှိမရှိ ဆုံးဖြတ်ပေးခြင်း၊ (ဃ) ဆိုးကျိုးသက် ရောက်မှုကို ထိန်းချုပ်ရာ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ် တွင်ဖော်ပြထားသော အကြောင်း အရာအပြင် နောက်ထပ် မည်သည့် ဖြေလျော့သက်သာရေးနည်းလမ်းများ ရှိကြောင်းကို အတည်ပြု သတ်မှတ်ခြင်း။

၁၀၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များတွင် စီမံကိန်းလက်အောက်ရှိ သင့်တော်သော စီမံကိန်းလုပ်ငန်းခွဲပုံစံတခုစီမှ ပေါ်ပေါက်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို လျော့နည်း သက်သာစေမည့် သိသာထင်ရှားသော နည်းလမ်းများကို အသေးစိတ် တိတိကျကျ ဖော်ပြထားသည်။ ၎င်းတို့ကို မြန်မာနိုင်ငံ၏ ဒေသအခြေအနေများနှင့် ကိုက်ညီအဆင်ပြေအောင် ဒီဇိုင်းထုတ်ရေးဆွဲထား ခြင်းဖြစ်ပြီး စီမံကိန်း၏ အကျိုးကျေးဇူးကို ရရှိမည့် ဒေသခံလူထုအနေဖြင့် အဆင့်သင့် အသုံးပြုနိုင် သည်။

၁၀၄။ ရွေးချယ်ထားသောကျေးရွာများတွင် အသေးစား အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့် တည်ဆောက်ရေးလုပ်ငန်းအများစု၌ အသုံးပြုနိုင်သော ယေဘူယျ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များကို (နောက်ဆက်တွဲ ၃ ခ) တွင်ဖော်ပြထားသည်။ အလားတူစွာပင် အကျုံးဝင်သော စီမံကိန်း လုပ်ငန်းခွဲအမျိုးမျိုးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်အသေးစိတ်ကိုလည်း အသင့် ပြင်ဆင်ထားသည်။ ယင်းတို့မှာအသေးစားအဆောက်အအုံတည်ဆောက်ရေး သို့မဟုတ် ပြန်လည် ပြုပြင်ရေး (နောက်ဆက်တွဲ ၃ ခ.၁)၊ ကျေးရွာလမ်းများ (မြေအောက်မြောင်းပိုက်လိုင်းများ)၊ တံတား ငယ်များ (၁၀ မီတာအောက်)နှင့် ဆိပ်ခံတံတားများ (နောက်ဆက်တွဲ ၃ ခ.၂)၊ ကျေးရွာရေပေးဝေရေး (ရေတွင်း၊ မိုးရေလှောင်ကန်၊ စိမ့်စမ်းရေသွယ်တန်းခြင်း (သို့) ပြန်လည်ပြုပြင်ခြင်း (နောက်ဆက်တွဲ ၃ ခ ၃)၊ ကျေးရွာမီးလင်းရေး (နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား၊ 20KV အောက်နည်းသော တပိုင်တနိုင် ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်သုံးလမ်းမီးထွန်းခြင်း၊ 15 kV amps အောက်နည်းသော ဒီဇယ်နှင့် ဇီဝ စွန့်ပစ်ပစ္စည်းသုံးမီးစက်၊ ဇီဝဓာတ်ငွေ့ဖြင့်အားသွင်းသည့်နေရာများ (နောက်ဆက်တွဲ ၃ ခ.၄)၊ အသေးစား ရေသွင်းမြောင်း ဖောက်လုပ်ခြင်း (နောက်ဆက်တွဲ ၃ ခ.၅) နှင့် မိလ္လာအသုံး အဆောင်များ (အိမ်သာငယ်များနှင့် ကျေးရွာအဆင့်ရေဆိုးသန့်စင်စက်များ) (နောက်ဆက်တွဲ ၃ ခ.၆) တို့ ဖြစ်သည်။

**ဇယား၆။ ။သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များ**

| စဉ် | ရှင်းလင်းချက် [1] |
|---|---|
| ၁။ | အကျုံးဝင်သည့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများနှင့် အသေးစား တိုးချဲ့မှုများ သီးသန့်ပါဝင်သော စီမံကိန်း ပထမနှစ်ရှိ လုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများ (အကျုံးဝင်သည့် လုပ်ငန်းများစာရင်းပေါ်အခြေခံသည်) |
| ၂။ | စီမံကိန်း ဒုတိယနှစ်နှင့် နောက်ပိုင်းလုပ်ငန်းများအတွက် အကျုံးဝင်သော အသေးစား အသစ်တည်ဆောက်ရေးလုပ်ငန်းများကို ဗဟိုပြုသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများ (ဇယား ၂ တွင်ဖော်ပြထားသည့် လူထုရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အကျုံးမဝင်သော လုပ်ငန်းများ စာရင်း၏ ကန့်သတ်ချက်များအတိုင်း open menu ပေါ်တွင် အခြေခံသည်။) |

[1]သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးလက်စွဲတွင် အသေးစိတ်ဖော်ပြ ထားသည်။

၁၀၅။ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP) - ECoPs ကို အောက်တွင်ဖော်ပြထားသော စီမံကိန်း လုပ်ငန်းခွဲများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်အတိုင်းအသုံးပြုသည်။

(က) မည်သည့်စီမံကိန်းလုပ်ငန်းခွဲမဆို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် အတွက် အကာအကွယ်ပေးရေးဆိုင်ရာ စစ်ဆေးမှု ပုံစံ လိုအပ်မည်ဖြစ်သည်။ (နောက်ဆက်တွဲ ၂ ရှိ ပုံစံ (၁၃) ကိုကြည့်ရန်)

(ခ) ၁၀ မီတာထက်ကျော်လွန်သော မည်သည့်တံတားမဆို EMP အသုံးပြုရန်၊

(ဂ) အသစ်တူးဖော်သော အနည်းဆုံးအနက် ပေ၂၀၀ခန့်ရှိသော တွင်းနက်ရေတွင်းတူးဖော်ခြင်း၊ ဆည်များ ၊ ရေပေးဝေရေး ကွန်ယက်၊ အသေးစား ရေးဆိုး သန့်စင်ရေးလုပ်ငန်း သို့မဟုတ် အသေးစားမိလ္လာစီမံခန့်ခွဲမှု စနစ် (ကျန်းမာရေးနှင့်ညီညွတ်သော စနစ်တကျစွန့်ပစ်ခြင်းအပါအဝင်) တို့ ဆောင်ရွက်ခြင်း

(ဃ) ရှေးဟောင်း သမိုင်းဝင်လက်ရာများပါရှိသော ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း

(င) ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသော ဧရိယာအတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများ (စ) မြန်မာကျပ်ငွေ ၄၀,၀၀၀,၀၀၀ ထက် ကျော်လွန်သော စီမံကိန်း လုပ်ငန်းခွဲများ (ကျေးရွာလူထု ထည့်ဝင်ငွေနှင့် အခြားသော ရံပုံငွေများအပါအဝင်)

၁၀၆။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို မြို့နယ်လက်ထောက်နည်းပညာအကြံပေး များ၊ မြို့နယ်ကျေးလက်ဦးစီးဌာနရှိ လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ ၏ ပုံစံများတွင် မည်သည့်အချိန်တွင် မည်သူက မည်သို့ လျော့ပေါ့ တိုင်းတာမှတ်သားပေးခြင်း စသည်တို့ကို တိတိကျကျ ဖော်ပြထားမှု မရှိခြင်း စသည်တို့ကို စီမံကိန်းဆိုင်ရာ ဖြစ်နိုင်ချေရှိသည့်ဆိုးကျိုးသက်ရောက်မှုတို့ကို သေချာစွာ သတ်မှတ်ရွေးထုတ်ပေးမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို တိတိကျကျစောင့်ကြည့်စစ်ဆေး ရန်လိုအပ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် ပုံစံနှင့် နမူနာပုံစံအဖြစ်ို သစ်သားတံတား ပြန်လည် ပြင်ဆင်ခြင်း ပုံစံဖြင့် နောက်ဆက်တွဲ ၅.၁ နှင့် ၅.၂ တို့တွင် အသီးသီး ဖော်ပြထားသည်။

၁၀၇။ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် လိုအပ်သောနည်းပညာပိုင်း ဆိုင်ရာများကို ပံ့ပိုး ပေးသွားမည်ဖြစ်ရာ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲနှင့် ယခု သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်ပါ အချက်များနှင့်အညီ ကာ ကွယ်ဆန်းစစ်လေ့လာခြင်းလုပ်ငန်းများကိုဆောင်ရွက် နိုင်မည်ဖြစ်သည်။ အတည်ပြုပြီးသော ဆန်းစစ်လေ့လာခြင်း ဆိုင်ရာ အချက်အလက်မျာကို ဒေသသုံး ဘာသာစကားဖြင့်ပြုစုပြီး အသေးစိတ်စီမံကိန်းဒီဇိုင်းများကို စီမံကိန်းစာရင်းပါ ရွာသူ ရွာသားများ ဖတ်ရှုနိုင်အောင် တင်ပြပေးမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီများ ထံ ရွာသားများက မေးခွန်းများ၊ ၎င်းတို့စိုးရိမ်သည့်အချက်များကို တင်ပြခွင့်ပေးမည်ဖြစ်သည်။

၁၀၈။ အကယ်၍အကာအကွယ်ဆန်းစစ်လေ့လာရာတွင် အချို့သောအသေးစားအကျိုးသက်ရောက်မှု များကိုရှောင်လွှဲမရနိုင်ဟုတွေ့ရှိခဲ့ပါကကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီများ အနေဖြင့် အဆိုပါအကျိုးသက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းမည့်နည်းလမ်းများကို ရှာဖွေရမည်။ အမျိုးသား ဥယျာဉ်များ၊ ကာကွယ်ထိန်းသိမ်းထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ကာကွယ် ထိန်းသိမ်းထားသော

သမိုင်းနှင့်ဆိုင်သောသိသာထင်ရှားသည့် ရှေးဟောင်း သုတေသန ဆိုင်ရာ ဒေသများ၊ သစ်တောကြိုးဝိုင်းများ သို့မဟုတ် နိုင်ငံအဆင့်ထိန်းသိမ်းထားသည့် နယ်မြေများတွင် အဆိုပြုထားသောစီမံကိန်းလုပ်ငန်းခွဲများသည် အရေးပါသော သို့မဟုတ် အရေးမပါသောနယ်မြေ များတွင် ရောက်ရှိနေခြင်းဟုတ်မဟုတ် စီစစ်ရာတွင် အထူးဂရုပြုသင့်သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများသည် သဘာဝဇာတိမြေသို့မဟုတ်နယ်မြေများကို သိသာထင်ရှားသော အပြောင်း အလဲ သို့မဟုတ် မူလထက်လျော့ပါးမှုများ ဖြစ်ပေါ်စေခြင်းမှ ရှောင်လွှဲစေရန်၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်ကို ဆိုးကျိုးသက်ရောက်မှုများလျော့ပါးစေရန်နှင့် ရှောင်ရှားနိုင်ရန် လိုအပ်ပါက လျော့ပါးသက်သာစေမည့်လုံလောက်သော အစီအမံများကို အဆိုပြုနိုင်ရန်ဖြစ်သည်။သစ်ပင်၊ ခြံစည်းရိုး သို့မဟုတ် လူမနေသည့် အခြားသောအဆောက်အအုံများ သို့မဟုတ် ပုဂ္ဂလိကပိုင် မြေနေရာအနည်းအကျဉ်းရယူမှု စသည်တို့ထက်သာလွန်သော မည်သည့်အကြီးစားအကျိုးသက် ရောက်မှုမျိုးကိုမျှ ကြိုတင်မျှော်လင့်မထားပါ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ အပေါ် ဆိုးကျိုးသက်ရောက်မှုများအား စစ်ဆေးရာတွင် ဆိုးကျိုးရှိသော အချက်များကို စစ်ဆေးပြီး ရှောင်ရှားလိမ့်မည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်နစ်နာမှုရှိ ပါက စီမံကိန်းအတွက် အထောက်အကူဖြစ်လိမ့်မည် မဟုတ်ပေ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ် စီမံခန့်ခွဲမှုအစီအစဉ်ကို အဆိုပါ အမွေအနှစ်တည်ရှိရာနေရာ သို့မဟုတ် ကာကွယ် ထိန်းသိမ်းထားသော ယဉ်ကျေးမှုအမွေအနှစ်တည်ရှိရာဇုန် သို့မဟုတ် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်ဟု သိသာထင်ရှားသော နေရာများစသည်တို့ အတွက် ပြင်ဆင်လိမ့်မည် ဖြစ်သည်။ ပုဂ္ဂလိကပိုင်ပစ္စည်းများဆုံးရှုံးနစ်နာမှုများ အတွက် (၁) ဆန္ဒအလျောက်ထည့်ဝင်ခြင်းနည်း သို့မဟုတ် (၂) ပြောင်းရွှေ့သည့်ကာလတန်ဖိုးအတိုင်း လျော်ကြေး ပေးခြင်းနည်း (၂)နည်းအနက်မှ တစ်နည်းနည်းဖြင့်ဖြေရှင်းနိုင်သည်။ လူမှုအကျိုးသက်ရောက်မှု အများစုမှာ ဆန္ဒအလျောက် ထည့်ဝင်ခြင်းနည်းလမ်းဖြင့် ဆက်လက်ဖြေရှင်းရန်လိုအပ်နေလိမ့်မည်ဟု ယူဆသည်။ လူထုစည်းရုံးရေးမှူးများ နှင့် လက်ထောက်နည်းပညာမှူးများအနေဖြင့် မြို့နယ်အဆင့် နည်းပညာအကူအညီအဖွဲ့၏ လမ်းညွှန်မှုအရ ဆန္ဒအလျောက်ထည့်ဝင်ခြင်းကို စာပိုဒ် ၁၁၃ အောက်တွင် ဖော်ပြထားသည့် အနေအထားများအတိုင်းဆောင်ရွက်ခြင်း ရှိမရှိကို စီမံကိန်း၏ အကျိုးခံစားရသော ပြည်သူများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံကာ ဆန်းစစ်မည်။ ဆန္ဒအလျောက် ထည့်ဝင်ခြင်း ဆိုင်ရာအနေအထားများကို စီစစ်နိုင်ခြင်း မရှိသည့်အခါ အကျိုးသက်ရောက်မှုများကို မြေယာ (သို့မဟုတ်) ပိုင်ဆိုင်မှုများ အတင်းအကျပ်ထည့်ဝင်ခြင်းဟု သတ်မှတ်ဖြေရှင်းမည်ဖြစ်ပြီး လိုအပ်ပါက အကျဉ်းချုပ် သို့မဟုတ် ပြည့်ပြည့်စုံစုံပါဝင်သော ပြန်လည်နေရာချထားရေး အစီအမံများကို ရေးဆွဲ ဆောင်ရွက်မည်။

၁၀၉ ။ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ထားသော ငွေကြေးများကို လျော်ကြေးပေးအပ်ရာတွင် အသုံးပြုခွင့် မရှိပါ။

၁၁၀။ ဆန္ဒအလျောက်လှူဒါန်းခြင်း- လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲတစ်ခုကြောင့် အကျိုးခံစားရမည့် သူများသည် ၎င်းတို့ပိုင်မြေကြီး သို့မဟုတ် ပိုင်ဆိုင်မှုများကို လျော်ကြေးမယူဘဲလှူဒါန်းခွင့်ကို ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ဆန္ဒအလျောက်လှူဒါန်းရာတွင် မိမိတို့၏အသက်မွေးမှု များအပေါ် သိသိသာသာ သို့မဟုတ် ကာလရှည် မထိခိုက်စေဘဲ စီမံကိန်းအကျိုးဆက်အများစုကို ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အောက်ဖော်ပြပါ နည်းလမ်း များဖြင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ဆန္ဒအလျောက်လှူဒါန်းခြင်းကို စီမံခန့်ခွဲမည်ဖြစ်ပါသည်။

- ဆန္ဒအလျောက်လှူဒါန်းခြင်းသည်လူမျိုးစုအရသော်လည်းကောင်း၊ မြေယာပိုင်ဆိုင်မှုအရ သော်လည်းကောင်းခွဲခြားခြင်းမရှိစေရဘဲ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ စိတ်သဘောဆန္ဒဖြင့် ဆောင်ရွက် ခြင်းဖြစ်ပြီး ဖိအားပေးစေခိုင်းခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း၊ သို့တည်းမဟုတ် ထိုသို့ မဖြစ်မနေပြုလုပ်ရန် လိုအပ်သည်ဟု ထင်မြင်လာအောင် ပြုလုပ်ကာ လှူဒါန်းစေခြင်းမျိုး မဖြစ်ရပါ။
- ဆန္ဒအလျောက်လှူဒါန်းခြင်းသည်စီမံကိန်းလုပ်ငန်းများကိုမူလသတ်မှတ်ထားသော နေရာထက်အခြားနေရာတစ်ခုတွင်အကောင်အထည်ဖော်ရန်အတွက်နည်းပညာပိုင်းအရ ဖြစ်နိုင်မှသာလျှင်ထိုသို့လှူဒါန်းရန်ခွင့်ပြုပါသည်။စီမံကိန်းလုပ်ငန်းခွဲ၏သဘောသဘာဝအရထိုနေရာမှတစ်ပါးအခြားနေရာမဖြစ်နိုင်ပါက ထိုမြေနေရာရယူခြင်းကို ဆန္ဒအလျောက်လှူဒါန်းခြင်းဟု မသတ်မှတ် နိုင်ဘဲ

အာဏာသုံးခြင်းသာဖြစ်ပါလိမ့်မည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် ပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ် (RAP) ကို အကျဉ်းဖြစ်စေ၊ အကျယ် ဖြစ်စေ ရေးဆွဲရမည်။

- အောက်ဖော်ပြပါအချက်များနှင့်ကိုက်ညီသည့် အသေးစားအကျိုးသက်ရောက်မှုများ အတွက် သာ ဆန္ဒအလျောက်လှူဒါန်းခြင်းကိုခွင့်ပြုပါသည်။
  - မြေ သို့မဟုတ် ပိုင်ဆိုင်သည့်ပစ္စည်းကိုလှူဒါန်းသည့်အိမ်ထောင်စုသည် စီမံကိန်း လုပ်ငန်းခွဲ၏ တိုက်ရိုက်အကျိုးခံစားသူများဖြစ်ခြင်း
  - ထိခိုက်ခံရသည့်အိမ်ထောင်စုပိုင် စိုက်ပျိုးထုတ်လုပ်မြေစုစုပေါင်းပမာဏသည် စတုရန်း မီတာ ၃၀၀ ကျော်ခြင်း။
  - အကျိုးသက်ရောက်မှုသည် လှူဒါန်းသောအိမ်ထောင်စု၏ စုစုပေါင်းထုတ်လုပ်နိုင် စွမ်းအား၏ ၅% အောက်မှာသာရှိခြင်း။
  - မည်သူတစ်ဦးတစ်ယောက်မျှ နေရာရွှေ့ပြောင်းပေးရန်မလိုခြင်း။
- ထိခိုက်ခံစားရသူများအနေဖြင့် မြေသို့မဟုတ်အခြားပိုင်ဆိုင်မှုများကိုမလှူဒါန်းဘဲနေခွင့်ရှိကြောင်းသို့မဟုတ်အစားထိုးကုန်ကျစရိတ် ပြန်လည်ရယူခံစားခွင့်ရှိကြောင်းနှင့် မလှူဒါန်းလို ကြောင်း ၎င်းတို့၏ဆန္ဒကို ဖော်ထုတ်နိုင်မည့် ဝေဖန်အကြံပြု တိုင်ကြားမှု ဖြေရှင်းရေးစနစ်တစ်ခု ကိုလည်း ၎င်းတို့အတွက်စီစဉ်ပေးထားကြောင်းကိုအပြည့်အဝအသိပေးထားရမည်။မေးခွန်းများ ဖြစ်စေ စိုးစမ်းလိုသည်များဖြစ်စေရှိပါက နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဝေဖန်အကြံပြု တိုင်ကြားမှုဖြေရှင်းရေး စနစ်ကို အသုံးပြုရန် ၎င်းတို့အား တိုက်တွန်းထားပါသည်။ တိုင်ကြားသူ များကို ကာကွယ်ပေးထားသည့် လုပ်ဆောင်မှုများကိုလည်း လုံလောက်အောင် စီစဉ်ပေးထား မည် ဖြစ်ပါသည်။
- လူထုစည်းရုံးရေးမှူး၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ကိုယ်စားလှယ်နှင့် ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ ကိုယ်စားလှယ်တို့က မျက်နှာစုံညီအစည်း အဝေးပြုလုပ်ပြီး ထိခိုက်ခံရသူများသည် မြေ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို အစားထိုး ကုန်ကျစရိတ် ပြန်လည်ရယူခံစားခွင့်ရှိကြောင်း၊ လျော်ကြေးမယူဘဲ လွတ်လပ်စွာ လှူဒါန်းနိုင်ကြောင်း အဆိုပါ အစည်းအဝေးတွင် အတည်ပြုပြောကြားမည်။ အတည်ပြုချက် ပါဝင်သော အဆိုပါအစည်းအဝေးမှတ်တမ်းကို ယခု သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲမှု မူဘောင်တွင် စေတနာအလျောက်လှူဒါန်းမှုများအတွက် ဖြည့်စွက်ရန် ပုံစံနှင့်တကွ ပူးတွဲဖော်ပြ လိမ့်မည် ဖြစ်သည်။
- လှူဒါန်းသူ၏စိတ်ဆန္ဒကိုစာဖြင့်ရေးသားအတည်ပြုပြီးသည့်အခါ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီသည် ဆန္ဒအလျောက်လှူဒါန်းကြောင်း ကြေညာလွှာပုံစံကို ပြုစုရမည်။ သက်ဆိုင်ရာအိမ်ထောင်စု၏ ဇနီးခင်ပွန်းနှစ်ဦးစလုံးတို့ကို လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာအဆင့် အကောင်အထည်ဖော်ရေးကော်မတီ တို့၏ရှေ့မှောက်တွင် မူရင်းနှစ်စောင်ပေါ် ၌ လက်မှတ်ရေးထိုးစေရမည်။
- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည်လက်မှတ်ထိုးထားသည့်ဆန္ဒအလျောက်လှူဒါန်း ကြောင်းကြေညာလွှာပုံစံကိုသုံးသပ်အတည်ပြုပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ကပြန်လည်ကြည့်ရှုနိုင်ရန်အတွက် မူရင်း တစ်စောင်ကိုလက်ခံထားရှိရမည်။ ကျန်မူရင်းတစ်စောင်ကို သက်ဆိုင်ရာအိမ်ထောင်စုက လက်ခံသိမ်းဆည်းထားရမည်။
- လက်မှတ်ထိုးထားသည့်ဆန္ဒအလျောက်လှူဒါန်းကြောင်းကြေညာလွှာပုံစံ အား ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီက အတည်ပြုပြီးမှသာလျှင် ဆန္ဒအလျောက်လှူဒါန်း မှုများရှိသည့် စီမံကိန်းလုပ်ငန်းခွဲများကို စတင်အကောင်အထည်ဖော်ရမည်။
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိမြို့နယ်ရုံးခွဲများက နှစ်စဉ်လူမှုစစ် ဆေးမှုများ ဆောင်ရွက်ပြီးလှူဒါန်းထားသည့်ပုဂ္ဂိုလ်များ၏ သိရှိနားလည်သဘောတူညီမှု ဟုတ်မဟုတ်ကို စီစစ်ရမည်။

၁၁၁။ အစားထိုး ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးခြင်း - ထိခိုက်ခံစားရသူများသည် လျော်ကြေးမယူဘဲ ၎င်းတို့ပိုင်အရာများကို လှူဒါန်းလိုစိတ်မရှိပါက၊ သို့မဟုတ် ဆန္ဒအလျောက်လှူ ဒါန်းမှုအတွက် သတ်မှတ်ချက်ကို ကျော်လွန်၍ထိခိုက်ခံစားရပါက ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ သည် လူထုစည်းရုံးရေးမှူးများ အကူအညီကိုရယူကာ ပြန်လည်နေရာချ ထားရေး လုပ်ငန်းအစီအစဉ် (RAP) အကျဉ်းကိုပြုစုမည်ဖြစ်သည်။ ခြွင်းချက်အနေဖြင့် စီမံကိန်း လုပ်ငန်းခွဲက လူပေါင်း၂၀၀နှင့်အထက် အကျိုးသက်ရောက်မှုရှိပါကပြန်လည်နေရာချထားရေး အစီအမံကိုအပြည့်အစုံရေးဆွဲဆောင်ရွက်ရမည်။ အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများဖြင့် မြေယာနှင့်ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းဆိုင်ရာ ပေးလျော်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်။

(က) မြေယာသိမ်းယူခြင်းများကို ရှောင်ရှားရမည်ဖြစ်ပြီး အကယ်၍ မရှောင်ရှားနိုင်ပါက တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရမည်။ မြေယာသိမ်းယူခြင်းကြောင့် လူများအနေဖြင့် အိမ်ရာများဆုံးရှုံးခြင်း၊ ဝင်ငွေ၊ နေထိုင်မှုအဆင့်အတန်းနှင့် ရှင်သန်ရပ်တည်ချက်များ ယုတ်လျော့စေမည့်ရလဒ်များ မဖြစ်စေသင့်ပါ။ စီမံကိန်းကြောင့် အိမ်ထောင်စုများ နေအိမ်ပြောင်းရွှေ့နေထိုင်ရခြင်းမျိုးကို ခွင့်မပြုပေ။

(ခ) အကယ်၍ပုဂ္ဂလိကပိုင်မြေများကို အပြီးအပိုင်သိမ်းဆည်းရန်လိုအပ်၍သော်လည်းကောင်း၊ ပုဂ္ဂလိက ပိုင်ဆိုင်မှုများဖြစ်သော ခြံစည်းရိုး၊ အဆောက်အအုံ၊ တင်းကုပ်၊ သီးနှံများပါသောစိုက်ခင်းများ ပျက်စီး ဆုံးရှုံးလျှင်သော်လည်းကောင်း၊ ဆန္ဒအလျောက်ထည့်ဝင်သည့်အခြေအနေနှင့် မကိုက်ညီ၍သော် လည်းကောင်း ဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ပြန်လည်အစားထိုးပေးလျော်ရမည်။ ကျေးရွာနှင့် ကျေးရွာ အုပ်စုဖွံ့ဖြိုးရေးကော်မတီနှင့် စီမံကိန်း၏အကျိုးသက်ရောက်မှုကို ခံစားရသော အိမ်ထောင်စုတို့ ပူးပေါင်းပြီး လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့၏ လမ်းညွှန်မှုဖြင့် အကျိုးသက် ရောက်မှုရှိသည့်ပမာဏကို တန်ဖိုးဖြတ်ပြီး အနည်းဆုံးစီမံကိန်းမစတင်မီကရှိနှင့်သော နေထိုင်မှုပုံစံနှင့် ဝင်ငွေစီးဆင်းမှုပမာဏမျိုးဖြစ်စေမည့် လျော်ကြေးကိုသတ်မှတ်ရမည်။ လူမှုအဖွဲ့အစည်းများကိုယ်တိုင် စီမံကိန်းကြောင့် ရိုက်ခတ်မှုကို ခံစားရသော ပြည်သူများ၏ မူလရှင်သန်မှုအခြေအနေသို့ရောက်အောင် အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် လုံလောက်သော ပိုင်ဆိုင်မှုများကို သတ်မှတ်ရာ၌ အခက်အခဲများ ကြုံတွေ့ရပါက လျော်ကြေးကို စီမံကိန်းအကျိုးခံစားရသော လူမှုအဖွဲ့အစည်းများကိုယ်တိုင် ၎င်းတို့၏ ပိုင်ဆိုင်မှုများ မှ ထောက်ပံ့ပေးသင့်သည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲများ တည်ထောင်လုပ်ကိုင်ခြင်းရလဒ်ကြောင့် မည်သူတဦးတယောက်မှ ယင်းတို့ ၏ တန်ဖိုးရှိသောပိုင်ဆိုင်မှု ၁၀ ရာခိုင်နှုန်းထက်ပို၍ မဆုံးရှုံးသင့်ပေ။ အကယ်၍ စီမံကိန်း၏ အကျိုး သက်ရောက်မှုကို ခံစားရသောပြည်သူများနှင့်အတူ လက်ထောက်နည်းပညာမှူးက ပြုလုပ်သော တိုင်းတာမှုအရစီမံကိန်း၏အကျိုးသက်ရောက်မှုမှာတန်ဖိုးရှိပိုင်ဆိုင်မှုများ၏ ၁၀ ရာခိုင်နှုန်းထက်ပို ခံစား ရပါက စီမံကိန်းပုံစံကို ပြန်လည်ချိန်ညှိခြင်း သို့မဟုတ် စီမံကိန်း၏ အကျိုးသက်ရောက်မှု ၁၀ရာခိုင်နှုန်း ထက်လျော့ကျအောင် လုပ်ဆောင်နိုင်မည့် အခြားတနေရာကို ရွေးချယ်ခြင်းတို့ကို ပြုလုပ်သင့်သည်။

(ဃ) အကယ်၍များ စီမံကိန်းလုပ်ငန်းခွဲကြောင့် လူမှုအဖွဲ့အစည်း၏ အခြေခံအဆောက်အအုံများ ထိခိုက်သွားပါက ပြန်လည်ပေးအပ်ခြင်း (သို့မဟုတ်) အစားထိုးခြင်းပြုလုပ်ရမည်။

(င) သိသာထင်ရှားစွာသတ်မှတ်ထားသော ပိုင်နက်ပေါ်မူတည်၍ မြေယာသိမ်းယူခြင်းပါဝင်သော စီမံကိန်း လုပ်ငန်းခွဲများသည် လူထုရင်းနှီးမြှုပ်နှံမှုအတွက် အကျုံးမဝင်သောလုပ်ငန်းများစာရင်းတွင် ပါဝင်ပြီး ရန်ပုံငွေ ရရှိရန် အကျုံးမဝင်ပါ (စာပိုဒ် ၉၃ တွင် သိသာထင်ရှားစွာ ပိုင်နက်သတ်မှတ်ခြင်းအကြောင်းကို အသေးစိတ်ကြည့်ရှုနိုင်ပါသည်။) စီမံကိန်းကြောင့် အကျိုးဖြစ်ထွန်းသော ပြည်သူများကိုယ်တိုင်သော် လျှင် အခြားသော လူမှုအဖွဲ့အစည်းဝင်များ၏ မြေယာ၊ ပိုင်ဆိုင်မှုကို နှစ်ဦးနှစ်ဘက် သဘောတူညီချက် နှင့် အသိပေးချက်များပေါ်မူတည်၍ အစားထိုးလျော်ကြေးအဖြစ် ရယူနိုင်သည်။

(စ) လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့၏ ထောက်ပံ့မှုဖြင့် ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီက အကျဉ်းချုံး(သို့မဟုတ်) အပြည့်အစုံဖော်ပြထားသော ပြန်လည်နေရာချထားရေး အစီအမံတို့ကို ပြင်ဆင်မည်။ (ပြန်လည်နေရာချထားရေးအစီအမံတွင် ပါဝင်သည့် အချက်အလက်များအား အောက်တွင်ကြည့်ပါ)

(ဆ) စီမံကိန်း၏ရိုက်ခတ်မှုကို ခံစားရသောအိမ်ခြေများအား ပေးလျော်စရာရှိသည်များကို ပေးလျော်ပြီး မှသာ အရပ်သားများနှင့်ဆိုင်သော လုပ်ငန်းများကို စတင်ရမည်။

၁၁၂။ ဝေဖန်အကြံပြုတိုင်ကြားခြင်းအပါအဝင် ဆန္ဒအလျောက် မြေလှူဒါန်းခြင်းနှင့် အတင်းအကျပ်မြေယာသိမ်းဆည်းခြင်းဆိုင်ရာ မကျေနပ်ချက်များဖြေရှင်းခြင်းတို့အတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုသော ဒေသန္တရဘာသာစကား အားလုံးဖြင့် လက်ကမ်းစာစောင်တွင် အကျဉ်းချုပ်ရိုက်နှိပ်ကာ စီမံကိန်းတွင် ပါဝင်သည့် ကျေးရွာအားလုံးသို့ ဖြန့်ဝေမည်။

**အဆင့် (၃) အကာအကွယ်အစီအမံများဖော်ထုတ်ခြင်း (ပြန်လည်နေရာချထားရေးအစီအမံ အကျဉ်းချုပ် (သို့) အပြည့်အစုံ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (သို့) သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း အစီအမံများ သို့မဟုတ် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီအစဉ်**

၁၁၃။ အကာအကွယ် ဆန်းစစ်လေ့လာသည့်အခါ မြေသိမ်းယူခြင်းနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ဆုံးရှုံး ရခြင်းတို့မှာ မလွဲမရှောင်သာ ဖြစ်ကြောင်းနှင့် ဆန္ဒအလျောက် လှူဒါန်းခြင်းလည်း မရှိကြောင်း တွေ့ရှိ ရပါက ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာပိုင်း အကြံဉာဏ်များ၊ လက်ထောက်နည်းပညာမှူးများ၏ အကူအညီတို့ကိုရယူကာ ပြန်လည်နေရာချထားရေး အစီအမံ တစ်ရပ် (RAPအကျဉ်းသို့မဟုတ်အပြည့် အစုံတစ်စောင်) ကို ရေးဆွဲမည် ဖြစ်သည်။ ကျေးရွာကိုယ်စားလှယ်များကိုလည်း အကာအကွယ်နှင့် သက်ဆိုင်သည့်လေ့ကျင့်သင်တန်းများပေးရမည်။လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်အကာအကွယ်များ ဆိုင်ရာအခြေခံလုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းကျေးရွာများရှိ ကြော်ငြာသင်ပုန်း များတွင် ကပ်ထားရမည်။

(က) အကျဉ်းချုံ့ထားသော ပြန်လည်နေရာချထားရေးအစီအမံများကို ရေးဆွဲရာတွင် အနည်းဆုံး ပါဝင်ရမည့် အချက်များမှာ

(၁) စီမံကိန်း၏အကျိုးသက်ရောက်မှုကို ခံရသော ပြည်သူများ၏ အမည်များ

(၂) စီမံကိန်း၏အကျိုးသက်ရောက်မှုကိုခံရသော ပြည်သူများ၏လူဦးရေ စာရင်းနှင့် လူမှုစီးပွား အချက်အလက်များ

(၃) အကျိုးသက်ရောက်မှုရှိသော ပစ္စည်းစာရင်း

(၄) အစားထိုးပြန်လျော်ပေးမည့် အရွယ်အစားနှင့် အမျိုးအစားများ ပါဝင်သော လျော့နည်း သက်သာစေသည့် နည်းလမ်း

(၅) ပြန်လည်နေရာချထားရေး အစီအမံများကိုရေးဆွဲရာ၌ စီမံကိန်း၏ ရိုက်ခတ်မှုဒဏ်ခံ ပြည်သူများကိုယ်တိုင်ပါဝင်စေမည့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီအစဉ်ရေး ဆွဲခြင်း

(၆) စီမံကိန်းလုပ်ငန်းများမစတင်မီအစားထိုးလျော်ကြေး ပေးအပ်စေမည့်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ အချိန်ဇယား

(၇) လျော်ကြေးအတွက် ခန့်မှန်းတွက်ချက်ထားသော ကုန်ကျစရိတ်နှင့် လျော်ကြေးကိုငွေစက္ကူ ဖြင့် ပေးလျော်က ငွေထုတ်ယူနိုင်မည့် ရင်းမြစ်

ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှု၊ လူထုစည်းရုံးရေး မှုးများနှင့် လက်ထောက်နည်းပညာမှုးများ၏ ပံ့ပိုးကူညီမှုဖြင့်ကျေးရွာစီမံကိန်းအထောက်အကူ ပြုကော်မတီသည် စီမံကိန်း၏ အကျိုးသက်ရောက်မှုခံရသော ပြည်သူများ၏ဝင်ငွေစီးဆင်းမှုကို နဂိုမူလအခြေအနေသို့ ပြန်လည်ရရှိနိုင်မည့် အခြားမြေနေရာသတ်မှတ်ခြင်းအပါအဝင် လျော်ကြေးကို သတ်မှတ်ထားရန် ဆောင်ရွက်မည်။ ပြန်လည်နေရာချထားရေး အစီအမံ၏ နမူနာပုံစံကို နောက်ဆက်တွဲ (၇) တွင်ဖော်ပြထားသည်။

၁၁၄။ အကယ်၍ လူထုစည်းရုံးရေးမှုးများနှင့် လက်ထောက်နည်းပညာမှုးများသည် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းခွဲတွင် ရွာသူရွာသား ၂၀၀ ကျော်၏ မြေယာတစ်စိတ်တပိုင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်မှုများ ဆုံးရှုံး သည်ကိုတွေ့ရှိပါက ကမ္ဘာ့ဘဏ်လုပ်ငန်းဆိုင်ရာအဖွဲ့၏အကြံဉာဏ်ကို ချက်ခြင်းရယူရမည်။ ထိုကဲ့သို့သော ဖြစ်နိုင်ရန်ခက်ခဲလှသည့်ကိစ္စရပ်များတွင် ပြန်လည်နေရာ ချထား ရေးဆိုင်ရာအစီအမံအပြည့်အစုံကို ကမ္ဘာ့ဘဏ် ၏ လုပ်ငန်းဆိုင်ရာအဖွဲ့၏ တိုက်ရိုက်လမ်းညွှန်မှုအောက်တွင် ရေးဆွဲရမည်။

၁၁၅။ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ စာရွက်စာတမ်းများ[2] နှင့် အသုံးချနိုင်သော ပြန်လည်နေရာချထား ရေးနည်းလမ်းများကို မူကြမ်းရေးဆွဲပြီးသည့်အခါ စီမံကိန်း၏အကျိုးကျေးဇူးကို ခံစားရသော ကျေးရွာ များမှ ကိုယ်စားလှယ်များအပါအဝင် ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အင်ဂျင်နီယာများနှင့် လက်ထောက်နည်းပညာမှုးတို့သည် စီမံကိန်း လုပ်ငန်းခွဲရှိရာနေရာသို့ သွားရောက်ကြပြီး ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီနှင့် နေ့ဝက်ခန့်ဆွေးနွေးခြင်းများပြုလုပ်မည်။ ထိုအစည်းအဝေးအတွင်း ပြန်လည်နေရာချထားရေးအစီအမံ (အတိုချုပ် (သို့မဟုတ်) အပြည့်အစုံ) နှင့် ဆန္ဒအလျောက်ထည့်ဝင်ခြင်း ဖြည့်စွက်ပုံစံတို့ကို ဒီဇိုင်း ပုံကြမ်းနှင့်တကွ စီမံကိန်း လုပ်ငန်းခွဲဆိုင်ရာ အချောသတ် စာရွက်စာတမ်းများနှင့်အတူ တင်ပြမှာ ဖြစ်သည်။ ကျေးရွာဆိုင်ရာလုပ်ငန်းလည်ပတ်ရေးကော်မတီမှ တင်ပြချက်များမှာ ဖြစ်နိုင်ချေရှိသော အကျိုးသက်ရောက်မှုများကို လုံလုံလောက်လောက် ခြုံငုံသုံးသပ်နိုင်မှု ရှိ/မရှိ နှင့် လျော့နည်းသက်သာစေရန်ပြုလုပ်ခြင်း ရှိ/မရှိ ၊ စီမံကိန်း၏ ရိုက်ခတ်မှုဒဏ်ခံ ပြည်သူများနှင့် အထူးသဖြင့် တိုင်းရင်းသားလူမျိုးစု အပါအဝင် ဒုက္ခရောက်ရသော လူထု၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လုံလောက်သော စီမံချက်များသည် ပုံစံတကျ ပေါင်းစည်းမှုရှိမရှိ တို့နှင့် ပတ်သက်၍ ရှာဖွေမည်ဖြစ်သည်။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီသို့ ထောက်ခံချက်ရရန်အတွက် တင်သွင်းလိုက်သော စီမံကိန်း လုပ်ငန်းခွဲဆိုင်ရာ အချောသတ် စာရွက်စာတမ်းများသည် ရွာသူရွာသားများ၏ သုံးသပ်ဆွေးနွေးများ နှင့်ပေါင်း စပ်သွားပြီး အစည်းအဝေး၏ရလဒ်ကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး စီမံကိန်းဆိုင်ရာ ဖိုင်တွင်လည်း တွဲထားမည်ဖြစ်သည်။

၁၁၆။ စီမံကိန်းလုပ်ငန်းခွဲများအတွက် ပြန်လည်နေရာချထားရေး နည်းလမ်းများကို သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မှုဘောင်နှင့် တိုက်ဆိုင်စစ်ဆေးကာကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီက

[2] စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ မူချော စာရွက်စာတမ်းများတွင် အင်ဂျင်နီယာဆိုင်ရာ အသေးစိတ်ဒီဇိုင်း၊ ကုန်ကျစရိတ် ခန့်မှန်း တွက်ချက်မှု၊ ဆောက်လုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများ (Bill of Quantities၊ ဆောက်လုပ်ရေးမူကြမ်း စာချုပ်များ စသည်)၊ စစ်ဆေးရေးပုံစံ၊ သဘာဝပတ်ဝန်းကျင်လုပ်ငန်းကျင့်ဝတ် (လိုအပ်ပါက သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း အစီအမံ)၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် အစီအမံများ၊ တွေ့ဆုံညှိနှိုင်းမှု အစည်းအဝေးတက်ရောက်မှုနှင့် မှတ်တမ်းများနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ တန်ဆာပလာများပါဝင်သည်။

သုံးသပ်အတည်ပြုပြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာန လက်အောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အကောင်အထည်မဖော်မီ အတည်ပြုပေး သွားရမည် ဖြစ်သည်။ [3] အထူးသဖြင့် ဖြစ်နိုင်ချေရှိသော ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကို ထင်ရှားစွာဖော်ထုတ်ထားခြင်း ရှိမရှိ၊ အဆိုပြုထားသော လျော့နည်းသက်သာရေးနည်းလမ်းများမှာ စီမံကိန်း၏ အကျိုးသက်ရောက်မှုကိုခံရသော ပြည်သူများ၏ ဝင်ငွေစီးဆင်းမှုကို နဂိုအနေထားသို့ ရောက်ရှိအောင် အပြည့်အဝ ထားပေးနိုင်မှု ရှိမရှိ၊ ဆန္ဒအလျောက် ပေးအပ်စွန့်လွှတ်ခြင်းဆိုင်ရာ အခြေအနေအားလုံးနှင့် ကိုက်ညီမှု ရှိမရှိ၊ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲမှုများနှင့် ဝေဖန်တိုင်ကြားချက်များဆိုင်ရာ ယန္တရားတို့ ုလုံ လောက်မှု ရှိမရှိနှင့် ခန့်မှန်းတွက်ချက်ထား သော ရံပုံငွေ လုံလောက်မှု ရှိမရှိတို့ကို ပြန်လည်သုံးသပ်အကဲဖြတ်မည်။ အတည်ပြုပြီးသည့် RAP အကျဉ်းနှင့် အပြည့်အစုံတို့ကို ဒေသသုံးဘာသာစကားဖြင့် ပြုစုပြီး ကျေးရွာအုပ်စုရုံးများနှင့် စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည်ဖော်သည့်ကျေးရွာများတွင် ကျေးရွာအတွင်းရှိ ရွာသူရွာသားများ လက်လှမ်းမီမည့် အခြားသင့်လျော်သည့်နေရာများတွင် ထားရှိရမည်။

၁၁၇။ အဆိုပါစီမံကိန်းအတွက် ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီက ကျေးရွာ အုပ်စုအတွင်း တိုင်းရင်းသား လူမျိုးစုများ စီမံကိန်း၏ ရိုက်ခတ်မှုကို ခံစားနေရသည့် နေရာများ တွင် တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ အစီအမံ (IPP) ကို ရေးဆွဲမည်။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီတွင် အနည်းဆုံး အောက်ပါတို့ ပါဝင်မည်။

(က) စီမံကိန်း၏အကျိုးသက်ရောက်မှုခံရသော တိုင်းရင်းသားလူမျိုးစု။ ဤသဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်ပါ စာပိုဒ် ၇၉ ရှိ ဖော်ပြပါစည်ကမ်းချက်များနှင့်အညီ ဆောင်ရွက်ထား သော လူထုပါဝင်သည့် ကျေးရွာအဆင့်လူမှုဘဝဆန်းစစ်ချက်ကို အခြေခံ၍ အတည်ပြုထားသော ကျေးရွာအုပ်စုအတွင်း နေထိုင်သော တိုင်းရင်းသား လူမျိုးစုများကို ဖော်ပြထားမည်။

(ခ) စီမံကိန်း၏ရိုက်ခတ်မှုကိုခံရသော တိုင်းရင်းသားလူမျိုးစုများနှင့် လွတ်လွတ်လပ်လပ် ကြိုတင်စီမံထားပြီး အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် ဆွေးနွေးထားသည့်ဆွေးနွေးပွဲမှ ရရှိသော ရလဒ်များနှင့် ကျယ်ပြန့်သောလူထု၏ထောက်ခံမှုသက်သေများအပါအဝင် လူထုပါဝင်သော လူမှုဘဝ ဆန်းစစ်ချက်၏ တွေ့ရှိချက်များ အနှစ်ချုပ်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲကို အကောင်အထည်ဖော်နေစဉ်ကာလအတွင်း စီမံကိန်း၏အကျိုးသက် ရောက်မှုကိုခံရသော တိုင်းရင်းသားလူမျိုး စုများနှင့် လွတ်လွတ်လပ်လပ်ကြိုတင်စီမံပြီးအချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ပြုလုပ်သော အကြံဉာဏ်တောင်းခံဆွေးနွေးခြင်းအတွက် မူဘောင်

(ဃ) တိုင်းရင်းသားလူမျိုးစုများအားငင်းတို့၏ယဉ်ကျေးမှုနှင့်သင့်လျော်သောလူမှုဘဝနှင့်စီးပွားရေး ဆိုင်ရာ အကျိုးအမြတ်များရရှိခြင်းနှင့် ၎င်းတို့အပေါ်ကျရောက်မည့် မလိုလားအပ်သော ဆိုးကျိုးများကို ရှောင်ရှား၊ လျော့ကျ သက်သာစေခြင်းတို့အတွက် အစီအမံများ

(င) တိုင်းရင်းသားလူမျိုးစုအပေါ် ကျရောက်မည့် မလိုလားအပ်သော အကျိုးသက်ရောက်မှု များ ကို လျော့နည်းသက်သာစေရန် နည်းလမ်းများနှင့် အဆိုပါနည်းလမ်းများကို အကောင်အထည် ဖော်နိုင်ရေး ရန်ပုံငွေရရှိနိုင်မည့် ရင်းမြစ်အပါအဝင် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအမံ အကောင် အထည်ဖော်ရန် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်မှု

---

[3]လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းအရ လျော်ကြေးများအတွက် တာဝန်ရှိသည်။

(စ) ဝေဖန်အကြံပြုတိုင်ကြားရေးနှင့် စောင့်ကြည့်ရေး ယန္တရား

၁၁၈။ ဒီဇိုင်းများအဆင်သင့်ဖြစ်သောအခါ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအမံကို ပြင်ဆင်မည်ဖြစ်ပြီး အကျိုးသက်ရောက်မှုနယ်ပယ်များနှင့် အကျိုးသက်ရောက်မှုပမာဏ တို့ကို သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲများ အလိုက် ဖော်ပြမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲများနှင့်စပ်ဆက် နေသော အကျိုးကျေးဇူးများ၊စွန့်စားရမှု များနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ နယ်ပယ်နှင့် သက်ရောက်မှုပမာဏ တို့ကို စီမံကိန်းကြောင့် အကျိုးခံစားရမည့် လူထုသို့ ရပ်ရွာလုံးကျွတ်အစည်းအဝေးပွဲများတွင် ရှင်းပြမည်ဖြစ်ပြီး လူထုတစ်ရပ်လုံး၏ ထောက်ခံမှုကိုတောင်းဆိုကာ ပြင်ဆင်ပြီးကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအမံတွင် မှတ်တမ်းတင်ထား မည်ဖြစ်သည်။

၁၁၉ ။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ် (ECoP) များသည် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်နှင့် စောင့်ကြည့်ကြီးကြပ်ရန် အသုံးပြုသည့် ပင်မသဘာဝ ပတ်ဝန်းကျင် အကာအကွယ်ပေးရေး နည်းလမ်းများ ဖြစ်သည်။ အကယ်၍ ECoP ပါပြဋ္ဌာန်းချက်များ ဘောင်ကို ကျော်လွန်ပြီး တိကျသည့် အန္တရာယ် လျှော့ချရေး လိုအပ်လာမည့် မူလပြဋ္ဌာန်းချက်တွင် မပါသည့် အကျိုး သက် ရောက်မှုများ ရှိလာမည်ဟု မျှော်မှန်းပါက ရိုးစင်းသည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီ အစဉ် (EMP) တစ်ခု လိုအပ်ပါမည်။ EMP သည် စောင့်ကြည့်ကြီးကြပ်မှုဆိုင်ရာ အညွှန်းကိန်းများနှင့် အဆိုပြုထား သည့် ဘေးအန္တရာယ် လျှော့ချရေး ဆောင်ရွက်ချက်များ၊ ထိုလုပ်ငန်းများ အကောင်အထည်ဖော်ရန် ခန့်မှန်း ကုန်ကျစရိတ်များကို လည်း ဖော်ပြထားမည် ဖြစ်သည်။ (EMP ဖောင်ပုံစံကို နောက်ဆက်တွဲ ၅ တွင် ကြည့်ပါ ။ EMP နမူနာကို နောက်ဆက်တွဲ ၅.၁ တွင်ကြည့်ပါ)

၁၂၀။ စီမံကိန်းလုပ်ငန်းခွဲ စစ်ဆေးမှု တွေ့ရှိချက်တွင် အဆိုပါ စီမံကိန်းလုပ်ငန်းခွဲသည် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအတွင်း သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသော ယဉ်ကျေးမှု အမွေအနှစ်ဇုန် သို့မဟုတ် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် သိသာထင်ရှားသည့်နေရာ များတွင်ကျရောက်နေပါက နည်းပညာစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ၊ မြို့နယ် ကျေးလက်ဦးစီးရုံးရှိ လူထုဗဟိုပြုစီမံကိန်းရုံးတို့၏ အကူအညီဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် လိုအပ်သည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီအစဉ်ကို ပြင်ဆင်လိမ့်မည်။ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီအစဉ်တွင် ရှောင်ရှားတိုင်းတာရန်များ (သို့) ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်ကို ဆိုးကျိုးသက်ရောက်မှု လျော့ပါးစေရန် နည်းလမ်းများ၊ ရှေးဟောင်း သုတေသနဆိုင်ရာအခွင့်အလမ်းကို ရှာဖွေသော စီမံခန့်ခွဲမှုများအတွက် ပံ့ပိုးပေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ တိုင်းပြည်၏ မူဝါဒ မူဘောင်အတိုင်းလုပ်ဆောင်ခြင်း နှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်၏ စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ဆောင်ခြင်း တို့ဖြစ်သည်။ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီအချိန်တွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီအစဉ်ကို ထောက်ခံချက်ပေးရန် ဆက်သွယ်လိမ့်မည်ဖြစ်သည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီအစဉ်ကို ပြင်ဆင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်(ပုံစံ ၁၅) ကို ပင်အသုံးပြု လိမ့်မည်ဖြစ်သည်။ ရှေးဟောင်း သုတေသနဆိုင်ရာအခွင့်အလမ်းကို ရှာဖွေသော လုပ်ငန်းစဉ်များ ပါဝင်သည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီအစဉ် နမူနာပုံစံကို နောက် ဆက်တွဲ ၅ (ဇယား ၅.၃) တွင် ဖော်ပြထားသည်။

အဆင့် (၄) အကာအကွယ်အစီအမံများ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြည့် စစ်ဆေး ခြင်းနှင့် အကဲဖြတ်ခြင်း

၁၂၁။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီတစ်ခုစီသည် ယခု သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်ပါ မူဝါဒများ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆန္ဒ အလျောက် လှူဒါန်းခြင်း ပုံစံများ၊ အကျဉ်းချုပ် RAP နှင့် အပြည့်အစုံ၊ ပတ်ဝန်း ကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoP)၊ လိုအပ်ပါက သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် နှင့် ရုပ်ဝတ္ထု ပိုင်းဆိုင်ရာယဉ်ကျေးမှု အရင်းအမြစ်များစီမံခန့်ခွဲမှု အစီအစဉ်

ပါဝင်သော စီမံကိန်း အကာအကွယ် အစီအမံများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီသည် RAP အကျဉ်းချုပ် နှင့် RAP အပြည့်အစုံ အကောင်အထည်မဖော် ရသေးမီ (သို့မဟုတ်) အကျိုးခံစားခွင့်များ အားလုံးကို အလုံးစုံလွှဲပြောင်းခြင်းမပြုရသေးမီ (သို့မဟုတ်) သက်ဆိုင်ရာအိမ်ထောင်စုများက လက်မှတ်ရေးထိုးထားသည့် ဆန္ဒအလျောက် လှူဒါန်းခြင်း ပုံစံများကို ကျေးရွာအုပ်စုစီမံကိန်းအထောက် အကူပြုကော်မတီမှ ကြည့်ရှုစစ်ဆေးပြီး သုံးသပ် အတည်မပြုရ သေးမီ တွင် မြေရယူခြင်းများကို လုံးဝမပြုလုပ်ရပါ။ ကာကွယ်ထိန်းသိမ်း ထားသော ယဉ်ကျေးမှုအမွေအနှစ်ဇုန် အတွင်းတည်ရှိသည့် စီမံကိန်းလုပ်ငန်းခွဲအတွက် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ခွင့်ပြုချက်ရရှိရန် တောင်းခံလိမ့်မည်ဖြစ်ပြီး အဆိုပါဌာနသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်မစတင်မီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ကို ပြုလုပ်နိုင်ရန် အတည်ပြုပေးလိမ့်မည်ဖြစ်သည်။

၁၂၂။ ကျေးရွာစောင့်ကြည့် ကြီးကြပ်ရေး ဆပ်ကော်မတီများသည် လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာ စေတနာ့ဝန်ထမ်းတို့နှင့်အတူလက်တွဲပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ (လိုအပ်ပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် နှင့် ရုပ်ဝတ္ထု ပိုင်းဆိုင်ရာယဉ်ကျေးမှု အရင်းအမြစ်များစီမံခန့်ခွဲမှု အစီအစဉ်) အပါအဝင် ဆန္ဒ အလျောက်လှူ ဒါန်းခြင်း ပုံစံများနှင့် အကျဉ်းချုပ် RAP သို့မဟုတ် RAP အပြည့်အစုံတို့ အပါအဝင် အကာအကွယ်အစီအမံများ အကောင် အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိပါသည်။ ကျေးရွာစောင့်ကြည့် စစ်ဆေးရေး ကော်မတီသည် အကာအကွယ် အစီအမံများ စနစ်တကျလိုက်နာပြီး ဖြစ်ကြောင်း အတည်ပြုပြီးချိန်တွင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန် အသင့်ဖြစ်ကြောင်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသို့ အသိပေးရမည်။ ဆန္ဒအလျောက် မြေလှူဒါန်းခြင်း၊ ဆန္ဒမပါဘဲ မြေကိုရယူခြင်းသို့မဟုတ် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်းများပါဝင်သော စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ဤအတည်ပြု ချက်လိုအပ်ပါသည်။

၁၂၃။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ်အတွင်း ကျေးရွာစောင့်ကြည့် ကြီးကြပ်ရေး ဆပ်ကောမတီများနှင့် လူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများသည်ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို စောင့်ကြပ်ကြည့်ရှုပေးရမည်။ လူထုစည်းရုံးရေးမှူးများသည် ကျေးရွာများသို့ပုံမှန်သွား ရောက်ပြီး သတင်းအချက်အလက်များ စုဆောင်းရမည်။ ရွာသားများဘက်က မိမိတို့မဖြေဆိုနိုင်သော မေးခွန်းများ၊မကျေနပ်မှုများတင်ပြလာပါကဝေဖန်အကြံပြုတိုင်ကြားမှုဖြေရှင်းရေးစနစ်နှင့်အညီအဖြေ ရှာ သွားရန် တိုက်တွန်းရမည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် ကာကွယ်ထိန်းသိမ်းထားသော ရှေးဟောင်းအမွေအနှစ်ဇုန်အတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲ၏ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်နေစဉ်အတောအတွင်း နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို စစ်ဆေးရန်နှင့် လိုအပ်သော အကြံဉာဏ်များပေးရန် စောင့်ကြည့်လေ့လာ ရေးခရီးများ သွားရောက်လိမ့်မည်ဖြစ်သည်။

၁၂၄။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အကြံပေးအဖွဲ့ များသည် လူမှု စစ်ဆေးမှု များကို နှစ်စဉ်ဆောင်ရွက်မည်ဖြစ်သည်။ လူမှုစစ်ဆေးမှုများပြုလုပ်ရန်အတွက် လူထုစည်းရုံးရေးမှူး များက ကျေးရွာ များ၌ လူထုအစည်းအဝေးများကို ဦးဆောင်ကျင်းပမည်ဖြစ်သည်။ (ဝေးလံသည့် ဒေသများတွင် ရွာအချင်းချင်းစုပေါင်း ကာ အားလုံးအဆင်ပြေမည့်တစ်နေရာ၌ တွေ့ဆုံစည်း ဝေးနိုင်သည်။) ထို့ပြင် အစည်းအဝေး ကျင်းပမည့်အကြောင်းကို လည်း ကြိုတင်အသိပေးကြေညာပြီး လူထုပါဝင်နိုင်မှုကို အမြင့်ဆုံး မြှင့်တင်နိုင်မည့် အချိန်နှင့်နေရာတို့ကို ရွေးချယ်ကာ ကျင်းပသွား မည်ဖြစ်သည်။ လူမှုစစ်ဆေးမှုပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ တစ်နှစ်တာအတွင်း ဖြစ်ပေါ်တိုးတက်ခဲ့မှုများ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်အတွက် ကုန်ကျ စရိတ်များ၊ နည်းပညာ စစ်ဆေးမှုနှင့် ငွေစာရင်း စစ်ဆေးမှု ရလဒ်များ၊ ရရှိသင်ခန်းစာများနှင့် အနာဂတ်တွင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်ပြီး ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူ လူထုကို ပြန်လည်အသိပေးတင်ပြရန်နှင့် ကျေးရွာသူ ကျေးရွာသားများ၏ ထင်မြင်ချက်၊

ယူဆချက်များနားထောင်ရန် ဖြစ်သည်။ အစည်းအဝေးကို ကျေးရွာ စေတနာ့ ဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်း များနှင့် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ တက်ရောက်ကြမည်ဖြစ်သည်။ ၎င်းအစည်းအဝေးသည် ပြဿနာများကို တင်ပြရန်၊ နစ်နာမှုများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်ပြီး ပြည်သူများ ကြုံတွေ့ရနိုင်သည့် ကိစ္စရပ်များအတွက် မကျေနပ်သံများကို နားထောင်ရန် ပြုလုပ်သည့် ပြည်သူ့ဖိုရမ်တစ်ခုပင်ဖြစ်သည်။ လူထုစည်းရုံးရေးမှူးသည်တင်ပြသည့်ကိစ္စရပ်များနှင့်နောက်လာ မည့် စက်ဝန်းတွင် မည်သို့ဖြေရှင်းမည် စသည် တို့ကိုမှတ်သားထားသည့် အစည်းအဝေး မှတ်တမ်းကို ပြုစုမည်ဖြစ်သည်။ ထိုအချက်အလက်များကို ပြင်ဆင်တည်းဖြတ်မည့် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီ အစဉ်တွင် ထည့်သွင်းကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ၎င်းမှတ်တမ်းကို တင်ပြမှ သာလျှင် နောက်နှစ်အတွက် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေကို လွှဲပြောင်းပေးမည်ဖြစ်သည်။

၁၂၅။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီက ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ လစဉ်ပေးပို့သည့် အစီရင်ခံစာတွင် ပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်များနှင့် စပ်လျဉ်း သော လုပ်ငန်းများ ကို အကျဉ်းချုပ် ဖော်ပြသွားည်ဖြစ်သည်။ ယင်းအစီရင်ခံစာတွင် အစီရင်ခံသည့် ကာလအတွင်း ဆောင်ရွက် ပြီးစီးခဲ့သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လျော့ပါးသက်သာရေး အစီအစဉ်၊ ဆန္ဒအလျောက် လှူဒါန်းခဲ့မှုများ၊ အကျဉ်းချုပ် RAP နှင့် RAP အပြည့်အစုံ (ဆီလျော်ပါက) တို့ကိုပါ အကျဉ်းချုပ်ဖော်ပြသွားမည်ဖြစ်သည်။

၁၂၆။ ကမ္ဘာ့ဘဏ် အနေဖြင့် အကာအကွယ်များဆန်းစစ်လေ့လာခြင်းပုံစံများ၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်၊ ဆန္ဒအလျောက်လှူဒါန်းခြင်း၊ RAPအကျဉ်း နှင့် RAP အပြည့်အစုံ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoP) များ အသုံးချမှုများကို ကျပန်းစနစ်ဖြင့် ပြန်လှန်စစ်ဆေးပြီး ယခု ESMF နှင့် စီမံကိန်းနှင့်ဆိုင် သည့် အခြားသော လက်စွဲများပါ အချက်များနှင့် အညီ အကာအကွယ် အစီအမံများ လိုက်နာမှု ရှိမရှိကို စီစစ်ရန်အတွက် ကွင်းဆင်းစစ်ဆေးမည် ဖြစ်သည်။

**တိုင်းရင်းသားလူမျိုးစုများ အပြည့်အဝပါဝင်နိုင်ရေး အထူးနည်းလမ်းများ**

၁၂၇။ တိုင်းရင်းသား လူမျိုးစုများအနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှုတွင် အပြည့်အဝပါဝင် ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် စီမံကိန်းမှ အကျိုးကျေးဇူးမခံစားရခြင်းတို့ကို အတတ်နိုင်ဆုံးလျှော့ချရန်အ တွက် အောက်ပါ နည်းလမ်းများကို လူထုဗဟိုပြုစီမံကိန်းက အသုံးပြုသွားပါမည်။

- စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံး လူထုစည်းရုံးရေးမှူးများကို ကူညီမည့် ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင် တိုင်းရင်းသားလူမျိုးစုငယ်များပါဝင် နိုင်အောင် ဆောင်ရွက်ခြင်း။
- လူထုစည်းရုံးရေးမှူးများ/လက်ထောက်နည်းပညာမှူးများအားလူမျိုး၊ဘာသာနှင့်ဘေးဖယ်ထုတ်မှု ဆိုင်ရာ ကိစ္စရပ်များကိုဂရုစိုက်မှုမြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း
- ကျေးရွာနှင့်ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များနှင့်ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးစုငယ် များ အား လွတ်လပ်သော ကြိုတင်အသိပေးညှိနှိုင်းမှုများဆောင်ရွက်ခြင်း
- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက ဆုံးဖြတ်ချက်ချမှတ်ရာတွင် တိုင်းရင်း သား လူနည်းစုများပါဝင်နိုင်အောင်ဆောင်ရွက်ခြင်း
- လုပ်ငန်းအရည်အသွေး စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကျိုးစီးပွားဆန်းစစ်လေ့လာမှုများ ပြု လုပ်ရာတွင် ဆိုင်ရာအသိုင်းအဝိုင်း၏သဘောသဘာဝအခြေအနေနှင့် တိုင်းရင်းသားလူမျိုးများ၊ အမျိုးသမီးများနှင့် အထိခိုက်အခံရနိုင်ဆုံးသောပုဂ္ဂိုလ်များအပေါ် အထူးဂရုပြုအာရုံစိုက်ပြီးလျှင် ပင်မအစုဖွဲ့ဆွေးနွေးပွဲများနှင့် အဓိကကျသော အချက်အလက်ရယူမှုအင်တာဗျူးများကို အသုံး ပြုခြင်း
- စီမံကိန်းအကြောင်းသတင်းထုတ်ပြန်ရာတွင် ဒေသသုံးဘာသာစကားများဖြင့်ပါ ဖော်ပြခြင်း

၁၂၈။ ယင်းနည်းလမ်းများကို စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲတွင် ဖော်ပြထားသည်။

၁၂၉။ တိုင်းရင်းသားဘာသာစကားများဆိုင်ရာ အကြံများရယူခြင်း၊ ဖော်ထုတ်ရှင်းလင်းခြင်းများနှင့် ပက်သက် ၍ လမ်းညွှန်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်သွယ်ရေးမဟာဗျူဟာ ၏ တစိတ်တပိုင်းအနေဖြင့် ရေးဆွဲလျှက်ရှိသည်။ ထိုသို့ရေးဆွဲရာတွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ အကြံပေးဆွေးနွေးပွဲများ၌ တက်ရောက်သူများက အလေးအနက်ထားပြောကြားခဲ့ကြသည့် စီမံကိန်း နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်က ပေးသည့် ကာကွယ်မှုများအား တိုင်းရင်းသားလူမျိုးစုများ ရှင်းရှင်းလင်းလင်းနားလည်စေရေး ရုပ်မြင်သံကြားပစ္စည်းများကို အသုံးပြုသင့်သည်ဟူသော အချက်ကို ထည့်သွင်းစဥ်းစားခဲ့သည်။ အဆိုပါ လမ်းညွှန်ချက်များတွင် စီမံကိန်းစာရွက်စာတမ်းများကို တိုင်းရင်းသားစာပေသို့ ဘာသာပြန်ဆိုခြင်းဆိုင်ရာ စည်းမျဉ်းများလည်း ပါရှိမည်။ ထိုကဲ့သို့သော စည်းမျဉ်းများတွင် စာရေးသားနည်းမရှိသော တိုင်းရင်းသားမျိုးနွယ်များထံ စီမံကိန်းဆိုင်ရာ စာတမ်းများရောက်ရှိစေရန် လုပ်ဆောင်ပုံအဆင့်ဆင့်လည်း ပါဝင်သည်။ အဆိုပါ လမ်းညွှန်ချက်ကို ၂၀၁၅ ဇွန်လ ၃၀ တွင် ရေးဆွဲရန် မျှော်မှန်းထားခဲ့သည်။

**အမျိုးသမီးများအပြည့်အဝပါဝင်နိုင်မှုရှိစေရေး အထူးနည်းလမ်းများ**

၁၃၀။ NCDDP မှ လေ့ကျင့်သင်ကြားပေးထားသည့် လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ ဝန်ထမ်းများက အမျိုးသမီးများနှင့် အမျိုးသားများကို သီးခြားစီခွဲကာ အစည်းအဝေးများပြုလုပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်အတွက် ၎င်းတို့တင်ပြလိုသည့် လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ရန်များ ကိုမေးမြန်းဖော်ထုတ်ကာ စီမံကိန်းအချက်အလက်စနစ်အတွင်း မှတ်တမ်းတင်သိမ်းဆည်းထားသည့် နည်းကို လူထုဗဟိုပြုစီမံကိန်းက ဆက်လက် အသုံးပြုသွားပါမည်။ တူညီသောလုပ်အားတိုင်းအတွက် အမျိုးသားနှင့်အမျိုးသမီး တန်းတူလုပ်ခရရှိပါမည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းခွဲတစ်ခုစီအတွက် သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဘဝအကာအကွယ်များကို ဆန်းစစ်ရာတွင်လည်း ကျားမအခန်းကဏ္ဍကို ထည့် သွင်းပါမည်။ စီမံကိန်းလုပ်ငန်းခွဲများအတွက်လုပ်သည့်အကာအကွယ်အစီအမံများတွင် ကျားမအခန်း ကဏ္ဍသုံးသပ်ချက်ပါဝင်မည်ဖြစ်ပြီး ကျားမကွဲပြားမှုအတွက် တိတိကျကျဆောင်ရွက်ရမည်များကို လည်း အဆိုပြုထားပါသည်။ လူထုစည်းရုံးရေးမှူးများနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများအနေဖြင့် လည်း အမျိုးသမီးများ၏ပါဝင်မှုကို ကန့်သတ်ခြင်းများ မရှိကြောင်းနှင့် အမျိုးသမီးများသည်လည်း ကျေးရွာအဆင့် အကောင်အထည်ဖော်ရေးကော်မတီများနှင့် ဆပ်ကော်မတီအသီးသီးတွင် ကိုယ်စားပြု ပါဝင်မှုရှိကြောင်းကို ဂရုတစိုက်စစ်ဆေးရမည်ဖြစ်သည်။ ကော်မတီဝင်များ၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ရမည်ဟု သတ်မှတ်ထားပါသည်။

## ၈။ စီမံကိန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းအား ဆန်းစစ်လေ့လာခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

၁၃၁။ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက် ဆန်းစစ်မှုပြုလုပ်ခြင်းကို ကနဦး နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီအထောက်အပံ့ပြင်ဆင်သည့်ကာလအတွင်း ဆောင်ရွက်ခဲ့ပြီး ရလဒ်များကို ဇယား (၇) တွင် ပြင်ဆင်မွမ်းမံ ဖော်ပြထားပါသည်။

**ဇယား ၇ : အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ဆန်းစစ်ချက်နှင့် စီမံကိန်းလုပ်ငန်းခွဲများ အတွက်လေ့ကျင့် သင်တန်းပေးရန်လိုအပ်ချက်များ**

| အဖွဲ့အစည်း | | စီမံကိန်း လုပ်ငန်းခွဲ ရေးဆွဲခြင်း | ပုံစံ | သုံးသပ်ချက်၊ အကဲဖြတ်ချက် ခွင့်ပြုချက် | အကောင်အထည်ဖော်ခြင်း | လည်ပတ်ခြင်း နှင့် ပြုပြင် ထိန်းသိမ်းရေး |
|---|---|---|---|---|---|---|
| ကျေးလက်/ ဦးစီး (ပြည်ထောင်စု အဆင့်) | တာဝန် | | ပင်မအစီအစဉ် ပုံစံများနှင့် ECoPs အပါအဝင်စာတမ်းများ | - | - | - |
| | ဝန်ထမ်းများအား ဆန်းစစ်ချက် | အသစ် ငှားရမ်းထားသော အခြေခံအဆောက်အဦ အင်ဂျင်နီယာ ၃ ဦး အပါအဝင် အင်ဂျင်နီယာ များရှိသည်။ | | | | |
| | နည်းပညာ အထောက်အပံ့ | နည်းပညာ စွမ်းရည် လုံလောက်မှုရှိသည်။ အင်ဂျင်နီယာများ ထပ်မံမလိုအပ်ပါ။ CFs/TFs များအား ပေးသော PCR သင်တန်းကို မြို့နယ် ရေးဟောင်းသုတေသန ဦးစီးဌာနနှင့် ပြည်နယ်နှင့်တိုင်း လက်ထောက် နည်းပညာမှူးမှ ကူညီထောက်ပံ့ပါသည်။ | | | | |
| | လေ့ကျင့်သင်တန်းပေးရန် လိုအပ်ချက် | ESMF၊ ECoPs၊ EMP၊ PCR၊ RAP၊ ဆန္ဒအလျှောက် လှူဒါန်းခြင်း၊ IPP၊ ဆွေးနွေး တိုင်ပင်ခြင်း နှင့် စာတမ်းများ နှင့် ပတ်သက်၍ လေ့ကျင့်ပေးခြင်း။ | | | | |
| ကျေးလက်/ ဦးစီး ပြည်နယ်နှင့်တိုင်း ရုံးများ (ပြည်နယ်နှင့် တိုင်ရုံး ၁၅ ရုံးဖွဲ့စည်း တည်ထောင်ထားပါသည်။) | တာဝန် | • ပြည်နယ်နှင့်တိုင်းအဆင့် ဦးစီးဌာနများနှင့် အဓိကအပိုင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်ပါသည်။ အခြေခံအဆောက်အအုံ၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ရေး၊ အကာအကွယ်ပစ္စည်းများနှင့် အခြားကိစ္စရပ်များတွင် မြို့နယ်ရုံးများအား နည်းပညာ အထောက်အပံ့ကို ပံ့ပိုးပေးပါသည်။<br>• ပြည်ထောင်စုအဆင့်သို့ စုပေါင်းအစီရင်ခံခြင်းအား ကူညီထောက်ပံ့ပေးပါသည်။<br>• ပူးပေါင်းပါဝင်သော မြို့နယ်များ၏ အကာအကွယ်နှင့် မြို့နယ်အဆင့်၌ မဖြေရှင်းနိုင်သော အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများအား ဖြေရှင်းရန် TPICs အား ကူညီထောက်ပံ့ပေးခြင်း အပါအဝင် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာတွင် စောင့်ကြည့်စစ်ဆေးရမည်။ | | | | |
| | ဝန်ထမ်းများအား ဆန်းစစ်ချက် | ကျေးလက်/ဦးစီးဌာနမှ ဝန်ထမ်း ၂ ဦး (စီနီယာ အင်ဂျင်နီယာ ၁ ဦး၊ ဂျူနီယာ အင်ဂျင်နီယာ ၁ ဦး) နှင့် အကြံပေးအရာရှိ ၃ ဦး အပါအဝင် ဖွဲ့စည်းထားသော ပြည်နယ်နှင့်တိုင်းရုံး ၁၅ ရုံးတစ်ခုစီတွင် ခန့်မှန်ခြေ နည်းပညာဝန်ထမ်း ၅ ဦးစီရှိပါသည်။ ပြည်နယ်နှင့်တိုင်း အကြံပေးအရာရှိ၏ ၅၀%နှင့် အထက်သည် ၎င်းတို့၏ အရင် ကာလမှ TFs အနေဖြင့် တာဝန်ဝတ္တရားမှ အကာအကွယ်ဆိုင်ရာ ပစ္စည်းများ | | | | |

| အဖွဲ့အစည်း | | စီမံကိန်း လုပ်ငန်း ခွဲ ရေးဆွဲခြင်း | ပုံစံ | သုံးသပ်ချက် ၊ အကဲဖြတ်ချက် ခွင့်ပြုချက် | အကောင် အထည် ဖော်ခြင်း | လည်ပတ်ခြင်း နှင့် ပြုပြင် ထိန်းသိမ်းရေး |
|---|---|---|---|---|---|---|
| | | အပါအဝင် NCDDP သင်တန်းများအား တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ | | | | |
| | နည်းပညာ အထောက်အပံ့ | သက်ဆိုင်ရာ အကာအကွယ် လုပ်ထုံးလုပ်နည်းများအပါအဝင် စီမံကိန်းလက်စွဲ၏ တိကျသော လိုအပ်ချက်များအပေါ် သင်တန်းများ လိုအပ်ပါသည်။ | | | | |
| | လေ့ကျင့်သင် တန်းပေးရန် လိုအပ်ချက် | ESMF၊ ECoPs၊ EMP၊ PCR၊ RAP၊ ဆန္ဒအလျှောက် လှူဒါန်းခြင်း၊ IPP၊ ဆွေးနွေး တိုင်ပင်ခြင်း နှင့် စာတမ်းများ နှင့် ပတ်သက်၍ လေ့ကျင့်ပေးခြင်း။ | | | | |
| ကျေးလက်/ ဦးစီး (မြို့နယ် အဆင့်) | တာဝန် | စီမံကိန်း လုပ်ငန်း ခွဲ အဆိုပြု ချက်များ အပေါ် နည်းပညာ ဆိုင်ရာ ဝေဖန် သုံးသပ် ချက် | စံသတ်မှတ်ချက် စာတမ်းများအား သုံးသပ်ခြင်း၊ စစ်ဆေးခြင်း၊ ECoPs များနှင့် EMPs၊ PCRများ ကို အသုံးပြုခြင်း နှင့် မှီငြမ်းခြင်း၊ အကျိုးသက် ရောက်မှု တိုင်း တာခြင်း၊ ရွာသူ ရွာသားများနှင့် တိုင်ပင်၍ အသေးစိတ် ပုံစံများ ထုတ်လုပ်ခြင်း | ရှိသည်။ | ရှိသည် – လွှမ်းခြုံ စောင့် ကြည့် ကြီး ကြပ်ခြင်း | ရှိသည် – လွှမ်းခြုံ ၍ အခါ အားလျော် စွာစောင့် ကြည့် ကြီး ကြပ်ခြင်း |
| | ဝန်ထမ်းများ အား ဆန်းစစ်ချက် | ကျေးလက်/ ဦးစီးသည် မြို့နယ်အဆင့် တွင် ဝန်ထမ်းများ ထပ်မံ ခေါ်ယူလျှက်ရှိပြီး ၎င်းတို့ အနေဖြင့် အကာအကွယ် မူဝါဒများ နှင့် ပတ်သက်၍ လေ့ကျင့်ပေးရန် လိုအပ်သည်။ ထို့အပြင် မြို့နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများ အားလုံး အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန် လုံလောက်သော ဝန်ထမ်း အရေအတွက် မရှိပေ။ လူထုဗဟိုပြု စီမံကိန်းမှ လက်ထောက်နည်းပညာမှူးများက ထပ်မံ ကူညီထောက်ပံ့ ပေးလျှက်ရှိသည်။ | | | | |

| အဖွဲ့အစည်း | | စီမံကိန်းလုပ်ငန်းခွဲ ရေးဆွဲခြင်း | ပုံစံ | သုံးသပ်ချက်၊ အကဲဖြတ်ချက် ခွင့်ပြုချက် | အကောင်အထည် ဖော်ခြင်း | လည်ပတ်ခြင်း နှင့် ပြုပြင် ထိန်းသိမ်းရေး |
|---|---|---|---|---|---|---|
| | နည်းပညာ အထောက်အပံ့ | စွမ်းဆောင်ရည် လုံလောက်မှု ရှိသော်လည်း အသုံးရပြုမည့် အကာအကွယ် လုပ်ထုံးလုပ်နည်းများ အပါအဝင် စီမံကိန်း အကောင်အထည် ဖော်ရေး လက်စွဲ ၏ တိကျသော လိုအပ်ချက်များကို လေ့ကျင့်သင်ကြားပေးရန် လိုအပ်သည်။ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများသည် ကျေးလက်/ ဦးစီး အင်ဂျင်နီယာများ ကို ကူညီထောက်ပံ့သည်။ ၎င်းအပြင် အသုံးပြုမည့် အကာအကွယ် မူဝါဒများ ဖြစ်သည့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည် ဖော်မှုအတွင်း အသေးစားပြင်ဆင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု ညွှန်ကြားချက် များ အပါအဝင် ကျေးရွာများရှိ ဆောင်ရွက်မှုများကို ဦးဆောင်ရမည်။ | | | | |
| | လေ့ကျင့်သင် တန်းပေးရန် လိုအပ်ချက် | မြို့နယ် အင်ဂျင်နီယာများနှင့် စည်းရုံးရေးမှူးနှင့် နည်းပညာမှူးများအား ESMF၊ ECoPs၊ EMP၊ PCR၊ RAP၊ ဆန္ဒအလျှောက် လှူဒါန်းခြင်း၊ IPP၊ ဆွေးနွေး တိုင်ပင်ခြင်း နှင့် စာတမ်းများ နှင့် ပတ်သက်၍ လေ့ကျင့်ပေးခြင်း။ ECoPs နှင့် ပတ်သက်သည့် သင်တန်းများပေးရန် လိုအပ်သည်။ မြို့နယ်အင်ဂျင်နီယာနှင့် လူထုစည်းရုံးရေး မှူးများမှ လုပ်ငန်းလည်ပတ်ခြင်း နှင့်ပြုပြင်ထိန်း သိမ်းခြင်း နှင့် ပတ်သက်၍ စဉ်ဆက်မပြတ် လေ့ကျင့် ဆောင်ရွက်ပေးခြင်း | | | | |
| ကျေးရွာအုပ်စု စီမံကိန်း ဆပ်ကော်မတီ | တာဝန် | IPP, စီမံကိန်းလုပ်ငန်းခွဲများ ရေးချယ်ခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ သုံးသပ်ခြင်းနှင့် ခွင့်ပြုခြင်း၊ အကာအကွယ် စစ်ဆေးမှု၊ ဆန္ဒအလျှောက် လှူဒါန်းခြင်းပုံစံ၊ RAP အကျဉ်းချုပ် သို့မဟုတ် အပြည့်အစုံ တို့ကို အသုံးပြု၍ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ် ကို ရေးဆွဲခြင်း | | | | |
| | ဝန်ထမ်းများ အား ဆန်းစစ်ခြင်း | နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်နှင့် ဝန်ထမ်းများ မရှိပါ။ အသုံးပြုရမည့် အကာအကွယ်ဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ အသိပညာ ကွာဟမှုရှိနေသည်။ စာတတ်မြောက်မှုနှုန်း နိမ့်ကျသည်။ | | | | |
| | နည်းပညာအကူအညီ | လူထု စည်းရုံးရေးမှူးများမှ အကောင်အထည်ဖော်စဉ်ကာလအတွင်း အသုံးပြုရမည့် အကာအကွယ် မူဝါဒများ အပါအဝင် စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ရမည်။ | | | | |
| | လေ့ကျင့်သင် တန်းပေးရန် လိုအပ်ချက် | ESMF၊ ECoPs၊ EMP၊ PCR၊ RAP၊ ဆန္ဒအလျှောက် လှူဒါန်းခြင်း၊ IPP၊ ဆွေးနွေး တိုင်ပင်ခြင်း နှင့် စာတမ်းများ နှင့် ပတ်သက်၍ လေ့ကျင့်ပေးခြင်း။ | | | | |
| ကျေးရွာ စီမံကိန်း ဆပ်ကော်မတီ | တာဝန် | လူထုပါဝင်သော လူမှုဆန်းစစ်ချက်၊ သုံးသပ်ချက်နှင့် လွှမ်းခြုံကြီးကြပ်မှု အပါအဝင် စီမံကိန်းလုပ်ငန်းခွဲ ရေးဆွဲခြင်းနှင့် ပတ်သက်သည့် အလုံးစုံ ဆုံးဖြတ်ခြင်း | | | | |

| အဖွဲ့အစည်း | | စီမံကိန်းလုပ်ငန်းခွဲ ရေးဆွဲခြင်း | ပုံစံ | သုံးသပ်ချက်၊ အကဲဖြတ်ချက် ခွင့်ပြုချက် | အကောင်အထည်ဖော်ခြင်း | လည်ပတ်ခြင်း နှင့် ပြုပြင်ထိန်းသိမ်းရေး |
|---|---|---|---|---|---|---|
| | ဝန်ထမ်းများအား ဆန်းစစ်ခြင်း | နည်းပညာပိုင်းဆိုင်ရာ စွမ်းရည်နှင့် ဝန်ထမ်းများ မရှိပါ။ အသုံးပြုရမည့် အကာအကွယ်ဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ အသိပညာ ကွာဟမှုရှိနေသည်။ စာတတ်မြောက်မှုနှုန်း နိမ့်ကျသည်။ | | | | |
| | နည်းပညာအကူအညီ | လူထုစည်းရုံးရေးမှူးများ/ နည်းပညာစည်းရုံးရေးမှူးများ မှ အကောင်အထည်ဖော်စဉ်ကာလအတွင်း စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ရမည်။ ကျေးလက်/ဦးစီး အင်ဂျင်နီယာ သည် စီမံကိန်းလုပ်ငန်းခွဲများ ပုံစံရေးဆွဲခြင်း၊ လည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း တို့ အတွက် စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ရမည်။ | | | | |
| | လေ့ကျင့်သင်တန်းပေးရန် လိုအပ်ချက် | ကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီမှ အရေးပါသူများကို ESMF၊ ECoPs၊ EMP၊ PCR၊ RAP၊ ဆန္ဒအလျောက် လှူဒါန်းခြင်း၊ IPP၊ ဆွေးနွေး တိုင်ပင်ခြင်း နှင့် စာတမ်းများ နှင့် ပတ်သက်၍ အလုံးစုံ လေ့ကျင့်ပေးခြင်း။ | | | | |

*ကာကွယ်ထိန်းသိမ်းတားသော ယဉ်ကျေးမှု အမွေအနှစ်ဇုန်များ အတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် လည်းကောင်း၊ PCR သက်ရောက်သော နယ်မြေများတွင်လည်းကောင်း ရှိသော ပြည်နယ်/တိုင်း၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာတို့အား PCR နှင့် ပတ်သက်သည့် သင်တန်းပေးပို့ရပါမည်။

၁၃၂။ အထက်တွင်တွေ့ရသည့် စွမ်းဆောင်ရည်အခက်အခဲများကိုဖြေရှင်းရန်အတွက် လူထုဗဟိုပြုစီမံကိန်းသည် စွမ်းဆောင်ရည်တိုးတက်ရေးကိုအဆင့်တိုင်းတွင် အဆင့်ဆင့် မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်သည်။ယင်းမှာ စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဆန်းစစ်လေ့လာရေးမူဘောင်များနှင့် အညီ ကိုက်ညီစေရန်၊ ‌ ရေရှည်တည်တံ့မှုများ ရရှိစေရန်တို့အတွက် ရည်ရွယ်သည်။ ရပ်ရွာအဆင့် လေ့ကျင့်သင်ကြားမှုများအတွက် လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများမှာ ရိုးရှင်းရမည် (ရပ်ရွာအဆင့်တွင် စီမံကိန်းလုပ်ကိုင်နေစဉ်အတွင်း မှီ ငြမ်း ိုးနိုင်ရေးအတွက် စီမံကိန်း လက်စွဲ၏ သက်ဆိုင်သည့်အပိုင်းများကို ရိုးရှင်း အောင်ပြုလုပ်ထားခြင်း)၊ စာမတတ်သူများလည်း လက်လှမ်းမီစေရန် ပုံဖြင့်ရေးဆွဲထားသလို (ဝေဖန်အကြံပြုဖြေရှင်းနည်း၊ အလွဲသုံးစား၊ ့ ခြစားမှုများ ့၊ အကာအကွယ်ဆိုင်ရာ စသည်တို့အတွက် လိုအပ်ချက်များကို ရုပ်ပြ၊ သရုပ်ဖော်ပုံများ၊ ့ ဓာတ်ပုံများဖြင့်ဖော်ပြထားခြင်း) အသုံးပြုသည့် ဘာသာစကားအားလုံးသို့ ပြန်ဆိုထားပါသည်။

၁၃၃။ စီမံကိန်းမြို့နယ်တစ်ခုချင်းစီအလိုက် လုပ်ငန်းစတင်သည့် ကနဦးလများအတွင်း စွမ်းဆောင်ရည် မြှင့်တင်မှုကို အဓိက လုပ်ဆောင်ပါသည်။ ပြည်ထောင်စုအဆင့်တွင် လက်ထောက်နည်းပညာမှူး များ၏ အကူအညီကို ရယူ ထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အတွင်းရေးမှူးရုံးက မြို့နယ်အဆင့် ကျေးလက်ဦးစီးနှင့် နည်းပညာ အကူအညီဝန်ထမ်းများကို လေ့ကျင့် သင်ကြားပေးသည်။ မြို့နယ်ကျေးလက်ဦးစီးရုံးများနှင့် အကြံပေးအဖွဲ့ တို့က စီမံကိန်း အကောင်အထည်ဖော်ရေးလက်စွဲပါ စပ်ဆက်ဆီလျော်သည့် ကဏ္ဍများနှင့် ပတ်သက်ပြီး ကျေးရွာလူထုနှင့် လက်ထောက်နည်းပညာမှူးများအား ဆက်လက် လေ့ကျင့် သင်ကြား ပေးသည်။ ထိုအဆင့် တွင် ကျေးရွာအဆင့် စီမံကိန်းစက်ဝန်း စတင်လည်ပတ်မည်ဖြစ်ပြီး ကျေးရွာအဆင့် ပထမဆုံး အကြိမ် အစည်းအဝေး စတင်ခေါ်ယူမည် ဖြစ်သည်။ မြို့နယ်အဆင့် ကျေးလက်ဦးစီးရုံးများ၊ အကြံပေးအဖွဲ့ များနှင့် လူထုစည်းရုံးရေးမှူးများက အကောင်အထည်ဖော်မှုအဆင့်တွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်နေသူများအတွက် သီးခြား သင်တန်းများဖွင့်လှစ်

သင်ကြားပေးသည်။ ယင်းသင်တန်းများကို ကျေးရွာ စေတနာ့ဝန်ထမ်းများနှင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာအဆင့် အကောင်အထည်ဖော်ရေး ကော်မတီနှင့် ဆပ်ကော်မတီခွဲ အမျိုးမျိုးတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ရပ်ရွာလူထုနှင့် ကျေး လက်ဦးစီးဝန်ထမ်းများ အတွက် စွမ်းဆောင်ရည်တိုးတက်ရေး လုပ်ငန်းများ ကို လိုအပ်သလို ပုံမှန် ဆောင်ရွက်သည်။ နှစ်စဉ်မွမ်းမံသင်တန်းများ ပို့ချ ခြင်းနှင့် လူထုတိုက်ရိုက်ထောက်ပံ့ငွေ များ မရမီအချိန်အတွင်း ၌ စီမံကိန်းမြို့နယ်များအကြား အပြန်အလှန်သွားရောက်လည်ပတ်မှုများလည်း ပါဝင်ပါသည်။

၁၃၄။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ရရှိသည့် သင်ခန်းစာများအပေါ် အခြေပြုပြီး လေ့ကျင့် သင်တန်းများ အတွက် သုံးစွဲသည့် အထောက်အကူပြုပစ္စည်းများကို ဆက်လက် ပြောင်းလဲသွား မည်ဖြစ်သည်။ လူမှု စစ်ဆေးမှုများနှင့် စီမံကိန်းနှင့် သက်ဆိုင်သူအားလုံး ပါဝင်သော သုံးသပ်ပွဲများမှ ဖော်ထုတ်တွေ့ ရှိရ သည်များ၊ စာရင်းစစ် ဝင်ခြင်းနှင့် ကျေးလက်ဦးစီး ဌာနမှ တာဝန်ပေး လွှဲအပ်ချက်အရပြုလုပ်သည့် လွတ်လပ်သော နည်းပညာသုံးသပ်မှုတို့မှ သိရှိရသည်များ ကို ထည့်သွင်းစဉ်းစားကာ ပထမနှစ်စက်ဝန်း ပြီးနောက်တွင် ပြင်ဆင် ပြောင်းလဲခြင်း ဖြစ်ပါသည်။ သင်ခန်းစာ ရလဒ်များ အနေဖြင့် လူထုစည်းရုံးရေးမှူး များ၊ လက်ထောက် နည်းပညာမှူးများ၊ မြို့နယ်အဆင့် ကျေးလက် ဦးစီးဌာန နှင့် အကြံပေးအဖွဲ့ဝန်ထမ်း များအတွက် ပေးသည့် သင်တန်းများနှင့် ကျေးရွာအဆင့် ပေးသည့် သင်တန်းများ အားလုံးအတွက် သင်ကြားရေး အထောက်အကူ ပစ္စည်းများကို ပြင်ဆင် ပြောင်းလဲ သလို သင်တန်းကာလကိုလည်း တိုးချဲ့ပါသည်။

## (ည) စောင့်ကြည့်ကြီးကြပ်မှုအစီအစဉ်

၁၃၅။ ကျေးရွာလူထုအဆင့် - အစောပိုင်း နည်းပညာဆိုင်ရာအစည်းအဝေးပွဲများမှချမှတ်လိုက်သည့် ကျေးရွာ စီမံကိန်းလုပ်ငန်းခွဲ လုပ်ငန်းအစီအစဉ်ပေါ်အခြခံပြီး ကျေးရွာ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ (VMSC) သည် ကျေးရွာအဆင့်၌ စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော် တိုးတက်မှု အခြေအနေ များ ကို စောင့်ကြည့်ကြီးကြပ် သည်။ ကျေးရွာ အဆင့်စီမံကိန်းလုပ်ငန်းခွဲသည် ကျေးရွာတစ်ရွာ ထက်မက သို့မဟုတ် မြို့နယ်တစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု တစ်စုထက်မက ပို၍ တိုက်ရိုက်အကျိုးပြုပါက အကျိုးခံစားရသည့်ကျေးရွာများရှိ ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများအနေဖြင့် အကောင်အထည်ဖော တိုးတက်မှု အခြေအနေကို ပူးတွဲ စောင့်ကြည့် ကြီးကြပ် ကြမည် ဖြစ်သည်။ တည်ဆောက်ဆဲကာလတွင် စောင့်ကြည့် ကြီးကြပ်ရေးဆပ်ကော်မတီသည် ကျေးရွာ စီမံကိန်းလုပ်ငန်းခွဲ စောင့်ကြည့်ကြီးကြပ်ရေး ပုံစံကိုအသုံးပြုကာ အစီအစဉ်ပါ လုပ်ငန်းများနှင့် လက်တွေ့လုပ်ကိုင်နေမှုများကို တိုက်ဆိုင်ကာ တစ်လတစ်ကြိမ် သုံးသပ်ပြီးလျှင် အဆိုပါပုံစံကို ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီထံ ပေးပို့ရမည်။ ၎င်းဆပ်ကော်မတီသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝသက်ရောက်မှု လျှော့ချရေး အစီအမံ အကောင်အထည်ဖော်တိုးတက်မှုအခြေအနေကိုလည်း လေ့လာစောင့်ကြည့်ရမည် ဖြစ်သည်။ စောင့်ကြည့်ကြီး ကြပ်မှုအစီရင်ခံစာများကို ကျေးရွာရှိကြော်ငြာသင်ပုန်းတွင် အများသိရှိစေရန် ကပ်ပေးထားမည် ဖြစ်သည်။ ကျေးရွာ စီမံ ကိန်းလုပ်ငန်းခွဲ စောင့်ကြည့် ‘ကြီးကြပ်ရေး ပုံစံစာရွက်များတွင် စီမံကိန်း ရလဒ်မှုဘောင်နှင့်ကိုက်ညီသည့်သတင်းအချက်အလက်များကိုဖြည့်သွင်းရမည်ဖြစ်သည်။

၁၃၆။ ကျေးရွာ အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် အကာအကွယ်ကိစ္စရပ်များ အပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်ဆဲ ကျေးရွာအလိုက်စီမံကိန်းလုပ်ငန်းခွဲများအကြောင်း လချုပ် စုစည်း ရေးသား ပြီးလျှင်ကျေးလက်/ဦးစီးမြို့နယ်အဆင့် စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်အရာရှိ (M&E Officer) ထံသို့ တင်ပြရမည်ဖြစ်သည်။ ကျေးရွာ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စောင့်ကြည့် ကြီးကြပ် ရေးဆပ်ကော်မတီ သည် ကျေးရွာအလိုက် စောင့်ကြည့်ကြီးကြပ်ရေး အစည်းအဝေးကို နှစ်လတစ်ကြိမ် သို့မဟုတ် လုပ်ငန်းအဆင့် တစ်ဆင့်ပြီးမြောက်တိုင်း ကျင်းပရမည်။ အစည်းအဝေးသို့ ရွာသူရွာသား တတ်နိုင်သမျှများများတက်ရောက်မှုရှိစေရန်

အစွမ်းကုန် ဂရုစိုက် အားထည့်ရမည်။ အကောင်အထည်ဖော် မှုနှင့်ဆိုင်သည့် ကဏ္ဍအလိုက် တိုးတက်မှု အခြေအနေများ (ဝယ်ယူရေးလုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ပြီး ပြီးစီးမှုရာခိုင်နှုန်း၊ အလုပ်လုပ်သည့် ရက်နှင့် လုပ်သားအရေအတွက်နှင့် ရှင်းပေးခဲ့သည့် လုပ်အားခများ၊ ထိုနေ့အထိထွက်ငွေနှင့် လက ကျန်ငွေ၊ အမျိုးသမီးများပါဝင်နိုင်မှု၊ အကာအကွယ်နှင့် ဘေးအန္တ ရာယ်လျော့ချရေးအစီအမံများ စသည်) ကို စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီက ရွာသူရွာသားများအား တင်ပြအစီရင်ခံရမည်။ ရွာသူရွာသားများကလည်း မေးခွန်းမေးမြန်းခွင့်၊ စီမံကိန်းနှင့်ပတ်သက်ပြီး ၎င်းတို့ စိတ်ထဲ ရှိသည်များကို တင်ပြခွင့်များရ မည် ဖြစ်သည်။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြု ကော်မတီသည် ဆန္ဒအလျောက်လှူဒါန်း ထည့်ဝင်ခြင်းပုံစံများအပါအဝင် အကာအကွယ်စာရွက်စာတမ်း များအားလုံးကို ဖိုင်တွဲထားရမည်။ အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ကြီးကြပ်နိုင်ရန် စီမံကိန်းနေရာများသို့ သွားရောက်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်ကော်မတီနှင့် ပုံမှန်အစည်းအဝေးများပြုလုပ်ခြင်းနှင့် ထူးခြားသောကိစ္စများနှင့် လက်ခံရရှိသော ဝေဖန်အကြံပြုတိုင်ကြားချက်များစသည့် အကာ အကွယ်အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် နောက်ဆုံးအခြေအနေကို မှတ်သားရမည်။

၁၃၇။ မြို့နယ်အဆင့် - မြို့နယ်အင်ဂျင်နီယာ၊ မြို့နယ်နည်းပညာအကူအညီအဖွဲ့၊ လူထုစည်းရုံးရေး မှူးနှင့် လက်ထောက်နည်းပညာမှူးတို့သည် အကာအကွယ်ဆိုင်ရာ လုပ်ဆောင်ချက် များအပါအဝင် စီမံကိန်းလုပ်ငန်းခွဲများကိုစောင့်ကြည့်ကြီးကြပ် ရမည်။ မြို့နယ်အင်ဂျင်နီယာနှင့် ကျေးလက်ဦးစီးဌာနမြို့နယ်ရုံးမှ M&E အရာရှိတို့သည် ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲများရှိရာနေရာများ သို့ ပုံမှန်သွားရောက် ကွပ်ကဲရမည်။ ခရီးစဉ်တစ်ခုပြီးတိုင်း အကျဉ်းချုပ်မှတ်ချက်ကို ရေးသားဖိုင်တွဲထားရမည်။ ထိုသို့ပြုစုရာတွင် သတ်မှတ်ထားသည့် ဇယားပုံစံ ကို အသုံးပြုရမည်။ ကျေးရွာအလိုက် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်အချိန်ဇယားနှင့် လုပ်ငန်း အစီအစဉ်တို့နှင့် ညှိပြီး ခရီးစဉ်များကို စီစဉ်ရမည်။ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော် ရာတွင် တိုးတက်မှု အခြေအနေနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အန္တရာယ်လျော့ချရေး အစီ အမံများကို ခရီးစဉ်များမှတဆင့် လေ့လာသုံးသပ်ပြီး ကြုံတွေ့နေရသည့်ပြဿနာများကို ဖြေရှင်းနိုင်မည့် အလား အလာရှိသည့် နည်းလမ်းများကိုလည်း အကြံပြု တိုက်တွန်းရမည်။ ကျေးလက်/ ဦးစီးဌာန မြို့နယ်ရုံးမှ M&E အရာရှိသည် ကြီးကြပ်ကွပ်ကဲရေး ခရီးစဉ်များမှ အဓိက လေ့လာတွေ့ရှိချက်များကို သုံးလပတ် မြို့နယ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတွင် တစ်ပေါင်းတည်း ထည့်သွင်းထားရမည်။ မြို့နယ်အင်ဂျင်နီယာသည် ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ က တောင်းဆိုလာသည့် အတိုင်း လိုအပ်သည့်အကြံဉာဏ်များပေးရန်အတွက် လိုအပ်ပါက ခရီးစဉ်များ ထပ်မံရေးဆွဲရမည်။

၁၃၈။ ပြည်နယ်/တိုင်းဒေသကြီး အဆင့် - ပြည်နယ်/တိုင်းဒေသကြီး လူထုဗဟိုပြု စီမံကိန်းဝန်ထမ်းနှင့် အကြံပေးအရာရှိများမှ အခြေခံအဆောက်အအုံ ကြီးကြပ်ရေးနှင့် ပြဿနာများ ဖြေရှင်းရာတွင်ကူညီထောက်ပံ့ပေးရေး အနေဖြင့် ပူးပေါင်းပါဝင်သော မြို့နယ်များအား အကာအကွယ်ဆိုင်ရာ ကြီးကြပ်ရေးနှင့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများအား ပုံမှန် ဆောင်ရွက်ရပါမည်။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးရုံးမှ လက်ရှိ တိုးတက်မှု အစီရင်ခံစာစနစ်တွင် အကာအကွယ်ဆိုင်ရာ အကောင်အထည်ဖော်ခြင်း အခြေအနေပါဝင်စေမှု သေချာစေရန် အတွက် ဆောင်ရွက်ရမည်။ သုံးလပတ်အစီရင်ခံစာ၊ နှစ်ပတ်လည် အစီရင်ခံစာ စသည်ဖြင့်တင်ပြခြင်းတို့ ပါဝင်သည်။

၁၃၉။ ပြည်ထောင်စုအဆင့် - ကျေးလက်/ဦးစီးဌာန ပြည်ထောင်စုရုံးဝန်ထမ်းများနှင့် အခြားပတ်သက် သော နည်းပညာအကြံပေး များသည် မြို့နယ်များ၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာစီမံကိန်း လုပ်ငန်းခွဲများထံသို့ ပုံမှန်ကြီးကြပ်ကွပ်ကဲရေးနှင့် စောင့်ကြည့်ကြီးကြပ်ရေးခရီးများကို ဆက်လက် လုပ်ဆောင်ရမည်။ ခရီးစဉ်များမှတစ်ဆင့် မြို့နယ်တစ်ခုတွင်ရှိသည့်ကျေးရွာအုပ်စုများအတွင်း စီမံကိန်း အကောင်အထည်ဖော်တိုးတက်မှုများကိုဆန်းစစ်အကဲဖြတ်မည်ဖြစ်သည်။ပြည်ထောင်စုအဆင့်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနရုံးသည် အကောင်အထည်ဖော်မှု အရည်အသွေးတိုးတက်စေရန်အ တွက် အခြားမြို့နယ်များမှရရှိသည့် အတွေ့အကြုံများကိုလည်း မျှဝေဖလှယ်မှုရှိစေရ မည်။ ပြည်ထောင်စုအဆင့်

ကျေးလက်ဦးစီးဌာန ရုံးဝန်ထမ်းများနှင့် ပြည်ထောင်စုနည်းပညာအကြံပေး များသည် မြို့နယ်အဆင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့်ကျေးရွာ အုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီများသို့ လိုအပ်သည့်အတိုင်း နည်းပညာအကူအညီများ ဆက်လက်ပေးသွားရမည်။ ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးဌာန M&E အရာရှိသည် ကြီးကြပ်ကွပ်ကဲရေးခရီးစဉ်များမှ တွေ့ရှိချက်များနှင့် သုံးလတစ်ကြိမ်တင်သွင်းရသည့် တိုးတက်မှု မှတ်တမ်းတို့မှ ရရှိသည့် အချက်အလက်များကို သုံးလတစ်ကြိမ်စီမံကိန်းတိုးတက်မှု အစီရင်ခံစာအဖြစ် ပေါင်းစည်းရမည်။ အောက်ပါ လုပ်ဆောင်ချက်အရည်အသွေးဆိုင်ရာ ညွှန်ပြချက်များကို စောင့်ကြည့်ရ မည်ဖြစ်ပြီး ၃ လတကြိမ် တိုးတက်မှုအစီရင်ခံစာတွင်လည်း ဖော်ပြရမည်။

(က) ဆန္ဒအလျောက် ပေးအပ်လှူဒါန်းခြင်း အရေအတွက်

(ခ) မဖြစ်မနေသိမ်းယူရသော မြေနှင့် ပိုင်ဆိုင်မှု ကိစ္စအရေအတွက်

(ဂ) အကျဉ်းချုံး သို့မဟုတ် အပြည့်အစုံရေးဆွဲထားသော ပြန်လည်နေရာချထားရေး အစီအမံ

(ဃ) မြေယာနှင့်ပိုင်ဆိုင်မှုများ မဖြစ်မနေသိမ်းယူရသည့်အတွက် ပေးအပ်ရသည့် လျော်ကြေးပမာဏ

(င) တိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် စီမံကိန်းကြောင့် အကျိုးကျေးဇူးရှိသူ/ အကျိုးသက်ရောက်မှုကို ခံစားရသူ လူဦးရေစုစုပေါင်း

(စ) အောက်ဖော်ပြပါလမ်းကြောင်းများမှတဆင့်တင်ပြလာသော ဝေဖန်အကြံပြုတိုင်ကြား ချက်များနှင့် လက်ရှိအခြေအနေ

၁၄၀။ နှစ်စဉ်စီမံကိန်းစက်ဝန်းတစ်ခုပြီးဆုံးတိုင်း ကုန်ကျစရိတ်များနှင့်တိုးတက်အောင်မြင်မှုများကို ပြန်လည်သုံးသပ်ရန်၊ ဘဏ္ဍာငွေစာရင်းစစ်ခြင်းနှင့် နည်းပညာစစ်ဆေးမှုတွေ့ရှိချက်များကိုဆွေးနွေးရန် နှင့် စီမံကိန်းစက်ဝန်း သို့မဟုတ် ကျေးရွာအကောင်အထည်ဖော်မှုပုံစံအတွက် ဒေသအလိုက် လိုက် လျောညီထွေပြောင်းလဲ သင့်ပုံများကို အကြံပြုရန်အတွက် လူမှုဆန်းစစ် ပွဲများသို့ ရွာသူရွာသားများကို ဖိတ်ခေါ်ရမည်။ မြို့နယ်တစ်ခုအတွင်း စီမံကိန်းအကောင်အထည်ဖော် နေစဉ်အတွင်း ရွာသားများ အနေဖြင့် ဝေဖန်အကြံပြုဖြေရှင်းရေး လုပ်ငန်းစဉ်မှတစ်ဆင့် ဝေဖန်အကြံပြုချက်များ ပေးခြင်း သို့မဟုတ် မကျေနပ်ချက်များကို တိုင်ကြားခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ၂၀၁၆ခုနှစ် မေလ မှ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ အတွင်း ပြုလုပ်သည့် လူမှုဆန်းစစ်ချက်များ အကျဉ်းချုပ်ကို ယခု သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်၏ အပိုင်း (ဆ) တွင် ဖော်ပြထားသည်။

## (ၛ) ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းမှုအစီအစဉ်

၁၄၁။ စီမံကိန်းလုပ်ငန်းများသည် ပွင့်လင်းမြင်သာစွာနှင့် တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း၊ ဆင်းရဲသူများနှင့် အပယ်ခံလူတန်းစားများ၏ အသံများအား နားထောင်ကြောင်း၊ ကိစ္စရပ်များနှင့် ဝေဖန်အကြံပြုချက်များအား ထိထိရောက်ရောက် ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းကြောင်း သေချာစေရန်အတွက် ဝေဖန်အကြံပြုစာများအား NCDDP ၏ ဝေဖန်အကြံပြုစာ ဖြေရှင်းခြင်းစနစ်ဖြင့် ကိုင်တွယ်ဖြေရှင်းသည်။ ဝေဖန်အကြံပြုချက် ဖြေရှင်းရေးအဆင့် အသေးစိတ်များအား စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲစာအုပ်တွင် ဖော်ပြထားသည့်အပြင် ကျေးရွာအဆင့်တွင် ပိုစတာများ၊ မြင်တွေ့နိုင်သော ပစ္စည်းများမှတဆင့် လူတိုင်း သိမြင်နိုင်အောင် ပြုလုပ်ပေးထားသည်။

၁၄၂။ မိမိတို့၏သိရှိပိုင်ခွင့်ကိုအနှောင့်ယှက်ခံရသည်ဟု ယူဆပါက၊ ပြင်ပအဖွဲ့အစည်းတစ်ခုခုက မလျော်မကန် ဝင်ရောက်စွက်ဖက်ပါက၊ မသမာမှုနှင့်ခြစားမှုများရှိပါက၊ ယခု မူဘောင်ပါ ရပိုင်ခွင့် များနှင့် အခွင့်အရေးများ ချိုးဖောက်ခံရ ပါက၊ သို့မဟုတ်စီမံကိန်း၏ မည်သည့် အခြေခံမှုများ မဆို၊ လုပ်ထုံးလုပ်နည်းများမဆို သွေဖည်ခံရပါက ကျေးရွာသူရွာ သားများ၊ ကန်ထရိုက်တာများ၊ စီမံကိန်း ဝန်ထမ်းများ၊ အာဏာပိုင်များနှင့် တခြား ပတ်သက်သူအဖွဲ့အစည်းများအနေဖြင့် တိုင်ကြားနိုင်ပါသည်။

၁၄၃။ တိုင်ကြားချက်များလက်ခံမည့်ရုံးများကို ကျေးရွာအဆင့်တွင် ရွာသူရွာသားများကိုယ်တိုင်က ရွေးချယ်သဖြင့် ၎င်းတို့သည် ပဋိပက္ခ/မကျေနပ်ချက်များ ကြားခံဖြေရှင်းရေး လုပ်ငန်းစဉ်၏ ပထမ အလွှာ ဖြစ်လာသည်။ ၎င်းတို့သည် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီအား အစည်းအဝေး ခေါ်ပြီး ထိခိုက်ခံစားရသူများတင်ပြသည့်ကိစ္စများကို ဆွေးနွေးရန်၊ သို့မဟုတ် နှစ်ဦးနှစ်ဖက် ကျေနပ် နိုင်မည့် ဖြေရှင်းနည်းများရအောင် ညှိနှိုင်းပေးရန်အတွက် တောင်းဆိုနိုင်သည်။ ထို့ပြင် ထိခိုက်နစ်နာ သူများဘက်မှ ဝေဖန်တိုင်ကြားဖြေရှင်းရေးလုပ်ငန်းစဉ်သို့ တရားဝင်တိုင်ကြားနိုင်ရေးအတွက်လည်း အကူအညီများပေးနိုင်သည်။ ယခု မူဘောင်ပါပြဋ္ဌာန်းချက်နှင့်အညီ ၎င်းတို့အား သင်တန်းများပို့ချပေးပြီး ၎င်းတို့လက်ခံရရှိသည့် တိုင်ကြားချက်များကို ၎င်းတို့ကိုယ်တိုင်မှတ်တမ်းထားရှိရမည်။

၁၄၄။ အကယ်၍တိုင်ကြားသူက မည်သူမည်ဝါမှန်း ကိုယ်တိုင် ဖော်ပြသည့်အခါမျိုးမှလွဲလျှင် တိုင်ကြားမှုများကို တိုင်ကြားသူအမည် ထည့်သွင်းခြင်းမရှိပဲ အများ ပြည်သူ သို့ထုတ်ပြန်မည်ဖြစ်သည်။ တိုင်ကြားမှုအတွက် မည်သည့်အခကြေးငွေမျှ ပေးရန်မလို ပါ။ တိုင်ကြားသူ မည်သူမည်ဝါမှန်းသိရှိပါက တိုင်ကြားချက်ဖြေရှင်းရေးရုံးသည် တိုင်ကြားချက် လက်ခံ ရရှိချိန်မှ နှစ်ပတ်အတွင်းဖြေရှင်းမည့်အချိန် ဇယားနှင့် ဖြေရှင်းမည့်ပုံစံတို့ကို ဆက်သွယ်ပြောကြား ပါမည်။ တိုင်ကြားသူမသိရသည့်တိုင်ကြားချက်များအပါအဝင် နစ်နာမှုအားလုံးတို့ကို ရက် ၃၀ အတွင်းတုံ့ပြန်ကာ တိုင်ကြားချက်စတင်လက်ခံရရှိချိန်မှ ရက်ပေါင်း ၉၀ အတွင်း အပြီးအပြတ်ဖြေရှင်းပေးမည်ဖြစ် သည်။

၁၄၅။ နစ်နာမှုများဖြေရှင်းရေးလုပ်ငန်းစဉ်ကို အဆင့်(၅)ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ (၁) လက်ခံခြင်း (၂) ခွဲခြားခြင်း (၃) စီစစ်ခြင်း (၄) အရေးယူခြင်းနှင့် (၅) နောက်ဆက်တွဲ ဆက်လက်လုပ်ဆောင်ခြင်း တို့ဖြစ်သည်။

၁၄၆။ ကျေးရွာအဆင့်တွင် တိုင်ကြားချက် လက်ခံသည့် ရုံးများသည် မကျေနပ်ချက်အတွက် တိုင်ကြား လိုသူ မည်သူမဆို ဆက်သွယ နိုင်သည့် နေရာ ဖြစ်သည်။ အကယ်၍ ကာယကံရှင်က အလိုရှိလျှင် ကျေးရွာစေတနာ့ဝန်ထမ်း၊ စည်းရုံးရေးမှူး၊ ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီဝင် သို့မဟုတ် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဝင် သို့မဟုတ် မြို့နယ်အင်ဂျင်နီယာ စသည့် စီမံကိန်းအကောင်အထည်ဖော်မှုနှင့်ပတ်သက်သည့် အခြားသော ပုဂ္ဂိုလ်များမှ တဆင့်လည်း ဖြေရှင်းပေးနိုင်ပါသည်။ကာယကံရှင်အနေဖြင့်အောက်ပါလမ်းကြောင်းများအတိုင်းလည်းတိုင်ကြားနိုင်ပါသည်။ (၁) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး/ စည်းရုံးရေးမှူး/ မြို့နယ်အဆင့် တိုင်ကြားမှု ကိုင်တွယ်ဖြေ ရှင်းရေး အရာရှိတို့ထံ နှုတ်ဖြင့် ဆက်သွယ်တိုင်ကြားခြင်း၊ (၂) တစ်ရွာချင်းစီအလိုက် ဝေဖန် အကြံပြု ရန် စာတိုက်ပုံးများ (ထိုပုံးကို ကျေးရွာတိုင်ကြားချက် လက်ခံရေးရုံးနှင့် လူထု စည်းရုံးရေးမှူးများက နှစ်ပတ်တစ်ကြိမ်ဖွင့်ဖောက်ရန်) ကို ထားရှိပေးခြင်း၊ (၃) ကျေးရွာအုပ်စုအဆင့်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်၊ မြို့နယ်ရုံးခွဲ၊ ပြည်ထောင်စု အဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)၊ မြို့နယ်အဆင့် NGO/အဖွဲ့အစည်းများသို့ စာပို့ခြင်း၊ (၄) ကျေးလက်ဦးစီးရုံးချုပ်နှင့် ပြည်ထောင်စုအဆင့် NGO/အဖွဲ့အစည်းတို့အတွက် ပေးထား သည့် အီးမေးလ်လိပ်စာများသို့ အီးမေးလ်ပို့ခြင်း၊ (၅) ကျေးလက်ဦးစီးရုံးချုပ်၏ ရုံးခန်းတယ်လီဖုန်းနံပါတ်များ သို့မဟုတ် (၆) ကျေးလက်/ဦးစီး၏ စီမံကိန်းဝက်ဘ်ဆိုက် သို့မဟုတ် လူမှုမီဒီယာစာမျက်နှာစသည်တို့ဖြင့် ဝေဖန်အကြံပြုတိုင်ကြားနိုင်ပါ သည်။ ကာယကံရှင်က ဆုံးဖြတ်ချက် ဖြင့် ကျေးရွာလူထုစည်းဝေးပွဲများမှတဆင့်လည်း မကျေနပ်ချက်ကို တိုင်ကြားဖြေရှင်းနိုင်သည်။

၁၄၇။ မကျေနပ်ချက်များအား မည်သည့်အချိန် မည်သည့်အဆင့်တွင်မဆို ဖော်ထုတ်နိုင်သည်။ (ဥပမာ - မကျေနပ်ချက်များအား ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ် သို့မဟုတ် ပြည်ထောင်စုအဆင့်သို့ တိုက်ရိုက်တိုင်ကြားနိုင်သည်။)အကယ်၍ နစ်နာမှုသည် ကျေးရွာသို့မဟုတ် ကျေးရွာအုပ်စုနှင့်ဆိုင်သည့် ကိစ္စရပ်နှင့် ဆက်နွယ်ပါက အကြံပြုတိုင်ကြားသူသည် မြို့နယ်အဆင့်မှ စတင်တိုင်ကြားရန် တိုက်တွန်းပါသည်။ အကြောင်းကိစ္စသည် မြို့နယ် သို့မဟုတ် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ပါက ကျေးလက်ဦးစီးဌာန ရုံးချုပ် (အတိအကျဆိုရလျှင် ပြည်ထောင်စုအကြံပေးအဖွဲ့၏ တိုင်ကြားစာများ ကိုင်တွယ်ဖြေရှင်းရေး အရာရှိ)ထံသို့ ဆက်လက်ပေးပို့ရမည်။ ၎င်းက သုံးသပ်၊ စီစစ်ကာ မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်မည်ဖြစ်သည်။

၁၄၈။ မြို့နယ် ၊ ပြည်နယ်/တိုင်းဒေသကြီး ၊ ပြည်ထောင်စု အဆင့် ကျေးလက်/ဦးစီးဝန်ထမ်းများအနေဖြင့် သက်ဆိုင်သည့် နည်းပညာအကူ အညီအဖွဲ့ဝင်များနှင့်အတူ နစ်နာမှုများမှာခိုင်မာမှုရှိမရှိနှင့် ခိုင်မာပါက ဖြေရှင်းမည့် နည်းလမ်းများကို သင့်လျော်သလို ဖော်ထုတ်ရမည်ဖြစ်သည်။ စီစစ်သည့်အဆင့်တွင် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ စာရွက်စာတမ်းများကို ပြန်လှန် ကြည့်ရှုစစ်ဆေးခြင်း၊ (အမည်ဖော်ပြထားပြီး တိုင်ကြားသူမှ တွေ့ဆုံရန် ဆန္ဒရှိပါက ) တိုင်ကြားသူနှင့် တွေ့ဆုံခြင်း နှင့် (ကျေးရွာ၏ တရားဝင်ခေါင်းဆောင်များ နှင့် ခေါင်းဆောင် သဖွယ် ဖြစ်နေသူများ အပါအဝင်) ပြဿနာကိုဖြေရှင်းနိုင်မည့် သူများနှင့် တွေ့ဆုံခြင်းတို့ ပါဝင်သည်။

၁၄၉။ တိုင်ကြားချက်လက်ခံရေးရုံး (သို့မဟုတ် တိုင်ကြားချက်ကိုရရှိခဲ့သည့်ပုဂ္ဂိုလ်) က ကာယကံ ရှင်အား ဖြေရှင်းမည့်နည်းလမ်းကို ရှင်းပြရမည်။ ဖြေရှင်းမည့်နည်းလမ်းအပေါ် ကာယကံရှင် က ကျေနပ်မှုရှိ/မရှိ ကို တိုင်ကြားချက်လက်ခံရေးရုံးမှ ဆက်လက်စုံ စမ်းရမည်။ အကယ်၍ ကာယကံရှင်က မကျေနပ်နိုင်ပါက နစ်နာသူသည် နောက်တ ဆင့်သို့ သွားရောက်တိုင်ကြားနိုင်သည်။ လုပ်ထုံးလုပ်နည်း အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စု အဆင့် နည်းပညာအကူအညီအဖွဲ့ခေါင်းဆောင်နှင့် ပြည်ထောင်စုနည်းပညာအကူအညီ ဝေဖန်အကြံပြု ဖြေ ရှင်းရေးအရာရှိတို့ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ဝေဖန်အကြံပြုဖြေရှင်းရေးကော်မတီ၏ အဆုံး အဖြတ်သည် နောက်ဆုံးဖြစ်သည်။ တိုင်ကြားချက် ဖြေရှင်းရေးလုပ်ငန်းစဉ်မှ တ ဆင့် လက်ခံရရှိသည့် နစ်နာမှု တိုင်ကြားချက်များကို စီမံကိန်း စီမံခန့်ခွဲမှုသတင်းအချက် အလက်စနစ်တွင် မှတ်တမ်းတင်ထားရမည်။

၁၅၀။ တိုင်ကြားချက်များဖြေရှင်းရေးစနစ်ကို အများသိအောင်လှုံ့ဆော်မှုနှင့် လေ့ကျင့်သင်တန်း အစီအစဉ်များဖြင့် အားဖြည့် ကူညီထားသည်။ စီမံကိန်းတွင် ပါဝင်သည့်ကျေးရွာများအားလုံးရှိ ရွာသူ ရွာသားများအား တိုင်ကြားဖြေရှင်းရေး စနစ်အကြောင်း အသိပေးထားမည်ဖြစ်ပြီး ခေါင်းစဉ် မျိုးစုံဖြင့် ကျင်းပသည့်လူထုစည်းဝေးပွဲများ၌ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ လိပ်စာများကို ဖြန့်ဝေပေးမည်ဖြစ်သည်။ စီမံကိန်းအကြောင်း၊ နစ်နာမှုများ အတွက် ဖြေရှင်း မည့် နည်းလမ်းများကိုဖော်ပြထားသည့် လက်ကမ်းစာစောင်များနှင့် ပိုစတာများကို ရရှိထားပြီးဖြစ်ကာ ဒေသခံလူထုမှ ရရှိနိုင်စေရန်ဆောင်ရွက်ထားပြီး ကျေးရွာ ကြော်ငြာ သင်ပုန်းများတွင် ကပ်ထားမည်ဖြစ်ပြီး ဒေသတွင်းရေဒီယိုများ၊ ရုပ်သံများမှတ ဆင့်လည်း အသိပေးကြေညာမည်ဖြစ်သည်။ တိုင်းရင်းသားဘာသာစကားများပြောဆိုသူများအပါအဝင် သက်ဆိုင်သူ အားလုံးတို့ အနေဖြင့် တိုင်ကြားချက်များ ဖြေရှင်းရေးစနစ်ကို အသုံးချ နိုင်ကြောင်း အခိုင်အမာ သေချာနိုင်သည်အထိ ဒေသသုံးဘာသာစကားများကို အသုံးပြုပါမည်။ စီမံကိန်းနှင့် ပတ်သက်သော အရေးကိစ္စများတွင် ကျေးရွာလူထုများအတွက် ဆက်သွယ်ရမည့် အဓိက ဝန်ထမ်းအား သတ်မှတ်ပေးရန် နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ရမည်။ ကျေးရွာတစ်ခုစီမှ တိုင်ကြားမှု လက်ခံရေး ရုံးဝန်ထမ်း ၂ ဦးစီ (အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး) ရွေးချယ်ခန့်အပ်ပါသည်။ ကျေးရွာ တိုင်ကြားမှု လက်ခံရေး ရုံးဝန်ထမ်းသည် ကျေးရွာစီမံကိန်း ဆပ်ကော်မတီမှ သီးခြားဖြစ်ရမည်။ ထို့အပြင် မျှတမှုရှိခြင်း၊ အပြန်အလှန်လေးစားခြင်း နှင့် လျှို့ဝှက်ချက်များအား ယုံကြည်နိုင်စွာ ထိန်းသိမ်းရပါမည်။ တိုင်ကြားမှု လက်ခံရေး ရုံးဝန်ထမ်းသည် ကျေးရွာအုပ်စု တိုင်ကြားချက်များ ဖြေရှင်းရေး ကော်မတီတွင်ပါဝင်ပါသည်။ နစ်နာမှုများ ကိုင်တွယ်ဖြေရှင်းရန်တာ ဝန်ရှိသည့် ကျေးလက်/ဦးစီးဝန်ထမ်းများကို မြို့နယ် အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်

နှင့် ပြည်ထောင်စုအဆင့်တွင် တာဝန်ပေးခန့် အပ်သည်။ အကောင်အထည် ဖော်မှုတွင် ပါဝင်သည့် မြို့နယ်နှင့် ကျေးရွာအဆင့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် နစ်နာမှု တိုင်တန်းချက်များကို မည်သို့ လျှို့ဝှက်ထိန်းသိမ်းကာ လက်ခံကိုင်တွယ်ဆောင်ရွက်ရမည်ကို သင်တန်း တက်ရောက်ရမည်ဖြစ်သည်။

၁၅၁။ စီမံကိန်းစက်ဝန်းပြီးစီးသည့်အခါ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် လက်ခံရရှိသည့် နစ်နာမှုတိုင်တန်းချက်များကို လည်းကောင်း၊ ဖြေရှင်းပြီးသည့် နစ်နာမှုများ ကိုလည်း ကောင်း ကျေးရွာအဆင့်တွင် ပြုလုပ်သည့် နစ်စဉ်လူမှုစစ်ဆေးမှုအစည်းအဝေးများ၌ တင်ပြရမည်။ လူမှု စစ်ဆေးမှုအစည်းအဝေးများတွင် ရွာသားများက နစ်နာမှု တိုင်ကြားချက် ဖြေရှင်းရေး လုပ်ငန်းစဉ် ၏ ထိရောက်မှုကိုဆွေးနွေးပြီးလျှင် မည်သို့တိုးတက်အောင်လုပ်ရမည်ကို အကြံပြုတင်ပြကြမည်ဖြစ်သည်။ ထိခိုက်နစ်နာသူများအနေဖြင့် ဖြေရှင်းပေးပုံကိုမကျေနပ်ပါက အစည်းအဝေး၌ တင်ပြရန် ဝိုင်းဝန်း တိုက်တွန်းကြမည် ဖြစ်သည်။ ပုံမှန်သွားရောက်သည့် ကြီးကြပ်ရေးခရီးစဉ်များတွင် ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီး ရုံးမှ ဝန်ထမ်းများ၊ ပြည်ထောင်စုအဆင့်နည်းပညာ အကူအညီအဖွဲ့နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ကျေးလက်/ဦးစီးရုံး တို့သည် ဖြေရှင်းရေး စနစ်လုပ်ကိုင် နေပုံကို ဆန်းစစ် အကဲဖြတ်ပြီး ရွေးချယ် စစ်ဆေးမှုများလည်း ပြုလုပ်မည်ဖြစ်သည်။

၁၅၂။ ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီးရုံး သည် ဝေဖန်အကြံပြု ဖြေရှင်းရေးစနစ်ကို လစဉ်ခန့်မှန်း အကဲဖြတ်နိုင်ရန် (လက်ခံရရှိ သည့် တိုင်ကြားစာ အရေအတွက်နှင့်အမျိုးအစားအလိုက်ဖြေရှင်းခဲ့သည့် တိုင်ကြားမှုများ) စီမံခန့်ခွဲမှုသတင်း အချက်အလက်စနစ်ကို အသုံးပြုသည်။ ဝေဖန်အကြံပြုတိုင်ကြားချက်အကျဉ်းချုပ် ကိုလည်း သုံးလပတ် အစီရင်ခံစာ နှင့် နစ်ပတ်လည်အစီရင်ခံစာတို့တွင် ထည့်သွင်း ဖော်ပြမည်ဖြစ်သည်။ ၎င်းတို့ကို ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးရုံး မှ ရေးသားပြု စုမည်ဖြစ်သည်။ အစီရင်ခံစာ ရေးသားရာတွင် နစ်နာမှုဖြေရှင်းခြင်းနှင့် ယေဘုယျတွေ့ရှိချက်များ (လက်ခံရရှိသည့် ဝေဖန်အကြံပြုတိုင်ကြားစာ အရေအတွက်၊ အကြောင်းရင်း၊ ဖြေရှင်းပေးနိုင်ခဲ့သည့် အရေအတွက်၊ ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရန်ပျမ်းမျှကြာချိန်၊ ဆောင်ရွက်ဖြေရှင်းပေးပုံ ကို ကျေနပ်မှု ရှိသည့်ရာခိုင်နှုန်း၊ အလွယ်ဆုံးနည်း လမ်းများသုံးပြီးဖြေရှင်းပေးနိုင်ခဲ့သည့် တိုင်ကြားမှု အရေအတွက် စသည်) ကို ထည့်သွင်းမည်ဖြစ်သည်။

၁၅၃။ ဝေဖန်အကြံပြု ဖြေရှင်းရေးစနစ်အပေါ် လွတ်လပ်သည့်စစ်ဆေးမှုကိုလည်း စီမံကိန်း သက်တမ်း မကုန်မီ အတွင်း ဆောင် ရွက်မည်ဖြစ်သည်။

## (၄) လူထုအားအကြံပေးခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့်အသိပေးကြေညာခြင်း

၁၅၄။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်တွင် ရှင်းလင်းတိကျသော လမ်းညွှန်မှုများ၊ ထိခိုက်နိုင်ခြေရှိသူများနှင့် ဆွေးနွေးရန်အတွက် လိုအပ်ချက်များပါဝင်ပြီး ၎င်းတို့သည် လူထုကိုယ်တိုင် အကောင်အထည် ဖော်ပြီး ကိုယ်တိုင်အကျိုးခံစားသည့် ချဉ်းကပ်ပုံနည်းလမ်းနှင့်အညီ စီမံကိန်း စက်ဝန်းကို ရေးဆွဲနိုင်စေသည်။ စီမံကိန်းလုပ်ငန်းခွဲများကို ရွာသူရွာသားများကရွေးချယ် ပြီး ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီကအတည်ပြုပေးသည်။ စီမံကိန်းဒီဇိုင်းပိုင်းတွင် အချို့သောတိကျသည့် သတ်မှတ်ချက်များ ရှိရာ ယင်းတို့တွင် စီမံကိန်းစက်ဝန်းအတွင်း အမျိုးသမီးများကိုယ်စားပြုမှုနှင့် တိုင်းရင်းသားလမျိုး စု များ၊ ဘာသာရေးအစုအဖွဲ့များ၊ အခြားသော ထိခိုက်လွယ်အုပ်စုများပါဝင်မှုဆိုင်ရာ သတ်မှတ်ချက် များပါဝင်သည်။ ထို့ပြင် နည်းပညာ ဒီဇိုင်းနှင့် အကာအကွယ်စီစဉ်မှုအစိတ်အပိုင်းအဖြစ် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီနှင့် ကျေးရွာအဆင့် အကောင်အထည်ဖော်ရေးကော်မတီတို့ သည် အထောက်အကူပြုကော်မတီက အတည်မပြုမီတွင် စီမံကိန်းလုပ်ငန်းခွဲတစ်ခုကြောင့် ထိခိုက် နိုင်ဖွယ်ရှိသည့် အိမ်ထောင်စုများနှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပါသည်။ ထိုသို့ဆွေးနွေးတိုင်ပင်မှု များကို ဒေသအလိုက် ဓလေ့ထုံးစံများနှင့်အညီဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းခွဲ မှတ်တမ်းများထဲသို့ ထည့်သွင်းကာ ဒေသခံများသိရှိစေရန်ထုတ်ပြန်ပေးပါသည်။ယင်းလုပ်ငန်းစဉ်များအကြောင်းမှန်ကန်စွာ သိရှိနားလည်ပြီး ထိရောက်စွာ

အကောင်အထည်ဖော်မှုရှိစေရန်အတွက် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဝင်များ၊ ကျေးလက်/ဦးစီးဌာနဝန်ထမ်းများအား သင်တန်းများ ပေးပါသည်။

၁၅၅။ မူလသဘာဝပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်လေ့လာရေးမူဘောင် (ESSAF) ကို ကျေးလက်/ ဦးစီးဌာန၏မြန်မာဘာသာဖြင့်ထုတ်ဝေသော သီးခြားစာစောင်အဖြစ်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၏ Infoshop တွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ ဤစာတမ်းအတွက်လိုအပ်သည့် အကြံဉာဏ်တောင်းခံမှုများကို ၂၀၁၂ခုနှစ် ဩဂုတ်လနှင့်စက်တင်ဘာလများတွင် ပြုလုပ်ခဲ့သည်။ ထို့ပြင် ရပ်ရွာအဆင့် စီမံကိန်းအကောင်အထည် ဖော်မှု ပထမစက်ဝန်း၌ ESSAF ၏ အဓိက လိုအပ်ချက်များ၊ ခေါင်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ ကို စီမံကိန်းအကျိုးခံစားရသူများ/ စီမံကိန်းအကျိုးသက်ရောက်မှုကို ခံရနိုင်ခြေရှိသူများအား ရပ်ရွာ တွေ့ဆုံဆွေးနွေးပွဲများအစတွင် ဒေသဘာသာစကားများဖြင့် ရှင်းပြခဲ့သည်။ ရွာသားများက မေးမြန်း သည့် အကာအကွယ်နှင့်သက်ဆိုင်သော လိုအပ်ချက်မေးခွန်းများကို အစည်းအဝေးတက်ရောက်လာ သည့် လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများက ဖြေကြားခဲ့ပြီး မြို့နယ်ကျေး လက်ဦးစီးဌာနကိုယ်စားလှယ်များက လိုအပ်သည့်အခါ ဖြည့်စွက်ရှင်းပြခဲ့ကြသည်။ ဒေသခံပြည်သူ များနှင့် ဆွေးနွေးသည့် ဖြစ်စဉ်တစ်လျှောက် မြို့နယ်နည်းပညာအကူအညီပေးရေးအဖွဲ့က လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးတို့ကို အကူအညီနှင့် လမ်းညွှန်ချက်များပေးခဲ့သည်။ ဖြည့်စွက်ရန်ပုံငွေကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လူထုစည်းရုံးရေးမှူးများ နှင့် လက်ထောက်နည်းပညာမှူးများ၏ စွမ်းဆောင်ရည်တိုးမြှင့်စေရေးအတွက် . သင်တန်းများအဆက်မပြတ်ပေး ခြင်းအားဖြင့် ၎င်းတို့သာမက ရပ်ရွာလူထု၏အသိပညာတိုးမြှင့်ခြင်းအားဖြင့် အဆိုပါ စာရွက်စာတမ်းများအား ပိုမိုခိုင်မာစေမည်ဖြစ်သည်။

၁၅၆။ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မန္တလေးမြို့နှင့် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် နေပြည်တော်မြို့တို့တွင်အသီးသီးကျင်းပခဲ့သည့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် အကာအကွယ်ပေးရေးဆိုင်ရာဆွေးနွေးပွဲများတွင် လက်ရှိ သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်(၂၀၁၅ ခုနှစ်၊ မတ်လထုတ်) ကို အဓိကထားဆွေးနွေးခဲ့ကြသည်။ဤ ဆွေးနွေးပွဲတွင် ရရှိခဲ့သော မှတ်ချက်များဖြင့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်အား အပြီးသတ်ရေးဆွဲရာတွင် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ နောက်ဆုံး သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်အား ကျေးလက်/ ဦးစီးဌာန၏မြန်မာဘာသာဖြင့်ထုတ်ဝေသော သီးခြားစာစောင်အဖြစ်လည်းကောင်း၊ ကမ္ဘာ့ဘဏ်၏ Infoshop တွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ၂၀၁၅ ခုနှစ် မတ်လ ၁၉ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၁၅၇။ ပြင်ဆင်မွမ်းမံပြီးသော သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင် ဆွေးနွေးပွဲအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သက်ဆိုင်သူပေါင်းစုံပါဝင်ပြီး ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲပြီးနောက် ပြန်လည်သုံးသပ်ထားသော သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်အား ကမ္ဘာ့ဘဏ်၏ သတင်းအချက်အလက်ဆိုင်ရာ လက်ခံရရှိရေး မူဝါဒနှင့်အညီ ထုတ်ပြန်မည်ဖြစ်ပါသည်။

၁၅၈။ အကောင်အထည်ဖော်ရာတွင် လူထုပါဝင်သော လူမှုဆန်းစစ်ချက်နှင့် ပြန်လည်နေရာချထားရေး အစီအစဉ်အကျဉ်းချုပ်နှင့် အပြည့်အစုံ သင့်လျော်သလို ပါဝင်သောစီမံကိန်း၏ IPP ဖြစ်သည့် ကျေးရွာ အုပ်စုဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ် ကို စီမံကိန်းအကောင်အထည်ဖော်ရာ ဒေသရှိ ပြည်သူများ လက်လှမ်းမီမည့်နေရာများ တွင် ဒေသဘာသာ စကားနှင့် ထုတ်ပြန်မည်ဖြစ်သည်။ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် နှင့် ပြန်လည်နေရာချထားရေးအစီ အစဉ်တို့၏ မိတ္တူများကို မြို့နယ်ကျေးလက်ဦးစီးရုံးများတွင် ရရှိနိုင် အောင် ပြုလုပ်ထားမည်ဖြစ်သည်။

တိုင်းရင်းသား ဘာသာစကားများဖြင့် အကြံဉာဏ်များရယူခြင်း၊ ဖော်ထုတ်ရှင်းလင်းခြင်း များနှင့် ပတ်သက်၍ လမ်းညွှန်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေးဆွဲလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် လက်ရှိ သဘာဝပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်၏ အကာအကွယ်ပေးရေးဆိုင်ရာဆွေးနွေးပွဲများ၌ တက်ရောက်သူ များမှ အလေးအနက်ထားဆွေးနွေး သောသဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲရေး မူဘောင်တွင် ပါရှိသည့် အကာအကွယ်များ အားတိုင်းရင်းသားလူမျိုး စုများ ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်လာစေရန် သင်ထောက်ကူပစ္စည်းများ အသုံးပြု စေခြင်း၏ အရေးကြီးပုံ များကိုလည်း ထည့်သွင်းစဉ်းစားထားသည်။ အဆိုပါ လမ်းညွှန်ချက်များတွင် စီမံကိန်း ဆိုင်ရာစာရွက်စာတမ်းများကို တိုင်းရင်းသားဘာသာများသို့ ဘာသာပြန်ဆိုခြင်း ဆိုင်ရာ စည်းမျဉ်းများ လည်းပါရှိမည်။ ထိုကဲ့သို့သော စည်းမျဉ်းများတွင် စာရေးသားနည်းမရှိသော တိုင်းရင်းသား ဘာသာသို့ စီမံကိန်းဆိုင်ရာစာတမ်းများ ပြန်ဆိုရန် လုပ်ဆောင်ပုံအဆင့်ဆင့်လည်း ပါဝင်သည်။ အဆိုပါ လမ်းညွှန်ချက်ကို ၂၀၁၇ခုနှစ် ဇူလိုင် လ ၃၀ တွင် အကောင်အထည်ဖော်ရန် မျှော်မှန်းထားသည်။

## (၃) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်ကို အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်း ရံပုံငွေ

၁၅၉။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် လုပ်ငန်းစဉ်များနှင့် အကာအကွယ်အစီအမံ များ ဆောင်ရွက်ရန် ကုန်ကျစရိတ်များသည် အပိုင်း- ၂ (ကူညီထောက်ပံ့ ရေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး) နှင့် အပိုင်း - ၄ (အကောင်အထည်ဖော်ရေးအကူအညီ) တို့တွင်ပါဝင်သည်။ ထို့ပြင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ (ECoP) အကောင်အထည်ဖော်ခြင်း အတွက် ကုန်ကျစရိတ်နှင့် ပြန်လည်နေရာချ ထားရေးလုပ်ငန်းအစီအစဉ် (RAP) အကျဉ်း သို့မဟုတ် အပြည့်အစုံတို့မှ ရရှိလာမည့် အကျိုးကျေးဇူးများ မှာမူ စီမံကိန်းလုပ်ငန်းခွဲများ၏ အပိုင်း - ၁ (စီမံကိန်းလုပ်ငန်းများအတွက် လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေ) တွင် ပါဝင်ပါသည်။

**က။ အကျိုးခံစားရပိုင်ခွင့်အခြေအနေများ**

| ဆုံးရှုံးမှု အမျိုးအစား | အကျိုးခံစားခွင့် ရှိသည့် လူပုဂ္ဂိုလ် | အကျိုးခံစားခွင့်များ | အကောင်အထည်ဖော်ခြင်း ဆိုင်ရာ ကိစ္စရပ်များ |
|---|---|---|---|
| ပုဂ္ဂလိက ပိုင်ဆိုင် မြေများ ဆုံးရှုံးခြင်း | တရားဝင် ပိုင်ဆိုင်သူ သို့မဟုတ် နေထိုင်သူ | တူညီသော မြေ၊ အမျိုးအစား၊ အထွက်နှုန်း တို့ကိုအစားထိုးပေး ခြင်း၊ လက်ပြောင်း လက်လွှဲခြင်းကြောင့် ပေးဆောင်ရသော အခွန်အခများ ကင်းလွတ်ခွင့်ရခြင်း။ (စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေနှင့် အခွန်) | ကုန်ထုတ်လုပ်နိုင်စွမ်းရှိသော မြေယာစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်များသော မြေယာဆုံးရှုံးစေမှု ကို ခွင့်မပြု။ |
| | တရားဝင် ပိုင်ဆိုင်သည်ဟု အသိအမှတ်ပြုခံရ ခြင်းမရှိသော သို့မဟုတ် ၄င်းတို့နေထိုင် သည့် မြေနေရာ ဟု အခိုင်အမာ | အနိမ့်ဆုံး နေထိုင်မှုအဆင့်အတန်းနှင့် ရှင်သန်ရပ်တည်ရေးကို မူလို အခြေအနေသို့ ရောက်အောင် ပြန်လည်ထူထောင်ရေး ဆိုင်ရာ အကူအညီများ။ လက်တွေ့တွင် စီမံကိန်းမစတင်မီအခြေအနေ သို့မဟုတ်စီမံကိန်း လုပ်ငန်းခွဲစတင်ချိန်တွင် ရှိသည့် အခြေအနေ ထက် ပို၍ သာလွန်သော အဆင့် (ပိုမိုကောင်းမွန် | ကုန်ထုတ်လုပ်နိုင်စွမ်းရှိသော မြေယာစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းထက်များသော မြေယာဆုံးရှုံးစေမှု ကို ခွင့်မပြု။ |

| | | | |
|---|---|---|---|
| | ပြောဆိုနေသော စီမံကိန်းအကျိုး သက်ရောက်ခံ ပြည်သူများ | လာသော အခြေအနေ ) | |
| သစ်ပင် အဆောက် အအုံနှင့် အခြား ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ဆုံးရှုံး ခြင်း | မြေပိုင်ဆိုင်မှုနှင့် မသက်ဆိုင်ဘဲ စီမံကိန်း၏ အကျိုးသက် ရောက်မှုကို ခံစားရသော ပြည်သူ အားလုံး | အစားထိုးကုန်ကျစရိတ်ဖြင့် ငွေ သို့မဟုတ် တူညီသော ပေးလျော်ခြင်း<br>ကူညီကယ်ဆယ် ထောက်ပံ့ရေး ပစ္စည်းများကို ထိခိုက်ခံရသော သူများထံသို့ လက်လွှဲပြောင်းပေးခြင်း | အကယ်၍ ကျန်ရှိနေသော အစိတ်အပိုင်းများသည် အသုံးပြုရန် မလုံလောက်တော့ ပါက ထိခိုက်ခံ ရသည့် အဆောက်အအုံတစ်ခုလုံး အတွက် လျော်ကြေး ပေးအပ်သွားမည်။<br>ကူညီကယ်ဆယ်ရေး ထောက်ပံ့ရေးပစ္စည်းများအား စီမံကိန်းမှ ကူညီ သယ်ယူပို့ဆောင် ပေးမည်။ |
| ဝင်ငွေနှင့် စိုက်ခင်း ထဲရှိ သီးနှံ များဆုံးရှုံး ခြင်း | မြေပိုင်ဆိုင်မှုနှင့် မသက်ဆိုင်ပဲ စီမံကိန်း၏ ရိုက်ခတ်မှုကို ခံရသော ပြည်သူ အားလုံး | ဝင်ငွေ သို့မဟုတ် စိုက်ခင်းထဲရှိ သီးနှံများ ဆုံးရှုံးခြင်းကို ရှောင်ရှားရန် ဆောက်လုပ်ရေးလုပ်ငန်းများကို ညှိနှိုင်းလုပ်ဆောင် ခြင်း | |
| ယာယီ မြေယာ သိမ်းပိုက် ခြင်း | တရားဝင် ပိုင်ဆိုင်သူ သို့မဟုတ် နေထိုင်သူ | ဝင်ငွေနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးသွားသည့် အတွက် အသားတင်တွက်ချက်မှုပေါ် မူတည်ပြီး ငွေကြေးအပြင် အခြားအစားထိုး လျော်ကြေးပေးခြင်း<br>လုပ်ငန်းများ လုပ်ဆောင်ပြီးပါက မူလ အနေအထားမျိုး ရောက်အောင် ပြန်လည် ပြုလုပ်ပေးခြင်း | ပြင်ပ တတိယအဖွဲ့အစည်း၏ လာရောက် လုပ်ကိုင်ပေးမှုအရ PIC က အကောင်အထည် ဖော်ခြင်းကို စောင့်ကြည့် ကြီးကြပ်ခြင်း |

**နောက်ဆက်တွဲများ**

နောက်ဆက်တွဲ (၁) ပထမနှစ်စီမံကိန်းစက်ဝန်းမှ စတုတ္ထနှစ်စီမံကိန်းစက်ဝန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်း မြို့နယ်များ၏မြေပုံ နှင့်အမည်စာရင်း

နောက်ဆက်တွဲ (၂) ပုံစံ (စ-၁၃) အကာအကွယ်စစ်ဆေးချက်ပုံစံ

နောက်ဆက်တွဲ (၃) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ

နောက်ဆက်တွဲ (၄) ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအား တွေ့ရှိပါက လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ

နောက်ဆက်တွဲ (၅) သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်

နောက်ဆက်တွဲ (၆) ပုံစံ (စ-၁၄) ဆန္ဒအလျောက်လှူဒါန်းခြင်း

နောက်ဆက်တွဲ (၇) ပြန်လည်နေရာချထားရေးမူဘောင်

နောက်ဆက်တွဲ (၈) ဒေသခံများနှင့်ပတ်သက်သော မူဘောင်

နောက်ဆက်တွဲ (၉) ပုံစံ (စ - ၆) စီမံကိန်းလုပ်ငန်းခွဲအား အပြီးသတ်စစ်ဆေးခြင်း

နောက်ဆက်တွဲ (၁၀) မြန်မာနိုင်ငံအတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေများ ဟု တရားဝင်သတ်မှတ်ထားသည့် နေရာ (၄၇) ခု


နောက်ဆက်တွဲ (၁၁) အဖွဲ့အစည်းပေါင်းစုံပါဝင်သော အကြံဉာဏ်ရယူခြင်းအစည်းအဝေးနှင့် တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းများ

**နောက်ဆက်တွဲ ၁။** ပထမနှစ်စီမံကိန်းစက်ဝန်းမှ စတုတ္ထနှစ်စီမံကိန်းစက်ဝန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်း မြို့နယ်များ၏မြေပုံ နှင့်အမည်စာရင်း

## Map of NCDDP Project Areas

Myanmar Information Management Unit

**Myanmar National Community Driven Development Project**




| No. | Year | State/Region | Township's Name |
|---|---|---|---|
| 1 | Year 1 | Chin | Kanpetlet |
| 2 | | Shan | Namhsan |
| 3 | | Tanintharyi | Kyunsu |
| 4 | Year 2 | Ayeyarwady | Lemyethna |
| 5 | | Magway | Sidoktaya |
| 6 | | Nay Pyi Taw | Tatkon |
| 7 | | Rakhine | Ann |
| 8 | | Sagaing | Pinlebu |
| 9 | | Yangon | Htantabin |
| 10 | Year 3 | Ayeyarwady | Thabaung |
| 11 | | | Kyangin |
| 12 | | Bago | Monyo |
| 13 | | | Kyaukkyi |
| 14 | | Chin | Paletwa |
| 15 | | Kayah | Hpruso |
| 16 | | | Demoso |
| 17 | | Kayin | Kyainseikgyi |
| 18 | | Magway | Mindon |
| 19 | | Mandalay | Ngazun |
| 20 | | | Nyaung-U |
| 21 | | Mon | Chaungzon |
| 22 | | | Bilin |
| 23 | | Nay Pyi Taw | Lewe |
| 24 | | Sagaing | Myaung |
| 25 | | | Banmauk |
| 26 | | Tanintharyi | Tanintharyi |
| 27 | | Yangon | Kawhmu |
| 28 | Year 4 | Ayeyarwady | Ngapudaw |
| 29 | | Bago | Padaung |
| 30 | | Chin | Matupi |
| 31 | | Kachin | Mogaung |
| 32 | | Kayah | Bawlake |
| 33 | | | Hpasawng |
| 34 | | | Loikaw |
| 35 | | | Mese |
| 36 | | | Shadaw |
| 37 | | Magway | Pauk |
| 38 | | | Saw |
| 39 | | | Tilin |
| 40 | | Mandalay | Natogyi |
| 41 | | | Pyawbwe |
| 42 | | | Yamethin |
| 43 | | Mon | Paung |
| 44 | | Nay Pyi Taw | Pyinmana |
| 45 | | Shan | Hsihseng |
| 46 | | Yangon | Kungyangon |
| 47 | | | Kyauktan |

**Legend**

- Coastal Line
- Township Boundary
- State/Region Boundary
- International Boundary

**NCDDP Implemented Townships**

- Year 1
- Year 2
- Year 3
- Year 4

**Map ID: MIMU1420v02**
Creation Date: 29 August 2016.A4
Projection/Datum: Geographic/WGS84
Data Sources: World Bank
Base Map: MIMU
Boundaries: MIMU/WFP
Place Name: Ministry of Home Affairs (GAD) translated by MIMU
info.mimu@undp.org
www.themimu.info

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## နောက်ဆက်တွဲ ၂။ ပုံစံ - စ - ၁၃ - အကာအကွယ်စစ်ဆေးချက်ပုံစံ (Form PC 13)

ဖြည့်သွင်းပြီး ပုံစံကို (စီမံကိန်း လုပ်ငန်းခွဲ တစ်ခုစီတိုင်းအတွက်) စီမံကိန်း လုပ်ငန်းခွဲ အဆိုပြုလွှာတွင် တွဲပါ။

| | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| စီမံကိန်း လုပ်ငန်းခွဲ | |
| စီမံကိန်း လုပ်ငန်းခွဲ အမှတ် | |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်း**

အမျိုးအစား (အကျုံးဝင်မှု အမျိုးအစားတွင် ကြည့်ပါ)

စီမံကိန်း အမျိုးအစား (အမှန်ခြစ်ပါ) □ ပြင်ခြင်း □ တိုးချဲ့ခြင်း □ အသစ် □ အခြား

အခြေခံ အဆောက်အအုံ အမျိုးအစား

□ အဆောက်အအုံ □ လမ်း/တံတား/ဆိပ်ခံ □ ရေပေးရေး □ ကျေးလက်လျှပ်စစ်မီး □ စိုက်ပျိုးရေ

□ ကျန်းမာသန့်ရှင်းရေး

ခန့်မှန်းကုန်ကျငွေ

တည်နေရာ (GPS reading ရနိုင်ပါက ဖော်ပြရန်)

အကျိုးပြု ဦးရေ

အကျိုးပြု ကျေးရွာပေါင်း

ကျေးရွာတွင် အလားတူ စီမံကိန်း လုပ်ငန်းခွဲ/ ပုံစံတူ ပစ္စည်း (ရွေးပါ) □ ရှိ □ မရှိ

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိစစ်မှု**

ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများ (VSP) အားလုံးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ် သက်ရောက်မှု

*E1.* သဘာဝ ပတ်ဝန်းကျင်

*(Natural environment)*

(က) စီမံကိန်းလုပ်ငန်းခွဲဧရိယာအနီးရှိ သစ်ပင်များ၏ အခြေအနေ အနည်းငယ် ဖော်ပြပါ။

(ခ) ရှင်းလင်းရမည့် သစ်ပင် အရေအတွက် ခန့်မှန်းပါ။

(ဂ) စီမံကိန်း လုပ်ငန်းခွဲမှ သက်ရောက်မှုရှိမည့်နေရာတွင် သဘာဝ ပတ်ဝန်းကျင်နှင့် မျိုးသုဉ်းတော့မည့် တိရစ္ဆာန် မျိုးစိတ်များ တည်ရှိပါက ဆိုးရွားစွာ ထိခိုက်နိုင်ခြေ စစ်ဆေးပါ။

-- သဘာဝ သစ်တော ရှိ___ မရှိ___

-- အမျိုးသားဥယျာဉ် ရှိ___ မရှိ___

-- မြစ် ရှိ___ မရှိ___

-- ကန် ရှိ___ မရှိ___

-- ရေနက်ကွင်း၊ စိမ့်မြေ၊ ရာသီအလိုက် ရေလွှမ်းမိုးမှုရှိသောမြေများ ရှိ___ မရှိ___

-- ဥပဒေစည်းမျဉ်းများ၊ သဘောတူညီမှုများအရ မျိုးသုဉ်းတော့မည့်တိရစ္ဆာန်မျိုးစိတ်များ၏ စားကျက်မြေ ရှိ ___ မရှိ___

-- အခြား ရှိ___ မရှိ___

တစ်ခုခုရှိသည်ဟုဖြေပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SPတွင် အမှတ်အသား ပြုပါ၊

☐ ထိခိုက်မှုရှိ ☐ ထိခိုက်မှုမရှိ

*E2.* မြစ်ချောင်းများ၏ ဂေဟဗေဒ

*(River ecology)*

ရေထိမ်း တမံ၊ ရေလွှဲ စသော ဆည်မြောင်းဆိုင်ရာ အဆောက်အအုံ အသစ်များ ဆောက်လုပ်မှုကြောင့် မြစ်ချောင်းများ၏ ဂေဟဗေဒကို ထိခိုက်စေနိုင်မှု ရှိမရှိ စိစစ်ပါ။ ရေ၏ အရည်အသွေးရောပမာဏပါ သတိပြုရန် လိုပါသည်။ သဘာဝ၊ စီးပွားဖြစ် တွက်ခြေကိုက်မှုနှင့် ရေနေသတ္တဝါများအတွက်ပါ ထည့်သွင်း စဉ်းစားရန် လိုသည်။ ရှိ___ မရှိ___

တစ်ခုခု ရှိသည်ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ် အသား ပြုပါ

☐ ထိခိုက်မှုရှိ ☐ ထိခိုက်မှုမရှိ

*E3.* ကာကွယ်ထားသောဧရိယာ

*(Protected areas)*

စီမံကိန်း လုပ်ငန်းခွဲဧရိယာ (သို့မဟုတ် စီမံကိန်း လုပ်ငန်းခွဲ အစိတ်အပိုင်း) သည် ကာကွယ်ထားသော ဧရိယာ (အမျိုးသား ဥယျာဉ်၊ အမျိုးသား ကာကွယ်တော၊ ကမ္ဘာ့အမွေအနှစ် စသည်)နှင့် ထိစပ် /ကျရောက်နေမှု ရှိ___ မရှိ___

စီမံကိန်းလုပ်ငန်းခွဲသည် ဧရိယာအတွင်း မကျရောက်သော်လည်း နီးကပ်နေပြီး သက်ရောက်မှုကြောင့် ဂေဟဗေဒအရ ထိခိုက်နိုင်ခြေ(ဥပမာ၊ နို့တိုက်သတ္တဝါများ၊ ငှက်များ၏ ဝင်ထွက်လမ်းပေါ် ကျရောက်နေမှု) ရှိ___ မရှိ___

တစ်ခုခုရှိသည်ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသား ပြုပါ

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E4.* ဘူမိဗေဒ နှင့် မြေဆီလွှာ

*(Geology and soils)*

စစ်ဆေး တွေ့ရှိချက်သို့မဟုတ် စာအုပ်စာတမ်းများအရ ဂျီအိုလိုဂျီနှင့် မြေလွှာ တည်ငြိမ်မှု မရှိခြင်း (မြေလွှာ တိုက်စားခြင်း၊ မြေပြိုခြင်း၊ subsidence-prone) ရှိ___ မရှိ___

စစ်ဆေး တွေ့ရှိချက်သို့မဟုတ် စာအုပ်စာတမ်းများအရ ကြီးကြီးမားမား မြေဆီလွှာ ပျော်ဝင်ခြင်း/တိုက်စားခြင်း ရှိ___ မရှိ___

တစ်ခုခု ရှိသည် ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသားပြုပါ။

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E5.* ညစ်ညမ်းမှု

*(Pollution)*

စီမံကိန်းလုပ်ငန်းခွဲကြောင့် မြေ၊ ရေ၊ လေထု ညစ်ညမ်းမှု ဖြစ်စေနိုင်ခြင်း ရှိ___ မရှိ___

ခဲ အသုံးပြုသော ဘက်ထရီများ အသုံးပြုမှု ရှိ___ မရှိ___

တစ်ခုခုရှိသည်ဟု ဖြေပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသားပြုပါ

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E6.* လမ်းဖောက်လုပ်မှုကြောင့် သစ်ပင်မျိုးစိတ်များကို အနှောင့်အယှက်ဖြစ်စေခြင်း

*(Invasive plant species along feeder road routes)*

စီမံကိန်းလုပ်ငန်းခွဲသည် လမ်းဖောက်လုပ်မှုကြောင့် သစ်ပင်မျိုးစိတ်များကို အနှောင့်အယှက်ဖြစ်စေခြင်း ရှိ___ မရှိ___

တစ်ခုခုရှိသည်ဟု ဖြေပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသားပြုပါ

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E7.* လမ်းဖောက်လုပ်မှုကြောင့် မျိုးစိတ်များကို အန္တရာယ် ဖြစ်စေခြင်း

*(Endangered species along feeder road routes)*

စီမံကိန်းလုပ်ငန်းခွဲသည် လမ်းဖောက်လုပ်မှုကြောင့် ဇီဝသက်ရှိမျိုးစိတ်များကို အနှောင့်အယှက်ဖြစ်စေခြင်း ရှိ___ မရှိ___

တစ်ခုခုရှိသည်ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသား ပြုပါ။

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E8.* သမိုင်းဝင်၊ ရှေးဟောင်းအမွေအနှစ်များ နှင့် ယဉ်ကျေးမှု နယ်မြေများ

*(Historical, archaeological or cultural heritage site)*

စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်မြေသည် အစိုးရမှ သတ်မှတ်ထားသော ယဉ်ကျေးမှု အမွေအနှစ် ကန့်သတ်ဇုန်များ ဖြစ်သော ရှေးဟောင်းတည်နေရာ ဇုန်(AZ)၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာ ဇုန်(MZ)၊ နှင့် ကာကွယ်ထိန်းသိမ်းထားသော ဇုန် (PZ) (သို့) ရုပ်ဝတ္ထု ပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် နယ်မြေများ အတွင်း(သို့) အနီးတွင် တည် ရှိ___ မရှိ___

ရရှိသော အချက်အလက်များအရ၊ ဒေသအာဏာပိုင်များ၏ အကြံပေးမှုအရ၊ ဒေသခံများ၏ သိရှိမှုအရ၊ လေ့လာမှု အရ စီမံကိန်းလုပ်ငန်းခွဲသည် သမိုင်းဝင်၊ ရှေးဟောင်း၊ ယဉ်ကျေးမှု ဧရိယာ (ဥပမာ ဘုရားစေတီ၊ အမှတ်ရ အောက်မေ့ဖွယ် အဆောက်အအုံနှင့် သင်္ချိုင်းဂူများ) သို့မဟုတ် အနီးနားတွင် တူးဖော်ရန် လိုအပ်မှု ရှိ___ မရှိ ___

တစ်ခုခုရှိသည်ဟုဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသား ပြုပါ

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E9.* သီးနှံ၊ အပင်နှင့် နေအိမ်အဆောက်အအုံပျက်စီးမှု

*(Loss of crops, fruit trees and household infrastructure)*

စီမံကိန်း လုပ်ငန်းခွဲကြောင့် သီးနှံ၊ အပင်နှင့် နေအိမ်အဆောက်အအုံ (ဥပမာ - ကျီ၊ ကျ စသော သိုလှောင်ရုံများ၊ အိမ်ပြင်ပရှိ အိမ်သာ၊ မီးဖိုချောင် စသည်) ပျက်စီးမှု ရှိ___ မရှိ ___

တစ်ခုခုရှိသည်ဟု ဖြေပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသားပြုပါ။

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E10.* သဘာဝ သတ္တဝါများ၏ စားကျက်မြေအပေါ် ဆိုးရွားစွာ သက်ရောက်မှု

*(Adverse impacts on natural habitats)*

စီမံကိန်း လုပ်ငန်းခွဲကြောင့် သဘာဝသတ္တဝါများအပေါ် လက်ခံနိုင်သော ပမာဏထက် ပိုလွန်၍ ဆိုးရွားစွာ သက်ရောက်မှု ရှိ___ မရှိ___

တစ်ခုခုရှိသည်ဟု ဖြေပါက သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ် အသား ပြုပါ။

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

*E11.* ရေဆိုးနှင့် အမှိုက်

*(Solid or liquid waste)*

စီမံကိန်း လုပ်ငန်းခွဲကြောင့် ရေဆိုးနှင့် အမှိုက်ထွက်ရှိမှု ရှိ___ မရှိ ___

ရှိပါက စီမံကိန်း လုပ်ငန်းခွဲတွင် လုံလောက်သော စွန့်ပစ်စနစ် ပါဝင်မှု ရှိ___ မရှိ ___

တစ်ခုခု ရှိသည်ဟုဖြေပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိနိုင်ကြောင်း ကျေးရွာ SP တွင် အမှတ်အသား ပြုပါ

□ ထိခိုက်မှုရှိ □ ထိခိုက်မှုမရှိ

- **အထက်ပါမေးခွန်းတစ်ခု၏ အဖြေသည် "ရှိ" ဟု ဖြစ်ပါက သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် *(Environmental Management Plan)* ကို ရေးဆွဲ၍ သက်ရောက်မှုအပေါ် ခံနိုင်ရည် ရှိစေရေး ပြင်ဆင်ရမည်။**

**လူမှု စစ်ဆေးချက် (Social screening)**

*S1.* ပြန်လည် နေရာချထားခြင်းနှင့် မြေရယူခြင်း

*(Resettlement and/or land acquisition)*

စီမံကိန်း လုပ်ငန်းခွဲ အကောင်အထည်ဖော်ရန် ပုဂ္ဂလိကပိုင် မြေ၊ အိမ်ရာ၊ စိုက်ခင်း၊ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကို အမြဲတမ်း သို့မဟုတ် ယာယီ အသုံးပြုရန် လိုအပ်မှု ရှိ___ မရှိ___

- အဖြေသည် "ရှိ" ဖြစ်ပါက မြေယာသိမ်းဆည်းမှု လမ်းညွှန်အတိုင်း (မြေလှူဒါန်းခြင်း သို့မဟုတ် ရွှေ့ပြောင်းရေး အစီအစဉ်တို့ကို လိုအပ်သလို အသုံးပြု၍) ဆက်လက်ဆောင်ရွက်ပါ။

လယ်ယာမြေများပေါ်ရှိ လမ်းအူကြောင်းရာဖွေသော စီမံကိန်းလုပ်ငန်းခွဲများတွင် မြေအသုံးချမှုဆိုင်ရာပြောင်းလဲစေခြင်း ရှိ----မရှိ---

- အကယ်၍ရှိခဲ့ပါက(ဆန္ဒအလျောက်မြေယာလှူဒါန်းမှုအပါအဝင်) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အခြားမြေအသုံးချခွင့် အတည်ပြုချက်အထောက်အထားကို ရယူရန်လိုအပ်သည်။

*S2.* စီမံကိန်း လုပ်ငန်းခွဲအကျိုးပြုမှုအားရရှိခြင်း

*(Accessing benefits)*

ကျေးရွာတွင်းရှိအောက်ပါအုပ်စုများသည် စီမံကိန်း လုပ်ငန်းခွဲ၏ အကျိုးကို ခံစားရရှိခြင်း

-- အမျိုးသမီးများ အကျိုးခံစားရရှိခြင်း ရှိ___ မရှိ___

-- လူငယ်များ အကျိုးခံစားရရှိခြင်း ရှိ___ မရှိ___

-- တိုင်းရင်းသား လူမျိုးစု အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___

-- ဘာသာကွဲ လူနည်းစု အကျိုး ခံစားရရှိခြင်း ရှိ___ မရှိ___

-- အခြား အုပ်စုများ (ဥပမာ - နွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများ) အကျိုးခံစားရရှိခြင်း ရှိ___ မရှိ___

- အုပ်စုတစ်ခုတိုင်းအတွက် "ရှိ" လျှင် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း နှင့် "မရှိ" လျှင် မည်ကဲ့သို့ အကျိုးသက်ရောက်မှု မရှိကြောင်း အသေးစိတ် ရှင်းလင်းပါ။

အကောင်အထည်ဖော်ရာတွင် ကျေးရွာသားများကို အလုပ် ခန့်ထားနိုင်မှု ရှိ___ မရှိ___

- "ရှိ" လျှင် အပိုင်း - (၁) - ပါ ရန်ပုံငွေ ပေးအပ်ခြင်း (Block Grants) တွင် နေ့တွက်ခနှင့် တိုက်ဆိုင် စစ်ဆေးပါ။

| | | | |
|---|---|---|---|
| အမည် | ______________________ | ရာထူး | ခေါင်းဆောင်၊ ကျေးရွာ စီမံကိန်း အထောက်အကူပြု ကော်မတီ (၂ ဦး မှ ၁ ဦး) ______________________ |
| လက်မှတ် | ______________________ | ရက်စွဲ | ______________________ |

## နောက်ဆက်တွဲ ၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ

### ၁။ နိဒါန်း

၁၆၀။. မြန်မာနိုင်ငံ၏ လူထုဗဟိုပြု စီမံကိန်းအား ကမ္ဘာ့ဘဏ်မှ ငွေကြေးထောက်ပံ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ လူထုဗဟိုပြု စီမံကိန်းသည် လူထု အခြေပြုနည်းလမ်းမှတဆင့် အခြေခံ အဆောက်အဦးများနှင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်ခြင်းစသည့် အကျိုးရလဒ်များကို ဆင်းရဲသော ကျေးလက်ပြည်သူများ ရရှိခံစားနိုင်စေရန် နှင့် အရေးပေါ်ဘေးအန္တရာယ်များနှင့် အခက်အခဲများ ပေါ်ပေါက်လာလျှင် ချက်ခြင်း ထိရောက်စွာ တုံ့ပြန်နိုင်ရေးအတွက် အစိုးရ၏ အရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်ပါသည်။ ပူးပေါင်းပါဝင်သော ကျေးလက်လူထုများမှ ရွေးချယ်သတ်မှတ်ထားသော ကျေးလက် အခြေခံ အဆောက်အဦးများအား ငွေကြေးထောက်ပံ့ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ဤ ကျေးရွာလူထု ရင်းနှီးမြှုပ်နှံမှုအား စီမံကိန်း စက်ဝန်း ၄ ခု အတွင်း စီမံဆောင်ရွက်ပါသည်။ စီမံကိန်း ပထမစက်ဝန်းတွင် စံသတ်မှတ်ထားသော ဒီဇိုင်းများအား အသုံးပြု၍ လွယ်ကူစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော စီမံကိန်းလုပ်ငန်းခွဲများအပေါ်အခြေခံ၍ ပြန်လည်ပြုပြင်ရေးနှင့် အသေးစား တိုးချဲ့ရေးလုပ်ငန်းများကိုသာ အဓိကလုပ်ဆောင်ရပါသည်။ပထမစက်ဝန်းပြီးနောက် စီမံကိန်းသည် ဖွင့်လှစ်ထားသော လုပ်ငန်းမျိုးစုံပြဇယားနှင့် ငွေကြေး ပမာဏပေါ်မူတည်၍ အသေးစား ဆောက်လုပ်ရေးလုပ်ငန်းသစ်များဖြစ်သော လမ်းသွယ်များ၊ လူသွားလမ်းများနှင့် တံတားများ၊ ရေနုတ်မြောင်းငယ်များ၊ သောက်သုံးရေ ရရှိရေး စနစ်များ၊ စာသင်ဆောင်များ ပြုပြင်ခြင်းနှင့် ကျန်းမာရေးဌာန ပြုပြင်ခြင်းများ နှင့် အသေးစား ကျေးလက် မီးလင်းရေး စသည့်တို့အား အကောင်အထည်ဖော်ဆောင်ရာတွင် ငွေကြေးထောက်ပံ့ပါသည်။

၁၆၁။. ပတ်ဝန်းကျင်ထိခိုက်စေမှုမှ တားဆီးကာကွယ်ရန်၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကျင့်ဝတ်များ (ECoPs) ကို ဤအခန်းတွင် ဖော်ပြထားပါသည်။ (ECoPs) တွင် စီမံကိန်းလုပ်ငန်းခွဲအမျိုးအစား တစ်မျိုးချင်းစီအတွက် ဖြစ်ပေါ်လာနိုင်သော သဘာဝ ပတ်ဝန်းကျင် ထိခိုက်နိုင်ခြေရှိမှုများအား ကာကွယ်နိုင်သည့် နည်းလမ်းများကို အသေးစိတ် ရေးဆွဲထားခြင်းဖြစ်သည်။ ယင်းတို့ကို ဒေသအနေအထားနှင့် လျော်ညီအောင် ထည့်သွင်းစဉ်းစား ဒီဇိုင်းချရေးဆွဲထားသည်။ လွယ်ကူရိုးရှင်းမှု ရှိပါသည်။ စီမံကိန်း၏အကျိုးကျေးဇူးကို အဓိက ခံစားရမည့် ဒေသခံပြည်သူများ တိုက်ရိုက်အသုံးပြုနိုင်သည်။

၁၆၂။ ဤ ECoPs အား ပြင်ဆင်ရာတွင် ကမ္ဘာ့ဘဏ်မှ ငွေကြေးထောက်ပံ့ထားသော အခြား CDD၊ (သို့) အခြား ပုံစံတူ စီမံကိန်းများ၊ အသေးစားကျေးလက် အခြေခံအဆောက်အဦးများ (ဥပမာ- အင်ဒိုနီးရှား PNPM ကျေးလက်ဒေသ) စသည်တို့၏ လက်တွေ့ ဥပမာများမှ အကျိုးကျေးဇူးရရှိပါသည်။

### ၂။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ အသုံးချပုံနည်းလမ်း လုပ်ငန်းစဉ်။ ဘယ်သူ၊ ဘယ်ချိန်၊ ဘယ်လို

၁၆၃။ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ၊ ကျေးလက်ဦးစီးမှ အင်ဂျင်နီယာများ၏ အကူအညီဖြင့် ကျေးရွာသူ/ရွာသားများ၊ ကန်ထရိုက်တာများသည် စီမံကိန်း လုပ်ငန်းခွဲများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ခြင်းများတွင် (ECoPs) အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လူထုစည်းရုံးရေးမှူးအနေဖြင့် ကျေးရွာများတွင် လူမှုဆိုင်ရာ ကိစ္စရပ်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ထည့်သွင်းရေးဆွဲရန်နှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ကျင့်ဝတ်များအသုံးချပုံနည်းလမ်း လုပ်ငန်းစဉ်များကို ရှင်းလင်း သင်ကြားပြသရေးတို့အား အလေးပေးဆောင်ရွက်ရမည်။ လက်ထောက်နည်းပညာမှူးနှင့် ကျေးလက်/ဦးစီးမှ အင်ဂျင်နီယာများသည် နည်းပညာဆိုင်ရာဒီဇိုင်းများရေးဆွဲရာနှင့် အကောင်အထည်ဖော်တည်ဆောက်ရာ တို့တွင် အဆိုပါနည်းလမ်း/ လုပ်ငန်းစဉ်တို့ကို လက်ခံကျင့်သုံးရန် တာဝန်ရှိသည်။ ဤသို့ (ECoPs) အတိုင်း လိုက်နာဆောင်ရွက်နေမှုကို ပြည်နယ်တိုင်းရုံးမှ NCDDP အခြေခံအဆောင်အဦး အဖွဲ့နှင့် ကျေးလက်/ဦးစီးရုံးချုပ်မှ အင်ဂျင်နီယာက ကြီးကြပ်ကွပ်ကဲရမည်။

၁၆၄။ (ECoPs) အတိုင်းလိုက်နာဆောင်ရွက်မှုများကို ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးမှ ပြုစုတင်ပြသော နှစ်ပတ်လည်အစီရင်ခံစာများဖြင့် စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်သည်။ အစီရင်ခံစာတွင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကို အသုံးပြု၍ ကိစ္စရပ်(များ)၊ ပြဿနာရပ်(များ) ကိုဖြေရှင်း ဆောင်ရွက် မှု သို့မဟုတ် ပြဿနာဖြေရှင်းရေးအတွက် လုပ်ဆောင်မှု များအား အခန်းတစ်ခန်းအဖြစ်ပါဝင်စေရမည်။

၁၆၅။ (ECoPs) အတိုင်း လိုက်နာဆောင်ရွက်မှုအဖြစ် စီမံကိန်းနှစ်တစ်နှစ်စက်ဝန်းတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

| **စီမံကိန်းစက်ဝန်း အဆင့်များ** | **ECoP ပြင်ဆင်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း** |
|---|---|
| **ပြင်ဆင်ခြင်းနှင့်စီမံကိန်းရေးဆွဲခြင်းအဆင့်။** | |
| အဆင့် ၃။ ဒုတိယ ကျေးရွာအစည်းအဝေး။ ၃နှစ်စာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၊ ဦးစားပေး အဆိုပြုလွှာများ၊ ကျေးရွာအုပ်စု ဆွေးနွေးပွဲအတွက် ကိုယ်စားလှယ်ရွေးချယ်ခြင်း | ကျေးရွာအဆင့်တွင် စီမံကိန်းလုပ်ငန်းခွဲများကို အစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက် ရန် CF/TF က စီမံကိန်းလုပ်ငန်းခွဲ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးလျော့ချရေး ကာကွယ် ရန် နည်းလမ်း အဖြစ် အသုံးပြုထားသော ECoP ၏ အဓိကရည်ရွယ်ချက်ကို ရှင်းလင် မိတ်ဆက်ပေးရမည်။ သက်ဆိုင်ရာ ကျင့်ဝတ်များ ပါဝင်ခြင်းသည် ကျေးလက်လူထု ဒီဇိုင်းများ/ ကောင်းမွန်စွာ အတည်ပြု ထားသော စီမံကိန်း လုပ်ငန်းခွဲများ အား ပိုမို အားကောင်း |

| | |
|---|---|
| | စေပါသည်။ |
| **ဆုံးဖြတ်ချက်ချခြင်း အဆင့်။** | |
| အဆင့် ၄။ ကျေးရွာအုပ်စု ဆွေးနွေးပွဲတွင် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း၊ ဘဏ္ဍာရေး ဆပ်ကော်မတီ ရွေးချယ်ခြင်းတို့အား ဆွေးနွေးပါသည်။<br>အဆင့် ၅။ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အား မြို့နယ် အထောက်အကူပြု စီမံခန့်ခွဲရေး ဆပ်ကော်မတီမှ အတည်ပြုပေးပါသည်။ | စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ရာတွင် CF/TF သည် (လိုအပ်လျှင် မြို့နယ် DRD အင်ဂျင်နီယာအကူအညီဖြင့်)စီမံကိန်းလုပ်ငန်းခွဲ နည်းပညာဒီဇိုင်းရေးဆွဲရာတွင် ECoPs အား ထည့်သွင်းစဉ်းစားရပါမည်။စီမံကိန်းလုပ်ငန်းခွဲ အဆိုပြုလွှာ တစ်ခုချင်းစီသည် သက်ဆိုင်ရာ ECoPs ၏ သီခြားသတ်မှတ်ထားသော ကဏ္ဍအလိုက် လိုက်နာရန်လိုအပ်ပါသည်။ |
| အဆင့် ၁၀။ စီမံကိန်းလုပ်ငန်းခွဲအား အကောင်အထည်ဖော်ခြင်း | TF သည် (လိုအပ်ပါက မြို့နယ်ကျေးလက်/ဦးစီး အင်ဂျင်နီယာ၏ ပံ့ပိုး ကူညီမှုကို ရယူ၍) သက်ဆိုင်ရာ ဆီလျော်သော ECoPs ကို အသုံးပြု၍ ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရန် တာဝန်ယူရမည်။ |
| **စီမံကိန်းစက်ဝန်း လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အဆင့်။** | **ECoP အား လိုက်နာဆောင်ရွက်ခြင်း** |
| အဆင့် ၁၄။ လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး (O&M) | စီမံကိန်းလုပ်ငန်းခွဲ O&M အနေဖြင့် စည်းရုံးရေးမှူးများသည် ကျေးရွာ လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင် ထိန်းသိမ်းရေး ကော်မတီအား သက်ဆိုင်ရာ ECoP အတိုင်း လိုက်နာ အကောင်အထည် ဖော်ရာတွင် ကူညီထောက်ပံ့ ပေးရမည်။ |

၁၆၆။ ECoPsသည် စံသတ်မှတ်ထားသော ဒီဇိုင်းများအား အသုံးပြု၍ လွယ်ကူစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော စီမံကိန်းလုပ်ငန်းခွဲများစာရင်းအပေါ်အခြေခံ၍ စီမံကိန်း ပထမစက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအမျိုးအစား အားလုံးအတွက် သက်ရောက်ပါသည်။ ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် စံသတ်မှတ်ထားသော ဒီဇိုင်းအား ပြုပြင်မွမ်းမံခြင်းနှင့် အခြား ဒီဇိုင်းပြင်ဆင်ခြင်းတို့အား ပြုလုပ်ပါသည်။ စံသတ်မှတ်ထားသော ဒီဇိုင်းများမှာ ကျေးလက်လမ်းများ၊ ကျေးလက်ရေပေးဝေရေး၊ ကျေးလက်တံတားများ၊ ကျေးလက် မီးလင်းရေး၊ ဆိပ်ခံတံတားများနှင့် ကျေးလက် နေအိမ်များအတွက် ရရှိနိုင်ပါသည်။ ထို့အပြင်

မမျှော်လင့်ပဲ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ(PCR) ကိစ္စများအတွက် ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေသော လုပ်ထုံးလုပ်နည်းများအားလုပ်ဆောင်ရပါမည်။

၁၆၇။ ECoPs သည် အသေးစားအသစ် ဆောက်လုပ်ရေး လုပ်ငန်းများ ဖြစ်သော လမ်းသွယ်များ၊ လူသွားလမ်းနှင့် တံတားများ၊ ဆိပ်ခံတံတားငယ်များ၊ ရေနုတ်မြောင်းငယ်များ၊ ရေပေးဝေရေး၊ စာသင်ကျောင်းနှင့် ကျန်းမာရေးဌာန ပြုပြင်ခြင်း၊ အသေးစား ကျေးလက် မီးလင်းရေးအစရှိသည် တို့သည် စီမံကိန်း ဒုတိယနှစ်နှင့် နောက်ပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော လုပ်ငန်းအမျိုးအစား အားလုံးအတွက် သက်ရောက်ပါသည်။စီမံကိန်းစက်ဝန်း တစ်ခုစီတွင် လုပ်ဆောင်သော လုပ်ငန်း ဆောင်တာများအား အကျုံးဝင် ပံ့ပိုးပေးနိုင်ရန် ECoP တွင် ပါရှိသော စီမံကိန်းလုပ်ငန်းခွဲစာရင်းကို နှစ်စဉ် ပြင်ဆင်မွမ်းမံပါသည်။ စီမံကိန်းလုပ်ငန်းခွဲအကျိုးသက်ရောက်မှုသည် မြင့်မားနေပါက (ဥပမာ- ရေ/လေ/မြေ ညစ်ညမ်းခြင်း) သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် (EMP) အား လုပ်ငန်းမစတင်မီ ရေးဆွဲ ပြင်ဆင်ရပါမည်။ စီမံကိန်းလုပ်ငန်းသည် ထိန်းသိမ်းစောင့်ရှောက်ထားသော ယဉ်ကျေးမှု အမွေအနှစ် ဇုန်များအတွင်းနှင့် အနီးတွင်လည်းကောင်း၊ ယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံ နယ်မြေတွင် လည်းကောင်း တည်ရှိနေပါက ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေသော လုပ်ထုံးလုပ်နည်းများ ပါဝင်သည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲရေး အစီအစဉ် (PCRMP) အား ပြင်ဆင်ရေးဆွဲရပါမည်။

၁၆၈။ စီမံကိန်းလုပ်ငန်း အဆိုပြုချက်နှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်စေရန်ဤ(ECoPs) ကိုဒီဇိုင်းပြုလုပ်ရေးဆွဲထားသည်။ စီမံကိန်းလုပ်ငန်းခွဲတစ်ခုချင်းစီ အနေဖြင့် သက်ဆိုင်ရာ (ECoPs) ကိုလက်ခံလိုက်နာ ကျင့်သုံးထားရမည်။ TF များသည် သက်ဆိုင်ရာ (ECoPs) အပိုဒ်အား လက်ခံ လိုက်နာကျင့်သုံးမှုကို စစ်ဆေးရန်တာဝန်ရှိသည်။

*နောက်ဆက်တွဲ ၃ (က)              ယေဘုယျ ECoP*

၃။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ

*(က) ယေဘုယျ လမ်းညွှန်ချက်များ (ပြန်လည်ပြုပြင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အများဆုံး သက်ရောက်ပါသည်။)*

| ကိစ္စရပ် | သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု/လျော့ပါးအောင်ဆောင်ရွက်မှု |
|---|---|
| ဆောက်လုပ်ချိန် ဦဆူညံခြင်း | (က) ကျေးရွာလူထုနှင့် ကြိုတင်ညှိနှိုင်း၍ အဆူညံဆုံးလုပ်ငန်းကိုလူထုအား အနောက်အယှက်ဖြစ်နိုင်ခြေ အနည်းဆုံးအချိန်တွင် လုပ်ကိုင်ရမည်။<br>(ခ) ကာရံထား/ပိတ်ဆို့ထား/ခြားထား/လမ်းလွှဲထားခြင်းဖြင့်လည်းကောင်း၊ အသံတိုးသောပစ္စည်းများအား အသုံးပြုခြင်းဖြင့်လည်းကောင်း၊ ကြီးမြန် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း ဆူညံမှုကို ထိန်းချုပ်ရမည်။<br>(ဂ) ရွာတွင်းမှ ဖြတ်သန်း၍ ပစ္စည်းများအား သယ်ယူပို့ဆောင်ခြင်းကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း။<br>(ဃ) လူနေအိမ်ခြေနှင့် စီမံကိန်းဇုန်ကြားတွင် သစ်ပင်တန်း/ကွက်လပ်/ စိုက်ခင်း စသည်တို့ ခြားထားခြင်းဖြင့် ဆူညံမှုကို တားဆီးခြင်း။ |
| မြေဆီလွှာ တိုက်စားခြင်း | (က) ပွင့်လင်း/ခြောက်သွေ့ရာသီတွင် ဆောက်လုပ်ခြင်း။<br>(ခ) ကုန်းစောင်းများ/ဆင်းလျှောများ အနည်းဆုံးဖြစ်စေခြင်း။<br>(ဂ) မြက်ခင်းစိုက်ပေးခြင်း၊ ဒဏ်ခံနိုင်သောမြေဖို့ပေးပြီး သိပ်သည်းအောင် လုပ်ပေးခြင်း၊<br>(ဃ) ဆောက်လုပ်ရေးလုပ်ငန်း ပြီးလျှင်ပြီးချင်း အပေါ်ယံမြေဆီလွှာ ပြန်လည် ဖုံးအုပ်ပေးပြီးလျှင် မြက်/ကြီးမြန်သစ်ပင်/ ချုံပင်/ သစ်ပင်တို့ အားပြန်လည်စိုက်ပျိုးပေးခြင်း၊<br>(င) တည်ဆောက်ပြီးစီးသောအခါ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက် ပေးရမည်။ မတ်စောက်လွန်းသောရေဆင်းဖြစ်ပါက ထန်းခေါက်ဖျာ/ ဂုန်နီစ စသည်တို့ ခင်းပေးနိုင်သည်။ |
| သန့်ရှင်းသောလေ | (က) လုပ်ငန်းခွင်တွင် ဖုန်မထစေရန် အချိန်မှန်ရေဖျန်းပေးရမည်။<br>(ခ) လုပ်ငန်းခွင်သန့်ရှင်းစေရန် သစ်ရွက်ခြောက်/အမှိုက်များအား မီးမရှို့ရ။<br>(ဂ) လေတိုက်သောနေ့တွင် လွင့်သွားခြင်း/အကောင်များကြောင့် လွင့်သွား ခြင်းများ မရှိစေရန် သဲ/ကျောက်တို့ဖြင့် ဖုံး/ဖိ ထားရမည်။ |
| ရေရရှိရေးနှင့်ရေ၏ အရည်အသွေး | (က) လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် သောက်သုံးရေရရှိမှုနှင့် ကျန်းမာ၊ သန့်ရှင်းရေးတို့အား မထိခိုက်စေရ။<br>(ခ) ရေ၏အရည်အသွေးမည့်ဖျင်းစေရန် မိလ္လာအညစ်အကြေး၊ အမှိုက်၊ အဆိပ်အတောက်ဖြစ်စေမည့် အရာများ(သို့) အန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ရေထဲသို့ ပစ်မချရ။<br>(ဂ) သဘာဝရေစီးကြောင်းများကို ပိတ်ဆို့ခြင်း၊ လမ်းလွှဲခြင်း မပြုရ။ |

| | |
|---|---|
| | မြစ်၊ ချောင်းကြမ်းပြင် ခြောက်သွေ့စေခြင်း/ အနည်ထိုင် သောင်ထွန်း ခြင်းတို့ ဖြစ်တတ်သည်။<br>(ဃ) ကွန်ကရစ်လုပ်ငန်းကို ရေထဲတွင် လုပ်ကိုင်ရပါက တတ်နိုင်သမျှခွဲခြား ထားရမည်။ ရေစီးဝင်သည့် မြောင်းနှင့်လည်း ခွဲခြားထားရမည်။ |
| အမှိုက်/အဆိပ်<br>အတောက်နှင့်<br>အန္တရာယ်ဖြစ်စေ<br>သောပစ္စည်းများ | (က) ဆောက်လုပ်ရေးအမှိုက်သရိုက်များကို စနစ်တကျထိန်းသိမ်းထားသော နေရာတွင်သာ စွန့်ပစ်ရမည်။<br>(ခ) အမှိုက်ပုံ(ဖောင်ဒေးရှင်းအတွက် တူးထားသောမြေ အပါအဝင်) သည် မြစ်/ချောင်း/ရေကန်စသည့် ရေထွက်ပင်ရင်းနှင့် အနည်းဆုံး မီတာ(၃၀၀)၊ (ပေအားဖြင့် ၁၀၀၀) ကွာဝေးရမည်။<br>(ဂ) ဆီဖြည့်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများပြောင်းရွှေ့ခြင်း တို့ကို လူနေအိမ်ခြေနှင့် ဝေးရာတွင် ဆောင်ရွက်ရမည်။ ရေမြောင်းမှ မီတာ(၅၀)၊ ပေ(၁၆၅) နှင့် အဓိကကျသောရေထွက်ပင်ရင်းမှ မီတာ (၁၀၀)၊ ပေ(၃၃၀) ကွာဝေးစေရမည်။<br>(ဃ) စက်သုံးဆီနှင့် အခြားအန္တရာယ်ရှိသော ပစ္စည်းများအားပြောင်းရွှေ့မည့် အလုပ်သမားများကိုလည်း လက်အိတ်၊ဖိနပ်၊ခါးစည်းအဝတ်၊ မျက်မှန် နှင့်အခြား ကာကွယ်ရေးပစ္စည်းများအား အသုံးပြုတတ်အောင် ပညာပေး/လေ့ကျင့်ပေးရမည်။<br>(င) အသေးစားပြုပြင်ထိန်းသိမ်းရေးပစ္စည်းများဖြစ်သော ဆီပေအဝတ်၊ ဆီစစ်၊ ဆီအဟောင်းများအား စနစ်တကျစွန့်ပစ်ရမည်။မြေအောက်ရေနှင့် မြေကြီးကို ညစ်ညမ်းမှုဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်းအကျန်များကို မြေထုနှင့်ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။အကယ်၍ ကျေးလက်လူထုသည် မလွှဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသောစွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။(ဥပမာ-သုံးစွဲပြီးဆီများကို လောင်စာအဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍အသုံးပြုခြင်း) |
| ကျန်းမာရေးနှင့်<br>အန္တရာယ်ကင်းရှင်း<br>စေရေး | (က) လူထုထိခိုက်မှုအားရှောင်ရှားနိုင်စေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို စီမံကိန်းအကောင်အထည်ဖော်မှု အစီအစဉ်ရေးဆွဲစဉ်ကတည်းက အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်-<br>(၁) လုပ်ငန်းခွင်နေရာ- လူမှုထိခိုက်နိုင်ချေရှိသည့် အရာများကို ဖယ်ရှားခြင်း(သို့မဟုတ်) သတိပေးဆိုင်းဘုတ်ထားရှိခြင်း<br>(၂) လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးလုပ်သားများ - ဆောက်လုပ်ရေးလုပ်သားများ သည် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ၄င်းတို့၏ကျွမ်းကျင်မှုနှင့် ကျန်းမာကြံ့ခိုင်မှု ရှိရန်လိုအပ်ခြင်း<br>(၃) အသုံးပြုသောစက်ယန္တရားများ- စက်ယန္တရားများအား ကျွမ်းကျင်စွာ အသုံးပြုနိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ အဆိုပါယန္တရားများကို လုံခြုံစိတ်ချစွာအသုံးပြုမှု နည်းစနစ်ဆိုင်ရာ ကျွမ်းကျင်မှု အသိပညာလိုအပ်ခြင်းရှိ/မရှိ စစ်ဆေးခြင်း<br><br>(ခ) အလုပ်သမားများအား ဦးထုပ်၊ လက်အိတ်၊ ဖုန်ကာကွယ်သည့် မျက်နှာဖုံး၊ ဖိနပ်၊ ခါးစည်းအဝတ်၊မျက်မှန် စသည့် ကာကွယ်ရေး ပစ္စည်းများ ပံ့ပိုးပေးရမည်။<br>(ဂ) မြေပြင်မှ ၂ မီတာ အထက်မြင့်သော ဆောက်လုပ်ရေး လုပ်ငန်းခွင်များ အတွက် အောက်ဖော်ပြပါ အတိုင်းအတာများကို လိုက်နာပါ။ |

| | |
|---|---|
| | (ဒ)  အောက်ခြေမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။<br>(၂) အမြင့်တွင်လုပ်ကိုင်ရမည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မျက်လုံး ဆွေစောင်းသူများ၊ နာတာရှည်ရောဂါသည်များဖြစ်သည့် အရိုးပွရောဂါ ခံစားနေရသူများ၊ ဆီးချိုရောဂါ၊ အဆစ်ရောင်ရောဂါ (သို့) ပါကေဆန် ရောဂါခံစား နေရသူများ၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးတိုးကျဆေး စသည်တို့ကို သုံးစွဲ နေရသော ရောဂါဝေဒနာရှင်များနှင့် လွန်ခဲ့သော (၁၂)လအတွင်း ချော်လဲ ထိခိုက်ဒဏ်ရာရရှိသူများအား လုပ်ဆောင်ခွင့် မပြုပါ။<br>(၃)  အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သောသူများကို လုပ်ကိုင်ခွင့်ပြု သည်။<br>(၄)  အမြင့်တွင်လုပ်ရသော အလုပ်များ (ဥပမာ- အမိုး) များတွင် လုပ်ဆောင် ပါက အန္တရာယ်ကင်းမှု ရှိ/မရှိ စစ်ဆေးရန်။<br>(၅) ပြိုကျပျက်ဆီးနိုင်သော နေရာများတွင် လုပ်ဆောင်ပါက ကြိုတင်သတိ ပေးမှုများ ပြု လုပ်ရန်<br>(၆) ရေနံဆီ၊ အိမ်သုတ်ဆေးနှင့် ချော်မလဲအောင်ပြုလုပ်ထားသော မြေစာများ စသည်တို့ကို ရှင်းလင်းထားရန်။<br>(၇) ဖြစ်နိုင်ပါက လုံခြုံရေး အကာကွယ်ပေးသည့် နည်းလမ်းများဖြစ်သည့် လုံခြုံရေးအကာအကွယ်ပစ္စည်းများ၊ငြမ်းစင်များ၊ ဘားတန်းများကို မြေပြင်မှ ၄ မီတာအကွာတွင် လုပ်ဆောင်သော လုပ်ငန်းများတွင် တပ်ဆင်ပေးရမည်။<br>(ဃ) လုပ်ငန်းခွင်သန့်ရှင်းရေးအား နေ့တိုင်းဆောင်ရွက်ရမည်။<br>(င) ဓါတ်ငွေ့ဘူးများကို လုံအောင်ပိတ်ဆို့၍ ... (ငရဲမီးနှင့် အဆိပ်အတောက်ပစ္စည်းများကို လုံအောင်ပိတ်ဆို့၍ လုံခြုံသောနေရာတွင် စနစ်တကျ စွန့်ပစ်ရမည်။)<br>(စ)  လူနေအိမ်ခြေနှင့် ဝေးရာတွင် အလုပ်သမားများအတွက် ကျန်းမာရေး နှင့် ညီညွတ်သည့် အိမ်သာကို လုံလောက်စွာ ထားပေးရမည်။<br>(ဆ)   ဆောက်လုပ်ရေးဇရိယာနှင့် ပစ္စည်းသိုလှောင်သောနေရာကို ကြိုးတား/ ကြိုးဝိုင်းထားပြီးသတိပေးဆိုင်းဘုဒ်များ တပ်ဆင်/ ပြသထားရမည်။ ၎င်းဇရိယာတွင် ကလေးငယ်များဆော့ကစားခြင်းကို ခွင့်မပြုရ။<br>(ဇ) မြေယူရန်တူးထားသောတွင်းများကို ရေမဝပ်စေရန် ဆောက်လုပ်ရေးလုပ် ဆောင် ပြီးနောက် မြေပြန်ဖို့ပေးရမည်။<br>(ဈ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် (ပိုးသတ်ဆေး၊လိမ်းဆေး၊ ပတ်တီး စသည့် ဆေးဝါးအစုံအလင်ပါသည့်)ဆေးသေတ္တာထားရှိရမည်။ |
| အခြားသော ရှောင်ကြဉ်ရန်များ | (က)  လိုအပ်သောနေရာမှအပ သစ်ပင်ခုတ်လှဲခြင်းသို့မဟုတ် သီးနှံခင်းများ ပျက်စီးစေခြင်း မရှိစေရ။<br>(ခ)   အမဲလိုက်ခြင်း၊ငါးဖမ်းခြင်း၊တောတိရစ္ဆာန်များဖမ်းယူခြင်း၊အပင်များမှ ခူးယူခြင်း မပြုလုပ်ရ။<br>(ဂ)   သုံးစွဲရန်အတည်ပြုထားသော ပစ္စည်းများမှအပ သုံးစွဲခြင်းမပြုရ။ (ခဲပါဝင်သောသုတ်ဆေးများ၊ကျောက်ဂွမ်းစသည်တို့ အပါအဝင်)<br>(ဃ)  ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်နေရာများအားရှောင်ကြဉ်ရမည်။ |

*နောက်ဆက်တွဲ ၃ (ခ)။ သေချာတိကျသော လုပ်ငန်းများ/စီမံကိန်းလုပ်ငန်းခွဲများအတွက် ECoPs*

*(ခ)။ ဆောက်လုပ်ရေးနှင့် ပြန်လည်ပြုပြင်ရေးအတွက် တိကျသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ/ နည်းပညာ လမ်းညွှန်ချက်များ*

*(၁)။ အဆောက်အအုံများ*

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု |
|---|---|
| အထွေထွေ | (က) အဆောက်အအုံပတ်လည်တွင်ရေမဝပ်စေရန်လုံလောက်သော ရေမြောင်းပါရှိရမည်။ ရေဝပ်ခြင်းကြောင့် ပိုးမွှားများပေါက်ပွားနိုင်ပြီး ငှက်ဖျား စသော ရောဂါများ ဖြစ်ပွားနိုင်သည်။ ၎င်းသည် ကျန်းမာရေးနှင့်မညီညွတ်သောအနေအထားဖြစ်သည်။<br>(ခ) ရေနှင့် မိလ္လာစနစ်ပါရှိရမည်။ ဥပမာ။ ။အိမ်သာ၊ လက်ဆေးကန်၊<br>(ဂ) ကျောက်ဂွမ်းဖြင့်ပြုလုပ်ထားသော အမိုးပြားများမသုံးရ။<br>(ဃ) ကြွေပြားကပ်ထားသောကြမ်းခင်းသည် ဆေးကြောသန့်စင်ရန် လွယ်ကူပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ အန္တရာယ်ကင်းရမည်။ |
| စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ (နေ့ကလေးထိန်းဌာန၊ ဆက်သွယ်ရေးဌာနတို့ အပါအဝင်)၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ နှင့်ဈေးများ။ | (က) စာသင်ကျောင်းများနှင့်ကျန်းမာရေးဌာနခွဲများတွင် လေအေးပေးစက်မှလေထက် သဘာဝလေရရှိမှုကိုဦးစားပေးရန်နှင့် လျှပ်စစ်မီး၏အလင်းရောင်ထက် သဘာဝအလင်းရောင်ရရှိမှုကိုပိုမိုဦးစားပေးရန်၊ထို့အတွက်ကြီးမားသောပြတင်းပေါက်များဖြင့်တည်ဆောက်ပေးရန်။ (နောက်ဆက်တွဲ-၁၂)<br>(ခ) ကျန်းမာရေးဆေးရုံ/ဆေးခန်းများ :<br>(၁) စမ်းသပ်ခန်း၊ လူနာဆောင်များနှင့် လူနာများစောင့်ဆိုင်းရန်နေရာများသည်ကျယ်ဝန်း၍ လေဝင်လေထွက်ကောင်းမွန်ရမည်။<br>(၂) (သွေး၊ဆေးထိုးအပ်စသည်တို့ပါဝင်သော) စွန့်ပစ်ရန်အမှိုက်များကိုစနစ်တကျ စွန့်ပစ်ရမည်။<br>(ဂ) ဈေးများ :<br>(၁) သန့်ရှင်းရေးပြုလုပ်ရန်လွယ်ကူသောကြွေပြားအခင်းများခင်းထားပြီးရေဆင်းကောင်းအောင်လျှောထားပြီး တည်ဆောက်ရမည်။<br>(၂) အချိန်မှန်သိမ်းဆည်းနိုင်မည့် အမှိုက်ကန်ထားရမည်။<br>(၃) ကုန်ပစ္စည်းအလိုက် ဈေးဆိုင်များ၊ ပစ္စည်းတန်းများ ကိုခွဲခြားထားရမည်။<br>(၄) မိုးရာသီတွင် အမိုးအကာများကို ရေမဝင်ရန်သေချာစွာ မိုးကာထားရမည်။ |

## ၂။ ကျေးလက်လမ်းများ၊ တံတားများနှင့် ဆိပ်ခံများ

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု |
|---|---|
| ကျေးရွာချင်းဆက်လမ်းများ၊ကျေးရွာနှင့်မြို့ဆက်သွယ်သောလမ်းများ | အထွေထွေသတိပြုရန်အချက်များ<br>(က) မြေကြီးပုံများအပါအဝင်ဆောက်လုပ်ရေးအမှိုက်များအားစွန့်ပစ်ရမည့်နေရာသည်ရေထွက်ပင်ရင်း(မြစ်၊ ချောင်း၊ ကန် (သို့) ရွံ့ဗွက်များ) မှ အနည်းဆုံး(မီတာ ၃၀၀) (ပေ ၁၀၀၀)ကွာလှမ်းရမည်။တည်ဆောက်ရေးလုပ်ငန်းခွင်မှထွက်သော အမှိုက်၊ သတ္တုနှင့်ပိုလျှံသောပစ္စည်း (လောင်စာဆီ၊ဆီချေး၊စက်သုံးဆီ၊အမဲဆီ) များသည်မြေနှင့်မြေအောက်ရေကိုညစ်ညမ်းစေသောကြောင့် တိုက်ရိုက်မစွန့်ပစ်ရ။ မြေအောက်ရေနှင့် မြေကြီးကိုညစ်ညမ်းမှုဖြစ်စေနိုင်သော အသုံးပြုပြီး ဆီအကြွင်းအကျန်များကို မြေထုနှင့်ရေထုပေါ်သို့ တိုက်ရိုက်မစွန့်ပစ်ရ။အကယ်၍ ကျေးလက်လူထုသည် မလွှဲမရှောင်သာ စွန့်ပစ်ရန်လိုအပ်ပါက လုံခြုံစိတ်ချရသောစွန့်ပစ်မှုစနစ်ကို ကျင့်သုံးရမည်။(ဥပမာ-သုံးစွဲပြီးဆီများကို လောင်စာအဖြစ်အသုံးပြုခြင်း၊ ကြမ်းတိုက်ခြင်း၊ ရေနံချေးနှင့်ရောစပ်၍အသုံးပြုခြင်း)<br>(ခ) တည်ဆောက်ရေးလုပ်ငန်းပြီးပြီးချင်း မိုးရာသီမတိုင်မီ ရေတိုက်စားမှုကာကွယ်သည့်နည်းစနစ်များအတိုင်းဆောင်ရွက်ရမည်။ကြီးမြန်သည့်သစ်ပင်များမရှင်သန်မချင်းထပ်၍စိုက်ပျိုးရမည်။<br>(ဂ) သစ်ပင်စိုက်ပျိုးမပြီးခင် ကာလအတွင်းလိုအပ်သောနေရာများတွင် နုန်းပို့ချမှုအားထိန်းချုပ်ရန်ရေကြောင်းလွှဲခြင်း၊ သဲစစ်/သဲဖမ်းကန်များ တည်ဆောက်ခြင်းတို့ ပြုလုပ်ရမည်။<br>(ဃ) ဖုန်ထူသောလမ်းများ၊ဖို့မြေများ၊မြေပုံများတွင် လေတိုက်လျှင်ဖုန်မထနိုင်စေရန် လိုအပ်သလို ရေဖျန်းပေးထားရမည်။<br>(င) တရားမဝင်သစ်ထုတ်လုပ်မှုဖြစ်လာနိုင်သောကြောင့် အရေးကြီးသောသစ်တောများအတွင်းလမ်းဖောက်လုပ်မှု ရွေးချယ်ခြင်းကိုရှောင်ကြဉ်ရမည်။<br>(စ) လမ်းဖောက်ရာတွင် မတည်ငြိမ်သောအောက်ခံမြေ၊လျှောစောက်မြေနှင့် မြစ်ကမ်းပါးနှင့်နီးသောနေရာများကိုရှောင်ကြဉ်ရမည်။ အခြားသောလမ်းအူကြောင်းအဖြစ်ရွေးချယ်စရာ မရှိတော့သည့်အခြေအနေမျိုးတွင် အောက်ပါနည်းလမ်းများကိုထပ်မံဖြည့်စွက်အသုံးပြုရန်လိုအပ်ပါသည်။<br><br>လျှောစောက်မြေများတွင် မြေပြိုခြင်းနှင့် တိုက်စားခြင်းမှ ကာကွယ်ရန်<br>(က) တိုက်စားမှုဖြစ်ပေါ်နိုင်သောလျှောစောက်များတွင်ဒေသပေါက်ပင်၊ ကြီးမြန်ပင်နှင့် မြက်တို့ကိုစိုက်ပျိုးပေးရမည်။ မြက်ပင်သည်မိုးရွာခြင်းနှင့် ရေတိုက်စားခြင်းအား ကာကွယ်ပေးသည်။ ကြီးထွားမှုမြန်သော၊ အမြစ်ရှည်သော၊ အောက်ခံမြေအားသိပ်သည်းစေသော၊ အမြစ်ရှည်သော အပင်မျိုးများကိုစိုက်ပျိုးရမည်။ (ပူးတွဲပါပုံ-၁)<br>(ခ) မိုးများသောဒေသများနှင့်လျှောစောက်နေရာများတွင်ဖြတ်မြောင်းဖောက်လုပ်ပေးရမည်။ ဤမြောင်းများဖောက်လုပ်ပေးခြင်းဖြင့်မိုးရေကို လျှောစောက်မတ်သောနေရာမှ ဝေးရာသို့စီးဆင်းစေမည်ဖြစ်သဖြင့် ရေတိုက်စားမှုဖြစ်နိုင်ခြေကိုလျှော့ချပေးမည်ဖြစ်သည်။(ပူးတွဲပါပုံ-၂) |

| | |
|---|---|
| | (ဂ) မတ်စောက်သောလျှောစောက်များတွင်တည်ငြိမ်မှုပိုမိုရရှိစေရန် လှေကားထစ်ပုံမြေကာနံရံများတည်ဆောက်ပေးရမည်။<br>(ဃ) ဆင်ခြေလျှောများ၏အောက်ခြေတွင်မြေကာနံရံဆောက်ပေးရမည်။ နံရံတွင်ရေထွက်ပေါက်ငယ်များဖောက်ပေးထားခြင်းအားဖြင့်နံရံပေါ်တွင်သက်ရောက်မည့်ဖိအားကိုလျှော့ချပေးနိုင်သည်။(ပူးတွဲပါပုံ-၃)<br>(င) လျှောစောက်ကိုပိုမိုတည်ငြိမ်မှုရရှိစေရန် ကျောက်တုံးအခြောက်စီပေးထားနိုင်သည်။(ပူးတွဲပါပုံ-၄)<br>(စ) လမ်းမျက်နှာပြင်မှရေများ လိုရာသို့စနစ်တကျစီးဆင်းစေရန် လုံလောက်သောအရွယ်အစားရှိသည့် ရေမြောင်းဖောက်ပေးရမည်။ |
| တံတားငယ်များ (၅မီတာနှင့်အောက် အလျားရှိသည့်) နှင့် ဆိပ်ခံတံတားများ | တိုက်စားမှုကာကွယ်ခြင်း<br>(က) တိုက်စားခြင်းကိုကာကွယ်ရန် သံဆန်ခါအသုံးပြုသောကျောက်စီ မြေကာနံရံတည်ဆောက်ခြင်းနည်းကို အဓိကအသုံးပြုနိုင်သည်။ (ပူးတွဲပါပုံ-၅)<br>(၁) သံဆန်ခါအသုံးပြုနိုင်သောကျောက်စီမြေကာနံရံ၏အစောင်းကို အလျား(၂)၊ အမြင့်(၁) အချိုးထားရှိရမည်။လုပ်ငန်းခွင်အခြေ အနေအပေါ်မူတည်၍ ပို၍လည်း မြင့်နိုင်သည်။<br>(၂) သံဆန်ခါအတွင်းအသင့်အတင့်မာကျောသည့်ကျောက်ကို စေ့နေအောင်စီပေးရမည်။<br>(၃) သံဆန်ခါစုထွက်မလာစေရန် နန်းကြိုးဖြင့် တုပ်နှောင်ထားရမည်။ နန်းကြိုးကိုသံဆန်ခါအမြင့်၏သုံးပုံတစ်ပုံတွင်ထား၍တုပ်နှောင်ထားရမည်။<br>(၄) သံဆန်ခါအားရေတိုက်စားနိုင်သည့် အနက်၏အောက်တွင် ခိုင်မာစွာတွဲနှောင်ထားရမည်။<br>(၅) လျှောစောက်တွင်ကျောက်မစီနိုင်ပါကမြေဆီလွှာပြန်ဖုံးကာ သစ်ပင်၊မြက်ပင်များပေါက်ရောက်စေရမည်။<br>(ခ) တိုက်စားမှုဖြစ်နိုင်ခြေနည်းသည့်နေရာများတွင်သာ ကျောက်တုံး အခြောက်စီမြေကာနံရံပြုလုပ်သင့်သည်။ ရေစီးသန်သောနေရာများတွင် သံဆန်ခါသုံးမြေကာနံရံအားအချောကိုင်ပေးခြင်းကပိုအဆင်ပြေသည်။<br><br>ရေအရည်အသွေးနှင့်သတ္တဝါများ<br>(က) ရာသီအလိုက်ရေတက်/ကျ ပြောင်းလဲမှုနှင့် အချိန်ကာလ ကိုရေထဲ နေနှင့် ရေစပ်ဝန်းကျင်နေ သတ္တဝါများ၏ရှင်သန်မှုကိုထိခိုက် လောက်အောင်ပြောင်းလဲမှု မဖြစ်စေရ။ (ဥပမာ။ ။ မျိုးပွားမှု)<br>(ခ) ရေစီးတွင်နန်းပို့ချမှုနည်းပါးစေရန် ရေလမ်းကြောင်းလွှဲပေးခြင်း၊ တမံတုပ်၍လုပ်ငန်းဆောင်ရွက်နိုင်သည်။<br>(ဂ) ရေစီးကြောင်း/ရေထဲသို့ စီးဝင်နိုင်သောရေဆင်းများနှင့်လွှတ်ကင်းရာ နေရာများတွင်သာကွန်ကရစ်ဖျော်စပ်ရမည်။ |
| မြောင်းကူးခုံးကျော် တံတားများ | (က) ကွန်ကရစ်အသားသေသည့်ရက်ကျော်လွန်သည့်အခါ ရေမြောင်း ခုံးကျော်အတွင်းတပ်ဆင်ခဲ့သည့် ပုံစံပြားများကိုဖြုတ်ပေးရမည်။ မဖြုတ်ပါကတဖြည်းဖြည်းကွာကျလာပြီး ရေစီးကိုပိတ်ဆို့စေနိုင်သည်။ |

| | |
|---|---|
| | (ပူးတွဲပါပုံ-၁၃)<br>(ခ) ရေတိုက်စားခြင်းမှကာကွယ်ရန်ရေထွက်ပေါက်တွင်ကျောက်တုံး ကြီးများစီပေးထားရမည်။ (ပူးတွဲပါပုံ-၈)<br>(ဂ) အဝင်ဝတွင်သဲ၊ကျောက်များပိတ်ဆို့မနေစေရ၊ ရေကောင်းစွာဖြတ်သန်း စီးဆင်းစေရမည်။ (ပူးတွဲပါပုံ-၈)<br>(ဃ) ရေဆန်ဘက်တွင် သဲဖမ်းကန်တစ်ခု တူးပေးရမည်။ အချိန်မှန်သဲရှင်း ပေးရမည်။<br>(င) လမ်းပေါ်မှရေသည်ရေမြောင်းထဲသို့လွတ်လပ်စွာစီးဝင်စေရမည်။ (ပူးတွဲပါပုံ- ၈ နှင့် ၁၄ ) |

*၃။ ကျေးလက်ရေပေးဝေရေး*

| **လုပ်ငန်းအမျိုးအစား** | **ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု** |
|---|---|
| ရေတွင်း(တိမ်/နက်) | (က) ရေတွင်းပတ်ပတ်လည်တွင် ရေဆင်းကောင်းစေရန်ကြမ်းခင်းလျှော၍ ခင်းပေးထားရမည်။ စက်သီးတပ်ဆင်ရန်တန်းတွင် ကြိုးနှင့်ရေပုံး တပ်ဆင်ပေးထားရမည်။ ကြိုးတစ်ကြိုးနှင့် ရေပုံတစ်ပုံးသာ ထားရှိခြင်းသည် ကျန်းမာရေးအတွက် အညီညွတ်ဆုံးဖြစ်သည်။ (ပူးတွဲပါပုံ-၁၆)<br>(ခ) ပြုပြင်ထိန်းသိမ်းရေးနှင့်အရေးပေါ်ကိစ္စရပ်များအတွက် တွင်းနံရံတွင် သံခြေနင်းကွင်းများတပ်ဆင်ထားရမည်။ (ပူးတွဲပါပုံ-၁၆)<br>(ဂ) စိမ့်တွင်းတွင် မျက်နှာဝကျယ်သဖြင့်သစ်ရွက်/အမှိုက်တို့ မကျစေရန် အဖုံး/အမိုး/သံဆန်ခါတို့ဖြင့်ကာ/ဖုံးအုပ်ထားရမည်။(ပူးတွဲပါပုံ-၁၆)<br>(ဃ) ရေတွင်းကိုမိလ္လာရေစုပ်ကန်၏ရေညာ(အထက်ဘက်)တွင် ဝေးနိုင် သမျှဝေးအောင်ရှိနေစေရမည်။ အနည်းဆုံး(ပေ-၅၀)အကွာထားရမည်။ ထို့ထက်နီးကပ်ပါက ရေအရည်အသွေးကိုထိခိုက်စေနိုင်သည်။ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်။(ပူးတွဲပါပုံ-၁၆)<br>(င) ရေတွင်းအသစ်မှရေကို စတင်မသုံးမီ အနည်းဆုံး ရေထဲတွင် coliform ပါဝင်မှု၊ PH ပါဝင်မှု ၊ စိန်ဒြပ်စင်၊ Nitrate ပါဝင်မှု၊ ရေအရောင်၊ ရေနောက်နေ ခြင်းရှိ/မရှိနှင့် ရေအပူချိန် တို့ကို စမ်းသပ်ရမည်။ အချို့သောကိစ္စရပ်များတွင် ရေတွင်းများကို ပြန်လည်ပြုပြင် ထိန်းသိမ်း ခြင်းများဖြစ်ပါက ရေ၏အရည်အသွေးကို ပြန်လည်စစ်ဆေးရမည်။ |
| စိမ့်စမ်းရေ | (က) စိမ့်စမ်းရေစုကန်ထဲတွင် ဆန်ခါနှင့်သဲစစ်ကန်တို့ပါရှိရမည်။ ရေအဝင် နှင့်အထွက်ကြားတွင်သဲအနည်ထိုင်ရန် နံရံတစ်ခု ကာထားပေးရမည်။ ရေများကျော်၍ကျသွားစေရန် သဲကာနံရံကို ကန်နံရံထက်နိမ့်ပေးထား ရမည်။ သဲများကိုအချိန်မှန်ဆယ်ပေးရန် လိုအပ်သည်။<br>(ခ) ရေယူကန်တွင် ပီဗွီစီ ဆန်ခါပိုက်အားသုံးခြင်းဖြင့်(သို့မဟုတ်) ပိုက်၏ အဝတွင် ဆန်ခါတပ်ဆင် အသုံးပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။<br>(ဂ) ရေထွက်သည့်နေရာအတွင်းသို့ လူသူများဝင်ရောက်ခြင်းကြောင့် မညစ်ပတ်စေရန်ခြံစည်းရိုးခတ်၍ ကာရံထားရမည်။ အမှိုက်/သစ်ရွက် |

| | |
|---|---|
| | များမကျစေရန် အဖုံး/အမိုး မိုးထားရမည်။ |
| မိုးရေခံခြင်း | (က) မိုးရေလှောင်ကန်နှင့် ရေတံလျှောက်ကို ပိုက်ဖြင့်သွယ်တန်း၍ တပ်ဆင်ထားရမည်။<br>(ခ) ရေဖြန့်ပိုက်ဖြင့်သွယ်တန်းလိုပါကရေလှောင်ကန်ကြမ်းပြင်မှ(၁၀ စင်တီမီတာ)/(၄)လက်မအကွာတွင် တပ်ဆင်ရမည်။<br>(ဂ) အပူလွန်ခြင်း၊ ရေညှိများပေါက်ခြင်းမှကာကွယ်ရန် နှင့် ပိုးကောင်/ ပိုးမွှားများ၊ အမှိုက်များဝင်ခြင်းမှကာကွယ်ရန် အမိုးမိုးထားရမည်။<br>(ဃ) ရေ၏အရည်အသွေးကောင်းမွန်စေရေးအတွက် ရေကန်အတွင်း လေဝင်လေထွက်ကောင်းမွန်စေရန် ဆန်ခါပါသောလေပိုက်တစ်ခု တပ်ဆင်ပေးထားရမည်။<br>(င) ငှက်ချေး/တိရစ္ဆာန်ချေးများနှင့် သစ်ရွက်အမှိုက်များ မဝင်စေရန် ရေတံလျှောက်ကို အမြဲတမ်း အချိန်မှန် သန့်ရှင်းပေးရမည်။<br>(စ) မိုးများစွာရွာသည့်အခါရေလျှံကျနိုင်စေရန် ရေလှောင်ကန်တွင် ရေလျှံပိုက်တပ်ဆင်ထားရမည်။ ၎င်းပိုက်မှ အညစ်အကြေးများနှင့် ပိုးမွှားများမဝင်စေရန်နှင့်ရေပြန်မစီးရန် သတိထားရမည်။ တစ်နစ် လျှင် နှစ်ကြိမ်ခန့် ရေလျှံကျစေခြင်းအားဖြင့် ရေမျက်နှာပြင်မှအမှိုက် များပါသွားခြင်းဖြင့် ရေကိုပိုမိုသန့်ရှင်းစေပါသည်။ |
| သဘာဝရေထွက်<br>သို့မဟုတ်<br>မြေပေါ်ရေမှရေပိုက်<br>သွယ်တန်းခြင်း | **ရေထွက်ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း**<br>(က) အမှိုက်များ၊သစ်ရွက်များမကျစေရန်အမိုးမိုးထားရမည်။<br>(ခ) ရေတွင်းရေကန်ကို ခြံစည်းရိုးခတ်ထားရမည်။<br>(ဂ) စိမ့်စမ်းရေစုကန်တိုင်းတွင်သဲ/ကျောက်စရစ်စစ်ကန်တို့ပါရှိရမည်။ အချိန်မှန်ဆည်ပေးရန်လိုအပ်သည်။<br><br>**ပိုက်သွယ်တန်းခြင်း (ပုံ-၁၇)**<br>(က) ပီဗွီစီပိုက်ကို ထိခိုက်မှုမရှိစေရန်မြေကြီးအောက်လက်မ (၅၀ စင်တီမီတာ)/လက်မ (၂၀) အထက်တွင်မြှုပ်နှံထားရမည်။ ပီဗွီစီပိုက် သည် ခရမ်းလွန်ရောင်ခြည်တိုက်ရိုက်ထိတွေ့ပါကကြွပ်ဆတ်လွယ်/ ပျက်စီးလွယ်နိုင်သည်။<br>(ခ) ပိုက်လိုင်းကိုဖြောင့်တန်းစွာနှင့် ပုံသေအစောင်းအတိုင်းသွယ်တန်းရမည်<br>(ဂ) မြေကြီးတွင်မြှုပ်နှံ၍မရသောအခါသံပိုက်ကိုထောက်တိုင်များ၊ကလစ် များဖြင့်ခိုင်မြဲစွာတပ်ဆင်သွယ်တန်းရမည်။<br>(ဃ) ရေစုကန်မှရေထွက်ပိုက်များသည် နေရောင်ခြည်တိုက်ရိုက်ထိတွေ့နိုင် သောကြောင့်သံပိုက်ကိုသာ အသုံးပြုရမည်။ |

## ***၄။ ကျေးလက် လျှပ်စစ်မီးပေးရေး***

| **လုပ်ငန်းအမျိုးအစား** | **ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု** |
|---|---|
| ဆိုလာပြားနှင့်<br>အားသွင်းရုံ | (က) ပြုပြင်ထိန်းသိမ်းရန်လွယ်ကူရေးအတွက်မီးစက်/ရေစုပ်စက်တစ်ခု ဆောက်လုပ်ထားရမည်။ ဒီဇယ်/ဓာတ်ဆီ/စက်သုံးဆီယိုဖိတ်မှုအား |

| | |
|---|---|
| အသေးစား(၃၀ KW အောက်) ရေအား လျှပ်စစ် ဆိုလာလမ်းမီးတိုင်<br><br>ဒီဇယ်မီးစက် (၂၀ KV အောက်) | ပုံမှန်ပြုပြင်ထိန်းသိမ်းပေးရန်လိုအပ်သည်။<br>(ခ) မီးစက်၏အိတ်ဇောပိုက်ကို နံရံရှိရာဘက်တွင်ထား၍တပ်ဆင်ထားရမည်။ အိတ်ဇောငွေ့များသည်မောင်းသူ၏ကျန်းမာရေးကိုထိခိုက်စေနိုင်သည်။ မီးစက်ထားရှိရာ အနီးအနားရှိနေထိုင်သူများ လေထုညစ်ညမ်းမှု မရှိစေရန်အတွက် ၎င်းမီးစက်အနီးရှိ လူနေအိမ်ခန်း (သို့) အဆောက်အအုံများ ရှိရာဘက်သို့ အိတ်ဇောငွေ့များ မရောက်ရှိစေရန် ရှောင်ရှားရမည်။<br>(ဂ) မီးကြိုးများကိုစနစ်တကျတပ်ဆင်သွယ်တန်းခြင်းအားဖြင့်ပြုပြင်ရန် လွယ်ကူစေပြီး အန္တရာယ်လည်းကင်းရှင်းစေနိုင်ပါသည်။(ပုံ-၁၀)<br>(ဃ) လမ်းမီးတိုင်များရှော့မဖြစ်စေရန် ဝါယာကြိုးကိုမိုးရေတိုက်ရိုက်မထိရ။<br>(င) လမ်းမီးတိုင်ဖိနပ်ခုံအားအနည်းဆုံး (၈၀ x ၈၀ x ၁၀၀ စင်တီမီတာ) ထားရှိရမည်ဖြစ်ပြီး အခြားလမ်းမီးတိုင်များ၏ အောက်ခြေဖိနပ်ခုံများအတွက် အသင့်လျော်ဆုံးပမာဏ (အနိမ့်ဆုံးအနက်မှ ၆၀ စင်တီမီတာ) ရှိရမည် ဖြစ်သည်။ (ပုံ-၁၀)<br>(စ) မီးစက်တည်နေရာ -<br>(၁) မီးစက်ထားရှိသည့်တည်နေရာသည် အသံဆူညံမှု အနည်းဆုံးရှိအောင်ထားရှိရမည်။ လူနေအိမ်ရှိနေရာများတွင် အသံဆူညံမှုလျော့နည်းစေရန်အတွက် မီးစက်နှင့် လူနေအိမ်ကြား၌ ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ အရိပ်ရသစ်ပင်တန်းများ၊ နေရာလွတ်များ စသည်တို့ကဲ့သို့သော ကြားခံဇရိယာထားရှိရမည်။<br>(၂) ရေလွှမ်းမိုးလေ့မရှိသော နေရာများကို ဦးစားပေးရွေးချယ်ရမည်။ |
| ဇီဝဓာတ်ငွေ့သုံး မီးစက် | (က) ပိုက်များပေါက်ပြဲ/ယိုစိမ့်မှုမရှိစေရန်သင့်လျော်သောပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန်လိုအပ်သည်။<br>(ခ) ဂက်စ်အိုး(ကန်) အနီးတွင်မီးမညှိ/မီးမခြစ်ရ။ လေဝင်လေထွက်ကောင်းမွန်/လေသာရန်လိုအပ်သည်။<br>(ဂ) အညစ်အကြေး/အမှိုက်သရိုက်များ၊ စွန့်ပစ်ပစ္စည်းများအားထိတွေ့ရာ/ကိုင်တွယ်ရာတွင်အကာအကွယ်ပစ္စည်းများဖြင့်ကိုင်တွယ်ရန်လိုသည်။ ထိတွေ့ပြီးတိုင်း/ကိုင်တွယ်ပြီးတိုင်းလက်ဆေးရမည်။အစာစားခါနီး/သောက်ခါနီးတိုင်း လက်ဆေး/မျက်စိများအားဆေးကြောပစ်ရမည်။<br>(ဃ) ဂက်စ်အိုး(ကန်) ကိုသန့်ရှင်းသပ်ရပ်စွာထားရှိခြင်းအားဖြင့် အနံ့ဆိုးများကင်းစေပြီးခြင်/ယင် ပေါက်ပွားမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။ |
| စပါးခွံဓာတ်ငွေ့သုံး (၁၅ KV အောက်) မီးစက် | (က) စပါးခွံဓာတ်ငွေ့လှောင်ကန်ကို ဘွိုင်လာအိုးအနီးတွင်ထားရမည်။ အဝေး/အမြင့်တွင်ထားခြင်းဖြင့် နည်းပညာဆိုင်ရာရှုပ်ထွေးမှု၊ ကုန်ကျစရိတ်ကြီးမြင့်မှုများ ဖြစ်နိုင်သည်။<br>(ခ) ဖွဲပြာများကို မြေမြှုပ်ရန် သို့မဟုတ် မြေသြဇာအဖြစ် အသုံးပြုပစ်ရမည်<br>(ဂ) ဖွဲပြာလှောင်ကန်သည်ရေစပ်မှပေ (၁၅ မီတာ)/ ပေ(၅၀)အကွာနှင့် ရေထွက်ပင်ရင်းနှင့်(၃၀ မီတာ)/ပေ(၁၀၀) ကွာဝေးရမည်။ ထိုအကွာအဝေးဖြစ်အောင် မစီစဉ်နိုင်ခဲ့ပါက အကျိုးဆက်များအားကြိုတင်ကာကွယ်ပြင်ဆင်ထားရမည်။ |

| | |
|---|---|
| | (ဃ) ‌ေလှာင်ကန်ကိုပြန့်ပြူးသောနေရာတွင်ထားရှိပြီးရေစီးကောင်းမွန်စေရန်ဆောင်ရွက်ပေးရမည်။ မြေနိမ့်/ရေစီးမကောင်း/ရေဝပ်သောနေရာများအားရှောင်ကြဉ်ရမည်။<br>(င) အမှိုက်ပုံ၏ပတ်ဝန်းကျင်မှမိုးရေကို အဝေးသို့ စီးဆင်းသွားစေရမည်။ |

## ၅။ အသေးစား ဆည်မြောင်းလုပ်ငန်း

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု |
|---|---|
| အသေးစား ဆည်မြောင်း တည်ဆောက်ခြင်း | (က) ‌ေလျှာစောက်ကိုတိုက်စားသွားခြင်းမရှိစေရန် ကျောက်တုံးအခြောက်စီပေးခြင်း သို့မဟုတ်မြေထိန်းနံရံတည်ဆောက်ပေးရမည်။ (ပုံ-၄)<br>(ခ) စပါးခင်းနံဘေးဖြစ်ပါက ဖိအားနည်းသဖြင့် ဝါးကိုအသုံးပြုရမည်။ (ပုံ-၈)<br>(ဂ) ရေသွင်းမြောင်းအဝင် ရေညာတွင် (၂၀) မီလီမီတာ အချင်းရှိရေဘားများကို (၁၀ စင်တီမီတာ)/(၄) လက်မခြားပြီး ဆန်ခါကို (၄၅ မှ ၈၀) ဒီဂရီ မှီ၍ထောင်ထား၊ ကာထားရမည်။ |

## ၆။ ကျန်းမာသန့်ရှင်းရေး

| လုပ်ငန်းအမျိုးအစား | ပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှုနှင့် ခံနိုင်ရည်ရှိရန် ပြင်ဆင်မှု |
|---|---|
| အများသုံးအိမ်သာ | (က) အိမ်သာအားလုံးတွင် မိလ္လာကန်ပါရှိရမည်။(ပုံ-၇)<br>(ခ) မိလ္လာကန်နှင့်အိမ်သာခွက်ဆက်သွယ်သောပိုက်သည် ပီဗွီစီပိုက်ဖြစ်ပါကမြေတွင်မြှုပ်ခြင်း၊ မြေဖုံးခြင်း၊ ကွန်ကရစ်မံထားခြင်းတို့ဖြင့် နေရောင်ဒဏ်မှ ကာကွယ်ထားရမည်။<br>(ဂ) မိလ္လာကန်အငွေ့ပိုက်အတွက် သံပိုက်ကိုသုံးသင့်သည်။ ပီဗွီစီ ပိုက်သည် နေရောင်နှင့် တိုက်ရိုက်ထိတွေ့ပါက တာရှည်မခံပါ။<br>(ဃ) မိလ္လာကန်တွင် ဓာတ်ငွေ့များစုဆောင်းမိနေခြင်းမရှိစေရန် ဓာတ်ငွေ့ပိုက်တပ်ဆင်ခြင်း သို့မဟုတ် လူဆင်းပေါက် တင်ဆင်ခြင်းတို့ ဆောင်ရွက်ရမည်။ (ပုံ-၇)<br>(င) အိမ်သာနှင့်ရေတွင်း ပေ(၇၀)/၂၀ မီတာ ကွာဝေးရမည်။ (ပုံ-၆) |
| အသေးစားရေဆိုး သန့်စင်စနစ် | **မိလ္လာကန်များ-**<br>(က) မိလ္လာကန်တွင်ဓာတ်ငွေ့များစုမိနေခြင်း မရှိစေရန် ဓာတ်ငွေ့ပိုက်တပ်ဆင်ခြင်း သို့မဟုတ် လူဆင်းပေါက်ထားခြင်းတို့ ပြုလုပ်ရမည်။ (ပုံ-၇)<br>(ခ) အနည်ထိုင်ကန်နှင့် ရေအကြည်ကန်ဟူ၍ မိလ္လာကန် ၂ ကန်ပါရှိရမည်။ မိလ္လာကန်မှ စီးကျလာသော အညစ်အကြေးရေများသည် မြေအောက်ရေနှင့်မြေမျက်နှာပြင်ပေါ်စီးဆင်းသော ရေတို့ကို ညစ်ညမ်းမှုဖြစ်စေသည်။ (ပုံ-၇)<br>(ဂ) မိလ္လာကန်မှထွက်သောရေကို ရေမြောင်းအတွင်း (သို့) အခြားမြေမျက်နှာပြင်ပေါ်ရှိရေများပေါ်သို့ မစွန့်ပစ်ရ။ အညစ်အကြေးရေများ |

| | |
|---|---|
| | ကို မစွန့်ပစ်ပဲ သန့်စင်ရန်လိုအပ်သည်။ (၁) မြေကြီးအတွင်းသို့ဖြစ်စေ၊ (၂) စိုက်ခင်းသို့ဖြစ်စေ၊ (၃) စုပ်ကန်သို့ဖြစ်စေ စွန့်ပစ်နိုင်သည်။<br>(ဃ) မိလ္လာကန်အားအချိန်မှန်စစ်ဆေး၍ အနစ်များကို နှစ်အနည်းငယ်ကြာလာပါက ရေဆိုးကားဖြင့် စုပ်ထုတ်ပစ်ရမည်။ (ပုံ-၇)<br><br>**အမှိုက်သိမ်းဆည်းခြင်း (စျေးအမှိုက်)**<br>(က) အမှိုက်ကန်ကိုမြေမာ၍ ရေထုအတွင်းသို့ အညစ်အကြေးများ စီးမဝင်နိုင်သည့်နေရာတွင်ထားရှိရမည်။<br>(ခ) အမှိုက်ကန်ကိုဖုံးအုပ်/အမိုးမိုး၍ မြောင်းရေများကို ညစ်ညမ်းမှုမရှိစေအောင်ပြုလုပ်ထားရမည်။ ပုံမှန်သိမ်းဆည်းရမည်။ |

## PCRs ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

PCRs တွင် ယဉ်ကျေးမှု အမွေအနှစ်နေရာများ၊ သမိုင်းဝင်နေရာများ၊ အဆောက်အအုံများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ နိခါတကဗဒေဆိုင်ရာ(ကျောက်ဖြစ်ရုပ်ကြွင်းပညာဆိုင်ရာ)၊ ဘာသာရေးဆိုင်ရာ၊အနုသုခုမဒဿနဆိုင်ရာ၊ အခြား ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံအုပ်စုများအစရှိသည့် ကြွင်းကျန်တည်ရှိနေသော ရုပ်ဝတ္ထုများပါဝင်ပါသည်။ ၎င်းအပြင် ရှေးဟောင်း အဆောက်အအုံများနှင့် ရှေးဟောင်း ရုပ်ဝတ္ထုများအတွက် မြန်မာမှ ပြဌာန်းထားသော ဥပဒေများကို အောက်တွင် ဖော်ပြထားပါသည်။

*ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်း ရေးဆိုင်ရာ ဥပဒေ (၂၆ ရက်၊ ဩဂုတ်လ ၂၀၁၅) မှ "ရှေးဟောင်းအဆောက်အအုံများ" ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်*

*အခန်း (၁) ကဏ္ဍ ၂ (က)။ "ရှေးဟောင်း အဆောက်အအုံ"* ဆိုသည် မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ အပါအဝင် လူသား တို့နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများကို ဆိုသည်။

*အခန်း (၃) ကဏ္ဍ ၄။* ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါအဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်သည်-

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ် ၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက် ၊ ခံတပ်များ၊ လူနေ အဆောက်အအုံများ၊ လူနေ ရာ ဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာန နှင့် ရှေးဟောင်းလူများ နေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(ဂ) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ ဖန်တီး သည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လှိုဏ်မြောင်၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများ အပါအဝင် ဘူမိသဘာဝ ပတ်ဝန်းကျင်နေရာများ၊

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဥ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(င) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ်ပြုလုပ်ထားသောကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စုသချိုင်း၊ မြေမြှုပ်သင်္ဂြိုလ်ရာနေရာ၊ သင်္ဂြိုလ်သော အဆောက်အအုံ၊ဂူ၊ ပြဿဒ်၊

(စ) ကဗ္ဗည်းကျောက်စာ၊ မော်ကွန်းစသည်တို့ နှင့် ၎င်းတို့ ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ ၊ ကျောက်ချပ်များ၊

(ဆ) ယဉ်ကျေးမှု၊ သမိုင်း ၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောင်အအုံများ၊

(ဇ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံ အဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများ၊

*ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်း ရေး ဥပဒေ (၂၂ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ခုနှစ်) မှ "ရှေးဟောင်း ဝတ္ထုပစ္စည်းများ" ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်*

*အခန်း (၁) ကဏ္ဍ ၂ (က)။* "ရှေးဟောင်း ဝတ္ထုပစ္စည်း" ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ ၊ ရေအောက် တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ အပါအဝင် လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထု ပစ္စည်းများကို ဆိုလို သည်။

*အခန်း (၃) ကဏ္ဍ ၄။* ပုဒ်မ ၂၊ ပုဒ်မခွဲ (က)ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည်။

(က) လူ နှင့် တိရိစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့် အရိုးစုများ အပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာရုပ်ကြွင်းများ

(ခ)ဘုရားဆင်းတု၊အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှု ဆိုင်ရာ ပစ္စည်းများ

(ဂ) အများပြည်သူယုံကြည်ကိုးကွယ်ရာ သာသနိက အဆောက်အအုံများ၌ ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ အပါအဝင်အနုပညာလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ (သို့မဟုတ်) သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ တိရစ္ဆာန်၏အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော်လည်းကောင်း၊ သစ်သား (သို့မဟုတ်) ဝါးဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(င) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သွန်းထားသော ဒင်္ဂါး၊ မြေ သို့မဟုတ် ရွှံ့ဖြင့်ပြုလုပ်ထားသော ဒင်္ဂါးနှင့် ငွေကြေးအဖြစ်အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ငွေတိုငွေစ ရွှေခွက်နှင့် ငွေခွက်များ အပါအဝင် ငွေကြေးအဖြစ် ထုထွင်းသွန်းလောင်းထားသော ဝတ္ထုပစ္စည်းများ၊

(စ) ရွှေ၊ ငွေ၊၊ ကျောက်၊ကြေး၊ သံ (သို့မဟုတ်) သတ္တုတစ်မျိုးမျိုးဖြင့်သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သား ဖြင့်သော်လည်းကောင်း၊ တိရိစ္ဆာန် ၏ အရိုး၊ အစွယ်၊ ဦးချို ဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများ အပါအဝင် ၁ ထုဆစ်ထားသော ဝတ္ထုပစ္စည်းများ၊

(ဆ) မြန်မာမင်းခမ်းတော်ပစ္စည်းနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ၊

(ဇ) ဝေါယာဉ်၊ ထမ်းစင်၊ ရထား နှင့် လှည်းများ အပါအဝင် ခရီးသွားယာဉ်များ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေပေါ်တွင်ရေးထားသောစာ၊ ပုံနှိပ်စာ၊ ပေ၊ ပုရပိုက်၊ ၊ အက္ခရာ၊ တံဆိပ်တုံး၊ နှင့် တံဆိပ်များ အပါအဝင်စာပေဆိုင်ရာပစ္စည်းများ၊

(ည) မြန်မာရိုးရာ ပန်းဆယ်မျိုး တွင်အကျုံးဝင်သော လက်မှုအနုပညာပစ္စည်းများ
(ဋ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာအဖြစ် ပုံဖော်ထားသော ရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်းလက်ရာများ၊ သတ္တု ပုံဖော်လက်ရာ ပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည် များအပါအဝင် အနုပညာလက်ရာ ပစ္စည်းများ၊

(ဌ) မြန်မာ့ ခေါင်းပေါင်း၊ ဦးလျှောင်၊ခေါင်းပတ်နှင့် အင်္ကျီအဝတ်အစားများ အပါအဝင် အဝတ်အထည်များ၊

(ဍ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ၊

(ဎ) အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များ အပါအဝင် အချိန်အတွယ်အတိုင်းအတာအဖြစ် အသုံးပြုသော ကိရိယာများ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ် နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများ အပါအဝင်လူမှုအသုံးအဆောင် ပစ္စည်းများ၊

(တ) မြေအိုးမြေခွက်၊ စဉ့်အိုးစဉ့်ခွက် ၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့် ကြွေခွက်များ၊ရွှေ၊ငွေ၊ကြေး(သို့မဟုတ်) သတ္တုတစ်မျိုးမျိုး ဖြင့်ပြုလုပ်ထားသော အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ၊

(ထ) ပုံ၊ မောင်း၊ ပလွေ၊ နဲ လင်းကွင်း၊ ကြေးနောင် ၊ နှင့်ဆိုင်းဝိုင်းများ အပါအဝင် တူရိယာပစ္စည်းများ၊

(ဒ) ဆင်၊ မြင်း၊ ကျွဲနှင့် နွား များအပါအဝင် တိရစ္ဆာန်များ၌တွင် ဆင်ယင် သော အဆင်တန်ဆာပစ္စည်းများ၊

(ဓ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုး များအပါအဝင် မြန်မာ့ရိုးရာ ကလေး ကစားစရာ ပစ္စည်းများ၊

(န) ဝန်ကြီးဌာန ကကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်း ဝတ္ထုပစ္စည်း အဖြစ် မှတ်တမ်းထားရှိသည့် အခြား အရာ ဝတ္ထုပစ္စည်းများ၊

**ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေသော လုပ်ထုံးလုပ်နည်းများ**

အကယ်၍ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်နေစဉ်အတွင်း ဤ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ (PCR) အား မမျှော်လင့်ပဲ ကြုံတွေ့ရပါက ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေသော လုပ်ထုံးလုပ်နည်းများကို ဆက်လက်လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဤ လုပ်ထုံးလုပ်နည်းသည် နိုင်ငံတော်မှ ပြဌာန်းထားသော ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်း ရေး ဥပဒေ (၂၆ ရက်၊ ဩဂုတ်လ ၂၀၁၅) နှင့် ရှေးဟောင်း ဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်း ရေး ဥပဒေ (၂၂ ရက်၊ ဇူလိုင်လ၊ ၂၀၁၅) မှ ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေမှု နှင့် ဆက်စပ်၍ လိုအပ်ချက်များအား လုပ်ဆောင်ရပါမည်။

(၁) ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေမှု နယ်မြေအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများအား ယာယီ ရပ်ဆိုင်းရပါမည်။

(၂) ရွှေ့လျားနိုင်သော ရုပ်ဝတ္ထုပစ္စည်းများ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းမှ တားဆီးနိုင်ရန် ထိုနေရာအား ဘေးကင်းလုံခြုံအောင် ကာကွယ်တားဆီးရပါမည်။ ရွှေ့လျားနိုင်သော ရှေးဟောင်းပစ္စည်းများ နှင့် အထိခိုက်မခံ တည်ရှိနေဆဲပစ္စည်းများအတွက် သက်ဆိုင်ရာ ဒေသ၏ တာဝန်ရှိသူ (ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံး (သို့) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန) မှ တာဝန်ယူဆောင်ရွက်ခြင်းမရှိခင် ညစောင့်အား စီစဉ်ထားရှိရပါမည်။

(၃) သက်ဆိုင်ရာ CFs/TFs များအား မြို့နယ် DRD နှင့် သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးသို့ ချက်ချင်း အကြောင်းကြား ရမည်။ ထို့မှသာ မြို့နယ် DRDသည် ပြည်နယ်နှင့်တိုင်း DRD နှင့် ပြည်ထောင်စု DRDသို့ အကြောင်းကြားနိုင်မည်ဖြစ်ပါသည်။

(၄) အကြောင်းကြားချက်တွင် ပစ္စည်း ၃ ခုအောက် ရှာဖွေတွေ့ရှိပါက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေမှု အား လိုအပ်သလို ထိန်းသိမ်းထားပြီး သက်ဆိုင်ရာ မြို့နယ် အုပ်ချုပ်ရေးရုံးသို့ ချက်ချင်း အကြောင်းကြား အသိပေးရပါမည်။

(၅) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သလို ချက်ချင်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရှေးဟောင်းသုတေသန၊ နှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့ သတင်းအချက်အလက်ရရှိ သည်နှင့် ချက်ချင်း အကြောင်းကြားရမည်ဖြစ်ပါသည်။

(၆) ရှေးဟောင်းသုတေသန၊ နှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ထို ရှေးဟောင်းသုတေသန အခွင့်အလမ်း ရှာဖွေမှု၏ အဓိက အရေးပါမှုများကို အကဲဖြတ်စစ်ဆေးရာတွင် တာဝန်ယူပြီး သင့်လျော်သော နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများအား အကြံပေးရမည်ဖြစ်ပါသည်။

(၇) ရှေးဟောင်းသုတေသန၊နှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ မြို့နယ် DRD သို့ တွေ့ရှိချက်များ/ ရှေးဟောင်းသုတေသန အခွင့်အလမ်းကို ရှာဖွေမှု အစီရင်ခံစာ အား ရေးပို့ အသိပေးပါမည်။

(၈) အကယ်၍ ရှေးဟောင်းသုတေသန၊နှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ထို တွေ့ရှိသော ရှေးဟောင်းသုတေသန အခွင့်အလမ်းသည် ယဉ်ကျေးမှု အမွေအနှစ်မဟုတ်ပါဟု သတ်မှတ်ပါက သက်ဆိုင်ရာတာဝန်ရှိသူမှ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အား ဆက်လက်လုပ်ဆောင်ရပါမည်။

(၉) အကယ်၍ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ထို တွေ့ရှိသော ရှေးဟောင်းသုတေသန အခွင့်အလမ်းသည် သီးခြား ရှေးဟောင်းသုတေသန အခွင့်အလမ်း ဖြစ်ပါသည်ဟု သတ်မှတ်ပါက ရှေးဟောင်းသုတေသန၊ နှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ နည်းပညာဆိုင်ရာ အထောက်အပံ့များ၊ ရှေးဟောင်းသုတေသန

အခွင့်အလမ်းရှာဖွေမှု အစီရင်ခံစာတွင် သတ်မှတ်ထားသည့် ကုထုံးအတွက် ကုန်ကျစ ရိတ်နှင့် ဆက်လျဉ်း၍ ရှေးဟောင်းသုတေသန အခွင့်အလမ်း ကုထုံးများအတွက် အကြံဉာဏ်များ ပေးရပါမည်။

## နောက်ဆက်တွဲ (၅)။ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်
## နောက်ဆက်တွဲ ဇယား (က) (၅.၁) ပုံစံ - စ - ၁၅ - သဘာဝ ပတ်ဝန်းကျင် နှင့် ရုပ်ဝတ္ထုဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ စီမံခန့်ခွဲမှု အစီအစဉ်
## (Form PC 15)

ဖြည့်သွင်းပြီးစီးသောပုံစံကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွဲတွင် ဆက်၍ တွဲရမည်။

စီမံကိန်းလုပ်ငန်းခွဲ သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်(EMP) ကို ကျေးလက်/ဦးစီး မြို့နယ် အင်ဂျင်နီယာက အတည်ပြုပေးရမည်။

| | |
|---|---|
| တိုင်းဒေသကြီး/ ပြည်နယ် | |
| မြို့နယ်: | |
| ကျေးရွာအုပ်စု: | |
| ကျေးရွာ: | |
| စီမံကိန်း လုပ်ငန်းခွဲ အမှတ်: | |
| လက်ထောက်နည်းပညာမှူး | |

| သက်ရောက်နိုင်သောဆိုးကျိုး | ကြိုတင် ပြင်ဆင်မှု | ကြီးကြပ်မည့် အစီအစဉ် | တာဝန် | အကောင်အထည် ဖော်မည့် အချိန်ဇယား | ခန့်မှန်း ကုန်ကျငွေ |
|---|---|---|---|---|---|
| | | | | | |

အမည်: ရာထူး ခေါင်းဆောင်၊ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ

လက်မှတ်:                                        ရက်စွဲ:

**ဇယား (က) ၅.၂။ သစ်သား တံတား ပြုပြင်ဆောက်လုပ်ခြင်းအတွက် ဥပမာပြထားသော EMP ရေးဆွဲခြင်း**

ဤဇယားသည် သစ်သား တံတား ပြုပြင်ဆောင်လုပ်ခြင်း စီမံကိန်းလုပ်ငန်းခွဲ၏ အကျိုးသက်ရောက်မှုများ၊ ကြိုတင်ပြင်ဆင်မှုများ၊ နှင့် စောင့်ကြည့်စစ်ဆေးမှု ညွှန်ကိန်းများကို ဖော်ပြထားပါသည်။ စီမံကိန်းလုပ်ငန်းခွဲ EMP ရေးဆွဲရာတွင် တိကျသော တည်နေရာ အကျိုးသက်ရောက်မှုများ၊ လျော့နည်းသက်သာစေရန် ပြင်ဆင်မှုများနှင့် စောင့်ကြည့်စစ်ဆေးမှုများအား လိုအပ်သလို ထည့်သွင်းပါဝင်ရပါမည်။

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| **လုပ်ငန်းခွင်အကြို လုပ်ဆောင်မှုအဆင့်ဆင့်** | | | | | | |
| တံတား ဒီဇိုင်း | မသင့်လျော်သော ဒီဇိုင်းမှ အသုံးပြုသူများ လုံခြုံဘေးကင်းမှု အန္တရာယ်များ | - တံတား အရည်အသွေး စိတ်ချကောင်းမွန်စေရန် မြို့နယ်၊ ပြည်နယ်နှင့်တိုင်း DRD အင်ဂျင်နီယာများမှ TFs များအား တံတား ဒီဇိုင်းဆွဲရာတွင် ကူညီထောက်ပံ့ပေးရမည်။<br>- လိုအပ်ပါက လုပ်ငန်းမစတင်မီ သက်ဆိုင်သော | - တံတား ဒီဇိုင်းအား အတွေ့အကြုံ အရည်အချင်းရှိ အင်ဂျင်နီယာမှ အတည်ပြုထောက်ခံရပါမည်။ (လိုအပ်ပါက)<br>- သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ မှ TF ၏ အကူအညီယူ၍ | စီမံကိန်းလုပ်ငန်းခွဲ ဒီဇိုင်းရေးဆွဲနေစဉ် | - |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| | | ခွင့်ပြုမိန့် ရရှိရမည်။ | အစီရင်ခံစာ | | | |
| တံတား အဟောင်းအား ဖယ်ရှားခြင်း | ဆောက်လုပ်ရေးလုပ်ငန်းများ ဖြိုချ ဖယ်ရှားရာတွင် တွေ့ကြုံရမည့် ဘေးအန္တရာယ်များကို ဆောက်လုပ်ရေး လုပ်သားများ တွေ့ကြုံနိုင်ခြင်း၊ | - ဆောက်လုပ်ရေး လုပ်သားများအား ဆောက်လုပ်ရေး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင်မှုများ ၊ အကာအကွယ် ပစ္စည်းများ၊ မျက်နှာဖုံး၊ လက်အိတ်၊ ဖိနိပ် နှင့် လေ့ကားများအား မည်ကဲ့သို့ အသုံးပြုရမည်ကို သင်တန်းပို့ချရန်၊<br>- ဆေးသေတ္တာများ ထားရှိရန်၊ | - ဆောက်လုပ်ရေးခွင် အား နေ့စဉ် စစ်ဆေးရန်၊<br>- ထိခိုက်မှုများ/မတော်တဆ ထိခိုက်မှုများအား မှတ်တမ်းပြုထားရန်<br>- သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ဆပ်ကော်မတီ ခေါင်းဆောင် | ဆောက်လုပ်ရေးခွင် ပြင်ဆင်နေစဉ် | ဆောက်လုပ်ရေး ကုန်ကျငွေ |
| ဆောက်လုပ်ရေးခွင် သန့်စင် ရှင်းလင်းရေး | မြစ်ချောင်း ညစ်ညမ်းမှု | ဆောက်လုပ်ရေး စွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသော နေရာတွင်သာ | - ဆောက်လုပ်ရေးခွင် အား နေ့စဉ် စစ်ဆေးရန်၊<br>- သဘာဝပတ်ဝန်းကျင် | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင် | ဆောက်လုပ်ရေးခွင် ပြင်ဆင်နေစဉ် | မရှိ |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး း | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရ မည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| | | စွန့်ပစ်ရန်၊ | စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | း ဆပ်ကော်မတီ ခေါင်းဆောင် | | |
| မြေယာ ပြင်ဆင်ခြင်း | မြေဆီလွှာများ များပြားစွာ ပိတ်ဆို့မှုကြောင့် သဘာဝ ရေနုတ်မြောင်း နှင့် ရေစီးကြောင်းများ ပိတ်ဆို့နိုင်ခြင်း | ပိုလျှံနေသော မြေဆီလွှာများအား သတ်မှတ်ထားသော နေရာများတွင်သာ နန်းတင်စေရန် | - ဆောက်လုပ်ရေးခွင် အား နေ့စဉ် စစ်ဆေးရန်၊<br>- သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ဆပ်ကော်မတီ ခေါင်းဆောင် | ဆောက်လုပ်ရေးခွင် ပြင်ဆင်နေစဉ် | မရှိ |
| **လုပ်ငန်းခွင်အတွင်း လုပ်ဆောင်မှုအဆင့်ဆင့်** | | | | | | |
| ဆောက်လုပ်ရေးလုပ်ငန်းခွင် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း | မြစ်ချောင်း ညစ်ညမ်းမှု | ဆောက်လုပ်ရေး စွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသော နေရာတွင်သာ | - ဆောက်လုပ်ရေးခွင် အား နေ့စဉ် စစ်ဆေးရန်၊<br>- သဘာဝပတ်ဝန်းကျင် | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင် | ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် | မရှိ |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| | | စွန့်ပစ်ရန်၊ | စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | း ဆပ်ကော်မတီ ခေါင်းဆောင် | | |
| ဘိလပ်မြေ နှင့် နာကြောင်း သရွတ်ကိုင်ခြင်း | မြစ်ချောင်း ညစ်ညမ်းမှု | ဘိလပ်မြေအား မြစ်ချောင်းများနှင့် ရောနှောခြင်းမှ ကာကွယ်ရန် | - ဆောက်လုပ်ရေးခွင်အား နေ့စဉ် စစ်ဆေးရန်၊<br>- သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ဆပ်ကော်မတီ ခေါင်းဆောင် | ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် | မရှိ |
| တံတား ဆောက်လုပ်ရေး လုပ်ငန်း | သင့်တင့်သော ကျန်းမာရေး၊ လုံခြုံရေး နှင့် အရေးပေါ် | - ဆောက်လုပ်ရေး လုပ်သားများအား ဆောက်လုပ်ရေး | သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ | စောင့်ကြည့်စစ်ဆေးခြင်းနှင့် | ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် | ဆောက်လုပ်ရေး ကုန်ကျငွေ |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| | အခြေအနေ ကြိုတင်ပြင်ဆင်မှုများ မရှိခြင်းသည် လုပ်သားများအား ကျန်းမာရေးနှင့် လုံခြုံရေး ဘေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်ခြင်း | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင်မှုများ ၊ အကာအကွယ် ပစ္စည်းများ၊ မျက်နှာဖုံး၊ လက်အိတ်၊ ဖိနိပ် နှင့် လေ့ကားများအား မည်ကဲ့သို့ အသုံးပြုရမည်ကို သင်တန်းပို့ချရန်၊<br>- ဆေးသေတ္တာများ ထားရှိရန်၊ | စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | အကဲဖြတ်ခြင်း ဆပ်ကော်မတီ ခေါင်းဆောင်<br><br>လူထုစည်းရုံးရေးမှူးများ၊ နည်းပညာ စည်းရုံးရေးမှူးများ | | |
| | စနစ်တကျ ဆောက်လုပ်မထားသော အဆောက်အအုံများအား အသုံးပြုသူများ၏ လုံခြုံရေး ဘေးအန္တရာယ်ကျရောက်ခြင်း | - ဘေးအန္တရာယ်ကင်းရှင်းစေရေး အမှတ်အသားများ ထားရှိရန်၊ ဥပမာ- လမ်းလျှောက်သူများ နှင့် စက်ဘီးများသာ၊ တံတားပေါ်တွင် မဆော့ရ၊ မြစ်ချောင်းတွင်းသို့ | - ဆောက်လုပ်ရေး အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်များ တပ်ဆင်ထားရှိရေး သေချာစေရန် ဆောက်လုပ်ရေးခွင်အား ပုံမှန်စစ်ဆေးရန်၊ | စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ဆပ်ကော်မတီ ခေါင်းဆောင် | ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် | ဆောက်လုပ်ရေး ကုန်ကျငွေ |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး း | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| | | အမှိုက်များ ပစ်မချရ၊<br>- ဆောက်လုပ်ရေးလုပ်ငန်းများအား ကျွမ်းကျင်ပညာရှင်များ/လုပ်သားများဖြင့် ဆောင်ရွက်ရန် နှင့် ကျွမ်းကျင် အင်ဂျင်နီယာ/နည်းပညာရှင်များမှ ကြီးကြပ်ရန် | - သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာ | | | |
| **လုပ်ငန်းခွင်ပြီးနောက် လုပ်ဆောင်မှုအဆင့်ဆင့်** | | | | | | |
| ရေကြီးခြင်းနှင့် မိုးများခြင်း | တိုက်စားခြင်းနှင့် မြေပြိုခြင်း | မြစ်ကမ်းပါး ကာကွယ်ခြင်းနှင့် တိုက်စားခြင်းအား ထိန်းသိမ်းရန် ကြိုတင်ပြင်ဆင်မှု | သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ လုပ်ငန်းလည်ပတ်ရေးနှင့် ထိန်းသိမ်းအရေးအစီအစဉ် | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီနှင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် | O&M ကုန်ကျငွေ |
| သဘာဝ | ရေစီးကြောင်း၊ နန်းများ | အမှိုက်သရိုက်များအား | သဘာဝပတ်ဝန်းကျင်စီမံ | ကျေးရွာစီမံ | လုပ်ငန်းများ | လုပ်ငန်းလည် |

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချကာကွယ်ပေးနိုင်မည့်နည်းလမ်းများ | စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ညွှန်းကိန်းများ | တာဝန် /တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင်အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျစရိတ် |
|---|---|---|---|---|---|---|
| ပတ်ဝန်းကျင်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ | စွန့်ပစ်ခြင်း အား ထိရောက်စွာ ပြောင်းလဲရန်၊ | စမ်းချောင်းအတွင်း စွန့်ပစ်ခြင်းအား တားမြစ်ရန် | ခန့်ခွဲရေး အစီအစဉ် အစီရင်ခံစာ၊ လုပ်ငန်းလည်ပတ်ရေးနှင့် ထိန်းသိမ်းအရေးအစီအစဉ် | ကိန်း အထောက်အကူပြုကော်မတီနှင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် | ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ကုန်ကျငွေ |
| တံတား ဝန်ဆောင်မှုများ | စနစ်တကျ ဆောက်လုပ်မထားသော အဆောက်အအုံများအား အသုံးပြုသူများ၏ လုံခြုံရေး ဘေးအန္တရာယ် ကျရောက်ခြင်း | - ဆောက်လုပ်ရေး လုပ်ငန်း မစတင်မီနှင့် လုပ်ငန်းခွင် လုပ်ဆောင်နေစဉ်အဆင့်တွင် ဖော်ပြထားသည့်အတိုင်း | - | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီနှင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ကုန်ကျငွေ |

**ဇယား (က) ၅-၃ ရေတွင်း၊ ရေစင်၊ ရေပေးဝေခြင်းတို့အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ စီမံခန့်ခွဲမှု စီမံချက် နမူနာပုံစံ**

| ဆောင်ရွက်သည့် လုပ်ငန်း | ဖြစ်နိုင်ခြေရှိသည့် ဆိုးကျိုး | လျော့ချ ကာကွယ်ပေးနိုင်သည့် နည်းလမ်းများ | စောင့်ကြည့် စစ်ဆေးခြင်း ဆိုင်ရာ ညွှန်းကိန်းများ | တာဝန်/တာဝန်ယူရမည့် ပုဂ္ဂိုလ် | အကောင် အထည်ဖော်မည့် အစီအစဉ် | ခန့်မှန်း ကုန်ကျ စရိတ် |
|---|---|---|---|---|---|---|
| လုပ်ငန်းခွင် အကြို လုပ်ဆောင်မှု အဆင့်ဆင့် | | | | | | |
| လုပ်ငန်းခွင်အကြို စစ်ဆေးခြင်း | ကာကွယ်ထိန်းသိမ်း ထားသော ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် ရှိရာ ဒေသအား အကျိုး သက်ရောက် စေမှု | စီမံကိန်းလုပ်ငန်းခွဲ ခွင့်ပြု ချက်ရရှိရန်အတွက် ကျေးလက်ဦးစီးနှင့် ရှေး ဟောင်းသုတေသန ဦးစီး ဌာနတို့ပူးပေါင်း၍ ဆောက်လုပ်ရန်မြေနေရာ အားစစ်ဆေးခြင်း | သာသနာရေး နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာ န မှ ခွင့်ပြုစာရယူ ခြင်း | နည်းပညာစည်းရုံး ရေးမှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန၊ မြို့နယ်ကျေးလက် ဦးစီးရုံး၊ ရွာသူ/သား များ | လုပ်ငန်းခွင် မစတင်မီ | မရှိ |
| လုပ်ငန်းခွင် သန့်ရှင်းရေးပြု လုပ်ခြင်း | စိုက်ပျိုးမြေဒေသ များရှိ မြေယာများ ဆုံးရှုံးခြင်း၊သစ်ပင် များ ခုတ်လှဲခြင်း တို့ကြောင့် သဘာဝ ပတ်ဝန်းကျင် နှင့် ရာသီဥတုပြောင်း လဲမှုများ ဖြစ်ပေါ်ခြင်း | • ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်း အမြစ်များ၏ ဥပဒေ/ နည်းဥပဒေများ နှင့် ရှေးဟောင်းအမွေ အနှစ်ဆိုင်ရာတွေ့ရှိ ချက်နှင့် ဆက်လက် | - ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ယဉ်ကျေးမှု အရင်း အမြစ် စီမံခန့်ခွဲမှု စီမံချက် အစီရင်ခံစာ | နည်းပညာ စည်းရုံး ရေးမှူးများ၊ ပြည်နယ် /တိုင်းဒေသကြီး ဆိုင်ရာလက် ထောက် နည်းပညာမှူးများ၊ | လုပ်ငန်းခွင် မစတင်မီ | မရှိ |

| | | | | | | |
|---|---|---|---|---|---|---|
| | | လုပ်ဆောင်ရန် လုပ်ငန်းစဉ်များကိုရွာသားများနှင့် နည်းပညာ စည်းရုံးရေးမှူးတို့ ဆွေးနွေးမှုပြုလုပ်ခြင်း၊<br>• မြေပိုင်ရှင်များနှင့် သဘောတူညီမှုများရယူခြင်း<br>• မရှောင်ရှားနိုင်ပါက အစားထိုးသစ်ပင်များစိုက်ပျိုးပေးခြင်းနှင့်သစ်ပင်ခုတ်လှဲမှုလျှော့ချခြင်း<br>• ရုပ်ဝတ္ထုပိုင်းဆိုင်ရာယဉ်ကျေးမှု အရင်းအမြစ်ဒေသကိုမမျှော်လင့်ဘဲတွေ့ရှိပါကရှေးဟောင်းအမွေအနှစ်ဆိုင်ရာတွေ့ရှိချက်နှင့် ဆက်လက် လုပ်ဆောင်ရန်လုပ်ငန်းစဉ်များကိုလိုက်နာခြင်း (နောက်ဆက်တွဲ-၄ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲမှု မူဘောင် (ESMF) အတိုင်းလုပ်ဆောင်ခြင်း) | -ပုံစံ (၁၄) လျှုဒါန်းမှု ပုံစံ<br><br>-ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တွေ့ရှိမှုအစီရင်ခံစာ | ကျေးရွာစီထောက်ကော်မတီ၊ ရွာသူ/သားများ၊ ကန်ထရိုက်တာများ၊ အလုပ်သမားခေါင်း ဆောင်များ၊ အလုပ် သမားများ | | |
| လုပ်ငန်းခွင်အတွင်း လုပ်ဆောင်မှုအဆင့်ဆင့် | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း များ သယ်ယူပို့ဆောင် ခြင်း | • တုန်ခါခြင်း သက်ရောက်မှု<br><br>• ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ လွန်ကဲစွာ သယ် ဆောင်ခြင်း | • ရေးဟောင်းအဆောက်အ အုံများနှင့် နီးကပ်စွာတည်ရှိ နေသော လက်ရှိလမ်းများ ပေါ်တွင်သယ်ယူပို့ဆောင် ခြင်းများပြုလုပ်ခြင်းအတွက် အောက်ပါတို့ကို လိုက်နာရမည်-<br>- ၃တန်အထက်ယာဉ်များ ဖြတ်သန်းသွားလာခွင့် မပြု<br>- တစ်နာရီမိုင် ၂၀ နှုန်းထက် ပိုမမောင်းရန်<br>• ထိခိုက်လွယ်သော ယဉ်ကျေးမှု အမွေအနှစ်ရှိရာ နေရာများအား မှတ်သား ခြင်း | • လုပ်ငန်းခွင် အတွင်း ကြည့်ရှုစစ်ဆေးခြင်း<br>• ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှုအ စီရင်ခံစာ<br>• စောင့်ကြည့် စစ်ဆေးခြင်း အစီရင်ခံစာ<br>• ဝယ်ယူရေး စီမံချက်<br>• ကြီးကြပ်မှု မှတ်တမ်း | ကျေးရွာစီ/ထောက် ကော်မတီ၊ ဝယ်ယူ ရေးကော်မတီ၊ ရွာ သူ/သားများ၊ ကန် ထရိုက်တာများ၊ အလုပ်သမားခေါင်း ဆောင်များ | ဆောက်လုပ် ရေးလုပ်ငန်း သုံးပစ္စည်းများ သယ်ယူပို့ ဆောင်နေစဉ် အတောအတွင်း | မရှိ |
| မြေတူးခြင်း | • မြေတူးခြင်းကြောင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ အပေါ်သက်ရောက်မှု များ<br>• သဘာဝ မြေမျက်နှာ ပြင်အနေအထား | • မြေတူးဖော်မှုအဆင့်တွင် ရှေး ဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန မှအကြံပြုချက်အတိုင်း အောက်ပါတို့ကိုလိုက်နာ သည်- အလုပ်သမားခေါင်း ဆောင်များနှင့် အလုပ် သမားများအတွက် | • လုပ်ငန်းခွင် အား ပုံမှန် ကြည့်ရှု စစ်ဆေးခြင်း<br>• ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် | နည်းပညာစည်း ရုံးရေးမှူး၊ ကျေးရွာ စီထောက်ကော် မတီ၊ စောင့်ကြည့် ကြီးကြပ်ရေး ဆပ် ကော်မတီ၊ကန် ထရိုက်တာ၊ အလုပ်သမားခေါင်း | ဆောက်လုပ် နေစဉ်အတော အတွင်း | ဆောက် လုပ်ရေး အတွက် ကုန်ကျ စရိတ် |

| | | | | | | |
|---|---|---|---|---|---|---|
| | ပြောင်းလဲနိုင်ခြင်း<br>• တုန်ခါမှုသက်ရောက်ခြင်းများ | ရှေးဟောင်းသုတေသနဆိုင်ရာအခွင့်အလမ်းကို ရှာဖွေသောလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ပံ့ပိုးပေးခြင်း၊<br>• ၃ တန်အထက်ယာဉ်များ မောင်းနှင်ခွင့်မပြု<br>• တစ်နာရီမိုင် ၂၀ နှုန်းထက် ပိုမမောင်းရန် | စီမံခန့်ခွဲမှု အစီရင်ခံစာ<br>• စောင့်ကြည့်စစ်ဆေးခြင်း အစီရင်ခံစာ<br>• ကြီးကြပ်မှု မှတ်တမ်း | ဆောင်၊အလုပ်သမားများ | | |
| စက်ရေတွင်းတူးဖော်ခြင်း | - တုန်ခါမှုများကြောင့် ရှေးဟောင်းသုတေသန အမွေအနှစ်နေရာများကိုသက်ရောက်မှုရှိခြင်း | -ရွှံ့သားကန်များ၏ တည်နေရာကိုစနစ်တကျ ဖော်ထုတ်ထားရှိရမည်<br>-ရှေးဟောင်းအဆောက်အအုံတည်ရှိရာဖုံနှင့် ပေ ၁၂၀ ထက်မကျော်လွန်ရပါ | • ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီရင်ခံစာ<br>• စောင့်ကြည့်စစ်ဆေးခြင်း အစီရင်ခံစာ<br>• ကြီးကြပ်မှု မှတ်တမ်း | နည်းပညာစည်းရုံးရေးမှူး၊ ကျေးရွာစီထောက်ကော်မတီ၊ စောင့်ကြည့်စစ်ဆေးမှု ဆပ်ကော်မတီ၊ ကန်ထရိုက်တာ၊ အလုပ်သမားခေါင်းဆောင်၊ အလုပ်သမားများ | ဆောက်လုပ်နေစဉ် အတော အတွင်း | ဆောက်လုပ်ရေးအတွက် ကုန်ကျစရိတ် |
| ပိုက်လိုင်းများသွယ်တန်းထားရှိခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ် | • မြေဆီလွှာတွင်အခြေချခြင်း - ပိုက်အဆက်များ မှ ရေများယိုစီးကျခြင်း အားဖြင့် အနီးအနားရှိ | ✓ပိုက်အဆက်များအား သေချာစွာတပ်ဆင်ထားရန်<br>✓ရေပေးဝေမည့်ပိုက်လိုင်းများ၏ရေအား စမ်းသပ်မှုပြုလုပ်ပြီးနောက်တွင် မြေဖို့ခြင်း | ✓ဆောက်လုပ်ရေးလုပ်ငန်းခွင်အား ပုံမှန်စစ်ဆေးခြင်း<br>✓ရုပ်ဝတ္ထုပိုင်း | ကန်ထရိုက်တာ၊ အလုပ်သမားခေါင်းဆောင်၊ အလုပ် သမားများ | ဆောက်လုပ်နေစဉ် အတော အတွင်း | ဆောက်လုပ်ရေးအတွက် ကုန်ကျစရိတ် |

| | | | | | | |
|---|---|---|---|---|---|---|
| ပစ္စည်းများကို စနစ်တကျ စွန့်ပစ်မှု မရှိခြင်း | ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ် (သို့) မြေအောက်ရှိ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များကို တဖြည်းဖြည်း သက်ရောက်မှုရှိခြင်း<br>• သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုး သက်ရောက်မှုရှိခြင်း | အားလုပ်ဆောင်ရန်<br>✓စွန့်ပစ်ပစ္စည်းများကို သင့်လျော်သော အမှိုက်ပုံး များတွင် စွန့်ပစ်ရန်နှင့် သတ်မှတ်ထားသောနေရာ တွင်စွန့်ပစ်ရန် | ဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီရင်ခံစာ<br>✓စောင့်ကြည့် စစ်ဆေးခြင်း အစီရင်ခံစာ<br>✓ကြီးကြပ်မှု မှတ်တမ်း | | | |
| ရေစင်များ ဆောက်လုပ်ခြင်း | • ယဉ်ကျေးမှုအမွေအနှစ်များအား ဆိုးကျိုး သက်ရောက်မှုရှိခြင်း | ✓အမြင့်ပေ ၃၀ ထက်မပိုရပါ<br>✓ရှေးဟောင်းအဆောက်အအုံများ၏အရောင်နှင့် သင့်လျော်သော အရောင်ဖြစ်သင့်သည် | ✓ဆောက်လုပ်ရေးလုပ်ငန်းခွင်အား ပုံမှန် စစ်ဆေးခြင်း<br>✓ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီရင်ခံစာ<br>✓စောင့်ကြည့် စစ်ဆေးခြင်း အစီရင်ခံစာ | ကန်ထရိုက်တာ၊ အလုပ်သမားခေါင်းဆောင်၊ အလုပ်သမားများ | ဆောက်လုပ်နေစဉ် အတောအတွင်း | ဆောက်လုပ်ရေး အတွက် ကုန်ကျစရိတ် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ✓ကြီးကြပ်မှု မှတ်တမ်း | | | |
| **ဆောက်လုပ်ရေးလုပ်ငန်းလုပ်ဆောင်မှုအပြီး လုပ်ဆောင်ပုံအဆင့်ဆင့်** | | | | | | |
| ရေပေးဝေမှုစနစ် အား အသုံးပြုခြင်း | ✓ရေများယိုထွက် ပေါက်ကျ ခြင်း<br>✓မြေအောက်ရေအောင်း လွှာ လျော့ချခြင်း<br>✓အင်ဂျင်စွမ်းအားလျော့ နည်းလာခြင်း<br>လည်ပတ်နေသော စက်များမှ ဆူညံမှုဖြစ်ခြင်း | ✓လိုအပ်သော ပိုက်ပုံစံဒီဇိုင်း များနှင့် သင့်လျော် သော အချိတ် အဆက်များ ပြုလုပ် တပ် ဆင်အသုံးပြု ခြင်း<br>✓သစ်တော များအား ပြန် လည်စိုက်ပျိုး ပေးခြင်း<br>✓သင့်လျော် သော ပြုပြင် ထိန်းသိမ်းမှု အစီအစဉ်များ ထားရှိခြင်း | ✓ ရုပ်ဝတ္ထုပိုင်း ဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် စီမံခန့်ခွဲမှု အစီရင်ခံစာ<br>✓လုပ်ငန်း လည်ပတ် ခြင်းနှင့်ပြုပြင် ထိန်းသိမ်း ခြင်းစီမံချက် | လုပ်ငန်းလည်ပတ် ခြင်းနှင့်ပြုပြင်ထိန်း သိမ်းခြင်း ဆပ် ကော်မတီ | ဆောက်လုပ်ရေး လုပ်ငန်းခွင် ပြီးစီးပြီးနောက် | လုပ်ငန်း လည်ပတ် ခြင်းနှင့် ပြုပြင် ထိန်းသိမ် း ခြင်းအ တွက် ကုန်ကျ စရိတ် |

**နောက်ဆက်တွဲ (၆) ပုံစံ - စ - ၁၄ - ဆန္ဒအလျှောက် လျှာဒါန်းခြင်း**

| | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် | |
| မြို့နယ် | |
| ကျေးရွာအုပ်စု | |
| ကျေးရွာ | |
| စီမံကိန်းလုပ်ငန်းခွဲ | |
| လက်ထောက်နည်းပညာမှူး | |

<table>
<tr><td>မြေပိုင်ရှင်အမည်</td><td colspan="2">မှတ်ပုံတင်နံပါတ်</td><td colspan="2">စီမံကိန်းလုပ်ငန်းခွဲ၏ အကျိုး ကျေးဇူးကို ခံစားရသူများ ရှိ/မရှိ</td></tr>
<tr><td>ကျား/မ:</td><td colspan="2">အသက်:</td><td colspan="2">အလုပ်အကိုင်</td></tr>
<tr><td colspan="5">နေရပ်လိပ်စာ:</td></tr>
<tr><td>စီမံကိန်းလုပ်ငန်းခွဲမှ သိမ်းယူသွားသော မြေနှင့် ပတ်သက်သည့် ဖော်ပြချက်</td><td>အကျိုးသက်ရောက်မှုရှိ သော ဧရိယာ<br><br>အလျား</td><td>စုစုပေါင်း ပိုင်ဆိုင် သော မြေ အကျယ်</td><td>အကျိုးသက် ရောက်မှုရှိသော မြေအကျယ်နှင့် စုစုပေါင်း ပိုင်ဆိုင်သော မြေအကျယ် အချိုး</td><td>မြေပုံအ မှတ် (ရရှိနိုင်ပါက )</td></tr>
</table>

<table>
<tr><td></td><td>အနံ</td><td></td><td></td><td></td></tr>
<tr><td colspan="5">စီမံကိန်း၏ အကျိုးသက်ရောက်မှုရှိစဉ်နှင့် ယခုလက်ရှိနှစ်စဉ်စိုက်ပျိုးနေသော သီးနှံများအကြောင်း ဖော်ပြချက်</td></tr>
<tr><td></td><td colspan="2">သီးနှံ/သစ်ပင်အမျိုးအစား</td><td colspan="2">သီးနှံ/သစ်ပင်အရေအတွက်</td></tr>
<tr><td>ပျက်စီးသွားသော သစ်ပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td>သစ်သီးပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td>စီးပွားရေးအရ သို့မဟုတ်<br>အိမ်သုံးအတွက်<br>စိုက်ပျိုးထားသော သစ်ပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td>သက်တမ်းရင့် သစ်တော<br>သစ်ပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td>လှူဒါန်းထားသောမြေနေရာ<br>တွင်ရှိသော သီးနှံပင်များ</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td>စုစုပေါင်း<br>သစ်ပင်ကြီးများ (အရေအတွက်)<br>သီးနှံပင်များ (ဧရိယာ)</td><td colspan="2"></td><td colspan="2"></td></tr>
<tr><td colspan="5">စီမံကိန်းအကောင်အထည်ဖော်သဖြင့် ပြောင်းရွှေ့၊ ပျက်စီးသွားသော အခြားပိုင်ဆိုင်မှုများကို ဖော်ပြပါ</td></tr>
<tr><td colspan="5">ပေးလှူလိုက်သော ပိုင်ဆိုင်မှု၏ တန်ဖိုး</td></tr>
</table>

စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံစားသောလူများအနေဖြင့် ပြောင်းရွှေ့သွားရန် လိုအပ်ပါ သလား

ယခုဖြည့်စွက်ပုံစံတွင်လက်မှတ်ထိုးလိုက်ခြင်း၊ လက်ဗွေနှိပ်ခြင်းဖြင့် မြေပိုင်ဆိုင်သူ သို့မဟုတ် မြေ ကို အသုံးချသူသည် ပိုင်ဆိုင်မှုကို စီမံကိန်းသို့ စွန့်လွှတ်ပေးလှူရာရောက်ပါသည်။ ထိုသို့ လှူဒါန်း ခြင်းသည် စေတနာအလျောက်ဖြစ်သည်။ အကယ်၍ မြေယာပိုင်ဆိုင်သူနှင့် အသုံးချသူအနေဖြင့် မိမိတို့၏ ပိုင်ဆိုင်မှုများကို စီမံကိန်းသို့ မလှူတန်းလိုပါက၊ မိမိတို့အနေဖြင့် လက်မှတ်ထိုးခြင်း၊ လက် ဗွေနှိပ်ခြင်းတို့ ပြုလုပ်ခြင်းကို ငြင်းပယ်နိုင်ပြီး ၎င်းအစား လျော်ကြေးကိုတောင်းဆိုပိုင်ခွင့်ရှိသည်။

| | |
|---|---|
| နေ့စွဲ:............................ | နေ့စွဲ:......................... |
| ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ ကိုယ်စားလှယ်၏ လက်မှတ် | စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံစားရသော လူပုဂ္ဂိုလ်များ၏ လက်မှတ်များ (လင်ယောကျာ်းနှင့် ဇနီးမယားနှစ်ဦးစလုံး) |

## နောက်ဆက်တွဲ (၇) ပြန်လည်နေရာချထားရေးမူဘောင်

## ၁ မူဝါဒ မူဘောင်

၁၆၉။ နိုင်ငံလုံးဆိုင်ရာ လူထုဗဟိုပြု စီမံကိန်းအတွက် ဖြည့်စွက်ရန်ပုံငွေသည် ကျေးလက်ဒေသရှိ အခြေခံ အဆောက်အအုံများဖြစ်သော စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရွာလမ်းနှင့် လူသွားလမ်း၊ ရေပေးဝေရေးစနစ် စသည်တို့ အသစ်တည်ထောင်ဆောက်လုပ်ရန်နှင့်အဆင့်မြှင့်ပြုပြင်ရန်အတွက် ထောက်ပံ့ပေးမည်။ ထိုကဲ့သို့သော စီမံကိန်းလုပ်ငန်းခွဲများကြောင့် တိကျသော အခြေအနေများ တွင် ပုဂ္ဂလိကပိုင်မြေများ၊ ပိုင်ဆိုင်မှုများ ဆုံးရှုံးရနိုင်သည်။ စီမံကိန်း လုပ်ငန်းခွဲ၏ အရွယ်အစား အပေါ် မူတည်၍ အဆိုပါအကျိုးသက်ရောက်မှုသည်အသေးစားဖြစ်နိုင်ပြီးစီမံကိန်း၏သက်ရောက်မှု ကို ခံစားရသော ပြည်သူများအနေဖြင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးစေသည့် အဆိုပါ ရင်းနှီးမြှုပ်နှံမှု၏ အကျိုး ကျေးဇူးများကို တိုက်ရိုက်ခံစားရရှိမည်။ အိမ်ထောင်စုများ ရွှေ့ပြောင်းနေထိုင်ရခြင်းကို ခွင့်မပြုပါ။ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒ မူဘောင်အနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဘဝ စီမံကွပ်ကဲခြင်း ဆိုင်ရာ မူဘောင်တွင်ဖော်ပြထားသော မြေယာသိမ်းယူခြင်းနှင့် ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အကောင်အ ထည်ဖော်ဆောင်ရေး အစီအမံများ၏ အနှစ်ချုပ်ကို စီစဉ်ပေးသည်။

၁၇၀။ ပြန်လည်နေရာချထားရေးဆိုင်ရာမူဘောင်သည် မလိုလားအပ်သော မည်သည့် အကျိုးသက် ရောက်မှုကို မဆို ရှောင်ရှားခြင်း ၊ အနည်းဆုံးဖြစ်အောင် လျော့ချပြီး စနစ်တကျ ကိုင်တွယ် စီမံကွပ်ကဲ နိုင်ရန် ရည်ရွယ်သည်။ ယခုမူဘောင်နှင့် လမ်းညွှန်ချက်များသည် ကမ္ဘာ့ဘဏ်၏ သင့်လျော်သော အတင်းအကျပ်ပြန်လည်နေရာချ ထားရေး မူဝါဒ (WB OP 4.12)နှင့် အပြည့်အဝကိုက်ညီသည်။ ပြန်လည်နေရာချထားရေးဆိုင်ရာမူဘောင်ကို မူလစီမံကိန်း ပြင်ဆင်နေချိန်တွင် ရေးဆွဲသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီစစ်အကဲဖြတ်ရေး မူဘောင်ပေါ် အခြေခံပြီး ရေးဆွဲ ထား သည်။ ထိုသို့ရေးဆွဲရာတွင် မူလစီမံကိန်းအကောင်အထည်ဖော်စဉ်က ရရှိခဲ့သော သင်ခန်းစာ များ ကိုလည်း ထည့်သွင်းထားသည်။

၁၇၁။ ပြန်လည်နေရာချထားရေး မူဘောင်သည် စည်းမျဉ်းစည်းကမ်းများနှင့် ရည်ရွယ် ချက်များ၊ အကျုံးဝင်မှု ဆိုင်ရာ သတ်မှတ်ချက်၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်၊ ဆန္ဒအလျောက် ပေးအပ်စွန့်လွှတ်ခြင်း နှင့် လျော်ကြေးပေးခြင်းအတွက်သဘောတူညီချက်နှင့်လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်း၏ သက်ရောက်မှုကို ခံရသော ပြည်သူများ၏ ပါဝင်နိုင်မှုနှင့် ဝေဖန်အကြံပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း တို့ကို တင်ပြထားသည်။ အဆိုပါ ပြန်လည်နေရာချထားရေး မူဝါဒဆိုင်ရာမူ ဘောင်သည် စီမံကိန်း လုပ်ကိုင်လည်ပတ်မှုကြောင့် ဖြစ်ပေါ် လာသော ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းကို မည်ကဲ့သို့ ရှောင်ရှားမည်၊ အနည်းဆုံးဖြစ်အောင် လုပ်ဆောင်မည်နှင့် သက်သာအောင် ဖြည်လျော့ မည်စသည့်နည်းလမ်းများကို ညွှန်ပြပေးသည်။

## ၂. ရည်ရွယ်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့် အကျုံးဝင်မှုဆိုင်ရာ သတ်မှတ်ချက်

၁၇၂။ ယခုစာတမ်းပြင်ဆင်ရာတွင် အတင်းအကျပ် ပြန်လည်နေရာချထားရေးဆိုင်ရာ ကမ္ဘာ့ဘဏ်၏ မူဝါဒများတွင်ဖော်ပြထားသည့် အဓိကစည်းကမ်းချက်များကို သုံးစွဲထားသည်။ ခြုံငုံသုံးသပ်လိုက်ပါက ဖြည့်စွက်ရန်ပုံငွေကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအရ ရေရှည် အကျိုးရှိသော အပြုအမူမျိုးဖြင့် သာမက ကမ္ဘာ့ဘဏ်၏ လုပ်ငန်းမူဝါဒ ၄.၁၂ နှင့်အညီ သုံးစွဲနိုင်ရန် ဤပြန်လည်နေရာချထားရေး မူဘောင်က ရည်ရွယ်သည်။ အသေးစိတ်ဖော်ပြရ လျှင် အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းတို့သည် ပုဂ္ဂလိက မြေယာနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းနှင့်ပတ်သက်ပြီး ဖြည့်စွက်ရန်ပုံငွေကို ထိန်းချုပ်ကွပ်ကဲ သည်။

- လူထုအစည်းအဝေးပွဲများ စတင်ကျင်းပသည့်နေ့မှစ၍ စီမံကိန်းမြို့နယ်တွင် နေထိုင်သူလူတိုင်း (မည့်သည့်တိုင်းရင်းသားမဆို၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည့်သည့်အခြေအနေမဆို) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ စီမံကွပ်ကဲရေးမူ ဘောင်တွင် ပါရှိသော အကာကွယ်များကို ခံစားပိုင်ခွင့်ရှိသည်။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့အပေါ်တွင် ဖြစ်နိုင်ချေရှိသော မလိုလားအပ်သည့် ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားရမည်၊ နည်းသထက်နည်းအောင် ပြုလုပ်ရမည်၊ လျော့ပါးသက်သာစေရမည်။
- စီမံကိန်းကြောင့် ဖြစ်ပွားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် ဆုံးရှုံးမှုများကို ကာကွယ်ရမည်။ မရှောင်လွှဲနိုင်ပါက ဆုံးရှုံးမှုများကို နည်းသထက်နည်းစေရမည်ဖြစ်ပြီး ဆုံးရှုံးမှုများအတွက် အပြည့်အဝ ပေးလျော်ရမည်။
- စီမံကိန်း၏ ငွေကြေးထောက်ပံ့ထားသော စီမံကိန်းလုပ်ငန်းခွဲကြောင့် အကျိုးသက်ရောက်မှု ရှိ သော မြေယာတွင်နေထိုင်သူ (သို့မဟုတ်) မြေယာကို တရားဝင်ပိုင်ဆိုင်သူ (သို့မဟုတ်) ယင်း မြေယာဖြင့် လုပ်ကိုင်စားသောက်သူ မည်သူမဆိုလျော်ကြေးငွေရယူခွင့်ရှိပြီး အဆိုပါ လျော်ကြေး ငွေသည် စီမံကိန်းမစတင်မီကာလက ရှိနှင့်ပြီးသော ၎င်းတို့၏ လူနေထိုင်မှု အဆင့်အတန်း၊ ဝင်ငွေရနိုင်စွမ်း၊ ထုတ်လုပ်နိုင်သည့် အဆင့်အတန်းမျိုးအတွက် လုံလောက်မှုရှိရမည်။ အဆိုပါ လျော်ကြေးငွေရရယူရန်အတွက် နောက်ခံ တိုင်းရင်းသား မျိုးနွယ်နှင့် ပိုင်ဆိုင်မှုအခြေအနေ တို့ကို ထည့်သွင်းတွက်ချက်ခြင်းမရှိပေ။
- စီးပွားရေးအရသော်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းများအရသော်လည်းကောင်း ရွှေ့ပြောင်းခြင်းကို ရှောင်ရှားရမည်၊ နည်းသထက်နည်းအောင် ပြုလုပ်ရမည်၊ လျော့ပါးသက်သာစေ ရမည်။ စီမံကိန်းကြောင့် အိမ်ရာများရွှေ့ပြောင်းရခြင်းကို လုံးဝခွင့်မပြုပါ။
- စီမံကိန်းကြောင့် မည်သူတဦးတယောက်မှ ၎င်းတို့၏ တန်ဖိုးရှိသော ပိုင်ဆိုင်မှု ၁၀ ရာခိုင် နှုန်းထက် ပို၍ ဆုံးရှုံးခြင်းမရှိစေရ။ နဂိုမူလအစီအစဉ်ပုံစံကြောင့် အိမ်ထောင်စုတစုစု၏ တန်ဖိုးရှိ သော ပိုင်ဆိုင်မှုများ ၁၀ ရာခိုင်နှုန်းထက် ပို၍ ဆုံးရှုံးခြင်းဖြစ်ပေါ်ပါကစီမံကိန်းဒီဇိုင်း ကို ပြန်လည်ပြင်ဆင်ရမည် (သို့မဟုတ်) အခြားနေရာတစ်ခုကို ရှာဖွေရမည်။

- ဖြစ်နိုင်သည့်နေရာမှန်သမျှတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့နှင့် သက်ဆိုင်သည့် အကျိုးသက်ရောက်မှုများကို ပိုမိုကောင်းမွန်စေရမည်။
- လျော်ကြေးကို အပြည့်အဝပေးလျော်ပြီးမှ သို့မဟုတ် ဆန္ဒအလျောက်ပေးလှူခြင်း ဖြစ်စဉ်အဆင့်ဆင့်တို့ အပြီးသတ်ပြီးမှသာ စီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည် ဖော်ရမည်။
- ဝေဖန်အကြံပြုဖြေရှင်းခြင်းအပါအဝင် ဆန္ဒအလျောက်ပေးလှူခြင်းနှင့် အတင်းအကျပ် မြေယာရယူခြင်းဆိုင်ရာ ဖြစ်စဉ်နှင့် လုပ်ထုံးလုပ်နည်းများကို လက်ကမ်းစာစောင်တစ်ခု အတွင်း အသုံးပြုနိုင်သမျှသော ဒေသန္တရဘာသာစကားများဖြင့် အကျဉ်းချုံးထည့်သွင်းကာ ပါဝင်သည့် ကျေးရွာများအားလုံးကို ဖြန့်ဝေရမည်။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို စီမံကွပ်ကဲရန်အ တွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စွမ်းရည် ကို မြင့်တင်ပေး ရမည်။

## ပြန်လည်နေရာချထားရေးဆိုင်ရာ မြန်မာနိုင်ငံဥပဒေမူဘောင် ဆန်းစစ်ချက်

စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် သိသာထင်ရှားသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားသည်။ သို့သော် စီမံကိန်းလုပ်ငန်းခွဲများသည် မြေယာသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားရေး လိုအပ်ပါက ထိုထိခိုက်မှုများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ဖော်ပြပါ သက်ဆိုင်ရာ အမျိုးသားရေးဥပဒေများအားမှီငြမ်းရေးဆွဲထားသော အကာအကွယ်ဆိုင်ရာ စာရွက်စာတမ်းများမှ လမ်းညွှန်ပေးလိမ့်မည်။ ထို အမျိုးသားရေးဆိုင်ရာ ဥပဒေများမှာ-

- မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (၂၀၁၂)၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၃)၊
- ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅)၊
- မြေယာသိမ်းဆည်းမှု အက်ဥပဒေ (၁၈၉၄)၊
- အမျိုးသား မြေအသုံးချမှု မူဝါဒ (၂၀၁၆)။

အဆိုပါ မြေယာသိမ်းဆည်းမှု အက်ဥပဒေ (၁၈၉၄)သည် လူထုရည်ရွယ်ချက်များအတွက် မြေယာသိမ်းဆည်းရန် ပြဋ္ဌာန်းချက်များ ရှိပါသည်။ *"အများပြည်သူ ရည်ရွယ်ချက်အတွက် (သို့မဟုတ်) ကုမ္ပဏီတစ်ခုအတွက် လိုအပ်သော မည်သည့် သီးခြားမြေယာမဆို ထိုသက်ရောက်မှုအတွက် တရားဝင်ကြေညာချက်အား ပြုလုပ်ရမည်ဟု"* ပုဒ်မ ၆ တွင် ဖော်ပြထားပါသည်။ "အကြောင်းကြားစာ ထုတ်ပြန်ကြေညာသောနေ့စွဲရှိ မြေယာဈေးကွက်တန်ဖိုး" အပါအဝင် လျော်ကြေးငွေအား အကြောင်းအရင်းများစွာဖြင့် သတ်မှတ်ထားသည်ဟု ပုဒ်မ ၂၃၊ ပုဒ်မခွဲ ၁ တွင် ဖော်ပြထားပါသည်။ ထိခိုက်လွယ်သောအုပ်စုများအား တိတိကျကျ ဖော်ပြထားခြင်းမရှိသော်လည်း ပြည်ထောင်စုသည် "မိခင်နှင့်ကလေးများ၊ မိဘမဲ့များ၊ ထိခိုက်ဒဏ်ရာရရှိသွားသော တပ်မတော် အမှုထမ်းများ၏ သားသမီးများ၊ သက်ကြီးရွယ်အိုများ နှင့် မသန်စွမ်းသူများ" အား ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၂ ၌ ဖော်ပြထားပါသည်။ *"ပြည်ထောင်စုသည် နိုင်ငံသားတိုင်း တရားဝင်ရရှိထားသော ရွှေ့ပြောင်းနိုင်သော နှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းဥစ္စာများအား ဥပဒေ နှင့်အညီ*

*ကာကွယ်စောင့်ရှောက်ရမည်" ဟု* မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၅၆ ၌ ထပ်ပေါင်းဖော်ပြထားပါသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေး အခွင့်အလမ်းများ တိုးချဲ့ရာမှတဆင့် အခြေခံအဆောက်အအုံ၊ အသက်မွေးဝမ်းကြောင်းနှင့် သုခချမ်းသာကြွယ်ဝမှုအား တိုးတက်စေသော အထောက်အပံ့ ပစ္စည်းများကို ပံ့ပိုးပေးနိုင်သည့် အတိုင်းအတာပမာဏ အမျိုးမျိုး လိုအပ်ပါသည်ဟု ကမ္ဘာ့ဘဏ်မှ ဖော်ပြထားသည်။ ကမ္ဘာ့ဘဏ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် ၎င်း၏ ကိုယ်ပိုင်ပတ်ဝန်းကျင်နှင့် လူထုအကာအကွယ်ဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းလုပ်ငန်းခွဲများအတွက် ရံပုံငွေလက်ခံရရှိရန် ချေးငှားသော တိုင်းပြည်၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်ဆိုင်ရာ သဘောထား မှတ်ကျောက်များ တူညီရမည်ဖြစ်သည်။ ဤအကာအကွယ်ဆိုင်ရာ မူဝါဒများသည် လူများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ကို ထိခိုက်စေသော အန္တရာယ်များအား တက်နိုင်သမျှလျော့နည်းစေခြင်း၊ ရှောင်ရှားစေခြင်း၊ ခွဲခြားဖော်ထုတ်ခြင်းတို့၌ ဆုံးဖြတ်ချက်ချမှတ်သူများအား ကူညီပေးပါသည်။ အဆိုပါ ကမ္ဘာ့ဘဏ် အကာအကွယ်ဆိုင်ရာ မူဝါဒများသည် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဘဏ်ငွေကြေးရယူရန် လိုအပ်ချက် အနေဖြင့် တိကျသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဘေးအန္တရာယ်များအား ဖြေရှင်းရန် ချေးငှားသူ အစိုးရများကတာဝန်ယူဆောင်ရွက်ရန် လိုအပ်ပါသည်။

လက်ရှိအချိန်၌ စီမံကိန်းလုပ်ငန်းခွဲများမှာ မြို့နယ် ၄၇ မြို့နယ် (လာမည့်စက်ဝန်းတွင် ၆၃ မြို့နယ်အထိ တိုးချဲ့သွားမည်) ရှိ (လမ်းများ၊ တံတားများ၊ ဆိပ်ခံတံတားများ၊ ရေပေးဝေရေးစနစ်များ၊ ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ၊ ကျေးလက် နားနေဆောင်များ၊ စာကြည့်တိုက်များ နှင့် အသေးစား ရေအားလျှပ်စစ် (သို့မဟုတ်) နေရောင်ခြည် စွမ်းအင် သို့မဟုတ် ဓာတ်အားလိုင်းကွန်ယက်စနစ်တိုးချဲ့ခြင်း (grid extension) ကဲ့သို့သော ကျေးလက်မီးလင်းရေး လုပ်ငန်းများ တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး) အစရှိသည့် အသေးစား အခြေခံအဆောက်အအုံလုပ်ငန်းများ ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲများသည် မျှော်မှန်းချိန်ထက်စော၍ မသိရှိရသော်လည်း ကျေးလက်လူထုမှ ၎င်းတို့၏ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံလုပ်ငန်းများ ရွေးချယ်ပြီးသည်နှင့် တပြိုင်နက် စီမံကိန်းလုပ်ငန်းခွဲအား သိရှိရမည်ဖြစ်သည်။ RPF မှ ပြန်လည်နေရာချထားရေးအစီအစဉ် ပြင်ဆင်ခြင်းအား လိုအပ်လျှင် အကြောင်းကြားရန် နှင့် လမ်းညွှန်ရန် သတ်မှတ်ခွင့်ပြုထားသော ချဉ်းကပ်နည်းများ၊ လုပ်ငန်းစဉ်နှင့် တိကျသော ကိရိယာများ ဆက်စပ်လွှမ်းခြုံနေသည့် အကာအကွယ်ဆိုင်ရာ စာရွက်စာတမ်းများကို ထောက်ပံ့ပေးပါသည်။

မြေယာသိမ်းဆည်းမှု အက်ဥပဒေ (၁၈၉၄)သည် မြေသိမ်းယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့် အခြေခံမူဘောင်များအား ထောက်ပံ့ပေးပြီး အများပြည်သူနှင့် အမျိုးသားအကျိုးစီးပွားအဖြစ် မှတ်ယူထားသေ ပြည်သူပိုင် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်း၊ ပြည်လည်ထူထောင်ခြင်း (သို့) ဆောက်လုပ်ခြင်းတို့အတွက် တရားမျှတသော လျော်ကြေးငွေ ပေးအပ်ရန်မှတ်ထားပါသည်။ ထိုအက်ဥပဒေတွင် ပြည်သူပိုင် အခြေခံအဆောက်အအုံ တိုးချဲ့ခြင်း လုပ်ငန်းများမှ ဖြစ်ပေါ်လာသော ပြန်လည်နေရာချထားရေး လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ ကိုလည်း ဖော်ပြပါသည်။

မြေယာသိမ်းဆည်းမှု အက်ဥပဒေ (၁၈၉၄) သည် ကမ္ဘာ့ဘဏ်၏ ဆန္ဒမပါသောနေရာရွှေ့ပြောင်းမှု (OP/BP 4.12) မူဝါဒ၏ အဓိက အခြေခံမူများနှင့် အချို့မှာ ကိုက်ညီမှုရှိပါသည်။ ဤ OP/BP 4.12 ကို လိုအပ်သော မြေယာသိမ်းဆည်းခြင်းနှင့် ပြန်လည်နေရာချထားရေးအတွက် မြန်မာ့စီမံကိန်း လုပ်ငန်းများ က လက်ခံကျင့်သုံးရမည်ဖြစ်သည်။

သို့သော်လည်း အမျိုးသားရေးစည်းမျဉ်းမူဘောင်နှင့် ဆန္ဒမပါသောနေရာရွှေ့ပြောင်းမှုအပေါ် ကမ္ဘာ့ဘဏ်၏ မူဝါဒ (OP 4.12) အကြား ကွာဟချက်အချို့ရှိပါသည်။ ထို ကွာဟချက်များအား အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသည်။

| ဇယား | မြေယာစီမံခန့်ခွဲမှုနှင့်ဆိုင်သော မြန်မာ့ဥပဒေရေးရာမူဘောင်နှင့် ကမ္ဘာ့ဘဏ်လုပ်ငန်းလည်ပတ်မှု မူဝါဒ အကြား ကွာဟချက် ဆန်းစစ်ခြင်း ၄.၁၂။ | | |
|---|---|---|---|
| **အကြောင်းအရာ ခေါင်းစဉ်** | **OP 4.12** | **မြန်မာ့ဥပဒေ** | **ကွာဟမှု/စီမံကိန်းမှ ဆောင်ရွက်ချက်များ** |
| *၁။ မူဝါဒ၏ ရည်ရွယ်ချက် – သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေး* | | | |
| *မူဝါဒ၏ ရည်ရွယ်ချက်များ/ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေး* | *စီမံကိန်း ထိခိုက်ခံရသူများ (PAPs) အား အသက်မွေးဝမ်းကျောင်းနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာစေရန် ၎င်းတို့ကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုအတွက် (သို့မဟုတ်) အနည်းဆုံး ထိုအရာများကို ပြန်လည်နေရာချထားမှုအတွက် ကူညီထောက်ပံ့ပေးသင့်ပါသည်။ အမှန်မှာ ကြိုတင် ရွှေ့ပြောင်းခံရသည့် အဆင့် (သို့) ကြိုတင် စီမံကိန်း အကောင်အထည်ဖော်ခြင်းအစမှ ပျံ့နှံ့လွှမ်းမိုးမှု အဆင့် (သို့) ပိုမို မြင့်မားသည့် အဆင့်ကိုမဆို ကူညီထောက်ပံ့ပေးသင့်ပါသည်။* | EIA လုပ်ထုံးလုပ်နည်းများ (၂၀၁၅) ပုဒ်မ ၁၀၂ (ခ)။<br>▪ စီမံကိန်း ထောက်ခံအားပေးသူသည် စီမံကိန်း ကြောင့်ထိခိုက်ခံစားရသူများအား လက်ရှိ (သို့) စီမံကိန်း မဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွါးရေး တည်ငြိမ်ခိုင်မာမှု ရရှိသည့်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် နေရာချထားရေး အစီအစဉ်များ အတွက် PAPs၊ သက်ဆိုင်ရာအစိုးရဌာနနှင့် အေဂျင်စီများ၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဆိုးကျိုး သက်ရောက်မှုဆိုင်ရာ ကူညီထောက်ပံ့ခြင်းတို့အတွက် ဥပဒေရေးရာနှင့် ဘဏ္ဍာရေးတာဝန်တို့အား အပြည့်အဝ တာဝန်ယူရမည်။ | CDD စီမံကိန်းမှ မြေယာ သိမ်းဆည်းခြင်းနှင့် ပြန်လည် နေရာချထားရေးကိစ္စရပ်များအတွက် ကျေးလက်လူထုမှ ထောက်ပံ့ထားသော ပေးလျော်ငွေဖြင့် စီမံကိန်းမစတင်မီ အဆင့်တွင် ထိခိုက်ခံရသူများ၏ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ပေးခြင်းကိစ္စရပ်များအတွက် သေချာစေရန် ဆောင်ရွက်ပေးပါသည်။<br><br>OP 4.12 ၏ပြဌာန်းချက်များသည် မြန်မာဥပဒေရေးရာမူဘောင်အတွက် ဖြည့်စွက်ပြည့်စုံစေပါသည်။ |

| အကြောင်းအရာ ခေါင်းစဉ် | OP 4.12 | မြန်မာဥပဒေ | ကွာဟမှု/စီမံကိန်းမှ ဆောင်ရွက်ချက်များ |
|---|---|---|---|
| *၂။ အကျုံးဝင်သော - မြေယာပိုင်ဆိုင်မှု* | | | |
| *တရားဝင် ဥပဒေရေးရာ လုပ်ပိုင်ခွင့် (သို့မဟုတ်) ၄င်းတို့နေထိုင်လျှက်ရှိသော မြေယာများအား လျော်ကြေး တောင်းဆိုခြင်း မရှိသည့် ထိခိုက်ခံရသော အိမ်ထောင်စုများကို ထောက်ပံ့ပေးခြင်း* | *ယင်းမြေပေါ်တွင် အဆောက်အဦများနှင့် အခြားပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းအတွက် လျော်ကြေးငွေ အပြင် မူဝါဒ ရည်ရွယ်ချက် အထမြောက်အောင်မြင်စေရန် စီမံကိန်း ထိခိုက်ခံရသူများအတွက် ပြန်လည်နေရာချထားရေး အကူအညီ (အသက်မွေးဝမ်းကျောင်းနှင့် လူနေမှုအဆင့်အတန်း တိုးတက်လာစေရန် (သို့မဟုတ်) အနည်းဆုံး ထိုအရာများကို ပြန်လည်နေရာချထားမှုအတွက် ကူညီထောက်ပံ့ပေးသင့်ပါသည်။ အမှန်မှာ ကြိုတင် ရွှေ့ပြောင်းခံရ အဆင့် (သို့) ကြိုတင် စီမံကိန်း အကောင်အထည်ဖော်ခြင်းအစမှ ပျံ့နှံ့လွှမ်းမိုးမှု အဆင့် (သို့) မည်သည့် ပိုမို မြင့်မားသည့် အဆင့်ကိုမဆို ကူညီထောက်ပံ့ပေးသင့်ပါသည်။)* | အမျိုးသား မြေအသုံးချမှု မူဝါဒ (၂၀၁၆) အပိုင်း (II) အခန်း ၃၊ ပုဒ်မ ၁၆။<br>မြေယာ သတင်းအချက်အလက်စီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင်-<br>▪ မှတ်ပုံတင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ မြေပုံထုတ်ခြင်း တို့ကို ပြုလုပ်ပြီးသည် ဖြစ်စေ၊ မပြုလုပ်ရသေးသည် ဖြစ်စေ ဒေသခံအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် ပုဂ္ဂလိက၊ အိမ်ထောင်စု၊ စုပေါင်းလုပ်ကိုင်သူ များနှင့် ဒေသခံပြည်သူ မြေအသုံးချသူများ၏ မြေလုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ အသိမှတ်ပြုခြင်း၊ ကာကွယ်ခြင်း နှင့် မှတ်ပုံတင်ခြင်း တို့ကိုပြုလုပ်ရမည်။<br>အမျိုးသား မြေအသုံးချမှု မူဝါဒ (၂၀၁၆) အပိုင်း (VIII), ပုဒ်မ ၆၆။<br>တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာ မြေအသုံးချမှု မြေပုံနှင့် မှတ်တမ်းများ ပြုစု ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ တွင် ရိုးရာမြေအသုံးချမှု အလေ့အထများ | ဒေသခံ လူထုများမှ အသိအမှတ်ပြုထားသော တရားဝင်မြေပိုင်ဆိုင်မှု အခွင့်အရေးရှိသူများသည် (၁) မြေယာမှလွဲ၍ အခြားပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းအတွက် လျော်ကြေးငွေ (၂) ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်စေရန် (သို့မဟုတ်) အနည်းဆုံး ကြိုတင် ရွှေ့ပြောင်းခံရ အဆင့်သို့ ပြန်လည်ထားရှိရန် ပြန်လည်နေရာချထားရေးအကူအညီ (နေထိုင်ရန်နေရာ၊ အလုပ်အကိုင် စသဖြင့်) စသည်တို့အား ရပိုင်ခွင့်ရှိပါသည်။ ထိုရပိုင်ခွင့်အား ရပ်ရွာလူထုမှ သတ်မှတ်ပေးပြီး CDD စီမံကိန်းလက်အောက်တွင် စောင့်ကြည့် ကြီးကြပ်ပါသည်။ထိခိုက်ခံရသူ များသည် အထူးအကူအညီအထောက်အပံ့များ လက်ခံရရှိရန် သင့်လျော်ပါသည်။<br><br>OP 4.12 ၏ပြဋ္ဌာန်းချက်များသည် မြန်မာဥပဒေရေးရာ မူဘောင်အား ဖြည့်စွက် ပြည့်စုံစေပါမည်။ |

| | | | |
|---|---|---|---|
| | | ကို ကျွမ်းကျင်သည့် တိုင်းရင်းသား ပုဂ္ဂိုလ်များ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ တာဝန်ရှိအစိုးရဌာနများနှင့် အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။<br>▪ လက်ရှိမြေအသုံးချမှုကို မှတ်ပုံတမ်းနှင့် မြေပုံများတွင် ဖော်ပြထားခြင်း ရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ မှတ်ပုံတင်ထားခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မြေအသုံးချလျက်ရှိသည့် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် ဒေသဆိုင်ရာ ရိုးရာမြေစီမံအုပ်ချုပ်မှု အလေ့အထများကို အသိအမှတ်ပြုကာကွယ်ရမည်။ ရင်းတို့၏ မြေအသုံးချမှုကို မှတ်ပုံတင်နိုင်ရန် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းရမည်။ | |
| **အကြောင်းအရာခေါင်းစဉ်** | **OP 4.12** | **မြန်မာဥပဒေ** | **ကွာဟမှု/စီမံကိန်းမှ ဆောင်ရွက်ချက်များ** |
| *၃။ လျော်ကြေးငွေ* | | | |
| *လျော်ကြေးနှုန်းထားများ အဆုံးအဖြတ်အတွက် နည်းလမ်းများ* | *ဆုံးရှုံးသွားသော မြေယာနှင့် အခြားပိုင်ဆိုင်မှုအတွက် လျော်ကြေးငွေအား အပြည့်အဝ* | မြေယာသိမ်းဆည်းမှု အက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ ၂၃။<br>ဤအက်ဥပဒေတွင် သိမ်းဆည်းမြေများ | ကျေးလက်လူထုနှင့် ထိခိုက်ခံရသူမှ လျော်ကြေးနှုန်းအား ထုတ်ထောင်နိုင်ရန် ထိခိုက်ခံရသော ပိုင်ဆိုင်မှုအမျိုးအစားအားလုံး၏ |

*အစားထိုး ကုန်ကျငွေ၌ ပေးဆောင်ရမည်။*

အတွက် ပေးလျော်သော လျော်ကြေးငွေ ပမာဏအား သတ်မှတ်ရာတွင် တရားရုံးမှ အောက်ပါ အချက်များအား ထည့်သွင်းစဉ်းစားရမည်-

- ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင်ပါရှိသည့် အကြောင်းကြားစာ ထုတ်ပြန်ကြေငြာသောနေ့စွဲရှိ မြေယာဈေးကွက်တန်ဖိုး၊
- သိမ်းယူသူမှ ပစ္စည်းသိမ်းယူသော အချိန်၌ ထိုမြေပေါ်တွင်တည်ရှိနေသော ကောက်ပဲသီးနှံ(သို့) မည်သည့် သစ်ပင်များကိုမဆို ယူဆောင်ခြင်း၏ အကြောင်းရင်းကြောင့် သိမ်းယူခံရသူမှ ခံစားရသော ထိခိုက်ပျက်စီးမှု
- သိမ်းယူသူမှ မြေယာပစ္စည်းသိမ်း ယူသောအချိန်၌ သူ၏အခြားမြေမှ ထိုကဲ့သို့မြေကိုသိမ်းယူခြင်း၏ အကြောင်းရင်းကြောင့် သိမ်းယူ ခံရသူမှ ခံစားရသော ထိခိုက်ပျက်စီးမှု(ရှိခဲ့ပါက)၊
- သိမ်းယူသူမှ မြေယာပစ္စည်းသိမ်းယူသောအချိန်၌ သိမ်းဆည်းမှုမှ ၎င်း၏အခြားမြေယာများ၊

တန်ဖိုးအား တွက်ချက်ရပါမည်။

ဈေးကွက်တွင် အစားထိုးနိုင်သော ပိုင်ဆိုင်မှုအတွက် လျော်ကြေးသည် ၎င်း၏ ဈေးကွက်တန်ဖိုးအပြင် အရောင်းအဝယ်ကုန်ကျငွေ (ဈေးကွက်တန်ဖိုး+အရောင်းအဝယ်ကုန်ကျငွေ)တို့နှင့် ညီမျှပါသည်။

OP 4.12 ၏ပြဌာန်းချက်များသည် မြန်မာဥပဒေရေးရာ မူဘောင်အား ဖြည့်စွက်ပြည့်စုံစေပါမည်။

ရွှေ့ပြောင်းနိုင်သော (သို့)
မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊
၎င်းရှာဖွေရရှိမှုများအား
ထိခိုက်စေသော
အကြောင်းရင်းကြောင့် သိမ်းယူ
ခံရသူမှ ခံစားရသော ထိခိုက်ပျက်စီးမှု
(ရှိခဲ့ပါက)

အမျိုးသားမြေအသုံးချမှု မူဝါဒ (၂၀၁၆) အပိုင်း (V) ပုဒ်မ ၄၀။

သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်း နှင့် အသစ်ပြဋ္ဌာန်းခြင်းပြုရာတွင် ၎င်းတို့သည် အမျိုးသားမြေယာဥပဒေနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီး အောက်ပါအချက်များကိုလည်း အခြေခံရမည်။

- မြေသိမ်းယူခြင်းကြောင့် အကျိုးထိခိုက်သူများအား လျော်ကြေး ပေးခြင်းနှင့် ပြန်လည်နေရာချထားခြင်း တို့ပြုရာတွင် ထိရောက်ပြီး ရှေ့နောက်ညီညွတ်မျှတသည့် တန်ဖိုးတွက်ချက်မှု စနစ်များကို ဖော်ပြရမည်။

| ၄။ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ထုတ်ဖော်ခြင်း | | | |
|---|---|---|---|
| *ဆွေးနွေးညှိနှိုင်းခြင်းနှင့် ထုတ်ဖော်ခြင်း* | *စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် ပူးပေါင်းပါဝင်မှု၊ အထူးသဖြင့် လျော်ကြေးငွေနှင့် အထောက်အပံ့အတွက် အကျုံးဝင်သော စံနှုန်းများအား အတည်ပြုခြင်းနှင့် အကြံပြုတိုင်ကြားရေးဖြေရှင်းခြင်းစနစ်အား အသုံးပြုနိုင်ခြင်း၊* | ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅) အပိုဒ် ၁၃။<br>စီမံကိန်း ထောက်ခံအားပေးသူသည်-<br>(က) ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃၄၊ ၅၀ နှင့် ၆၁ အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း နှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ အဆင့်အားလုံးတွင် သင့်လျော်သော လူထုဆွေးနွေးညှိနှိုင်းပွဲအား စီစဉ်ဆောင်ရွက်ရမည်။<br>(ခ) ဝန်ကြီးဌာနက အသိပေးထားသည့် အမျိုးသားလုံခြုံရေးဆိုင်ရာ ထိပါးစေနိုင်မည့်ကိစ္စရပ်များမှတပါး သက်ဆိုင်ရာ စီမံကိန်းဆက်စပ် သတင်းအချက်အလက်များကို အများပြည်သူသို့ အချိန်နှင့်တပြေးညီ ထုတ်ဖော်ရမည်။<br><br>ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅) အပိုဒ် ၃၄။<br>စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် စီမံကိန်း | CDD စီမံကိန်းလက်စွဲစာအုပ်နှင့် စီမံကိန်းစက်ဝန်းနှင့်အညီ စီမံကိန်းအဆင့်တိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပါသည်။ |

အမျိုးအစားအတွက် အများပြည်သူနှင့်
တိုင်ပင်ဆွေးနွေးမှုဆိုင်ရာ
အောက်ပါလုပ်ငန်းစဉ်များကို
တာဝန်ယူ ဆောင်ရွက်ရမည်-

(က) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း စတင်သည်နှင့် တစ်ပြိုင်နက် အဆိုပြုစီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန် စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်တွင် တင်ပြခြင်းနှင့် စီမံကိန်း နေရာများတွင် အများပြည်သူ မြင်တွေ့နိုင်စေရန် ဆိုင်းဘုတ်များထင်ရှားစွာ စိုက်ထူခြင်း အပါအဝင် ပြည်တွင်းမီဒီယာများမှတစ်ဆင့် ထုတ်ဖော်ခြင်းနှင့် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော နည်းပညာဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ဒေသခံလူအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ နှင့် လိုအပ်သည့် တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနက အကြံပြုသည့်အတိုင်း စီစဉ်ပြုလုပ်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ သတင်း စာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း

(အင်တာဗျူး)များပြုလုပ်၍ ရှင်းလင်းတင်ပြခြင်း၊

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၅) အပိုဒ် ၅၀။

စီမံကိန်းအဆိုပြုသူသည် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူပူးပေါင်းပါဝင်ခြင်းဆိုင်ရာ အောက်ပါ တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်ကို ဆောင်ရွက်ရမည်-

(က) အဆိုပြုထားသည့် စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန် စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ ဝက်ဘ်ဆိုဒ်တွင် တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင် အများပြည်သူမြင်တွေ့နိုင်သည့် ဆိုင်းဘုတ်များနှင့် ကြော်ငြာသင်ပုန်းများ ထင်ရှားစွာစိုက်ထူခြင်း အပါအဝင် ပြည်တွင်း မီဒီယာများမှ ထုတ်ဖော်ခြင်း၊

(ခ) ဒေသခံလူအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် အဓိက ထိခိုက်ခံစားရမည့်သူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊

| | | | |
|---|---|---|---|
| | | လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သည့် တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနက အကြံပြုသည့်အတိုင်း စီစဉ်ပြုလုပ်ခြင်း၊<br>သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်း(အင်တာဗျူး)များကို အချိန်နှင့် တစ်ပြေးညီ ပြုလုပ်၍ ရှင်းလင်းတင်ပြခြင်း၊<br>အမျိုးသား မြေအသုံးချမှု မူဝါဒ (၂၀၁၄) အပိုဒ် ၃၇။<br>သင့်လျော်သော ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ သက်ရောက်မှုများ အကဲဖြတ်ခြင်း<br>▪ မြေခွဲဝေပေးရေးနှင့် ပြန်လည်နေရာချထားရေးအတွက် စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်သည့်အခါ ရွှေ့ပြောင်းရမည့်သူများသည်စနစ်တကျ ဆွေးနွေးတိုင်ပင်သင့်ပြီး လူကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါသည်။ | |

| **အကြောင်းအရာ ခေါင်းစဉ်** | **OP 4.12** | **မြန်မာဥပဒေ** | **ကွာဟမှု/စီမံကိန်းမှ ဆောင်ရွက်ချက်များ** |
|---|---|---|---|
| ***၅။ အကြံပြုတိုင်ကြားရေး ဖြေရှင်းခြင်းစနစ်*** | | | |
| *အကြံပြုတိုင်ကြားချက်များ အား မှတ်တမ်းတင်ခြင်းနှင့် ဆောင်ရွက်ဖြေရှင်းခြင်းအ* | *အကြံပြုတိုင်ကြားချက်များအား မှတ်တမ်းတင်ခြင်းနှင့် ဆောင်ရွက်ဖြေရှင်းခြင်းအတွက်* | မြန်မာနိုင်ငံတော်မှ တရားစီရင်ရေးမဟုတ်သော အကြံပြုတိုင်ကြားရေးစနစ်အား အများပြည်သူသို့ ထောက်ပံ့ပေးရန် မကြာသေးမီကမှ | စီမံကိန်း ထိခိုက်ခံရသူများမှ အကြံပြုတိုင်ကြားချက်များ (ပြန်လည်နေရာချထားရေးမူဘောင် နှင့် ယေဘုယျ စီမံကိန်း |

| | | | |
|---|---|---|---|
| *တွက် လုပ်ထုံးလုပ်နည်းများ* | *ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများဖြင့် အကြံပြုတိုင်ကြားရေး ဖြေရှင်းခြင်းစနစ်ကို အစိုးရ အရာရှိကြီးများ၏ ကြီးကြပ်မှုအောက် တွင်ဆောင်ရွက်သင့်သည်။* | လုပ်ဆောင်လျက်ရှိပါသည်။ သို့သော် ရရှိနိုင်မှုမှာ အကန့်အသတ်ရှိပါသည်။ | အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဆက်စပ်၍) ကျေးလက်လူထု၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စုအဆင့်ရှိ တည်ဆဲ အကြံပြုတိုင်ကြားရေးစနစ်အား အသုံးပြု လည်ပတ်စေခြင်းအားဖြင့် ကိုင်တွယ်ပါသည်။ |
| **အကြောင်းအရာ ခေါင်းစဉ်** | **OP 4.12** | **မြန်မာဥပဒေ** | **ကွာဟမှု/စီမံကိန်းမှ ဆောင်ရွက်ချက်များ** |
| ***၆။ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း*** | | | |
| *စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း* | *ဌာနအတွင်း၊ အပြင် စောင့်ကြည့်ကြီးကြပ်ရေးအား လိုအပ်ပါသည်။* | မပါဝင်ပါ။ | စီမံကိန်း စီမံခန့်ခွဲမှု ယူနစ်မှ မြေယာသိမ်းဆည်းမှုတွင် ဌာနအတွင်း စောင့်ကြည့်ကြီးကြပ်ရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲရေး အစီအစဉ်/ပြန်လည်နေရာချထားရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် လိုအပ်သည့် အစီရင်ခံခြင်းတို့အား လုပ်ဆောင်ပါသည်။ အဆိုပါ စောင့်ကြည့်ကြီးကြပ်ရေးတွင် လုပ်ငန်း တိုးတက်မှု အစီရင်ခံစာများ၊ မြေယာသိမ်းဆည်းမှု အခြေအနေ၊ တည်နေရာ သတင်း အချက်အလက်များနှင့် ထိခိုက်ခံရသူ ဦးရေ၊ ပစ္စည်းအလိုက် ပေးလျော်ရသော လျော်ကြေးငွေပမာဏ၊ နှင့် ထိခိုက်ခံရသူများ သို့ထောက်ပံ့ပေးသော အထောက်အပံ့ တို့ပါဝင်ပါသည်။ |

| | |
|---|---|
| | စောင့်ကြည့်ကြီးကြပ်ရေး အစီရင်ခံစာ ရလဒ်အား သုံးလတစ်ကြိမ် ပြင်ဆင် တင်ပြပါသည်။<br><br>နည်းပညာဆိုင်ရာ<br>စစ်ဆေးခြင်းများဆောင်ရွက်ရာတွင် ပြင်ပ<br>စောင့်ကြည့်စစ်ဆေးခြင်းများ လုပ်ဆောင်ပါသည်။ |

## ၃. အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ အစီအစဉ်များ

၁၇၃။ မြို့နယ်အဆင့်တွင် မြို့နယ်ဆိုင်ရာ အစီအမံများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရေး ကော်မတီနှင့် မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး (မြို့နယ်အဆင့် လူထု ဗဟိုပြုစီမံကိန်းရုံးမှတဆင့်) တို့က လုပ်ငန်း အကောင်အထည်ဖော်ရေး တာဝန်ကို အဓိကထမ်းဆောင်သည်။ မြို့နယ်အဆင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မြို့နယ်အဆင့် လူထုဗဟိုပြုစီမံကိန်းရုံး) များသို့ ဘဏ္ဍာရေးဆိုင်ရာ အုပ်ချုပ်မှု၊ ဝယ်ယ ရေး၊ စီမံကိန်း အချက်အလက်နည်းပညာ၊ ဝေဖန်အကြံပြုတိုင်ကြားခြင်း များနှင့် အခြားကိစ္စရပ်များတွင် နည်းပညာ ဆိုင်ရာ ထောက်ပံ့အကူအညီများကို နည်းပညာဆိုင်ရာ ထောက်ပံ့ကူညီရေးအဖွဲ့များနှင့် ပြည်ထောင်စု အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးတို့မှ သင်တန်းများပေးအပ်မည်ဖြစ်သည်။

၁၇၄။ ကျေးရွာအဆင့်/ကျေးရွာအုပ်စုအဆင့်တွင် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီနှင့် ကျေးရွာ စီမံကိန်း အထောက်အကူပြုကော်မတီတို့သည်စီမံကိန်းလုပ်ငန်းဆိုင်ရာလက်စွဲ၊ ပြန်လည်နေရာချထားရေး မူဝါဒရေးရာမူဘောင်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေးမူဘောင်တို့နှင့်အညီ ရပ်ရွာဆိုင်ရာ ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးနှင့် ကျေးရွာအဆင့်နှင့် ကျေးရွာအုပ်စုအဆင့်များတွင် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ကိုင်အကောင်အထည်ဖော်ခြင်းစက်ဝန်းတို့ကို အမှားအယွင်းကင်းကင်း ထိရောက်မှုရှိရှိ နှင့် အကောင်အထည်ဖော်လုပ်ဆောင်ရန် တာဝန်ခံရမည်။ ကျေးရွာအုပ်စုတခုစီတွင် ကျေးရွာအုပ်စု အကြံပြု ချက်ဖြေရှင်းရေး ကော်မတီကို ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ၏ အောက်တွင် ထားရှိရမည် ဖြစ်သည်။ ယင်းကော်မတီ၏ လုပ်ငန်းများတွင် ဝေဖန်အကြံပြုရေး သတင်းအချက်အ လက်ဆိုင်ရာလှုပ်ရှားမှုများ၊ ဝေဖန်အကြံပြုဖြေရှင်းရေးလှုပ်ရှားမှုဆိုင်ရာ တိုးတက်မှုတို့ကိုစောင့်ကြည့်ရေးနှင့်မကျေနပ်နစ်နာမှု/ စောဒကတတက်မှုများကို စုဆောင်းရယူ၊ လက်ခံ တုံ့ပြန်ရေး၊ လိုအပ်ပါက မြို့နယ်အဆင့်သို့ ညွှန်းဆိုရေး တို့ပါဝင်သည်။

၁၇၅။ ကျေးရွာအဆင့်တွင် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီမှ အစီအမံ ရေးဆွဲ ခြင်း၊ ဦးစားပေးအစီအစဉ်များ ပြုလုပ်ခြင်းနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာအဆောက်အအုံများ ကို စီမံကိန်းလုပ်ငန်းခွဲ အဖြစ် လုပ်ကိုင်အကောင်အထည်ဖော်ခြင်းတို့ကို တာဝန်ယူရသည်။ ကျေးရွာ ဆိုင်ရာ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီကို ကျေးရွာဆိုင်ရာ စီမံကိန်း အထောက်အကူပြု ကော်မတီလက်အောက်တွင် ဖွဲ့စည်းပြီး ရွာသူရွာသားများအား စီမံကိန်း

လုပ်ငန်းခွဲ လုပ်ကိုင်ခြင်းဆိုင်ရာ တိုးတက်မှုများကို အစီရင်ခံရသည်။ အဆိုပါ ဆပ်ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ကိုင် ဆောင်ရွက်ခြင်းကို ကြီးကြပ်ကွပ်ကဲရသည်။ ကျေးရွာစေတနာ့ ဝန်ထမ်းများသည် လူထုစည်းရုံးရေးမှူး များကို စီမံကိန်းကာလတလျှောက် ကူညီရသည်။ ဝေဖန်အကြံပြုချက်ကို စုဆောင်းသူများအား လူထုပါဝင်သည့် လူထုအစည်းအဝေးများ က ရွေးချယ်ပြီး ၎င်းတို့သည် မကျေနပ်နစ်နာမှုများကို ကျေးရွာအဆင့် ကိုင်တွယ်ဖြေရှင်းရာတွင် တာဝန်ရှိသည့်အပြင် အဓိကအားဖြင့် မကျေနပ်နစ်နာသူ များကို တိုင်ကြားလိုသူတိုင်း၏ ဆက်သွယ်ရေးဆုံချက်ဖြစ်သည်။

## ၄. ဆန္ဒအလျှောက် စွန့်လွှတ်လှူဒါန်းခြင်းဆိုင်ရာ သဘောတူညီချက်များနှင့် လုပ်ဆောင်မှု အဆင့်များ

၁၇၆။ နိုင်ငံလုံးဆိုင်ရာ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်း လုပ်ငန်းခွဲမှ အကျိုးအမြတ်ရရှိသော လူမှုအဖွဲ့အစည်းဝင်များမှာ စီမံကိန်း လုပ်ငန်းခွဲသို့ လျော်ကြေးငွေမယူပဲ မြေယာနှင့် အခြား ပုဂ္ဂလိကပိုင်ဆိုင်မှုများစွန့်လွှတ်လှူဒါန်းခြင်းကို ဆက်လက်ခွင့်ပြု သည်။ စီမံကိန်း၏ အကျိုးသက်ရောက်မှုအများစုကို စားဝတ်နေရေးအပေါ်တွင် ရေရှည် (သို့မဟုတ်) ကြီးကြီးမားမား ရိုက်ခတ်ခြင်းမရှိပဲ ဆန္ဒအလျှောက် စွန့်လွှတ်လှူဒါန်းခြင်းမှတဆင့်ဖြေရှင်း လိမ့်မည်ဟု မျှော်လင့်ရသည်။ အောက်ပါ သဘောထား ကျင့်ဝတ်များဖြင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုများကို ဆန္ဒအလျှောက် စွန့်လွှတ်လှူဒါန်းခြင်း၌ ထိန်းကွပ် ဆောင်ရွက်ပါမည်။

- ဆန္ဒအလျှောက် စွန့်လွှတ်လှူဒါန်းခြင်းဆိုသည်မှာ မိမိ၏ဆန္ဒအလျှောက် အကြောင်းကြားခွင့်ပြု သည့် လုပ်ရပ်ဖြစ်သည်။ မည်သည့် တိုင်းရင်းသားလူမျိုးဖြစ်စေ၊ မည်သို့သောအခြေ အနေကြောင့် မြေယာ ပိုင်ဆိုင်သူဖြစ်စေ မြေယာနှင့် အခြားပိုင်ဆိုင်မှုများအား စွန့်လွှတ်လှူဒါန်းသူများကို ထိုသို့ ပြုလုပ်စေရန် အတင်းအကျပ် ဖိအားပေးခြင်း၊ ထိုသို့ပြုလုပ်ရန် ဝတ္တရားရှိသည်ဟု လွဲမှားယုံကြည့်အောင် လှည့်ဖျား ခြင်းတို့ မပြုလုပ်ရပါ။
- စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် အစီအစဥ်ရေးဆွဲထားသော နေရာထက် အခြားတနေရာကို လုပ်နည်းလုပ်ဟန် သဘောတရားအရ ရွှေ့ပြောင်းလုပ်ကိုင်နိုင်မှသာလျှင် ဆန္ဒအလျှောက် စွန့်လွှတ်လှူဒါန်းခြင်းကို ခွင့်ပြုသည်။ အကယ်၍ စီမံကိန်းလုပ်ငန်းခွဲများသည် လုပ်ငန်းသဘာဝ အရ သတ်မှတ်သော နေရာတွင်သာ လုပ်ကိုင်ရမည်ဆိုပါက အဆိုပါ စီမံကိန်းလုပ်ငန်းခွဲနှင့် ပတ်သက်၍ မြေယာသိမ်းယူမှုကို စေတနာအလျှောက် မြေယာစွန့်လွှတ်လှူဒါန်းခြင်းဟု မသတ်မှတ်ပဲ သိသိသာသာ ပိုင်နက်သတ်မှတ်သည့် လုပ်ဆောင်ချက်ဟုသတ်မှတ်သည်။ ထိုကဲ့သို့သော ကိစ္စရပ်မျိုးတွင် အကျဥ်းချုံးထားသော သို့မဟုတ် အပြည့်အစုံပြုလုပ်ထားသော ပြန်လည်နေရာချထားရေး အစီအမံများကို ဖြစ်နိုင်ပါက ရေးဆွဲဆောင်ရွက်မည်။
- စေတနာအလျှောက် စွန့်လွှတ်လှူဒါန်းခြင်းကို အောက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီသော အသေးအဖွဲ အကျိုးသက်ရောက်မှုများအတွက်သာ ခွင့်ပြုသည်-
  - မြေသို့မဟုတ် အခြားပိုင်ဆိုင်မှုများကို လှူဒါန်းသော အိမ်ထောင်စုများအနေဖြင့် စီမံကိန်းလုပ်ငန်းခွဲများမှ တိုက်ရိုက်အကျိုးကျေးဇူးရရှိသူများ

ဖြစ်ရမည်။

- စီမံကိန်း၏ ရိုက်ခတ်မှုကို ခံစားရသော အိမ်ထောင်စုအနေဖြင့် လုပ်ကိုင်စားသောက်နိုင်သော မြေယာအကျယ် စုစုပေါင်းမှာ 300 စတုရန်းမီတာနှင့်အထက် ဖြစ်ရမည်။
- အကျိုးသက်ရောက်မှုရှိသည်ဟု ဝန်ခံထားသော အိမ်ထောင်စု ပိုင်ဆိုင်သည့် တန်ဖိုးရှိ ပိုင်ဆိုင်မှု၏ ၅ ရာခိုင်နှုန်းအောက်သာ စီမံကိန်းအတွက် အသုံးပြုစေရမည်။ မည်သူတဦးတယောက်မှ နေရာရွှေ့ပြောင်းရခြင်းမဖြစ်စေရ ။

- အကျိုးသက်ရောက်မှုကို ခံစားရသော ပြည်သူများကို ၎င်းတို့အနေဖြင့် ၎င်းတို့၏အခွင့် အရေးဖြစ်သော မြေယာနှင့် အခြားသော ပုဂ္ဂလိကပိုင်ဆိုင်မှုများကို စွန့်လွှတ်လှူဒါန်းခြင်းမှ ငြင်းပယ်နိုင်ပြီး အစားထိုးစရိတ်အဖြစ် လျော်ကြေးငွေကို လက်ခံရယူနိုင်ခွင့်ရှိကြောင်းအပြင် မကျေနပ် တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းရေး ယန္တရားမှတဆင့် ၎င်းတို့၏ မလှူတန်းလိုသော စိတ်ဆန္ဒကို ဖော်ထုတ်နိုင်ကြောင်းကို ပြည့်ပြည့်စုံစုံ အကြောင်းကြားထားပေးသည်။ ပြည်သူများအနေဖြင့် မေးခွန်းများ၊ စုံစမ်းစရာများရှိပါက စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်း ကောင်း ဝေဖန်အကြံပြု ဖြေရှင်းရေးစနစ် ကို အသုံးပြု၍ စုံစမ်းမေးမြန်း နိုင်ကြောင်းကို ပြည်သူများအားတိုက်တွန်းထားသည်။ လုံလောက်သော ဖြေရှင်း ဆောင်ရွက်ချက်များဖြင့် စောဒကတက်မှုများ မဖြစ်စေအောင် ထားရှိဆောင်ရွက်သည်။
- လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာနှင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီ၏ ကျေးရွာဆိုင်ရာ ကိုယ်စားလှယ်များသည် စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံရသော ပြည်သူများနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံပြီး အဆိုပါ ပြည်သူများအနေဖြင့် လျော်ကြေးငွေရယူခံစားနိုင်ကြောင်း ကို အမှန်တယ်သိရှိနားလည် မှုရှိကြောင်းနှင့် မြေယာအပါအဝင် အခြားသော ပိုင်ဆိုင်မှုများကို လှူဒါန်းရာတွင် မည်သည့်လျော်ကြေးငွေကိုမှမယူဘဲ လွတ်လွတ်လပ်လပ်သဘောတူညီ ကြောင်းကို အတည်ပြုကြပါမည်။ ယင်းအစည်းအဝေးကိုမှတ်တမ်းပြုလုပ်၍ စေတနာအလျောက် စွန့်လွှတ်လှူဒါန်းခြင်းဆိုင်ရာ အခြေအနေအားလုံးနှင့် ကိုက်ညီမှုရှိကြောင်း အတည်ပြုထောက်ခံချက်နှင့်တကွ တွေ့ဆုံစဉ်ပြောကြားခဲ့သော စကား များပါသော တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းတို့ကို တွဲ၍ စေတနာအလျောက် စွန့်လွှတ်လှူဒါန်း ခြင်း ဖြည့်စွက်ပုံစံတွင် လက်မှတ်ထိုးကြသည်။
- စီမံကိန်း၏ သက်ရောက်မှုကို ခံရသော ပြည်သူများ၏ မိမိတို့ဆန္ဒသက်သက်ဖြင့် သဘောတူ ခွင့်ပြုကြောင်း လက်ရေးမူဖြင့် အတည်ပြုချက်ရယူပြီးသည်နှင့် တပြိုင်နက် ကျေးရွာ အုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီအနေဖြင့် ဆန္ဒအလျောက် စွန့်လွှတ်လှူ ဒါန်းခြင်း ဖြည့်စွက်ပုံစံကို လုပ်ဆောင်ပါမည်။ စီမံကိန်း၏ သက်ရောက်မှုကို ခံရသော အိမ်ထောင်စု၏ လင်ယောကျ်ားနှင့် ဇနီးမယားဖြစ်သူတို့ ၂ ဦးစလုံးကို လူထုစည်းရုံးရေးမှူးနှင့် ကျေးရွာဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရေး ကော်မတီတို့၏ ရှေ့မှောက်တွင် ဖြည့်စွက်ပုံစံ ၂ စောင်၌ လက်မှတ်ရေး ထိုးစေပါသည်။

- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီအနေဖြင့် လက်မှတ်ရေးထိုးထားသော ဆန္ဒအလျောက် စွန့်လွှတ်လှူဒါန်းခြင်း ဖြည့်စွက်ပုံစံကို ပြန်လည်ဆန်းစစ်ပြီး အတည်ပြုကာ၊ အဆိုပါ ဖြည့်စွက်ပုံစံ တစ်စုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့က ပြန်လည်ဆန်းစစ်နိုင်ရန် သိမ်းဆည်းထားသည်။ ကျန်တစ်စုံကို စီမံကိန်း၏ အကျိုးသက် ရောက်မှု ခံရသော အဆိုပါ အိမ်ထောင်စုက သိမ်းဆည်းထားသည်။
- သဘောတူလက်မှတ်ရေးထိုးထား သော ဆန္ဒအလျောက် လှူဒါန်းမှု ပုံစံအား ကျေးရွာအုပ်စု စီထောက်ကော်မတီမှ စစ်ဆေးအတည်ပြု ပြီးမှသာ ဆန္ဒအလျောက် လှူဒါန်းမှု ပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများအား စတင် အကောင်အထည်ဖော် ဆောင်ရွက်သည်။
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ မြို့နယ်ရုံးများမှ လုပ်ဆောင်သော နှစ်စဉ်ႆလူထုစစ်ဆေးပွဲများပြုလုပ်၍ စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံစားရသော ပြည်သူများ၏ သဘောတူညီချက်ကို အတည်ပြုသည်။

## ၅. လျော်ကြေးအတွက် စည်းကမ်းချက်များနှင့် လုပ်ဆောင်ပုံအဆင့်ဆင့်

၁၇၇ ။အကယ်၍ စီမံကိန်း၏သက်ရောက်မှု ခံစားရသော ပြည်သူများအနေဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုကို လျော်ကြေးမရပဲ စွန့်လွှတ်ပေးလှူရန် ဆန္ဒမရှိပါက (သို့မဟုတ်) အထက်တွင်ဖော်ပြခဲ့သော ဆန္ဒ အလျောက်ပေးလှူခြင်း အနေအထားမျိုးများနှင့် မကိုက်ညီပါက ကျေးရွာအုပ်စုစီမံကိန်း အထောက်အ ကူပြု ကော်မတီ အနေဖြင့် လူထုစည်းရုံးရေးမှူးများ၏ အကူအညီဖြင့် ပြန်လည်နေရာချထားရေး အစီအမံအကျဉ်းကို ရေးဆွဲဆောင်ရွက်ရမည်။ ခြွင်းချက်အဖြစ် စီမံကိန်းလုပ်ငန်းခွဲကြောင့် လူပေါင်း ၂၀၀ နှင့်အထက် အကျိုးသက်ရောက်မှုရှိပါက ပြည့်စုံသော ပြန်လည်နေရာချထားရေး အစီအမံကို ရေးဆွဲဆောင်ရွက်ရမည်။ အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများဖြင့် မြေယာနှင့် ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းဆိုင်ရာ ပေးလျော်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်။

(က) မြေယာသိမ်းယူခြင်းကို ရှောင်ရှားရမည်။ အကယ်၍ မရှောင်ရှားနိုင်ပါက တတ်နိုင်သမျှ အနည်းဆုံး ဖြစ်စေရမည်။ မြေယာသိမ်းယူခြင်းကြောင့် လူများအနေဖြင့် အိမ်ယာများဆုံးရှုံးခြင်း၊ ဝင်ငွေ၊ နေထိုင်မှုအဆင့်အတန်းနှင့် ရှင်သန်ရပ်တည်ချက်များ ယုတ်လျော့စေမည့် ရလဒ်များ မဖြစ်စေသင့်ပါ။ စီမံကိန်းကြောင့် အိမ်ထောင်စုများ နေအိမ်ပြောင်းရွှေ့နေထိုင်ရခြင်းမျိုးကို ခွင့်မပြုပါ။

(ခ) စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ခြင်းရလဒ်ကြောင့် မည်သူတဦးတယောက်မှ ယင်းတို့၏ တန်ဖိုးရှိသော ပိုင်ဆိုင်မှု ၁၀ ရာခိုင်နှုန်းထက်ပို၍ မဆုံးရှုံးသင့်ပေ။ အကယ်၍ စီမံကိန်း၏ အကျိုးသက်ရောက်မှု ခံစားရသောပြည်သူများပါဝင်မှုနှင့်အတူ လက်ထောက်နည်းပညာမှူးက ပြုလုပ်သော တိုင်းတာမှုအရ ၁၀

ရာခိုင်နှုန်းထက်ပိုသော တန်ဖိုးရှိ ပိုင်ဆိုင်မှုများသည် စီမံကိန်းကြောင့် ထိခိုက်ရပါက စီမံကိန်းပုံစံကို ပြန်လည်ပြင်ဆင်သင့်ခြင်း သို့မဟုတ် စီမံကိန်း၏ အကျိုးသက်ရောက်မှု ၁၀ ရာခိုင်နှုန်းထက်လျော့ကျအောင် လုပ်ဆောင်နိုင်မည့် အခြားတနေရာကို ရွေးချယ်သင့်သည်။

(ဂ) သိသိသာသာ ပိုင်နက်သတ်မှတ်ခြင်းကို မူတည်၍ မြေယာသိမ်းယူခြင်းပါဝင်သော စီမံကိန်း လုပ်ငန်းခွဲများသည် လူ့အဖွဲ့အစည်းအတွက် ရင်းနှီးမြှုပ်နှံရန် အကျုံးမဝင်သော လုပ်ငန်းအဖြစ် (အကျုံးမဝင်သော စာရင်းအတိုင်း) သတ်မှတ်ပြီး အကျိုးဖြစ်ထွန်းသော လူမှုအဖွဲ့အစည်းများ ကိုယ်တိုင်သာလျှင် အခြားသော လူမှုအဖွဲ့အစည်းဝင်များ၏ မြေယာ၊ ပိုင်ဆိုင်မှုကို နှစ်ဦးနှစ်ဘက် ပြုလုပ်ထားသော သဘောတူညီချက်အရ အစားထိုးလျော်ကြေးအားဖြင့် ရယူနိုင်သည်။

(ဃ) စီမံကိန်းဒဏ်ခံရသူများအနေဖြင့် စီမံကိန်းမစတင်မီက ရှိခဲ့သောဝင်ငွေစီးဆင်းမှုကို ဖုလုံစေမည့် ငွေကြေးအပြင် အစားထိုးလျော်ကြေးများ ခံစားခွင့်ရှိသည်။ ကျေးရွာနှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေး ကော်မတီနှင့် စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံစားရသော အိမ်ထောင်စုတို့ ပူးပေါင်းပြီး လူထုစည်းရုံးရေး မှုုးနှင့် လက်ထောက်နည်းပညာမှူးတို့၏ လမ်းညွှန်မှုဖြင့် အကျိုးသက်ရောက်မှုရှိသည့် ပမာဏကို တန်ဖိုးဖြတ်ပြီး အနည်းဆုံး စီမံကိန်းမစတင်မီက ရှိနှင့်သော ရှင်သန်နေထိုင်မှုနှင့် ဝင်ငွေစီးဆင်းမှု ပမာဏမျိုး ဖြစ်စေမည့် ပြန်လည်အစားထိုး လျော်ကြေးကို သတ်မှတ်ကြသည်။ ငွေကြေးအပြင် အစားထိုးလျော်ကြေးကို စီမံကိန်းကြောင့် အကျိုးကျေးဇူးရှိသော လူမှုအဖွဲ့အစည်းများကိုယ်တိုင် ၎င်းတို့၏ ပိုင်ဆိုင်မှုများမှ ထောက်ပံ့ပေး သင့်သည်။ (သို့မဟုတ်) အကယ်၍ လူမှုအဖွဲ့အစည်းများ ကိုယ်တိုင် စီမံကိန်းသက်ရောက်မှု ခံစားရသော ပြည်သူများ၏ မူလရှင်သန်မှု အခြေအနေ သို့ရောက်အောင် အပြည့်အဝဖြည့်ဆည်း ပေးနိုင်ရန် လုံလောက်သော ပိုင်ဆိုင်မှုများကို သတ်မှတ်ရာ၌ အခက်အခဲများ ကြုံတွေ့ရပါက ကျေးရွာအုပ်စုဖွံ့ဖြိုးရေးကော်မတီမှ မိမိ၏ ဘက်ဂျက်ထဲမှ စိုက်ထုတ်၍ ရင်းမြစ်များကို ခွဲဝေပေးရမည်။ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ထားသော ငွေကြေးများကို လျော်ကြေးပေးအပ်ရာတွင် အသုံးပြုခွင့်မရှိပါ။

(၁) စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း - တူညီသော မြေ၊ အမျိုးအစား၊ အထွက်နှုန်းတို့ကို အစားပေးချေခြင်း၊ လက်ပြောင်းလက်လွှဲခြင်းကြောင့် ပေးဆောင်ရသော အခွန်အခများ ကင်းလွတ်ခွင့်ရခြင်း (ထိုအချက်ကို စီမံကိန်းအကျိုးသက်ရောက်မှုခံရသူများက လက်ခံနိုင်ကြသည်)၊ အကယ်၍ ပေးစရာမြေမရှိပါက အစားထိုးတန်ဖိုးဖြင့် အပြည့်အဝ ပေးလျော်ရန်။

(၂) နေထိုင်နေသည့် မြေဆုံးရှုံးခြင်း - တူညီသော မြေ၊ အမျိုးအစား၊ အရည်အသွေး တို့ကို အစားပေးချေခြင်း၊ လက်ပြောင်းလက်လွှဲခြင်းကြောင့် ပေးဆောင်ရသော အခွန်အခများ ကင်းလွတ်ခွင့် ရခြင်း(ထိုအချက်ကို စီမံကိန်း၏ ထိခိုက်မှုကို ခံရသော လူပုဂ္ဂိုလ်များက လက်ခံနိုင်ကြသည်)၊ အကယ်၍ ပေးစရာမြေမရှိပါက အစားထိုးတန်ဖိုးဖြင့် အပြည့်အဝ ပေးလျော်ရန်။

(၃) သစ်ပင် အဆောက်အအုံနှင့် အခြား ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်း - အစားထိုး ကုန်ကျစရိတ်ဖြင့် ငွေ သို့မဟုတ် တူညီသော ပေးလျော်ခြင်း၊ အထောက်အပံ့ အကူအညီပေးသောအရာများကို စီမံကိန်းဒဏ်ခံရသူများအား ပြန်လည်လက်လွှဲပေးခြင်း။

(ဎ) ဝင်ငွေနှင့် စိုက်ခင်းထဲရှိ သီးနှံများဆုံးရှုံးခြင်း - ဝင်ငွေ သို့မဟုတ် စိုက်ခင်းထဲရှိ သီးနှံ များ ဆုံးရှုံးခြင်းကို ရှောင်ရှားရန် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းမှုပြုလုပ်ရ မည်။

(င) အကျဉ်းချုံ့ထားသော ပြန်လည်နေရာချထားရေး အစီအမံ သို့မဟုတ် အပြည့်အစုံဖော်ပြထား သော ပြန်လည်နေရာချထားရေး အစီအမံတို့ကို လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်း ပညာမှူးတို့၏ အကူအညီဖြင့် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီက ပြင်ဆင်မည်။ (ပြန်လည် နေရာချထားရေး အစီအမံနှင့် ပတ်သက်သော အကြောင်းအရာကို အောက်တွင်ကြည့်ပါ)

(စ) လူမှုအဖွဲ့အစည်း၏ အခြေခံအဆောက်အဦများသည် အကယ်၍များ စီမံကိန်းလုပ်ငန်းခွဲ ကြောင့် ထိခိုက်သွားပါက ပြန်လည်ပြုပြင် (သို့မဟုတ်) အစားထိုးရမည်။

(ဆ) စီမံကိန်း၏ သက်ရောက်မှုခံရသော အိမ်ခြေများအား ပေးလျော်စရာရှိသည်များပြီးဆုံးပြီးမှ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ရမည်။

## ၆. အကျဉ်းချုံး ပြန်လည်နေရာချထားရေ အစီအမံကို ပြင်ဆင်ခြင်း (RAP)

၁၇၈။ အကယ်၍ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ စီစစ်မှုတွင် မြေယာသိမ်းယူမှုနှင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ဆုံးရှုံးမှုသည် ရှောင်လွှဲ၍ မရလျှင်သော်လည်းကောင်း၊ စေတနာအလျှောက် ပေးအပ်စွန့် လွှတ်ခြင်းကိုလည်း မပြုလုပ်နိုင်၍သော်လည်းကောင်း ဖြစ်ပွားလာပါက၊ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အင်ဂျင်နီယာ နှင့် လက်ထောက်နည်းပညာမှူးတို့၏ ကူညီမှု ကိုရယူ၍ ပြန်လည်နေရာချ ထားရေး နည်းလမ်းကို ပြင်ဆင်ရပေမည်။ (အကျဉ်းချုံး (သို့မဟုတ်) အပြည့်အစုံပါသော ပြန်လည်နေရာချထား ရေး အစီအမံ) ကျေးရွာများမှ ကိုယ်စားလှယ်များအားလုံးသည် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းကို တက်ရောက်ကြပါမည်။ သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များနှင့် ပတ်သက်သည့် အခြေခံကျသော လုပ်ဆောင်ပုံနှင့် လုပ်ဆောင်နည်း အဆင့်ဆင့်တို့ကို စီမံကိန်း ကျေးရွာအားလုံးရှိ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်သည်။

၁၇၉။ အတိုချုံ့ထားသော ပြန်လည်နေရာချထားရေး အစီအမံများကို ရေးဆွဲရာတွင် အနည်းဆုံး ပါဝင်ရမည့်အချက်များမှာ

(၁) စီမံကိန်း၏ ရိုက်ခတ်မှုကို ခံရသော ပြည်သူများ၏ အမည်များ

(၂) စီမံကိန်း၏ ရိုက်ခတ်မှုကို ခံရသော ပြည်သူများ၏ လူဦးရေစာရင်းနှင့် လူမှုစီးပွားအချက်အလက်များ

(၃) အကျိုးသက်ရောက်မှုရှိသော ပစ္စည်းစာရင်း

(၄) အစားထိုးပြန်လျော်ပေးမည့် အရွယ်အစားနှင့် အမျိုးအစားများ ပါဝင်သော လျော့နည်းသက်သာစေသည့် နည်းလမ်း

(၅) ပြန်လည်နေရာချထားရေး အစီအမံများကို ရေးဆွဲရာ၌ စီမံကိန်း၏ ရိုက်ခတ်မှုဒဏ်ခံ ပြည်သူများ ကိုယ်တိုင် အသေအချာပါဝင်သည့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း

(၆) ဆောက်လုပ်ရေးလုပ်ငန်းများ မစတင်မီ အစားထိုးလျော်ကြေးပေးအပ်မှုကိုသေချာစေမည့် လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရေး ဆိုင်ရာ အချိန်ဇယား

(၇) လျော်ကြေးအတွက် ခန့်မှန်း တွက်ချက်ထားသော ကုန်ကျစရိတ်နှင့် လျော်ကြေးကို ငွေစက္ကူဖြင့် ပေးပါက ထုတ်ယူရမည့် အရင်းအမြစ်

ကျေးရွာစီမံကိန်းဆိုင်ရာ ထောက်ပံ့ရေးကော်မတီကို လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများက စီမံကိန်း၏ ထိခိုက် မှုဒဏ်ခံရသော ပြည်သူများ၏ ဝင်ငွေစီးဆင်းမှုကို နဂိုမူလအခြေအနေသို့ ပြန်လည်ရရှိအောင် ဖူလုံမည့် အခြားမြေနေရာကို ကြိုတင်ပြင်ဆင်ခြင်းအပါအဝင် အစားထိုးလျော်ကြေးကို သတ်မှတ်ထားရန် ကူညီကြပါမည်။

၁၈၀။ ပြန်လည်နေရာချထားရေး အစီအမံအကျဉ်းသည် အနည်းဆုံး အောက်ပါကိစ္စများကို ဖြေရှင်းနိုင်ရမည်။

| |
|---|
| **မိတ်ဆက်ခြင်း**<br>- **အခြေခံအဆောက်အအုံအမျိုးအစား၊ အရွယ်အစားနှင့် ဆောက်လုပ်ရေးလုပ်ငန်းအ  တွက် အခွင့်အလမ်းများ ပါသော စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အထွေထွေဖော်ပြချက်**<br>- **ကျေးရွာနှင့် မြို့နယ်အမည်၊ တည်နေရာ၊ အဓိကတိုင်းရင်းသားလူမျိုး၏ နောက်ခံ၊ လူဦးရေစသည်** |
| **စီမံကိန်းသက်ရောက်မှုခံရသူများ၏ အခြေခံလူဦးရေစာရင်းနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ**<br>- စီမံကိန်း၏ သက်ရောက်မှုခံရသော အိမ်ထောင်စု အမည်များနှင့် အရေအတွက်<br>- စီမံကိန်း၏ သက်ရောက်မှုခံရသော အိမ်ထောင်စု၏ ရှင်သန်နေထိုင်ရေး၊ စီးပွားရေးအခြေအနေ နှင့် အနစ်နာဆုံးအပိုင်းနှင့်ပတ်သက်သည့် အထွေထွေဖော်ပြချက် |
| **ဆုံးရှုံးမှု စာရင်းအသေးစိတ်**<br>- အကျိုးသက်ရောက်မှု အမျိုးအစား (ဆုံးရှုံးသွားသော မြေ၊ ခြံစည်းရိုး၊ တင်းကုပ်စသည်)<br>- အတိဒုက္ခရောက်ရသည့် အဆင့် (ဆုံးရှုံးမှု ရာခိုင်နှုန်း)<br>- တမျိုးချင်းစီအတွက် စီမံကိန်း၏ ထိခိုက် မှုကို ခံစားရသော အိမ်ထောင်စု<br>- အကျိုးသက်ရောက်မှုအတွက် အကြမ်းဖျဉ်းတန်ဖိုး တွက်ချက်မှု (ငွေကြေးဖြင့် တိုင်းတာနိုင်ရန် မသေချာသော၊ ဆုံးရှုံးသွားသော အသက်မွေးဝမ်းကျောင်းမှု အတိုင်းအတာဖြင့် တိုင်းတာသည်။ |
| **အကျိုးသက်ရောက်မှု ဖြေလျော့သက်သာရေး အသေးစိတ် အစီအမံ**<br>- ငွေကြေးသာမက အခြားသော လျော်ကြေးများကို ထောက်ပံ့ပြီး တန်ဖိုးသတ်မှတ်သည့် နည်းလမ်းကို အသုံးပြုသည်။<br>- မူလအသက်မွေးဝမ်းကျောင်းမှုမျိုး အပြည့်အဝရရှိအောင် အခြားနည်းလမ်းဖြင့် ပံ့ပိုးကူညီ သည်။ |
| **သန်းခေါင်စာရင်းနှင့် စစ်တမ်းတို့အရ သတ်မှတ်ထားသော နောက်ထပ် အကျိုးသက်ရောက်မှုနှင့် ဆက်စပ်သည့် ရပိုင်ခွင့်များ မူဝါဒ**<br>- မသတ်မှတ်ရသေးသော အကျိုးသက်ရောက်မှုအတွက် အဆင့်များ<br>- မရည်ရွယ်ထားသော အကျိုးသက်ရောက်မှုများကို ဖြေရှင်းရန် ကြိုတင်အစီအမံများ |
| **လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး လုပ်ထုံးလုပ်နည်း** |

| စီမံကိန်းလုပ်ငန်းခွဲများ လုပ်ကိုင်အကောင်အထည်ဖော်ရေး အစီအစဉ်ရပိုင်ခွင့်များ အတွက် ကြိုတင်စီမံထားခြင်း<br>(ဆောက်လုပ်ရေးလုပ်ငန်းများထက်စောပြီး လုပ်ဆောင်သင့်) |
| --- |
| **ခန့်မှန်းကုန်ကျငွေအသေးစိတ်နှင့် သယံဇာတအရင်းအမြစ်**<br>ရပိုင်ခွင့်အမျိုးအစားတခုစီအတွက် ကြိုတင်စီမံထားမှု ဆိုင်ရာကုန်ကျစရိတ်<br>ထိုကဲ့သို့ ရပိုင်ခွင့်ကို အထောက်အကူပြုစေရန် သုံးစွဲလိုက်သည့် ဒေသထွက်ကုန်<br>အကယ်၍ ရှိခဲ့ပါက အသုံးပြုမည့် ကျေးရွာအုပ်စု အတွင်း ဒေသထွက်ကုန် |

၁၈၁။ အကယ်၍ လူထုစည်းရုံးရေးမှုများနှင့် လက်ထောက်နည်းပညာမှုများသည် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းခွဲတွင် ရွာသူရွာသား ၂၀၀ ကျော်၏ မြေယာတစိတ်တပိုင်း သို့မဟုတ် ပုဂ္ဂလိက ပိုင်ဆိုင်မှုများ ဆုံးရှုံးမည်ဆိုပါက ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာအဖွဲ့သို့ လမ်းညွှန်မှုပေးရန် အကြံဉာဏ်ကို အမြန်ဆုံး ရယူရမည်။ ထိုကဲ့သို့သော ဖြစ်နိုင်ရန် ခက်ခဲသည့် ကိစ္စရပ်များတွင် ပြန်လည်နေရာ ချထားရေးဆိုင်ရာ အစီအမံအပြည့်အစုံကို EAP အကာအကွယ် တာဝန်ခံရုံး၏ အကြံဉာဏ်ကို ရယူပြီး ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆိုင်ရာ အဖွဲ့၏ တိုက်ရိုက်လမ်းညွှန်မှုဖြင့်ရေးဆွဲရမည်။

၁၈၂။ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ စာရွက်စာတမ်းများနှင့် အသုံးချနိုင်သော ပြန်လည်နေရာချထား ရေး နည်းလမ်းများကို အကြမ်းရေးဆွဲပြီးသည့်အခါ စီမံကိန်း၏အကျိုးကျေးဇူးကို ခံစားရသော ကျေးရွာများ မှ ကိုယ်စားလှယ်များအပါအဝင် ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အင်ဂျင်နီယာများနှင့် လက်ထောက်နည်းပညာမှူး တို့သည် စီမံကိန်းလုပ်ငန်းခွဲရှိရာသို့ သွားရောက် ကြပြီး ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီနှင့် နေ့ဝက်ခန့် အကြံဉာဏ်တောင်းခံ ဆွေးနွေးခြင်းများ ပြုလုပ်မည်။ ထိုသို့ အကြံဉာဏ် တောင်းခံခြင်း အစည်းအဝေးပြုလုပ်နေချိန်အတွင်း ပုံကြမ်းရေးဆွဲထားသော ပုံစံအသေးစိတ်နှင့် ပြန်လည်နေရာချ ထားရေး အစီအမံ မူကြမ်း (အတိုချုပ်(သို့မဟုတ်) အပြည့်အစုံ) နှင့် ဆန္ဒအလျောက် လှူဒါန်းခြင်း ဖြည့်စွက်ပုံစံတို့ကို စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချောသတ် စာရွက်စာတမ်း များနှင့် အတူ တင်ပြ မည်ဖြစ်သည်။ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီနှင့် ထိခိုက်သူများမှ တင်ပြချက်များသည် ဖြစ်နိုင်ချေရှိသော အကျိုးသက်ရောက်မှုများကို လုံလုံလောက်လောက် ခြုံငုံမိခြင်းရှိမရှိနှင့် လျော့နည်းသက်သာအောင် လုပ်ခြင်းရှိမရှိ၊ ထိခိုက်ခံရသော ပြည်သူများနှင့် အထူးသဖြင့် အခွင့်အရေးမရသော လူထု၏ အထူးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြီးပြည့်စုံသော စီမံချက်များသည် ပုံစံတကျ ပေါင်းစည်းခြင်း ရှိမရှိ တို့အား ဖော်ထုတ်မည်ဖြစ်သည်။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီသို့ အတည်ပြု၊ ခွင့်ပြုချက်ရယူရန် တင်ပြထားသော စီမံကိန်းလုပ်ငန်းခွဲ၏ နောက်ဆုံး စာရွက်စာတမ်းများတွင် ထိခိုက်ခံရသူ ပြည်သူများ၏ တင်ပြချက်များ ထည့်သွင်းပါဝင်သင့်ပြီး အစည်းအဝေးမှ ဆုံးဖြတ်ချက်ရလဒ်များအား မှတ်တမ်းတင်ထား၍ စီမံကိန်းဖိုင်တွဲတွင် သိမ်းဆည်းထားရပါမည်။

၁၈၃။ စီမံကိန်းလုပ်ငန်းခွဲများအတွက် ဖွဲ့စည်းထားသော ပြန်လည်နေရာချထားရေး နည်းလမ်းများအား ပြန်လည်နေရာချထားရေး မူဘောင်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်၏ ကြိုတင် ပြင်ဆင်ချက်များနှင့် တိုက်ဆိုင်၍ ပြည်လည်သုံးသပ်ရပါမည်။ အကယ်၍ ထိုနည်းလမ်းများ၏ လိုအပ်ချက်များအား ဖော်ပြရန်လိုအပ်သည်ကို တွေ့ရှိပါက ဤ နည်းလမ်းများကို အကောင်အထည်ဖော်ခြင်းလုပ်ငန်း မစတင်မီ ခွင့်ပြုချက်ပေးရပါမည်။ အထူးသဖြင့် အောက်ပါတို့အား အကဲဖြတ်စစ်ဆေးရပါမည်-

(က) ဖြစ်နိုင်ချေရှိသော ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကို ကွဲကွဲပြားပြား သတ်မှတ်ထား ခြင်း ရှိပါသလား။

(ခ) လျာထားသော လျော့နည်းသက်သာစေသည့် နည်းလမ်းများမှာ စီမံကိန်းသက်ရောက်မှုခံ ရသော ပြည်သူများ၏ ဝင်ငွေစီးဆင်းမှုကို မူလအနေထားသို့ ရောက်ရှိအောင် အပြည့်အဝ ထားပေးနိုင်မှု ရှိပါသလား။

(ဂ) စေတနာအလျောက် ပေးအပ်စွန့်လွှတ်ခြင်းဆိုင်ရာ အခြေအနေအားလုံးနှင့် ကိုက်ညီမှု ရှိပါ သလား။

(ဃ) အကောင်အထည်ဖော်ရေး အစီအစဉ်ရေးဆွဲမှုများနှင့် ဝေဖန်အကြံပြုချက်များဆိုင်ရာ စနစ်တို့ ပြည့်စုံလုံလောက်မှု ရှိပါသလား။?

(င) ခန့်မှန်းတွက်ချက်ထားသော ဘတ်ဂျက် လုံလောက်မှု ရှိပါသလား။?

၁၈၄။ အတည်ပြုပြီး ပြန်လည်နေရာချထားရေး အစီအမံများ အကျဉ်း (သို့မဟုတ်) အပြည့်အစုံ ၏ မိတ္တူများကို ဒေသသုံးဘာသာစကားသို့ အနှစ်ချုပ် ပြန်ဆိုပြီး ကျေးရွာအုပ်စုရုံးခန်းများနှင့် စီမံကိန်း လုပ်ငန်းခွဲများ လည်ပတ်နေသည့် ကျေးရွာများရှိ အလွယ်တကူ လက်လှမ်းမီနိုင်သော နေရာများတွင် ထားရှိမည်ဖြစ်သည်။

## ၇. အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းအဆင့်ဆင့်

၁၈၅။ ပြန်လည်နေရာချထားရေးမူဘောင်တွင် ဖော်ပြထားသော မူဝါဒများနှင့် လုပ်ဆောင်ပုံ အဆင့်ဆင့်အရ ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီတိုင်းသည် စေတနာ အလျောက် ပေးအပ်စွန့်လွှတ်ခြင်းဆိုင်ရာ အကောင်အထည်ဖော်မှုနှင့် အကျဉ်း သို့မဟုတ် အပြည့်အစုံဖော်ပြထားသော ပြန်လည်နေရာချထားရေးဆိုင်ရာ အစီအမံများအတွက် တာဝန်ရှိသည်။

ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ အနေဖြင့် အောက်ပါအချက်များ မပြည့်စုံမီ မည်သည့် မြေယာ ရယူခြင်းကိုမှ မပြုလုပ်ကြောင်း သေချာစေရမည်။

(က) အကျဉ်းချုံး သို့မဟုတ် အပြည့်အစုံဖော်ပြထားသော ပြန်လည်နေရာချထားသော အစီအမံများ အကောင်အထည်မဖော်ရသေးမီနှင့် သက်ဆိုင်သူအားလုံးတို့အား အပြည့်အ၀ မပေးလျော်ရသေးမီ (သို့မဟုတ်)

(ခ) စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ခံစားရသော အိမ်ထောင်စု(များ)အနေဖြင့် ဆန္ဒ အလျှောက် ပေးအပ်စွန့်လွှတ်ခြင်း ဖြည့်စွက်ပုံစံတွင် လက်မှတ်မထိုးရသေးမီနှင့် ၎င်းဖြည့်စွက်ပုံစံကို ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီမှ ပြန်လည် စီစစ်အတည်မပြုရသေးမီ

၁၈၆။ ကျေးရွာဆိုင်ရာ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများအနေဖြင့် ဆန္ဒအလျှောက် ပေးအပ်လှူဒါန်း ခြင်းများ ဖြည့်စွက်ပုံစံများ၊အကျဉ်းချုံးသို့မဟုတ်အပြည့်အစုံဖော်ပြထားသောပြန်လည် နေရာချထားရေး အစီအမံများ ပါ၀င်သည့် စီမံကိန်းလုပ်ငန်းခွဲများဆိုင်ရာ အကာအကွယ်နည်းလမ်းများ ကို အကောင်အထည်ဖော်ဆောင်ရာတွင် ကျေးရွာစေတနာ့ ၀န်ထမ်းများ၊ လူထုစည်းရုံးရေးမှူးများနှင့် ပူးပေါင်းပြီး စောင့်ကြည့်ရမည်ဖြစ်သည်။ ကျေးရွာဆိုင်ရာ စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများအနေဖြင့် အဆိုပါနည်းလမ်းများအား ပုံစံတကျအသုံးပြုမှုကို အတည်ပြုရပြီး စီမံကိန်းလုပ်ငန်းခွဲများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရန် အဆင်သင့်ဖြစ်ပါက ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြု ကော်မတီကို အကြောင်းကြားရမည်။ ဆန္ဒအလျှောက်မြေယာပေးအပ်စွန့်လွှတ်ခြင်း၊ လိုအပ်သဖြင့် မြေယာသိမ်းဆည်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ ဆုံးရှုံးစေခြင်းများအပါအဝင် စီမံကိန်းလုပ်ငန်းခွဲများ တည်ထောင်လုပ်ကိုင်ခြင်းကို အဆိုပါအတည်ပြုချက်ရ ရှိပြီးမှသာစတင်ရမည်။

## ၈. စောင့်ကြည့်ကြီးကြပ်ခြင်း

၁၈၇ ။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ် အတွင်း ကျေးရွာစောင့်ကြည့်ကြီးကြပ် ရေး ဆပ်ကော်မတီများနှင့် လူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများသည် ဖြစ်ပေါ် လာနိုင်သောဆိုးကျိုးများကို စောင့်ကြည့်ကြီးကြပ် ပေးရမည်။ လူထုစည်းရုံးရေးမှူးများသည် ကျေးရွာ များသို့ ပုံမှန်သွားရောက်ပြီး သတင်းအချက်အလက်များ စုဆောင်းရမည်။ ရွာသားများဘက်က ရပ်ရွာအဆင့်တွင် မဖြေရှင်းနိုင်သော မေးခွန်းများ၊ မကျေနပ်မှုများတင်ပြလာပါက ၀ေဖန် အကြံပြု တိုင်ကြားဖြေရှင်းရေး စနစ်နှင့်အညီ အဖြေရှာသွားရန်တိုက်တွန်းရမည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အကြံပေးအဖွဲ့ များသည် လူထု စစ်ဆေးပွဲ များကို နှစ်စဉ်ဆောင်ရွက်မည်ဖြစ်သည်။ လူထုစစ်ဆေးပွဲများပြုလုပ်ရန်အတွက် လူထုစည်းရုံးရေး မှူးများက ကျေးရွာများ၌ လူထုအစည်းအဝေးများကို ဦးဆောင်ကျင်းပမည်ဖြစ်သည် (ဝေးလံသည့် ဒေသများတွင်ရွာအချင်းချင်းစုပေါင်းကာအားလုံးအဆင်ပြေမည့်တစ်နေရာ၌တွေ့ဆုံစည်း ဝေးနိုင်သည်)၊ ထို့ပြင် အစည်းအဝေးကျင်းပမည့်အကြောင်းကိုလည်း ကြိုတင်အသိပေးကြေညာပြီး လူထုပါဝင်နိုင်မှုကို အမြင့်ဆုံး မြှင့်တင်နိုင်မည့် အချိန်နှင့် နေရာ တို့ကို ရွေးချယ်ကာ ကျင်းပ သွားမည်ဖြစ်သည်။ ၎င်းအစည်းအဝေးသည် ပြဿနာများကို တင်ပြရန်၊ နစ်နာမှုများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်ပြီး ပြည်သူများ ကြုံတွေ့ရနိုင်သည့် ကိစ္စရပ်များအတွက် မကျေနပ်သံများကို နားထောင်ရန် ပြုလုပ်သည့် ပြည်သူ့ဖိုရမ်တစ်ခုပင်ဖြစ်သည်။ လူထုစည်းရုံးရေးမှူးသည် တင်ပြသည့် ကိစ္စရပ်များနှင့် နောက်ဆက်လာမည့် စက်ဝန်းတွင် မည်သို့ဖြေရှင်းမည် စသည် တို့ကိုမှတ်သားထားသည့် အစည်းအဝေး မှတ်တမ်းကိုပြုစုမည်ဖြစ်သည်။ ပြင်ဆင်ပြောင်းလဲတားသည့် အချက်အလက်များပါဝင်သော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်များပါဝင်သော မှတ်တမ်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြမှသာလျှင် နောက်နှစ်အတွက် လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေကို လွှဲပြောင်းပေးမည်ဖြစ်သည်။

၁၈၈။ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် အကောင်အထည်ဖော်လျှက်ရှိ သည့် စီမံကိန်းလုပ်ငန်းခွဲများ၏ လစဉ်တိုးတက်မှုအစီရင်ခံစာများတွင် အကာအကွယ်ပေးရေးဆိုင်ရာ အချက်များကိုပါထည့်သွင်းရေးသား၍ ကျေးလက်/ဦးစီး မြို့နယ်အဆင့်စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်အရာရှိ (M&E Officer) ထံသို့ တင်ပြရမည်။ ယင်းအစီရင်ခံစာတွင် အစီရင်ခံသည့် ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဆန္ဒအလျောက် လှူဒါန်းခဲ့မှုများ၊ပြန်လည်နေရာချထားရေး အစီအစဉ် (RAP) အကျဉ်းချုပ် နှင့် RAP အပြည့်အစုံ (ဆီလျော်ပါက) တို့ကိုပါ အကျဉ်းချုပ် ဖော်ပြသွားမည်ဖြစ်သည်။ ကျေးရွာ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ သည် ကျေးရွာအလိုက် စောင့်ကြည့်ကြီးကြပ်ရေး အစည်းအဝေးကို နှစ်လတစ်ကြိမ် သို့မဟုတ် လုပ်ငန်းအဆင့် မှတ်တိုင်တစ်ခုစိုက်ပြီးတိုင်း ကျင်းပရမည်။ အစည်းအဝေးသို့ ရွာသူရွာသား တတ်နိုင်သမျှများများတက်ရောက်မှုရှိစေရန် အစွမ်းကုန် ဂရုစိုက် အားထည့်ရမည်။ ဆန္ဒအလျှောက် လှူဒါန်းခြင်းများနှင့် ဆိုးကျိုးများလျှော့ချခြင်းတို့ အပါအဝင် အကောင်အထည် ဖော်မှုနှင့် ဆိုင်သည့် ကဏ္ဍအလိုက် တိုးတက်မှု အခြေအနေများ ကို စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီက ရွာသူရွာသားများအား တင်ပြအစီရင်ခံရမည်။ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီသည် ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီနှင့် စောင့်ကြည့်ကြီးကြပ် ဆပ်ကော်မတီတို့မှ တင်ပြလာသည့် အစီရင်ခံစာများကို အခြေခံ၍ ပြန်လည် နေရာချထားမှု မူဘောင်အား အကောင်အထည်ဖော်သည့် အခြေအနေကို မှတ်တမ်းတင်မည် ဖြစ်ပြီး ဖြေရှင်းရန်ကျန်ရှိသည့်အချက်များနှင့် ဖော်ပြလာသည့်မကျေနပ်မှုများကိုပါ မှတ်သားထား မည် ဖြစ်သည်။ မြို့နယ်အင်ဂျင်နီယာနှင့် ကျေးလက်ဦးစီး ဌာန မြို့နယ်ရုံးမှ M&E အရာရှိတို့သည် ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲများ ရှိရာနေရာများသို့ ပုံမှန်သွားရောက် ကွပ်ကဲပြီး ပြန်လည် နေရာချထားမှု မူဘောင်အား အကောင်အထည်ဖော်မှုကို ဝေဖန်သုံးသပ်မည်ဖြစ်သည်။ ကြီးကြပ်ကွပ်ကဲရေး ခရီးစဉ်များမှ အဓိက လေ့လာတွေ့ရှိချက်များကို သုံးလပတ် အစီရင်ခံစာတွင် တစ်ပေါင်းတည်း ထည့်သွင်း ထားရမည်။

၁၈၉။ ပြည်ထောင်စုအဆင့် ကျေးလက်/ဦးစီးဌာန ရုံးဝန်ထမ်းများနှင့် အခြား ပတ်သက်သော နည်း ပညာ အကြံပေးများသည် မြို့နယ်များ၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာ စီမံကိန်းလုပ်ငန်း ခွင်များသို့ ပုံမှန်ကြီးကြပ်ကွပ်ကဲရေးနှင့် စောင့်ကြည့်ကြီးကြပ်ရေးခရီးများ သွားရောက်၍ အကာ အကွယ်အစီအမံများအပါအဝင် စီမံကိန်း၏ကောင်းမွန်မှုကို လေ့လာသုံးသပ်ရမည်။ ပြည်ထောင်စု အဆင့် ကျေးလက်/ဦးစီးဌာန ရုံးဝန်ထမ်းများနှင့် ပြည်ထောင်စု နည်းပညာ အကြံပေး များသည် မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့် ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီများသို့ အကာအကွယ်အစီအမံများ အပါအဝင် နည်းပညာ အကူအညီများ လိုအပ်သလို ဆက်လက်ပေးသွားရမည်။ ပြည်ထောင်စုအဆင့် ကျေးလက်/ ဦးစီးဌာန M&E အရာရှိသည် သုံးလတစ်ကြိမ် တိုးတက်မှုအစီရင်ခံစာကို အောက်ပါ စွမ်းဆောင်ရည် အညွှန်းကိန်းများထည့်သွင်း၍ ပြုစုရမည်။

(က) ဆန္ဒအလျှောက် လှူဒါန်းသည့် ဖြစ်စဉ် အရေအတွက်

(ခ) ကျေးရွာလူထု၏ သဘောဆန္ဒမပါဘဲ မြေယာများ သို့မဟုတ် ပိုင်ဆိုင်မှုများသိမ်းယူခဲ့သည့် ဖြစ်စဉ် အရေအတွက်

(ဂ) ပြန်လည်နေရာချထားရေးအစီအစဉ် (RAP) အကျဉ်းနှင့် (RAP) အပြည့်အစုံ ရေးဆွဲခဲ့သည့် အကြိမ်အရေအတွက်

(ဃ) ကျေးရွာလူထု၏ သဘောဆန္ဒမပါဘဲ မြေယာများ သို့မဟုတ် ပိုင်ဆိုင်မှုများသိမ်းယူခဲ့ရာတွင် ပေးလျော်ခဲ့သော ပမာဏ

(င) တိုင်းရင်းသား လူမျိုးအလိုက် စီမံကိန်းကြောင့် အကျိုးခံစားမည့်သူများ/ ထိခိုက်မှုရှိမည့်သူများ စုစုပေါင်း အရေအတွက် နှင့်

(စ) အောက်တွင်ဖော်ပြထားသော နည်းလမ်းမျိုးစုံမှ တင်ပြခဲ့သည့် မကျေနပ်ချက်များနှင့် ၎င်းတို့၏ လက်ရှိအနေအထား

၁၉၀။ကွင်းဆင်းစစ်ဆေးမှုဖြင့်အကာအကွယ်များဆန်းစစ်လေ့လာခြင်းပုံစံများ၊ဆန္ဒအလျောက်လှူဒါန်း ခြင်း၊ ပြန်လည်နေရာချထားရေးအစီအစဉ် (RAP) အကျဉ်း အသုံးချမှုများကို ကျပန်းစနစ်ဖြင့် ပြန်လှန်စစ်ဆေးပြီး ယခုပြန်လည်နေရာချထားမှု မူဘောင် (RPF) ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) နှင့် စီမံကိန်းနှင့်ဆိုင် သည့် အခြားသော လက်စွဲများပါ အချက်များနှင့်အညီ အကာအကွယ်အစီအမံများ ကိုက်ညီမှု ရှိမရှိကို စီစစ်ရန်အတွက် ကွင်းဆင်း စစ်ဆေးမည်ဖြစ်သည်။

## ၉ . ဝေဖန်အကြံပြုမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ်

၁၉၁။ တိုင်ကြားမှုများနှင့် နစ်နာမှုများကို လူထုဗဟိုပြုစီမံကိန်းပါ ဝေဖန်အကြံပြု ဖြေရှင်းရေး နည်းစနစ်ကို အသုံးပြုပြီး ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ယင်းမှာ စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု တာဝန်ခံမှုရှိကြောင်း၊ ဆင်းရဲသားများနှင့် အဖယ်ကြဉ်ခံ လူအုပ်စုများ၏အသံကိုလည်း ပစ်မထားကြောင်းနှင့် ပေါ်ပေါက် လာသည့် ပြဿနာ ရပ်များ၊ နစ်နာမှုများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန်ဖြေရှင်းပေးကြောင်း ခိုင်မာစေရန် ဖြစ်သည်။ ဝေဖန်အကြံပြုမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ် ၏ အဓိက စည်းမျဉ်းများကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) ၏ အပိုင်း (၄) တွင်ဖော်ပြထားသည်။ အသေးစိတ်လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်း များကို စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲတွင် ဖော်ပြ ထားပါသည်။ ၎င်း တို့ကို ကျေးရွာအဆင့်အထိ လက်လှမ်းမီ သိရှိနိုင်စေရန်အတွက် ပိုစတာများ၊ မျက်မြင်အထောက်အကူပြုပစ္စည်းများ အသုံးပြုပြီး ကြေညာ ပေးပါသည်။

**၁၀.ခံစားပိုင်ခွင့်ပြု ဇယား**

| **ဆုံးရှုံးနစ်နာမှု အမျိုးအစား** | **ခံစားခွင့်ရှိသူများ** | **ခံစားခွင့်** | **အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ** |
|---|---|---|---|
| ပုဂ္ဂလိကပိုင် မြေ ဆုံးရှုံးခြင်း | ဥပဒေအရ မြေပိုင်သူ သို့မဟုတ် မြေအသုံးပြုသူ | အမျိုးအစားတူ၊ အထွက်နှုန်းတူ မြေယာ အစားထိုးရယူခွင့် နှင့် မြေယာ ပြောင်းရွှေ့ရာတွင် ကုန်ကျစရိတ် ကင်းလွတ်ခွင့် (အခွန်များ၊ စီမံခန့်ခွဲမှု ဆိုင်ရာ အခကြေးငွေများ) | မြေယာဆုံး□ုံးမှုသည် စုစုပေါင်း စိုက်ပျိုးမြေ၏ ၁၀% ထက် မကျော်လွန်စေရ |

| ဆုံးရှုံးနစ်နာမှု အမျိုးအစား | ခံစားခွင့်ရှိသူများ | ခံစားခွင့် | အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ |
|---|---|---|---|
| | အသုံးပြုနေသည့် မြေကို ဥပဒေအရ ပိုင်ဆိုင်ခွင့် မရှိသည့်တိုင် ထိခိုက်ခံစားရသူ များ | အနိမ့်ဆုံး အနေဖြင့် စီမံကိန်းမစတင်မီ သို့မဟုတ် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည် မဖော်ခင်က ရှိခဲ့သော အသက် မွေးဝမ်းကျောင်းမှု နှင့် လူနေမှု အဆင့်အတန်း အနေအထားများ အတိုင်း မည်သည်အနေအထားက ပိုမိုကောင်းမွန် သည်ဖြစ်စေ ပြန်လည် ရရှိနိုင်ရန် ပြန်လည် ထူထောင်ရေး အကူအညီများ ရယူခွင့် | မြေယာဆုံးရှုံးမှုသည် စုစုပေါင်း စိုက်ပျိုးမြေ၏ ၁၀% ထက် မကျော်လွန်စေရ |
| သစ်ပင်များ၊ အဆောက် အအုံများနှင့် အခြားသော ပုဂ္ဂလိက ပိုင်ဆိုင်မှုများ | လက်ဝယ်ထားရှိ ပိုင်ခွင့် အနေအထား မည်သို့ပင်ရှိစေ ကာမူ ထိခိုက်ခံစားရသူ | အစားထိုး သုံးစွဲစားရိတ်များ အတွက် ငွေသားအားဖြင့် သို့မဟုတ် ပစ္စည်းအားဖြင့် လျော်ကြေးပေးခြင်း<br><br>မြေယာရှင်းလင်းရာမှ | အဆောက်အအုံများ ရှင်းလင်းရာမှ ကျန် ရှိသော ပစ္စည်းအစိတ်အပိုင်း များသည် ပြန်လည်အသုံးပြုရန် မလုံလောက်ပါက အဆောက်အအုံ |

| ဆုံးရှုံးနစ်နာမှု အမျိုးအစား | ခံစားခွင့်ရှိသူများ | ခံစားခွင့် | အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ |
|---|---|---|---|
| ဆုံး ူးခြင်း | များ အားလုံး | ထွက်ရှိလာသည့် ပစ္စည်းများကို ထိခိုက်ခံစားရသူများ ထံသို့ လွှဲပြောင်းပေးအပ်ရမည်။ | တစ်ခုလုံးစာအတွက် လျော်ကြေးပေးအပ်ရမည်။<br>ရှင်းလင်းရာမှ ထွက်ရှိလာသည့် ပစ္စည်း များကို သယ်ယူပို့ဆောင်ရေး အတွက် စီမံကိန်းမှ ကူညီမည်။ |
| ဝင်ငွေ နှင့် စိုက်ပျိုးထား သော သီးနှံများ ဆုံးရှုံးခြင်း | လက်ဝယ်ထားရှိ ပိုင်ခွင့် အနေအထား မည်သို့ပင်ရှိစေ ကာမူ ထိခိုက်ခံစားရသူ များ အားလုံး | ဝင်ငွေ/ စိုက်ပျိုးထားသော သီးနှံများ ဆုံးရှုံးခြင်း မရှိစေရန် မြို့ပြဆိုင်ရာ လုပ်ငန်းများ ကို ချိန်ညှိဆောင်ရွက်မည်။ | |
| မြေယာယာယီ အသုံးပြုခြင်း | ဥပဒေအရ မြေပိုင်သူ သို့မဟုတ် မြေအသုံးပြုသူ | ဝင်ငွေ သို့မဟုတ် ပိုင်ဆိုင်မှု ဆုံးရှုံးခြင်း အတွက် အသားတင်နှုန်းထားနှင့် တွက်ချက်၍ ပစ္စည်းအားဖြင့် | စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီ သည် ပြင်ပ မှ ဝန်ဆောင်မှု ပေးအပ်သူများ ၏ အကူအညီနှင့် |

| ဆုံးရှုံးနစ်နာမှု အမျိုးအစား | ခံစားခွင့်ရှိသူများ | ခံစားခွင့် | အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ |
|---|---|---|---|
| | | လျော်ကြေး ပေးအပ်မည်။<br><br>မြို့ပြဆိုင်ရာ လုပ်ငန်းများ ပြီးစီးပါက မြေယာကို မူလအနေအထား အတိုင်း ပြန်လည် ပြင်ဆင်ပေးမည်။ | အကောင်အထည်ဖော်မှုကို စောင့်ကြည့် ကြီးကြပ်မည်။ |

**နောက်ဆက်တွဲ ၈ - ဒေသခံများနှင့်ပတ်သက်သောမူဘောင်**

**၁. မူဘောင်**

၁၉၁။ မြန်မာ့လူထုဗဟိုပြု စီမံကိန်းအတွက် ဤဖြည့်စွက်ရန်ပုံငွေသည် ကျေးလက် အခြေခံ အဆောက်အအုံများဖြစ်သည့် ကျောင်းများ၊ ဆေးပေးခန်းများ၊ လူသွားလမ်းများ၊ ရေပေးဝေရေးစနစ်များ ပိုမိုကောင်းမွန်တိုးတက်စေရန် သို့မဟုတ် အသစ်တည် ဆောက်ရန်အတွက် ထောက်ပံ့ရန် ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်သော နေရာများ တွင် ဒေသခံ တိုင်းရင်းသားများ ရှိနေမည်ဟု မျှော်လင့်သည်။ ဤတိုင်းရင်းသား လူမျိုးများဆိုင်ရာ မူဘောင်သည် စီမံကိန်းနှင့် သက်ဆိုင်သော ဒေသများရှိ တိုင်းရင်းသား လူမျိုးစုများ အနေဖြင့် အောက်ပါ အချက်များကို ဆောင်ရွက်ခွင့်ရရှိစေရန် ရည်ရွယ်သည်။

(က) ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆုံးဖြတ်ရန်အတွက် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ညှိနှိုင်းဆောင်ရွက် ခြင်း

(ခ) ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် တိုင်းရင်း သား လမျိုးစုများထံမှ ကြိုတင်အသိပေးထားသော ဆုံးဖြတ်မှုများမှ တဆင့် ရရှိလာသော စီမံကိန်းလုပ်ငန်းခွဲများ အား ရွေးချယ်ရာတွင် အကူအညီပေးခြင်း

(ဂ) စီမံကိန်းလုပ်ငန်းခွဲများ ရေးဆွဲမှု၊ ဖော်ထုတ်မှု နှင့် အကောင်အထည်ဖော်မှု တို့တွင် တက်ကြွစွာပါဝင်ခြင်းနှင့် ဦးဆောင်နိုင်ခြင်း

(ဃ) စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းသား လူမျိုးစုများ အပေါ်တွင် သက်ရောက်နိုင်သည့် ကောင်းကျိုး၊ ဆိုးကျိုးများ နှင့်လည်းကောင်း အကြံပြုချက်များပေးခြင်း

၁၉၂။ ဤတိုင်းရင်းသား လူမျိုးများဆိုင်ရာ မူဘောင် (IPPF) သည် ဖြည့်စွက်ရန်ပုံငွေအား ကမ္ဘာ့ဘဏ်၏ လုပ်ငန်းအကောင်အထည်ဖော်ရေး မူဝါဒ ၄.၁၀ *တိုင်းရင်းသားလူမျိုးစုများ* နှင့် အညီဆက်လက် အကောင်အထည် ဖော်နိုင်ရန် ရည်ရွယ်သည်။

## ၂.တိုင်းရင်းသားလူမျိုးစုများနှင့် လုပ်ငန်းဆောင်ရွက်ရန် လမ်းညွှန်ချက်များ

၁၉၃။ ဖြည့်စွက်ရန်ပုံငွေသည် တိုင်းရင်းသား လူမျိုးစုများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ်များ အပါအဝင် စီမံကိန်း၏ အယူအဆ နှင့် ချဉ်းကပ်ပုံများ အားနားလည် သဘောပေါက်စေရန်၊ စီမံကိန်း လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပါဝင်နိုင်စေရန်နှင့် စီမံကိန်းမှ အကျိုးအမြတ်ရရှိစေရန် စဉ်ဆက်မပြတ် အာရုံစိုက်သွားမည်။ ဖြည့်စွက်ရန်ပုံငွေ အကောင်အထည် ဖော်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများကို အနည်းဆုံးဖြစ်အောင်လျှော့ချမည် သို့မဟုတ် ရှောင်ရှားသွားမည်။ လူထုစည်းရုံးရေးမှူးများ၏အကူအညီဖြင့် ရွာသူရွာသားများကိုယ်တိုင် အားလုံး ပါဝင်သော လူမှုဆန်းစစ်လေ့လာမှုများကို တိုင်းရင်းသားလူမျိုးစုများတည်ရှိသည့် ရွာများ အပါအဝင် စီမံကိန်းရှိရာ ရွာတိုင်းတွင် ပြုလုပ်မည်။ အားလုံးပါဝင်သော လူမှုဆန်းစစ်လေ့လာမှု၏

တစ်စိတ်တစ်ဒေသအဖြစ် ရွာတိုင်းတွင် လူမျိုးစုစာရင်းကောက်ယူမည်။ တိုင်းရင်းသားလူမျိုးစုများ တည်ရှိသည့်ရွာများတွင် အဆိုပြုထားသော စီမံကိန်းလုပ်ငန်းခွဲများနှင့် ပတ်သက်၍ လူထု၏ ကူညီ ထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရန်အတွက် လူမျိုးစုငယ်များနှင့် ကြိုတင် အသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများကို ဆောင်ရွက်သွားမည်။အားလုံးပါဝင်သောလူမှုဆန်းစစ် လေ့လာမှုအတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းအသေးစိတ်များကို စီမံကိန်း အကောင်အ ထည်ဖော်ရေး လက်စွဲတွင် ဖော်ပြ ထားပါသည်။

၁၉၄။ တိုင်းရင်းသား လူမျိုးစုများအနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှုတွင် အပြည့်အဝ ပါဝင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ စီမံကိန်းမှ အကျိုးကျေးဇူး မခံစားရခြင်းနှင့် ၎င်းတို့ထံသို့ ဆိုးကျိုးများသက်ရောက်ခြင်းတို့ကို အတတ်နိုင်ဆုံးလျှော့ချရန်အတွက် အောက်ပါ နည်းလမ်းများ ကို လူထုဗဟိုပြုစီမံကိန်းက အသုံးပြုသွားပါမည်။

- စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံး လူထုစည်းရုံးရေးမှူးများကို ကူညီမည့်ကျေးရွာစေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင်တိုင်းရင်းသားလူမျိုးစုငယ်များပါဝင် နိုင် အောင် ဆောင်ရွက် ခြင်း။
- လူထုစည်းရုံးရေးမှူးများ/လက်ထောက်နည်းပညာမှူးများအား လူမျိုး၊ ဘာသာနှင့် ဘေးဖယ်ထုတ်မှုဆိုင်ရာ ကိစ္စရပ်များကိုဂရုစိုက်မှုမြင့်မားလာစေရန် လေ့ကျင့်သင်ကြား ပေးခြင်း
- ကျေးရွာနှင့်ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များနှင့်ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးစု ငယ်များ အား လွတ် လပ်သော ကြိုတင်အသိပေးညှိနှိုင်းမှုများဆောင်ရွက်ခြင်း
- ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီက ဆုံးဖြတ်ချက်ချမှတ်ရာတွင် တိုင်းရင်းသားလူမျိုးစု များပါဝင်နိုင်အောင်ဆောင်ရွက်ခြင်း
- လုပ်ငန်းအရည်အသွေး စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကျိုးစီးပွားဆန်းစစ် လေ့လာမှုများ ပြုလုပ်ရာတွင် ဆိုင်ရာအသိုင်းအဝိုင်း၏ သဘောသဘာဝအခြေအနေနှင့် တိုင်းရင်းသား လူမျိုးများ၊ အမျိုးသမီးများနှင့် အထိခိုက်အခံရနိုင်ဆုံးသောပုဂ္ဂိုလ်များအပေါ် အထူးဂရုပြု အာရုံစိုက်ပြီးလျှင် ပင်မအစုဖွဲ့ဆွေးနွေးပွဲများနှင့် အဓိကကျသော အချက်အလက်ရယူမှု အင်တာဗျူးများကိုအသုံးပြုခြင်း
- စီမံကိန်းအကြောင်းသတင်းထုတ်ပြန်ရာတွင် ဒေသသုံးဘာသာစကားများဖြင့်ပါ ဖော်ပြခြင်း

## ၃. အကောင်အထည်ဖော်မှု အစီအစဉ်များ

၁၉၅ ။ မြို့နယ်အဆင့်တွင်မူ မြို့နယ်စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီ (TPIC) နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခွဲများသည် (မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး) စီမံကိန်း အကောင် အထည် ဖော်မှု ဆိုင်ရာ အဓိက တာဝန်များကိုရယူသည်။ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မြို့နယ်အဆင့် လူထုဗဟိုပြုစီမံကိန်းဖွံ့ဖြိုးရေးရုံး) များသို့ အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အုပ်ချုပ်မှု၊ ဝယ်ယူ ဖြန့်ဖြူးရေး၊ စီမံကိန်း အချက်အလက်နည်းပညာ၊ ဝေဖန်အကြံပြုတိုင်ကြားခြင်း များနှင့် အခြားကိစ္စရပ်များတွင် နည်းပညာ ဆိုင်ရာ ထောက်ပံ့အကူအညီများကို နည်းပညာဆိုင်ရာ ထောက်ပံ့ကူညီရေးအဖွဲ့များနှင့် ၊ ပြည်ထောင်စု အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးတို့မှ သင်တန်းများပေးအပ်မည်ဖြစ်သည်။

၁၉၆။ ကျေးရွာအဆင့်/ကျေးရွာအုပ်စုအဆင့်တွင် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီနှင့် ကျေးရွာဆိုင်ရာ စီမံကိန်း အထောက်အကူပြုကော်မတီတို့သည်စီမံကိန်းလုပ်ငန်းဆိုင်ရာလက်စွဲ၊ ပြန်လည်နေရာချထားရေး မူဝါဒရေးရာမူဘောင်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေးမူဘောင်တို့နှင့်အညီ ရပ်ရွာဆိုင်ရာ ဖွံ့ဖြိုးရေးအစီအမံ အစီအစဉ်ရေးဆွဲရေးနှင့် ကျေးရွာအဆင့်နှင့် ကျေးရွာအုပ်စုအဆင့်များတွင် စီမံကိန်းလုပ်ငန်းခွဲများ လုပ်ကိုင်အကောင်အထည်ဖော်ခြင်းစက်ဝန်းတို့ကို အများအယွင်းကင်းကင်း ထိရောက်မှုရှိရှိ နှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာလက်စွဲ၊ ပြန်လည်နေရာချထားရေး မူဝါဒရေးရာမူဘောင်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေးမူဘောင်တို့နှင့် အကောင်အထည်ဖော်လုပ်ဆောင်ရန် တာဝန်ခံရမည်။ ကျေးရွာအုပ်စုတခုစီတွင် ကျေးရွာအုပ်စု ဝေဖန်အကြံပြု ချက်ဖြေရှင်းရေး ခြင်းဆိုင်ရာ ဆပ် ကော်မတီကို ကျေးရွာအုပ်စုစီမံကိန်း အထောက်အကူပြုကော်မတီ၏ အောက်တွင် ထားရှိရမည် ဖြစ်သည်။ ယင်းဆပ်ကော်မတီ၏ လုပ်ငန်းများတွင် ဝေဖန်အကြံပြုရေး သတင်းအချက်အ လက်ဆိုင်ရာလှုပ်ရှားမှုများ၊ ဝေဖန်အကြံပြုဖြေရှင်းရေးလှုပ်ရှားမှုဆိုင်ရာ တိုးတက်မှုတို့ကိုစောင့်ကြည့်ရေးနှင့်မကျေနပ်နစ်နာမှု/ စောဒကတတက်မှုများကို စုဆောင်းရယူ၊ လက်ခံ တုံ့ပြန်ရေး၊ လိုအပ်ပါက မြို့နယ်အဆင့်သို့ ညွှန်းဆိုရေး တို့ပါဝင်သည်။

၁၉၇။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် ကျေးရွာအခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းခွဲများအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးသတ်မှတ်ခြင်း နှင့် အကောင်အ ထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ယူသည်။ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအောက်တွင် ကျေးရွာစောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို ကျေးရွာသူရွာသား များထံ ပုံမှန်အစီရင်ခံရမည်ဖြစ်သည်။ အဆိုပါ ဆပ်ကော်မတီသည် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။ လူထုစည်းရုံးရေးမှူးများကို ကျေးရွာ စေတနာ့ဝန်ထမ်းများက စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလ တစ်လျှောက် ကူညီပံ့ပိုးမည်ဖြစ်သည်။ ထို့ပြင် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီများ၏ ဆုံးဖြတ်ချက် ချမှတ်သည့် ဖြစ်စဉ်များတွင် တိုင်းရင်းသားလူနည်းစုများပါဝင်မှု၊ ကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီများ နှင့် စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီများအတွင်း တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်မှု၊ စီမံကိန်းအကြောင်း သတင်းဖြန့်ချိ ရာတွင် ဒေသသုံး ဘာသာစကားများ အသုံးပြုမှု စသည် တို့ကိုလည်း ကူညီ မြှင့်တင်ပေး မည် ဖြစ်သည်။ အကြံပြုချက် ဖြေရှင်းရေးရုံးများကို အားလုံး

ပါဝင်သည့် ရပ်ရွာလူထု အစည်းအဝေး များမှတစ်ဆင့် ရွေးချယ်ပါသည်။ ဖြေရှင်းရေးရုံးများသည် ကျေးရွာအဆင့် တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းပေးရန်တာဝန်ရှိပြီး နစ်နာမှုအတွက်တိုင်ကြားလိုသူများ အတွက် ပင်တိုင်ထား ဆက်သွယ်ရမည့် ရုံးလည်းဖြစ် သည်။

## ၄.တိုင်းရင်းသားလူမျိုးစုများနှင့် ကြိုတင်အသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများ ဆိုင်ရာ မူဘောင် နှင့် လူမှုဆန်းစစ်မှုဆောင်ရွက်ရန် စီမံချက်

၁၉၈။ ဤအပိုင်းတွင် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ တိုင်းရင်းသား လူမျိုးစုများနှင့် လုံလောက်စွာ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်ဆောင်ရွက်နိုင်စေခြင်းတို့အတွက် အဆင့်လိုက်လုပ် ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် လူထု၏ ကူညီထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိစေရန် နှင့် တိုင်းရင်းသား တို့၏ယဉ်ကျေးမှုနှင့် ကိုက်ညီ သော ပုံစံအားဖြင့် စီမံကိန်း၏အကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန် ရည်ရွယ်သည်။ ထို့အပြင် လူမှုဆန်းစစ်မှု (SA) ကို လုပ်ငန်းအကောင်အထည်ဖော်ရေး မူဝါဒ ၄.၁၀ ပါ အချက်များဖြင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်မည့် လမ်းညွှန်ချက်များကိုလည်းဖော်ပြထားသည်။

### အဓိကလုပ်ငန်းအဆင့်များ

### အဆင့် (၁) စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ်ခြင်း

၁၉၉။ ကျေးရွာအဆင့်တွင် လူထုပါဝင်သော လူမှုဆန်းစစ်ချက် (SA)၊ ကြိုတင်အသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများ၊ လူမျိုးစု စစ်ဆေးမှုနှင့် ဦးစားပေးလိုအပ်ချက် များဖော်ထုတ်ခြင်း - လူထုစည်းရုံးရေးမှူးများ၏ ပံ့ပိုးမှုဖြင့် အကျိုးခံစားရမည့် ကျေးရွာများတွင် ကျေးရွာအစည်းအဝေးများ စဉ်ဆက်မပြတ်ပြုလုပ်ပြီး လူမှုဆန်းစစ်ချက်များကိုအခြေခံ၍ ရွာသူရွာသားများအနေဖြင့် ဦးစားပေးလိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များပြုစုခြင်း၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ အတွက် ကျေးရွာ စေတနာ့ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များ တင်မြှောက်ခြင်းကို ဆောင်ရွက်ပါသည်။

၂၀၀။ လူထုပါဝင်သောလူမှုဆန်းစစ်ချက်များတွင် စီမံကိန်းဧရိယာအတွင်း တိုင်းရင်းသားလူမျိုး များ ရှိမရှိကိုလည်းဆန်းစစ်ပါသည်။ အကယ်၍ ရှိနေပါက ၎င်းတို့၏ လူမှုစီးပွား အခြေအနေများ၊ ရပ်ရွာအသိုင်းအဝိုင်းအတွင်း ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စများတွင် ၎င်းတို့ ပါဝင်နိုင်မှု အဆင့်နှင့် စီမံကိန်းလုပ်ငန်းများအပေါ် ၎င်းတို့အမြင်များကို လူမှုဆန်းစစ်ချက်၏ တစိတ်တပိုင်းအနေဖြင့် ဆန်းစစ်ပါသည်။ ထို့အပြင် လွတ်လွတ်လပ်လပ်၊ ကြိုတင်အသိပေးတိုင်ပင်မှုများကို တိုင်းရင်းသား

များ နားလည်နိုင်သည့် ဘာသာစကားဖြင့်သော်လည်းကောင်း၊ ရုပ်သံကိရိယာများ အသုံးပြု၍ သော်လည်းကောင်း ဆန်းစစ်ချက်တွင် ထည့်သွင်းဆောင်ရွက်သည်။ လူထုပါဝင်သော လူမှုဆန်းစစ်ချက်များ နှင့်ပတ်သက်၍ ရွာသူရွာသားများ အား လုံလောက်စွာ ကြိုတင် အသိပေးပြီး တတ်နိုင်သမျှ လွတ်လပ်စွာ ဆွေးနွေးနိုင်စေရန် အုပ်စုငယ်များဖွဲ့၍ တွေ့ဆုံပွဲများပြုလုပ်သည်။

၂၀၁။ လူမျိုးစု စစ်ဆေးမှု နှင့် ကြိုတင်အသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများမှ ရရှိလာသော ရလဒ်များအပြင် လုပ်ငန်းအကောင်အထည်ဖော်ရေး မူဝါဒ ၄.၁၀ ပါ လူမှုဆန်း စစ်ချက်အဖြစ် အလုံးစုံကိုက်ညီစေရေးအတွက် လူထုပါဝင်သော လူမှုဆန်းစစ်ချက်သည် အောက်ပါအချက်များကိုပါ ကိုင်တွယ် ဖြေရှင်းသည်။

(က) တိုင်းရင်းသားလူမျိုးစုများ အပါအဝင် စီမံကိန်း အကျိုးခံစားမည့်သူများ၏ လူဦးရေ၊ လူမှုစီးပွား၊ ယဉ်ကျေးမှု နှင့် နိုင်ငံရေးဆိုင်ရာ ဝိသေသ လက္ခဏာများကို အခြေခံ သည့်သတင်း အချက်အလက် များအပြင် ဓလေ့ထုံးစံအရ ပိုင်ဆိုင်သော သို့မဟုတ် မိရိုးဖလာ အသုံးပြုသော မြေနှင့် နယ်နမိတ်များ၊ ၎င်းတို့ မှီခိုအားထားသော သဘာဝ အရင်းအမြစ်များ

(ခ) တိုင်းရင်းသားလူမျိုးစုများ အပါအဝင် စီမံကိန်း အကျိုးခံစားမည့်သူများ အဓိပ္ပါယ်ရှိ၍ တက်ကြွစွာ ပါဝင်နိုင်ရေးအတွက် စီမံကိန်း အကောင်အထည်ဖော်စဉ်ကာလအတွင်း တိုင်ပင်ဆွေးနွေးခြင်းနှင့် ပါဝင်စေခြင်း လုပ်ငန်းစဉ်များ

(ဂ) အကျိုးခံစားမည့် ရွာသူရွာသားများကိုယ်တိုင် ၎င်းတို့၏ လိုအပ်ချက်များကို ဖြေရှင်းရန် တက်ကြွစွာ ပါဝင်၍ ဖော်ထုတ်ထားသော စီမံကိန်းလုပ်ငန်းခွဲများ စာရင်း

(ဃ) လူထုပါဝင်သော လူမှုဆန်းစစ်ချက် ၏ တစ်စိတ်တစ်ပိုင်း အဖြစ်ဖော်ထုတ်သော စီမံကိန်းလုပ်ငန်းခွဲများ ၏ ဖြစ်လာနိုင်သော ကောင်းကျိုး၊ ဆိုးကျိုးများကို ရှောင်လွှဲရန်၊ လျှော့ချရန် နှင့် သက်သာမှုရစေရန် နှင့် ကောင်းကျိုးများကို မြှင့်တင်နိုင်မည့် နည်းလမ်းများ

(င) အကျိုးကျေးဇူးခံစားမည့် ဒေသခံများကိုယ်တိုင် ဖော်ထုတ်ထားသော စီမံကိန်း လုပ်ငန်းခွဲများ ကို လူထု၏ကူညီထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့်ရရှိကြောင်း သက်သေ။ လူမှုဆန်းစစ်ချက်အရ ထိုသို့ထောက်ခံမှုမှာ မသေချာပါက စီမံကိန်းလုပ်ငန်းခွဲကို အကောင်အထည်ဖော်မည် မဟုတ်ပါ။

၂၀၂။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များ (VTDP) အရ ဦးစားပေးလိုအပ်ချက်များကို ခိုင်မာအောင် ပြုလုပ်ခြင်း ကျေးရွာ အုပ်စု စီမံကိန်း အထောက်အကူပြုကော်မတီသည် ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများမှ ဖော်ထုတ်ထားသည့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို ထည့်သွင်းဦးစားပေးကာ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ် များအဖြစ်သို့ စုစည်း သွားမည်ဖြစ်သည်။ ဤ စီမံကိန်းအောက်တွင် ကျေးရွာအုပ်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးစု များ ထိခိုက်နစ်နာမှုရှိပါက ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်သည် လုပ်ငန်းအကောင်အထည် ဖော်ရေး မူဝါဒ ၄.၁၀ အောက်ရှိ တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ အစီအစဉ် အရဆောင်ရွက်မည်။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်တွင် အနည်းဆုံးအနေဖြင့် အောက်ပါအချက်များ ပါဝင်သည်-

(က) ထိခိုက်ခံစားရသည့် တိုင်းရင်းသား လူမျိုးစုများ။ လူထုပါဝင်သော လူမှုဆန်း စစ်ချက် တစ်စိတ်တစ်ပိုင်းအဖြစ် ပြုလုပ်သော လူမျိုးစုစစ်ဆေးမှုမှ ဖော်ထုတ်တွေ့ရှိသည့် ကျေးရွာ အုပ်စုအတွင်းရှိ တိုင်းရင်းသား လူမျိုးစုများကို ဖော်ပြသည်

(ခ) ထိခိုက်ခံစားရသည့် တိုင်းရင်းသားများနှင့် ပြုလုပ်သော ကြိုတင်အသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများမှ ရရှိလာသော ရလဒ်များအပါအဝင် လူထုပါဝင်သော လူမှုဆန်းစစ်ချက် မှတွေ့ရှိချက်များ အကျဉ်းချုပ်နှင့် ဦးစားပေး စီမံကိန်းလုပ်ငန်းခွဲများသည် ၊ လူထု၏ကူညီထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိကြောင်း သက်သေ

(ဂ) စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်နေချိန်တွင် ထိခိုက်ခံစားရသည့် တိုင်းရင်းသားများနှင့် ကြိုတင်အသိပေးသော၊ လွတ်လပ်သော အကြံပေးဆွေးနွေးမှုများ ပြုလုပ်ရန် မူဘောင်

(ဃ) တိုင်းရင်းသား လူမျိုးစုများ အနေဖြင့် ယဉ်ကျေးမှုနှင့်ကိုက်ညီသော လူမှုစီးပွား အကျိုးကျေးဇူးများရရှိစေရန်နှင့် ၎င်းတို့အပေါ် သက်ရောက်နိုင်သော ဆိုးကျိုးများ ရှောင်လွှဲနိုင်ရန်၊ လျှော့ချနိုင်ရန် နှင့် သက်သာစေရန် အစီအမံများ

(င) တိုင်းရင်းသား လူမျိုးစုများ အပေါ်သက်ရောက်နိုင်သော ဆိုးကျိုးများ သက်သာ လျော့ပါးစေရန် အစီအမံများ အပါအဝင် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ် ၏ ခန့်မှန်း ကုန်ကျငွေ နှင့် အဆိုပါ အစီအမံများ ကို အကောင်အထည်ဖော်ရေးအတွက် ရန်ပုံငွေ ရရှိနိုင်သည့် ရင်းမြစ်များ

(စ) ဝေဖန်အကြံပြုမှုများ ဖြေရှင်းခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း လုပ်ငန်းစဉ်များ

၂၀၃။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များကို ထောက်ခံအတည်ပြုခြင်း - မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်များကို လက်ရှိဖွံ့ဖြိုးရေး စီမံကိန်းများ၊ သိရှိထားသော အထောက်အပံ့အစီအစဉ်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး အတည်ပြုပေးပါမည်။ အတည်ပြုလိုက်သည့် အစီအစဉ်များကို ဒေသ ဘာသာစကားဖြင့် ပြန်ဆိုပြီး ကျေးရွာအုပ်စုရုံးများ၊ ရွာသူရွာသားများ လက်လှမ်းမီမည့် အခြား သင့်လျော်မည့် နေရာများတွင် ထားရှိပေးပါသည်။ စာအရေးအသား စနစ် မရှိခြင်းကြောင့်ဖြစ်စေ၊ တခြားသော နည်းပညာပိုင်းအရ ခိုင်မာသည့်အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဒေသသုံး ဘာသာ စကားများသို့ ပြန်ဆိုရန်ခက်ခဲပါက အနည်းဆုံး အတည်ပြုပြီးသား စီမံကိန်းလုပ်ငန်းခွဲများ အပါအဝင် အတည်ပြုပြီးသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အစီအစဉ်အနှစ်ချုပ်ကို လက်ကမ်း စာစောင်၊ ပိုစတာ သို့မဟုတ် အသိပေးကြော်ငြာပစ္စည်းတစ်ခုခုတွင် ဖော်ပြကာ ကျေးရွာအတွင်းနှင့် ကျေးရွာအုပ်စုရုံးများရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားရမည်။

၂၀၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်များ ပြင်ဆင်ခြင်း - ရွာသားများ၊ သက်ဆိုင် ရာ ကျေးရွာအုပ်စု စီမံကိန်း အထောက်အကူပြု ကော်မတီတို့သည် ဖွံ့ဖြိုးရေးအစီအစဉ်များကို နှစ်စဉ် ပြန်လည် သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်မည်ဖြစ်သည်။ အကြီးစား ပြင်ဆင်မှုများရှိခဲ့ပါက မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီက ထောက်ခံပေးမည် ဖြစ်သည်။ ပြင်ဆင်သည့် အကြိမ်တိုင်းတွင် လွတ်လပ်ပြီး ကြိုတင်အသိပေး ထားသည့် တိုင်ပင်ညှိနှိုင်းပွဲများကို အကျိုးခံစားမည့်ရပ်ရွာအသိုင်းအဝိုင်းများ၊ တိုင်းရင်းသား လူမျိုးများနှင့် ပြုလုပ်သွား ခြင်းဖြင့် ပြင်ဆင်လိုက်သည့်အစီအစဉ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု ရအောင် လုပ်သွားမည်ဖြစ်သည်။

၂၀၅။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ပြီး သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲများ၏ ပုံစံများ အဆင်သင့်ဖြစ်ပါက သက်ရောက်မှုများ၏ ပမာဏကို ဖော်ပြမည်။ စီမံကိန်းလုပ်ငန်းခွဲများ၏ အကျိုးကျေးဇူး၊ ထိခိုက်နိုင်မှု နှင့်သက်ရောက်မှု ပမာဏများကို အကျိုးခံစားမည့်ရပ်ရွာ အသိုင်းအဝိုင်းများသို့ ရပ်ရွာတစ်ခုလုံးတက်ရောက်သော တွေ့ဆုံပွဲများ ပြုလုပ်၍ ရှင်းလင်း တင်ပြပြီး လူထု၏ ကျယ်ကျယ်ပြန့်ပြန့် ကူညီထောက်ပံ့မှု ကို တောင်းခံရယူကာ ပြင်ဆင်ထားသော ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်တွင် မှတ်တမ်းတင်သည်။

၂၀၆။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီတစ်ခုစီသည် ကျေးရွာအုပ်စုဖွံ့ဖြိုး ရေး အစီအစဉ် အပါအဝင် စီမံကိန်းလုပ်ငန်းခွဲ အကာအကွယ် အစီအမံများကို ဤ တိုင်းရင်းသား လူမျိုးများဆိုင်ရာ မူဘောင်နှင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) တွင် ယေဘုယျဖော်ပြထားသည့်အတိုင်း အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ သည် ပြင်ဆင်ထားသော ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ် နှင့် သက်ရောက်မှုဖော်ပြချက်များကို ထိခိုက်ခံစားရသည့် ရပ်ရွာအသိုင်းအဝိုင်းများသို့ တိုင်ပင် ဆွေးနွေးမှုမပြုမီနှင့် လူထု၏ ကူညီထောက်ပံ့မှု ကျယ်ကျယ်ပြန့်ပြန့် မရရှိသေးမီ စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ခြင်း မရှိစေရန် ဆောင်ရွက်ရမည်။

၂၀၇။ ကျေးရွာစောင့်ကြည့်ကြီးကြပ် ရေး ဆပ်ကော်မတီများသည် လူထုစည်းရုံးရေးမှူးများ၊ ကျေးရွာစေတနာ့ ဝန်ထမ်း တို့နှင့်အတူလက်တွဲပြီး စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်မှုကို စောင့်ကြည့်ကြီးကြပ်သည်။ ကျေးရွာစောင့်ကြည့်ကြီးကြပ် ရေး ဆပ်ကော်မတီ အနေဖြင့် တိုင်းရင်းသား လူမျိုးစု အသိုင်းအဝိုင်းများသို့ ဆိုးကျိုးများ သက်ရောက်မှုမရှိကြောင်း နှင့် သက်ရောက်မှုရှိပါကလည်း လုံလောက်စွာ ဖြေရှင်းပြီးကြောင်း အတည်ပြုပေးသည်။ ဆန္ဒအလျောက် မြေလှူဒါန်းခြင်း၊ ဆန္ဒမပါဘဲ မြေကိုရယူခြင်း သို့မဟုတ် ပိုင်ဆိုင်မှုဆုံးရှုံးခြင်းများပါ ဝင်သော စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ဤအတည်ပြုချက်လို အပ်ပါသည်။

## ၅. ကြိုတင်မမှန်းဆထားသော သက်ရောက်မှုများ

၂၀၈။ သွယ်ဝိုက်သည့်/သို့မဟုတ် ကြိုတင်မမှန်းဆထားသော သက်ရောက်မှုများသည် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ်အတွင်း ပေါ်ပေါက်လာနိုင်သည်။ ထိုအချက်ကြောင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ သည် လူထုပါဝင်သော လူမှုဆန်းစစ်ချက်ကို ပြုလုပ်စေခြင်းနှင့် ကြိုတင်မမှန်းဆထားသော သက်ရောက်မှုများကို ဤတိုင်းရင်းသား လူမျိုးများ ဆိုင်ရာ မူဘောင်နှင့် အညီဖြေရှင်းရန် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်ကိုပြင်ဆင်စေခြင်းတို့ ကို ဆောင်ရွက်သည်။

## ၆. စောင့်ကြည့်ကြီးကြပ်ခြင်း

၂၀၉။ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်နေစဉ် အတွင်း ကျေးရွာစောင့်ကြည့်ကြီးကြပ် ရေး ဆပ်ကော်မတီများနှင့် လူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာမှူးများသည် ဖြစ်ပေါ် လာနိုင်သောဆိုးကျိုးများကို စောင့်ကြည့်ကြီးကြပရမည်။ လူထုစည်းရုံးရေးမှူးများသည် ကျေးရွာများသို့ပုံမှန်သွားရောက်ပြီး သတင်းအချက်အလက်များ စုဆောင်း ရမည်။ ရွာသားများဘက်က ကျေးရွာအဆင့်တွင် မဖြေရှင်းနိုင်သောမေးခွန်းများ၊ မကျေနပ်မှုများတင်ပြလာပါက ဝေဖန် အကြံပြု တိုင်ကြားမှုဖြေရှင်းရေး စနစ်နှင့်အညီ အဖြေရှာသွားရန် တိုက်တွန်းရမည်။

၂၁၀။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အကြံပေးအဖွဲ့ များသည် လူမှု စစ်ဆေးမှုများကို နှစ်စဉ်ဆောင်ရွက်မည်ဖြစ်သည်။ လူမှုစစ်ဆေးမှုများပြုလုပ်ရန်အတွက် လူထု စည်းရုံးရေးမှူး များက ကျေးရွာများ၌ လူထုအစည်းအဝေးများကို ဦးဆောင်ကျင်းပမည်ဖြစ်သည် (ဝေးလံသည့် ဒေသများတွင် ရွာအချင်းချင်းစုပေါင်းကာ အားလုံးအဆင်ပြေမည့်တစ်နေရာ၌ တွေ့ဆုံစည်းဝေးနိုင်သည်)၊ ထို့ပြင် အစည်းအဝေးကျင်းပမည့်အကြောင်းကိုလည်း ကြိုတင်အသိပေး ကြေညာပြီး လူထုပါဝင်နိုင်မှုကို အမြင့်ဆုံး မြှင့်တင်နိုင်မည့် အချိန်နှင့် နေရာ တို့ကို ရွေးချယ်ကာ ကျင်းပသွားမည်ဖြစ်သည်။ ၎င်းအစည်းအဝေးသည် ပြဿနာများကို တင်ပြရန်၊ နစ်နာမှုများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်ပြီး ပြည်သူများ ကြုံတွေ့ရနိုင်သည့် ကိစ္စရပ်များအတွက် မကျေနပ်သံများကိုနားထောင်ရန် ပြုလုပ်သည့် ပြည်သူ့ဖိုရမ်တစ်ခုပင်ဖြစ်သည်။ လူထုစည်းရုံး ရေးမှူး သည် တင်ပြသည့် ကိစ္စရပ်များနှင့် နောက်ဆက်လာမည့် စက်ဝန်းတွင် မည်သို့ဖြေရှင်းမည် စသည်တို့ကိုမှတ်သားထားသည့်အစည်းအဝေးမှတ်တမ်းကိုပြုစုမည်ဖြစ်သည်။ ထိုအချက်အလက်များကို ပြင်ဆင်တည်းဖြတ်မည့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ၎င်းမှတ်တမ်းကို တင်ပြမှသာလျှင် နောက်နှစ်အတွက် လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေကို လွှဲပြောင်းပေးမည်ဖြစ်သည်။

၂၁၁။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် အကောင်အထည်ဖော်လျှက်ရှိ သည့် စီမံကိန်းလုပ်ငန်းခွဲများ၏ လစဉ်တိုးတက်မှုအစီရင်ခံစာများကို ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်မှုနှင့် အခြားသောအကာအကွယ်ပေးရေးဆိုင်ရာ အချက်များကို ပါ ထည့်သွင်း၍ ကျေးလက်/ဦးစီး မြို့နယ်အဆင့် စောင့်ကြည့်ကြီးကြပ်ရေးနှင့်အကဲဖြတ်အရာရှိ (M&E Officer) ထံသို့ တင်ပြရမည်။ ကျေးရွာ စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် စောင့်ကြည့် ကြီးကြပ် ဆပ်ကော်မတီသည် ကျေးရွာအလိုက် စောင့်ကြည့်ကြီးကြပ်ရေး အစည်းအဝေးကို နှစ်လတစ်ကြိမ်ခန့် သို့မဟုတ် လုပ်ငန်းအဆင့် မှတ်တိုင်တစ်ခုစိုက်ပြီးတိုင်း ကျင်းပရမည်။ အစည်းအဝေးသို့ ရွာသူရွာသား တတ်နိုင်သမျှများများတက်ရောက်မှုရှိစေရန် အစွမ်းကုန် ဂရုစိုက် အားထည့်ရမည်။ ဆန္ဒအလျှောက် လှူဒါန်းခြင်းများနှင့် ဆိုးကျိုးများလျှော့ချခြင်းတို့ အပါအဝင် အကောင်အထည်ဖော်မှုနှင့် ဆိုင်သည့် ကဏ္ဍအလိုက် တိုးတက်မှု အခြေအနေများ ကို စောင့်ကြည့်ဆပ်ကော်မတီက ရွာသူရွာသားများအား တင်ပြအစီရင်ခံရ မည်။ ရွာသူရွာသား များထံမှလည်း ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုဆိုင်ရာ ဝေဖန်အကြံပြုချက်များနှင့် ၎င်းတို့စိတ်ထဲတွင်ရှိနိုင်သည့် စိုးရိမ်မှုများကို တင်ပြနိုင်မည်ဖြစ်သည်။ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီသည် ကျေးရွာ စီမံကိန်း အထောက်အကူပြုကော်မတီနှင့် စောင့်ကြည့်ကြီးကြပ် ဆပ်ကော်မတီ တို့မှ တင်ပြလာသည့် အစီရင်ခံစာများကို အခြေခံ၍ ဤ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ်အား အကောင်အထည် ဖော်သည့် အခြေအနေကို မှတ်တမ်းတင်မည်ဖြစ်ပြီး ဖြေရှင်းရန်ကျန်ရှိသည့် အချက်များနှင့် ဖော်ပြ လာသည့်မကျေနပ်မှုများကိုပါ မှတ်သားထားမည်ဖြစ်သည်။ မြို့နယ်အင်ဂျင်နီယာနှင့် ကျေးလက်ဦးစီးဌာန မြို့နယ်ရုံးမှ M&E အရာရှိတို့သည် ကျေးရွာများရှိ စီမံကိန်းလုပ်ငန်းခွဲများ ရှိရာနေရာများသို့ ပုံမှန်သွားရောက်ကွပ်ကဲပြီး ပြန်လည်နေရာချထားမှု မူဝါဒဘောင်အား အကောင်အထည်ဖော်မှုကို ဝေဖန်သုံးသပ်မည်ဖြစ်သည်။ ကြီးကြပ်ကွပ်ကဲရေးခရီးစဉ်များမှ အဓိက လေ့လာတွေ့ရှိချက်များကို သုံးလပတ်မြို့နယ်လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတွင် တစ်ပေါင်း တည်း ထည့်သွင်း ထားရမည်။

၂၁၂။ ကျေးလက်/ဦးစီးဌာန ပြည်ထောင်စုရုံးဝန်ထမ်းများနှင့် အခြား ပတ်သက်သော နည်း ပညာ အကူအညီအတိုင်ပင်ခံများသည် မြို့နယ်များ၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာ စီမံကိန်းလုပ်ငန်း ခွင်များသို့ ပုံမှန်ကြီးကြပ်ကွပ်ကဲရေးနှင့် စောင့်ကြည့်ကြီးကြပ်ရေးခရီးများ သွားရောက်၍ အကာအကွယ်အစီအမံများအပါအဝင် စီမံကိန်း၏ကောင်းမွန်မှုကို လေ့လာသုံးသပ်ရမည်။ ပြည်ထောင်စု အဆင့် ကျေးလက်/ဦးစီးဌာန M&E အရာရှိသည် သုံးလတစ်ကြိမ်တိုးတက်မှု အစီရင်ခံစာကို အောက်ပါ စွမ်းဆောင်ရည် အညွှန်းကိန်းများထည့်သွင်း၍ ပြုစုရမည်။

(က) ဆန္ဒအလျောက် လှူဒါန်းသည့် ဖြစ်စဉ် အရေအတွက်

(ခ) ကျေးရွာလူထု၏ သဘောဆန္ဒမပါဘဲ မြေယာများ သို့မဟုတ် ပိုင်ဆိုင်မှုများသိမ်းယူခဲ့သည့် ဖြစ်စဉ် အရေအတွက်

(ဂ) ပြန်လည်နေရာချထားရေးအစီအစဉ် (RAP) အကျဉ်းနှင့် (RAP) အပြည့်အစုံ ရေးဆွဲခဲ့သည့် အကြိမ်အရေအတွက်

(ဃ) ကျေးရွာလူထု၏ သဘောဆန္ဒမပါဘဲ မြေယာများ သို့မဟုတ် ပိုင်ဆိုင်မှုများသိမ်းယူ ခဲ့ရာတွင် ပေးလျော်ခဲ့သော ပမာဏ

(င) တိုင်းရင်သား လူမျိုးအလိုက် စီမံကိန်းကြောင့် အကျိုးခံစားမည့်သူများ/ ထိခိုက်မှုရှိမည့်သူများ စုစုပေါင်း အရေအတွက် နှင့်

(စ) အောက်တွင်ဖော်ပြထားသော နည်းလမ်းမျိုးစုံမှ တင်ပြခဲ့သည့် မကျေနပ်ချက်များနှင့် ၎င်းတို့၏ လက်ရှိအနေအထား

၂၁၃။ အကျိုးခံစားသည့်ရပ်ရွာတွင် လူမျိုးစု တစ်မျိုးထက် ပိုမိုနေထိုင်ပါက လည်းကောင်း၊ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲကြောင့် လူမျိုးစု တစ်မျိုးထက် ပိုမိုထိခိုက်မှုရှိပါက လည်းကောင်း အချက်အလက်အားလုံးကို လူမျိုးအလိုက် ခွဲခြားသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် အကာ အကွယ်များ ဆန်းစစ်လေ့လာခြင်းပုံစံများ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအစီအစဉ် အကောင်အ ထည်ဖော်မှုများကို ကျပန်းစနစ်ဖြင့် ပြန်လှန်စစ်ဆေးပြီး ယခု တိုင်းရင်းသား လူမျိုးများဆိုင်ရာ မူဘောင် (IPPF)၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) နှင့် စီမံကိန်းနှင့်ဆိုင် သည့် အခြားသော လက်စွဲများပါ အချက်များနှင့်အညီ အကာအကွယ်အစီအမံများ ကိုက်ညီမှု ရှိမရှိကို စီစစ်ရန်အတွက် ကွင်းဆင်းစစ်ဆေးမည်ဖြစ်သည်။

## ၇. အကောင်အထည်ဖော်စဉ် သတင်းအချက်အလက်ထုတ်ပြန်ကြေငြာခြင်း

၂၁၄။ မူလလူထုဖဟိုပြုစီမံကိန်းမှရသည့် အတွေ့ အကြုံအရ အထိအခိုက် နည်းပါးရေး စည်းမျဉ်းများအကြောင်းအပါအဝင် စီမံကိန်း၏ချဉ်းကပ်လုပ်ဆောင်မှု များနှင့်ပတ် သက်ပြီး လူမျိုးစု တိုင်းရင်းသားများအား မျက်မြင် အကူပစ္စည်းများ သုံးပြီး နှုတ်ဖြင့် ရှင်းလင်း တင်ပြခြင်းက အဓိပ္ပာယ် အရှိဆုံးနှင့်လက်တွေ့အကျဆုံးနည်းလမ်းဖြစ်သည်ဟု တွေ့ရှိရသည်။ စီမံကိန်း ပထမ စက်ဝန်းတွင် လူထုစည်းရုံးရေး မှူးများနှင့် လက်ထောက်နည်းပညာမှူးများထဲတွင် သက်ဆိုင်ရာ မြို့နယ်ရှိ ဒေသသုံးဘာသာ စကားကို ပြောဆိုနိုင်သူ များကို ထည့်သွင်းခဲ့သည်။ ယင်းမှာ စီမံကိန်းကြောင့်အကျိုးခံစားမည့်သူများရောထိခိုက်နစ်နာမည့်သူများပါ ယခု ထိခိုက်မှု ကာကွယ်ရေး စည်းမျဉ်းများကို နားလည်မှုရှိအောင် လုပ်ဆောင်ရာ၌ အသုံးတည့်ကြောင်း တွေ့ရသည်။ ရှေ့ဆက်ဆောင်ရွက်ရာတွင် အဓိက ဘာသာစကား အားလုံးဖြင့် သင်ထောက်ကူ ပစ္စည်းများ ပိုမိုပြုလုပ်ရန်၊ သို့မှသာ တိုင်းရင်း သားများအနေဖြင့် စီမံကိန်းပါအကာအကွယ် ပေးရေး စည်းမျဉ်းများကို နားလည်နိုင်စေ မည်ဖြစ်ပါသည်။

၂၁၅ ။ ကျေးလက်/ဦးစီးဌာနသည် ဆက်သွယ်ရေးနည်းဗျူဟာ ၏ တစ်စိတ်တစ်ပိုင်း အဖြစ် တိုင်းရင်းသားဘာသာစကားများကို အသုံးပြု၍ တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းထုတ်ပြန်ကြေညာ ခြင်းအတွက် လမ်းညွှန်မှုများ ရေးဆွဲလျှက်ရှိသည်။ ထိုသို့အားဖြင့် ကျေးလက်ဦးစီးဌာနသည် ဤ ဖြည့်စွက်ရန်ပုံငွေ ပြင်ဆင်သည့်ကာလအတွင်း အကာအကွယ်ပေးရေး အစည်းအဝေးများတွင် ရရှိခဲ့သည့် ဝေဖန်သုံးသပ်ချက်များကို ထည့်သွင်းစဉ်းစားသည်။ ၎င်းအစည်းအဝေများတွင် ပါဝင်တက်ရောက်ခဲ့သူများက တိုင်းရင်းသားများ လူမျိုးစုများအနေဖြင့် စီမံကိန်းနှင့် သဘာဝ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) တွင် ပေးအပ်ထားသည့် ကာကွယ်မှုများ ကို ရှင်းလင်းစွာနားလည်သဘောပေါက်စေရန် သင်ထောက်ကူပစ္စည်းများ အသုံးပြုရန် အရေးကြီးပုံကို ထောက်ပြခဲ့သည်။ လမ်းညွှန်ချက်များတွင် ဒေသသုံးဘာသာစကားသို့ပြန်ဆိုမည့် အဓိကစာ ရွက်စာတမ်းများစာရင်း၊ မြို့နယ်အတွင်းရှိ လူမျိုးစုတိုင်းရင်းသားများ၊ အသုံးပြုသည့် ဘာသာ စကားများနှင့် မြို့နယ်အကြံပေးအဖွဲ့နှင့် အကာအကွယ်ပေးရေး အစည်းအဝေး တက်ရောက်သူ များ၏ အကြံပြုချက်များပေါ် မူတည်သည့် ဘာသာပြန်ဆိုရန် ဖြစ်နိုင်ခြေရှိမရှိ/ အဆင်ပြေနိုင်ခြေ ရှိမရှိတို့ပါဝင်မည်ဖြစ်သည်။ ဘာသာပြန်ဆိုမည့် အဓိကစာရွက်စာတမ်းများတွင် ဤတိုင်းရင်းသား လူမျိုးများဆိုင်ရာ မူဘောင် (IPPF)၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) တစ်ခုလုံး ပါဝင်မည်ဖြစ်ပြီး အတည်ပြု ပြီးသော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအမံများ အပြင် ဆန္ဒအလျောက်လှူဒါန်းကြောင်းပုံစံ နှင့်အတူ ပြန်လည်နေရာချ ထားရေးအစီအစဉ် (RAP) အကျဉ်း၊ သို့မဟုတ် RAP ပြုလုပ်ရန်လိုအပ်သည့်နေရာများတွင် RAP အပြည့်အစုံတို့ကို လည်း ထည့်သွင်းနိုင်သည်။ ယင်းစာရင်းများကို အဓိကပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးမှ ရေးသားပြုစုရန် သဘောတူညီပြီးဖြစ်သည်။ ကျေးလက်/ဦးစီးဌာနသည် ထပ်တိုး ငွေကြေး အထောက်အပံ့အတွက်ကျင်းပမည့်အကာအကွယ်ပေးရေးအစည်းအဝေးများတွင်တက်ရောက်လာသူများ၏ဝေဖန်အကြံပြုချက်များကိုရယူခဲ့ပြီးလမ်းညွှန်ချက်မူကြမ်းမျ ၁းကိုအဓိကပါဝင်ပတ်သက်သူများ ထံ ဝေမျှ၍ နောက်ထပ် အကြံပြုချက်များ တောင်းခံခဲ့သည်။

**၈.ဝေဖန်အကြံပြုမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ်**

၂၁၆။ တိုင်ကြားမှုများနှင့် နစ်နာမှုများကို လူထုဗဟိုပြုစီမံကိန်းပါ ဝေဖန်အကြံပြု ဖြေရှင်းရေး နည်းစနစ်ကို အသုံးပြုပြီး ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ယင်းမှာ စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု တာဝန်ခံမှုရှိကြောင်း၊ ဆင်းရဲသားများနှင့် အဖယ်ကြဉ်ခံ လူအုပ်စုများ၏အသံကိုလည်း ပစ်မထားကြောင်းနှင့် ပေါ်ပေါက် လာသည့် ပြဿနာ ရပ်များ၊ နစ်နာမှုများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန်ဖြေရှင်းပေးကြောင်း ခိုင်မာစေရန် ဖြစ်သည်။ ဝေဖန်အကြံပြုမှုများ ဖြေရှင်းရေးလုပ်ငန်းစဉ် ၏ အဓိက စည်းမျဉ်းများကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) ၏ အပိုင်း (၄) တွင်ဖော်ပြထား သည်။ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်း အသေးစိတ်များကို စီမံကိန်း အကောင်အထည်ဖော် ရေး လက်စွဲတွင် ဖော်ပြထားပါသည်။ ၎င်း တို့ကို ကျေးရွာအဆင့်အထိ လက်လှမ်းမီ သိရှိနိုင်စေ ရန်အတွက် ပိုစတာများ၊သင်ထောက်ကူထောက်အကူပြုပစ္စည်းများ အသုံးပြုပြီး ကြေညာ ပေးပါသည်။

**နောက်ဆက်တွဲ ၉ :ပုံစံ - စ-၆ - လုပ်ငန်းပြီးစီးမှု စစ်ဆေးချက်ပုံစံ (FORM PC 6)**

| *လမ်းညွှန်။* | | | |
|---|---|---|---|
| စည်းရုံးရေးမှူးအမည်။ | | | |
| ရက်စွဲ။ | | ☐ပ နှစ်☐ဒု နှစ်☐တ နှစ်☐ စ နှစ် | |
| ပြည်နယ်/ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| | | | |

**စီမံကိန်းလုပ်ငန်းခွဲအကြောင်းဖော်ပြချက်**

| | **လုပ်ငန်း** | **ကဏ္ဍ** | **အရွယ်အစား/ပမာဏ** | | **တိုက်ရိုက်အကျိုးပြုဦးရေ** | |
|---|---|---|---|---|---|---|
| | | | လျာထား | နောက်ဆုံးအမှန် | #လျာထား | # အမှန် |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |

**ဘဏ္ဍာရေးဆိုင်ရာကြောင်း ဖော်ပြချက်**

| လူထုဖဟိုပြုစီမံကိန်း ရန်ပုံငွေ | | ကျေးရွာ ထည့်ဝင်ငွေ | | အခြား | |
|---|---|---|---|---|---|
| လျာထား | အမှန် | လျာထား | အမှန် | လျာထား | အမှန် |
| | | | | | |

| |
|---|
| **တည်ဆောက်ရေး။**<br><br>ပြီးစီးမှု<br><br>□ မရှိသေး　　　　　　□ ပြီးစီး၊ (ဖော်ပြပါ) |
| **ဝယ်ယူရေး။**<br><br>ပစ္စည်း ဝယ်ယူရေး၊ ကန်ထရိုက် ငှားရမ်းရေး ဆိုင်ရာ ပြဿနာ<br><br>□ မရှိပါ　　　　　　□ ရှိသည်၊ (ဖော်ပြရန်) |
| **လူထုလုပ်အားအသုံးပြုမှု**<br><br>စုစုပေါင်းပါဝင်သူ　　　　　　ကျား......... မ.........<br><br>စုစုပေါင်းလုပ်အားအသုံးပြုသည့်ရက်　　　　ကျား......... မ......... |
| **အကာအကွယ်/ECOP**<br><br>(က) မြေသိမ်းယူမှု ဆိုင်ရာ ပြဿနာ |

□ မရှိပါ □ ရှိသည်၊ (ဖော်ပြရန်)

(ခ) သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာ

□ မရှိပါ □ ရှိသည်၊ (ဖော်ပြရန်)

**လည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ကော်မတီ။**

ဖွဲ့စည်းမှု နှင့် လုပ်ငန်း ဆောင်ရွက်မှု

□ မရှိ (ဖော်ပြပါ) □ ရှိ

**စီမံကိန်းလုပ်ငန်းခွဲ၏ နည်းပညာအရည်အသွေး**

လုပ်ငန်း အရည်အသွေး

□ ညံ့ □ သင့် □ ကောင်း □ အလွန်ကောင်း

**ဓာတ်ပုံအထောက်အထား- စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ ရိုက်ကူးထားသော ဓာတ်ပုံ (၂) ပုံ နှင့်**

| **စီမံကိန်းလုပ်ငန်းခွဲ ဆောက်လုပ်ပြီးစီးပြီး ဓာတ်ပုံ (၂) ပုံတင်ပြရန်၊** |
| --- |
| **ရှုထောင့် (၁)** |
| **ရှုထောင့် (၂)** |
| အခြား တင်ပြချက် |

အထက်ဖော်ပြပါ လုပ်ငန်းသည် ပြီးစီးပြီး ဖြစ်ကာ စတင် သုံးစွဲလျက် ရှိကြောင်း ထောက်ခံအပ်ပါသည်

ရက်စွဲ ____________________

ဥက္ကဋ္ဌ၊ ကျေးရွာ စီ/ထောက်ကော်မတီ ________________________ လက်မှတ်

ဥက္ကဋ္ဌ၊ ကျေးရွာ ဝယ်ယူရေး ဆပ်ကော်မတီ __________________ လက်မှတ်

စာရင်းကိုင် _______________________________ လက်မှတ် 

သက်သေ (နည်းပညာရှင်) _____________________________ လက်မှတ် __________________ ရက်စွဲ

နောက်ဆက်တွဲ (၁၀) မြန်မာနိုင်ငံ၏ လက်ရှိ ရွေးပေါင်းအမွေအနှစ် စာရင်းဝင် (၄၇) နေရာ

နောက်ဆက်တွဲ ဇယား (က) (၁၀.၁)

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန မှ
ဇုန်နယ်နိမိတ်သတ်မှတ်ပြဋ္ဌာန်းပြီးသော ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာဇုန်များ

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်စာရက်စွဲ |
|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး၊<br>ပုဂံညောင်ဦးမြို့နယ် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၉၉ | ၁၁.၂.၉၉ |
| ၂ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊<br>ကမ္ဘောဇသာဒီနန်းတော်ရာ | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၂/၉၉ | ၁၁.၂.၉၉ |
| ၃ | မန္တလေးတိုင်းဒေသကြီးအတွင်းရှိ<br>ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ<br>(အမရပူရမြို့နယ်)<br>- မဟာဝေယံဘုံသာဇာတကရာ<br>ကျောင်းတော်ကြီး(အောင်မြေသာဇံမြို့နယ်)<br>- မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး<br>- ရွှေနန်းတော်ကျောင်း<br>- နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရား<br>- မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၃/၉၉ | ၆.၈.၉၉ |
| ၄ | မွန်ပြည်နယ်၊ကျိုက်ထိုမြို့နယ်ရှိ<br>ကျိုက်ထီးရိုးဘုရားနှင့်တောင်ထွတ်နယ်မြေ | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၄/၉၉ | ၁၁.၁၀.၉၉ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ<br>-သရေခေတ္တရာမြို့ဟောင်းနှင့်ပတ်ဝန်းကျင် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန် | ၁/၀၁ | ၃၁.၁.၀၁ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် အတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ<br>- မြသိန်းတန်ဘုရား<br>- မင်းကွန်းခေါင်းလောင်းရုံ | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၂/၀၁ | ၁၈.၅.၀၁ |

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ရန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်စာရက်စွဲ |
|---|---|---|---|---|
| | – **ပုထိုးတော်ကြီး**<br>– **ခြသေ့်ကြီးနှစ်ကောင်(ပုထိုးတော်ကြီးအနီး)**<br>– **စက်တော်ရာဘုရား**<br>– **ပုံတော်စေတီ (မင်းကွန်း)** | | | |
| ၇ | မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်<br>– **ဗိသနိုးမြို့တောင်း** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၀၂ | ၂၉.၅.၀၂ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊<br>– **တကောင်းမြို့တောင်းဒေသ** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၀၇ | ၅.၆.၀၇ |
| ၉ | မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊<br>– **ခရိုဂူ** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၀၈ | ၁၃.၆.၀၈ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊<br>– **ဟန်လင်းမြို့တောင်း** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၀၈ | ၁၃.၆.၀၈ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊<br>– **အင်းဝမြို့တောင်းဒေသ** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၀၈ | ၁၃.၆.၀၈ |
| ၁၂ | ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊<br>– **ရသေ့ပျံဂူ** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၂/၀၈ | ၁၆.၆.၀၈ |
| ၁၃ | ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊<br>– **ကော့ဂွန်းဂူဒေသ** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၂/၀၈ | ၁၆.၆.၀၈ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊အနောက်ပိုင်းခရိုင်၊<br>ကျောက်တံတားမြို့နယ်<br>– **ဆူးလေစေတီတော်(ကျိုက်အသုတ်စေတီတော်)** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၃/၀၈ | ၄.၇.၀၈ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊<br>စမ်းရွာ<br>– **မောင်းတီးစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၄/၀၈ | ၄.၇.၀၈ |

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်စာရက်စွဲ |
|---|---|---|---|---|
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဆိပ်ကမ်းမြို့နယ်<br>– ဗိုလ်တစ်ထောင်ကျိုက်ဒေးအပ်စေတီတော် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၅/၀၈ | ၄.၇.၀၈ |
| ၁၇ | ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်<br>– ရွှေဘုန်းပွင့်စေတီတော် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၆/၀၈ | ၄.၇.၀၈ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်<br>– အတုလာမိပတိမတာမုနိသကျ ကိုးထပ်ကြီးဘုရား | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၇/၀၈ | ၄.၇.၀၈ |
| ၁၉ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်<br>– ကျိုက်ကလို့စေတီတော် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၈/၀၈ | ၄.၇.၀၈ |
| ၂၀ | မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်<br>– မြင်စိုင်းမြို့တောင်းဒေသ | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၉/၀၈ | ၂၅.၈.၀၈ |
| ၂၁ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်<br>– ပင်းယဒေသ | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁၀/၀၈ | ၂၅.၈.၀၈ |
| ၂၂ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်<br>– ပလိပ်ဒေသ<br>– ရတနာ့လာဘမုနိဆုတောင်းပြည့်(မြွေ)ဘုရား | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁၁/၀၈ | ၂၅.၈.၀၈ |


| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်စာရက်စွဲ |
|---|---|---|---|---|
| | – ဇန်းမော်ကျောင်း<br>– ကျိတ်ကုန်းကျောင်း<br>– ပါ်ငှလိကျောင်း<br>– ဇောမိကျောင်း<br>– လေးထပ်ကျောင်း<br>– နောက်တော်ပါကျောင်း | | | |
| ၂၃ | မြောက်ဦးမြို့နယ်၊<br>မြောက်ဦးမြို့တောင်းအတွင်းရှိ<br>ရှေးဟောင်းအဆောက်အအုံ | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၀၉ | ၅.၁၁.၀၉ |
| ၂၄ | မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိ<br>– စလေဒေသ | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် | ၂/၀၉ | ၅.၁၁.၀၉ |
| ၂၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်အတွင်းရှိ<br>– ရွှေတိဂုံစေတီတော် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၃/၀၉ | ၅.၁၁.၀၉ |
| ၂၆ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်<br>– ကျိုက်မှော်ဝန်းစေတီတော် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၄/၀၉ | ၅.၁၁.၀၉ |
| ၂၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ<br>– ငါးထပ်ကြီးဘုရား | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၅/၀၉ | ၅.၁၁.၀၉ |
| ၂၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ<br>– ခြောက်ထပ်ကြီးဘုရား | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၆/၀၉ | ၅.၁၁.၀၉ |
| ၂၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ<br>– ကျိုက်ကလဲ့စေတီတော် | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၇/၀၉ | ၅.၁၁.၀၉ |

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်စာရက်စွဲ |
|---|---|---|---|---|
| ၃၀ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ<br>– **ကျိုက်ဝိုင်းစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၈/၀၉ | ၅.၁၁.၀၉ |
| ၃၁ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် အတွင်းရှိ<br>– **ကျိုက္ကစံစေတီတော်** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၉/၀၉ | ၅.၁၁.၀၉ |
| ၃၂ | ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်းရှိ<br>– **ရွှေဆံတော်စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၁၀/၀၉ | ၅.၁၁.၀၉ |
| ၃၃ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊<br>ပါဒကြီးစံပြကျေးရွာရှိ<br>**ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၁၁/၀၉ | ၅.၁၁.၀၉ |
| ၃၄ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကြီး<br>ကျေးရွာအုပ်စုအတွင်းရှိ<br>– **ကျိုက်ခေါက်စေတီတော်** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ | ၁၂/၀၉ | ၅.၁၁.၀၉ |
| ၃၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်<br>– ပုလဲမြို့နယ် **(ကျစ်ချောင် ၇ ခု)** | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၁၀ | ၂၄.၃.၁၀ |
| ၃၆ | မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းရှိ<br>**–ပရိုင်းမိတ်ရှေးဟောင်းဒေသများ(ကျစ်ချောင် ၂၅ ခု)** | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၂/၁၀ | ၂၄.၃.၁၀ |
| ၃၇ | ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်ရှိ<br>**–မိုင်းမော–ဝိန်းကျွမ်မြို့ဟောင်း** | ရှေးဟောင်းနေရာတည်ရှိရာဇုန် | ၃/၁၀ | ၅.၄.၁၀ |
| ၃၈ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံ<br>မြို့နယ်၊ မြို့ဟောင်းကျေးရွာအုပ်စု<br>**–သာဂရမြို့ဟောင်း** | ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၂၀၁၂ | ၂-၂-၂၀၁၂ |

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ် | ထုတ်ပြန်သည့်စာရက်စွဲ |
|---|---|---|---|---|
| ၃၉ | ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်<br>**–မြောင်းမြမြို့ဟောင်း** | ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၁/၂၀၁၂ | (၂-၂-၂၀၁၂) |
| ၄၀ | ရခိုင်ပြည်နယ်၊<br>**– ဝေသာလီမြို့ဟောင်း** | ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၃/၂၀၁၂ | (၉-၃-၂၀၁၂) |
| ၄၁ | ရခိုင်ပြည်နယ်၊<br>**– ဓညဝတီမြို့ဟောင်း** | ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၄/၂၀၁၂ | (၉-၃-၂၀၁၂) |
| ၄၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေချောင်ဦးမြို့နယ် အတွင်းရှိ<br>**အမြင့်ရှာဒေသနှင့် သုံးပန်လှ(အနိမ့်)ရှာဒေသ** | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၅/၂၀၁၂ | (၂-၄-၂၀၁၂) |
| ၄၃ | ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်<br>**–ပြဒါးလင်းဂူဒေသ** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၆/၂၀၁၂ | (၃-၉-၂၀၁၂) |
| ၄၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်<br>**–မြေထူးမြို့ဟောင်း** | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၇/၂၀၁၂ | (၃-၉-၂၀၁၂) |
| ၄၅ | မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊<br>ဘုရားကြီးကျေးရွာအနီးရှိ<br>**–ဝတီးမြို့ဟောင်း** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၈/၂၀၁၂ | (၃-၉-၂၀၁၂) |
| ၄၆ | မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊<br>မိုင်းမောကျေးရွာအုပ်စုအတွင်းရှိ<br>**–ပင်လယ်(မိုင်းမော)မြို့ဟောင်း** | ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန် | ၉/၂၀၁၂ | (၃-၉-၂၀၁၂) |

၄၇. [illegible]

ပုံ (က) ၁၀.၁။ ပုဂံမြို့ ယဉ်ကျေးမှု အမွေအနှစ်ဇုန်များပြ မြေပုံ




Sources; Regional Department of Archaeology, National Museum and Library in Ministry of Religious affairs and Culture.

## ဇယား (က) ၁၀.၂။ ပုံဂံ ယဉ်ကျေးမှု အမွေအနှစ်ဇုန်များတွင် တည်ရှိလျက်ရှိသော ကျေးရွာ(၁၆)ရွာစာရင်း

### ရှေးဟောင်းအဆောက်အအုံဇုန်

| စဉ် | ကျေးရွာ | ဇုန် |
|---|---|---|
| ၁ | မင်းနန်သူရွာ | ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် |
| ၂ | တောင်ဘီရွာ | ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် |
| ၃ | မြင်းကဘ္ဘာရွာ | ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် |

### ရှေးဟောင်းဇုန်


| စဉ် | ကျေးရွာ | ဇုန် | မှတ်ချက် |
|---|---|---|---|
| ၁ | ဖြောက်ဆိပ်ပင်ရွာ | ရှေးဟောင်းဇုန် | |
| ၂ | ကွန်တန်းကြီးရွာ | ရှေးဟောင်းဇုန် | |
| ၃ | အနောက်ဖွားစောရွာ | ရှေးဟောင်းဇုန် | |
| ၄ | အရှေ့ဖွားစောရွာ | ရှေးဟောင်းဇုန် | |
| ၅ | သူငွေးကန်ရွာ | ရှေးဟောင်းဇုန် | |
| ၆ | မင်းနန်သူရွာ | ရှေးဟောင်းဇုန် | ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် |

### ကာကွယ်ထိန်းသိမ်းထားသော ဇုန်

| စဉ် | ကျေးရွာ | ဇုန် | မှတ်ချက် |
|---|---|---|---|
| ၁ | အရှေ့ကန်ပေါက်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၂ | အနောက်ကန်ပေါက်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၃ | သန့်စင်ကြယ်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၄ | လက်ဝေရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၅ | တအုန်းတိုင်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၆ | ဘုန်းနဲ့ကန်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၇ | ညောင်တိုရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၈ | နတ်ကြိုးဝက်အိုင်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | |
| ၉ | ဖြောက်ဆိပ်ပင်ရွာ | ကာကွယ်ထိန်းသိမ်းထားသော ဇုန် | ရှေးဟောင်းဇုန် |

ပုံ (က) ၁၀.၂။ နတိုးကြီး မြို့နယ်နှင့် ၎င်းပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဝဒီး
ရှေးဟောင်းတည်နေရာဇုန်များပြ မြေပုံ

**WaDee Ancient Site Zone in Natogyi Township**




**List of Village closed to WaDee Ancient Cultural Area**

| No | Village Tract | Village |
|---|---|---|
| 1 | Pa Ya Gyi | Pa Ya Gyi |
| 2 | Kyi Gan | Kyi Gan |
| 3 | | Chaung U |
| 4 | Daung Bo | Daung Bo |
| 5 | | Na Ywe Daw |

**နောက်ဆက်တွဲ (၁၁) အကြံဉာဏ်ရယူခြင်းအစည်းအဝေး များ နောက်ဆက်တွဲ (၁၁.၁) သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်မူကြမ်း (Draft ESMF) ဆိုင်ရာ သက်ဆိုင်သူပေါင်းစုံပါဝင်သော အကြံဉာဏ်ရယူခြင်းအစည်းအဝေး ၏ ဆွေးနွေးမှု မှတ်တမ်းများ**

**တိုးချဲ့ ရံပုံငွေဖြင့်ပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး**

**၂၀၁၇ ခုနှစ် မေလ ၁၅ရက် (၉း၀၀ - ၁၁း၀၀)**

ပထမမြောက် ဌာနဆိုင်ရာများ၊ပြင်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးမှု ကို ၂၀၁၇ ခုနှစ် မေလ (၁၅) ရက် တနင်္လာနေ့တွင် ရန်ကုန်တိုင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် (၅) ဦး၊ အခြားဌာနမှ ဌာနဆိုင်ရာအရာရှိများ (၃) ဦး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ မှ (၂၅) ဦး၊ ကမ္ဘာ့ဘဏ် မှ (၅) ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဝန်ထမ်း (၃၄) ဦး အပါအဝင် စုစုပေါင်း (၇၂)ဦး တက်ရောက်သည်။

အောက်ပါတို့မှာ တက်ရောက်လာသူများထံမှ ရရှိသည့် ဝေဖန်အကြံပြုချက်များ၊ မေးခွန်းများနှင့် အဆိုပါတို့ကို ကျေးလက်/ဦးစီးမှ ဖြေကြားခဲ့သည်များကို အကျဉ်းချုပ်ဖော်ပြထားခြင်း ဖြစ်သည်။

| ဝေဖန်အကြံပြုချက်/ မေးခွန်း | ဖြေကြားချက် |
|---|---|
| ၁. <u>ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်များ</u><br>ရှေးဟောင်းသုတေသနဌာနမှတာဝန်ရှိသူ တစ်ဦး၏ပြောကြားချက်မှာ - ကျောက်တန်းမြို့နယ် အတွင်း ကျေးရွာ (၃) ရွာတွင် ရှေးဟောင်း အဆောက်အအုံ (၅) နေရာသတ်မှတ်ထားသည် ဟုပြောကြားသည်။ အဆိုပါကျေးရွာ (၃) ရွာမှာ - ကျိုက်အင်းရွာ၊ပါဒကြီးစံပြကျေးရွာနှင့်ရွှေပျောက်ကျေးရွာတို့ ဖြစ်ကြသည်။ ရှေးဟောင်း အဆောက်အအုံ (၅)ခုမှာ (က)ကျိုက်မော်ဝန်း စေတီသည် ရေလည်တွင် တည်ရှိသောကြောင့် ရွာတည်နေရာ မဖော်ပြထားပါ။ (ခ)ကျိုက်အင်း ကျေးရွာအလယ်တွင်တည်ရှိသော အားကစား ကွင်းအနီးရှိ ဂဝံသိမ်၊ (ဂ) ပါဒကြီးစံပြကျေးရွာရှိ | ဆွေးနွေး အကြံပြုချက်များ အားလုံးအတွက် ကျေးဇူးတင်ရှိပါသည်။ ပြည်ထောင်စုအဆင့် ကျေးလက်ဦးစီးဌာနသည် ကော့မှူးမြို့နယ် အတွင်း ရှေးဟောင်းအဆောက်အအုံများ အတွက် သက်ဆိုင်ရာကျေးလက်ဦးစီးဌာန ရန်ကုန်တိုင်း ရုံးနှင့် မြို့နယ်ရုံး၊ ရှေးဟောင်းသုတေသနဦးစီးဌာန ရန်ကုန်တိုင်းရုံးတို့နှင့် ချိတ်ဆက်၍ အကြံဉာဏ်များရယူပြီး လုပ်ဆောင်သွားမည်ဖြစ်သည်။ အသစ် ထပ်မံဖြည့်စွက် ထားသော ESMF တွင် ရှေးဟောင်းအမွေ အနှစ်ဖုန် သတ်မှတ်ပြီးသော (၄၇) ဖုန်အပါအဝင် PCR နှင့်သက်ဆိုင်သော မြန်မာနိုင်ငံဆိုင်ရာ စည်းမျဉ်း များနှင့် လိုအပ်ချက်များ ပါဝင်သည်။ ကျေးလက် ဦးစီးဌာနသည် ရှေးဟောင်းသုတေသန ဌာနနှင့် |

| | |
|---|---|
| ပါဒကြီးစေတီ အနီးတွင် တည်ရှိသော ဂဝံသိမ်၊ (ဃ) ပါဒကြီး စံပြကျေးရွာရှိ ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်၊(င) ရွှေပျောက် ကျေးရွာ မြတ်စောညီနောင် ဘုရားအနီး ရှိဂဝံသိမ်နှင့် ဂဝံ လှေကား တို့ဖြစ်ကြသည်။<br><br>ထို့နောက်ညောင်ဝိုင်းကျေးရွာမှ ကျိုက်မော်ဝန်း အထိ ရှေးဟောင်းအထိမ်းအမှတ် အဆောက် အအုံ အလုံး(၅၀) စာရင်း ကောက်ယူထားသည် ဟုသိရှိရပါသည်။ ကော့မှူးမြို့နယ် အဖျောက် ကျေးရွာရှိ ကျောက်စာတိုင်များကိုလဲ ရှေးဟောင်း ထိန်းသိမ်းရမည့် စာရင်းထဲသို့ ထည့်သွင်းထား ကြောင်း သိရှိခဲ့ရပြီး အဆိုပါဌာနမှ ရှေးဟောင်း အဆောက်အအုံဆိုင်ရာ လိုအပ်သော သတင်း အချက်အလက် စာရွက်စာတမ်းများ ပံ့ပိုးပေးမည် ဟုပြောကြားခဲ့သည်။<br><br>အချို့သော ရှေးဟောင်းသုတေသနဆိုင်ရာ နေရာများမှာ သုတေသန ပြုလုပ်ဆဲ ဖြစ်သည်။ ရှေးဟောင်း အဆောက်အဦးနေရာမှ ပေ (၁၂၀) အကွာတွင်ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင် နိုင်သည် ဆိုသော်လည်း သုတေသန ပြုလုပ်ဆဲ နေရာအနီးတွင် ဆောက်လုပ်ပါက သတိထား၍ လုပ်ဆောင်သင့်ပါသည်။ | ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး လိုအပ်သည် များကို အသစ်ထပ်မံ ဖြည့်စွက် ပြင်ဆင်မည်ဖြစ် သည်။ |
| **၂. <u>သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကာအကွယ် ဆိုင်ရာ အခန်းကဏ္ဍ</u>**<br>- သဘာဝ သယံဇာတများ၊ ပတ်ဝန်းကျင် ဆိုင် ရာထိန်းသိမ်းစောင့်ရှောက်မှုများနှင့် ဆက်နွယ် နေသော ဥပဒေနှင့် နည်းဥပဒေ များစွာရှိပြီး စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၎င်းတို့ကို လိုက်နာရန်လိုအပ်သည်။ EIA Procedures ကို | <br><br>ကျေးလက်ဦးစီးသည် Final ESMF ကို ပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြမည်ဖြစ် သည်။ စီမံကိန်းလုပ်ငန်းခွဲများ၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ ကို ပြန်လည်သုံးသပ်ခြင်းနှင့် ခွင့်ပြုချက်ရယူ |

| | |
|---|---|
| ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ တွင် အတည်ပြုခဲ့သည်။ ကျေးလက်ဦးစီးဌာန၏ ESMF ကို ပြန်လည်သုံးသပ်ရန်နှင့် ခွင့်ပြုချက်ရယူရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရန် အကြံပြု ပြောကြားခဲ့သည်။ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ အကြံပြု ပြောကြားသည်မှာ - ပြည်နယ်နှင့် တိုင်းများရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရုံးများမှ စီမံကိန်း လုပ်ငန်းခွဲများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး အတည်ပြုပေးလိမ့်မည်ဖြစ်သည်။<br>- စီမံကိန်းမှ ESMF ကို ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ခဲ့ပြီး အစိုးရ၏ EIA Procedures ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထို့အတွက်ကြောင့် ESMF တွင်ပါဝင်သောအချက်များသည် EIA Procedures နှင့်လိုက်လျောညီထွေမှုရှိပါသလား? ကွဲပြားမှုရှိခဲ့ပါက လူထုဗဟိုပြုစီမံကိန်းသည် မည်သည့်အရာကို အသုံးပြုမည်နည်း?<br>- Ethnic Minority တိုင်းရင်းသား လူနည်းစုဟု မသုံးနှုန်းပဲ တိုင်းရင်းသား လူမျိုးစုဟု ပြောင်းလဲသုံးနှုန်းစေချင်ကြောင်း အကြံပြု ပြောကြားသည်။ | ခြင်းများပါဝင်သော EIA Procedures ၏ လိုအပ်ချက် အသေးစိတ်ကို ဆွေးနွေးရန် ကျေးလက်ဦးစီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ဆက်သွယ်လိမ့်မည် ဖြစ်သည်။<br><br>လူထုဗဟိုပြုစီမံကိန်း၏ ESMF တွင် EIA procedures အပါအဝင် ၎င်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ ပါဝင်သည်။ စီမံကိန်း လုပ်ငန်းစဉ်များတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှု ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ လျော့ချနိုင်ရန် အတွက် နိုင်ငံတကာအလေ့အကျင့်ကောင်း များ ပါဝင်သည်။မြန်မာ့ EIA Procedures အရ စီမံကိန်း လုပ်ငန်းခွဲများသည် သေးငယ်သောကြောင့် IEE/ EIA လိုအပ်လိမ့်မည်ကို ကြိုတင်မခန့်မှန်းနိုင်ပေ။ ESMF ၊ ဥပဒေနှင့် နည်းဥပဒေများကြား ပြဲစွန်းမှုများရှိလာပါက လိုအပ်သော စည်းမျဉ်း စည်းကမ်းများကို အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။<br><br>ကမ္ဘာ့ဘဏ်၏ OP 4.10 တွင်ဖော်ပြထားသည့် “Indigenous Peoples”ဟူသော စကားလုံးကို ကွဲပြားမှုရှိသော၊ ထိခိုက်လွယ်သော၊ လူမှုရေး နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံဆိုင်ရာ စသည်တို့ရှိ သော အုပ်စုများတွင်တွေ့ရသည့် ပုံပန်းသွင်ပြင်များ ပေါ်တွင် မူတည်၍ အသုံးပြုကြောင်း ပြောကြားခဲ့သည်။ ၎င်းအသုံးအနှုန်းကို အခြားတိုင်းပြည်များ တွင် Ethnic minority နှင့် Ethnic group ၍ အသုံး ပြုကြသည်။ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် “Ethnic Group” ဟူ၍ ခေါ်ဝေါ်သုံးစွဲသည်။ ထို့ကြောင့် လိုက်လျောညီထွေ |

| | |
|---|---|
| | ဖြစ်စေမည့် စကား လုံးကို မိမိတို့ဘာသာစကားအတိုင်း သုံးနှုန်းသင့် ကြောင်း အကြံပြုပြောကြားသည်။ |
| **၃. သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု**<br>- DRD သည် CDD project ဖြင့်ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ကိုဦးစားပေးဆောင်ရွက် နေသည့်အဓိကဌာနဖြစ်ရာ DRD မှ ဦးဆောင်ပြီး ဝန်ကြီးဌာန လက်အောက်ရှိ အခြား သော ဦးစီးဌာနများတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံကိန်းများနှင့်ပါ ချိတ်ဆက်အကောင် အထည် ဖော် ဆောင်ရွက်သင့်သည်။ NCDDP အကောင် အထည်ဖော်သည့် မြို့နယ်များ အနေဖြင့် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် ကိုထည့်သွင်းစဉ်းစား ရန်လိုအပ်သဖြင့် မြို့နယ်များ တွင်ဖွဲ့စည်းထားသော Township Disaster Management ကော်မတီများနှင့် ချိတ်ဆက် ဆောင်ရွက်သင့်ကြောင်း အကြံပြု ပြောကြားထား ပါသည်။ ထို့ပြင် စီမံကိန်းလုပ် ဆောင်နေသည့်မြို့နယ်များ အနေဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ် ဆေးခြင်းတို့တွင် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက် နိုင်ချေရှိ သည်ကို ထည့်သွင်းစဉ်းစား သင့်ကြောင်း အကြံပြုပြော ကြားသည်။<br>- ပန်းတောင်းမြို့နယ်အနေဖြင့် ရေကြီးရေလျှံမှု ကြုံတွေ့ရသည်မှာ (၂) နှစ် ဆက်တိုက်ကြုံတွေ့ ခဲ့ရသဖြင့် ယခုနှစ်တွင်လည်း မဖြစ်ပေါ်နိုင်ဟု မပြောနိုင်ကြောင်း ၊ အကယ်၍ဖြစ်ပေါ်လာပါက အနည်းဆုံးကျေးရွာအုပ်စု (၁၁) ခု တွင် ကြုံတွေ့ရ နိုင်ကြောင်း ပြောကြားပါသည်။ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တင်ပြလာလျှင် ထောက်ပံ့ပေးမည့်အစား မတင်ပြလာပါကလဲ ချက်ချင်းကွင်းဆင်း၍ထောက်ပံ့ပေး သင့်ကြောင်း၊ ရေကြီးနစ်မြုပ်နိုင် သည့်ကျေးရွာများတွင် မြေသား လမ်းရွေးချယ် ပြုလုပ်ခဲ့ပါက အလဟသ | အကြံပြုချက်များ အားလုံးအား ကျေးဇူးတင်ရှိပါ သည်။<br><br>အကြံပြုချက်များအား မှတ်သားထားပါသည်။ |

| | |
|---|---|
| ဖြစ်နိုင် ကြောင်း၊ ထို့ကြောင့် ကျေးလက်ဦးစီး အနေဖြင့် စီစစ်မှု ပြုလုပ်ပေးရန် လိုအပ်ကြောင်း ပြောကြား ပါသည်။ | |
| **၄. အခြား ဥပဒေနှင့် နည်းဥပဒေများ**<br>- လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းတွင် စီမံကိန်း လုပ်ငန်းခွဲများသည် လယ်ယာမြေများကို ဖြတ်သန်းဖောက်လုပ်မည်ဆိုပါက မြေပိုင်ရှင်မှလှူဒါန်းသည်ဆိုသော်လည်း မြေယာလွှဲပြောင်းရယူမှု ပုံစံအတွက် မြေစာရင်းဦးစီးဌာနမှ ခွင့်ပြုချက်ရယူရမည် ဖြစ်သည်။<br>- တက်ရောက်သူအများစုမှာ အသစ်ထပ်မံပြဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို သိရှိထားကြပြီး သင့်လျော်သော ဥပဒေ အချို့ကို ESMF တွင်ထည့်သွင်းအသုံးပြုရန် အကြံပြု ပြောကြားသည်။ ဥပမာအားဖြင့် မြေယာ သိမ်းဆည်းခြင်း၊ ၁၉ ၉ ၁ သစ်တောဥပဒေ၊ ရေအရင်းအမြစ် ဥပဒေ၊ မြေလွတ် မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ အစရှိ သည်တို့ပါဝင်သည်။ အဆိုပါ ဥပဒေ များတွင် ကွဲပြားချက်များ ရှိနိုင်သည်။ ၎င်းဥပဒေများရှိ ကွဲပြားခြားနားချက်များကို စီမံကိန်း အကောင် အထည်ဖော်ရေး ဌာနမှ သက်ဆိုင်ရာ အတည်ပြုပေးမည့် ဌာနများသို့ အကြံဉာဏ်များပေး သင့်ကြောင်း ပြောကြားသည်။ | ယခုအသစ်ထပ်မံ ဖြည့်စွက်ရေးဆွဲသော ESMF ၌ လယ်ယာမြေများပေါ်တွင် လမ်းအသစ်ဖောက်လုပ်သော စီမံကိန်း လုပ်ငန်းခွဲများအတွက် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ ခွင့်ပြုကြောင်း အတည်ပြုချက်ကို ရယူရမည် ဖြစ်ကြောင်း ထည့်သွင်းရေးဆွဲထားသည်။ ပထမနှစ် စီမံကိန်း စက်ဝန်းအတွက် စီမံကိန်း လုပ်ငန်းခွဲ အသစ်ကို ခွင့်ပြုလိမ့်မည် မဟုတ်ပါ။ စီမံကိန်းလုပ်ငန်းခွဲများအားလုံးသည် မြန်မာနိုင်ငံ၏ ဥပဒေနှင့် နည်းဥပဒေများအတိုင်း လိုက်နာရန် လိုအပ်သည်။ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို စီမံကိန်းမှ ပုံမှန် ပြုပြင်မွမ်းမံလိမ့်မည် ဖြစ်သည်။ |
| **၅. ရေရှည်တည့်တံ့ခိုင်မြဲမှု**<br>- စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု (O&M) ကိုပါ စီမံကိန်းမှ ထည့်သွင်းစဉ်းစားသင့် သည်။<br>- စီမံကိန်းကာလ (၄) နှစ်ပြီးဆုံးပါက ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်ကို မေးမြန်းပါသည်။ | O&M သင်တန်းကို နည်းပညာစည်းရုံးရေးမှူးများအားပို့ချပြီးဖြစ်သည်။ ၎င်းတို့မှ တစ်ဆင့် ကျေးရွာကော်မတီဝင်များကို ထပ်ဆင့်ပို့ချပြီးဖြစ်သည်။ O&M ကော်မတီကို စီမံကိန်းလုပ်ငန်းခွဲများ ပြီးစီးချိန်တွင် ကျေးရွာလူထုအတွင်း ဖွဲ့စည်းပြီးဖြစ်သည်။<br>CDD စီမံကိန်းပြီးစီးပြီး နောက်ပိုင်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ် (VDP) ကိုရေးဆွဲသည်။ အဆိုပါ (VDP) ကိုအခြေခံ၍ အသက်မွေးဝမ်းကြောင်းသင်တန်းများပေးခဲ့ပြီး ၎င်း (VDP) ထဲ |

| | |
|---|---|
| | တွင် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာကိုပါ ထည့်သွင်းရေးဆွဲသင့်သည်။ (VDP) အလုပ်ရုံဆွေးနွေးပွဲများကို မြို့နယ်များအားလုံးတွင် မပြုလုပ်နိုင်သော်လည်း စီမံကိန်းလုပ်ငန်းခွဲပြီးဆုံးခါနီး မြို့နယ်များတွင် ၎င်းအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်သည်။ |
| **၆. ရန်ပုံငွေခွဲဝေချထားပေးမှုနှင့် စီမံကိန်းအကောင်အထည်ဖော်ခြင်း**<br>- တက်ရောက်လာသူများမှ စီမံကိန်းလုပ်ငန်းများလုပ်ဆောင်မှုများ၊ ရန်ပုံငွေခွဲဝေချထားပေးမှုနှင့်စပ်လျဉ်း၍ အကြံပြုချက်များပေးခဲ့သည်။ ဥပမာ - ရန်ပုံငွေခွဲဝေချထားပေးမှုပမာဏကို တိုးမြှင့်သင့်ကြောင်း၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးစာရင်းတွင်မပါရှိသော ကျေးရွာများကို စီမံကိန်းမှ ပံ့ပိုးပေးသင့်ကြောင်း၊ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်သောအချိန်သည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရမည့် ဒေသခံများပြည်သူများ၏စိုက်ပျိုးချိန်နှင့်မတိုက်ဆိုင်စေရန် ဦးစားပေး၍ ညှိနှိုင်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။ | အကြံပြုချက်များအား မှတ်သားထားပါသည်။ |

**နောက်ဆက်တွဲ ၁၁.၂ - သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်မူကြမ်း (Draft ESMF) ဆိုင်ရာ သက်ဆိုင်သူပေါင်းစုံပါဝင်သော အကြံဉာဏ်ရယူခြင်းအစည်းအဝေး ၏ ဆွေးနွေးမှု မှတ်တမ်းများ**

**မန္တလေးမြို့ စွမ်းဟိုတယ်**

**၂၀၁၇ ခုနှစ် မေလ ၂၃ရက် (၉း၀၀ - ၁၁း၀၀)**

ဒုတိယမြောက် ဆွေးနွေးမှုကို ၂၀၁၇ ခုနှစ် မေလ ၂၃ ရက် အင်္ဂါနေ့တွင် မန္တလေးမြို့ စွမ်းဟိုတယ်တွင် ကျင်းပခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် (၇)ဦး၊ အခြားဌာနမှ ဌာနဆိုင်ရာအရာရှိများ (၁၉)ဦး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ မှ (၁၅) ဦး၊ ကမ္ဘာ့ဘဏ် မှ (၃) ဦး၊ မီဒီယာမှ (၂) ဦး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဝန်ထမ်း (၂၉) ဦး အပါအဝင် စုစုပေါင်း (၇၅)ဦး တက်ရောက်သည်။

အောက်ပါတို့မှာ တက်ရောက်လာသူများထံမှ ရရှိသည့် ဝေဖန်အကြံပြုချက်များ၊ မေးခွန်းများနှင့် အဆိုပါတို့ကို ကျေးလက်/ဦးစီးမှ ဖြေကြားခဲ့သည်များကို အကျဉ်းချုပ်ဖော်ပြထားခြင်း ဖြစ်သည်။

| ဝေဖန်အကြံပြုချက်/ မေးခွန်း | ဖြေကြားချက် |
|---|---|
| **၁. ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ်**<br>ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တာဝန်ရှိသူ၏ပြောကြားချက်မှာ - မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်း ဥပဒေများ၊ ညွှန်ကြားချက်များနှင့် အမိန့်ကြေငြာ စာများတွင်ပါရှိသည့် လိုက်နာရမည့်အချက်များ သည် ရှေးဟောင်းအမွေအနှစ် ဖုန် (၄၇) ဖုန် အတွက်သာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဥပဒေ၊ နည်းဥပဒေများအရ နှစ် (၁၀၀) ကျော် သည့် အဆောက်အအုံ သို့မဟုတ် အရာဝတ္ထု ပစ္စည်းများကို ရှေးဟောင်း အဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ထားသည့် ဥပဒေတွင် ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက သက်ဆိုင် ရာဌာနသို့ ချက်ချင်း သတင်းပို့ရမည်ဟု ပြောင်း လဲထားကြောင်း ပြောကြားခဲ့ပါသည်။ | အကြံပြုချက်များအား ကျေးဇူးတင်ရှိပါသည်။ ယခုပြုပြင်မွမ်းမံထားသော ESMF ၂၀၁၇ တွင် ရှေးဟောင်းသုတေသန နှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေး မှုအမွေ အနှစ်များ ကာကွယ်ထိန်းသိမ်းရန် အတွက် ၂၀၁၆ ခုနှစ်အထိ အသစ်ထပ်မံ ရေးဆွဲထားသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော် ငြာစာ သတ်မှတ်ချက်များ ပါဝင်သည်။ |

| | |
|---|---|
| နွားထိုးကြီးမြို့နယ်တွင် ရှေးဟောင်းနယ်မြေ အဖြစ်သတ်မှတ်ထားသည်မှာ ဝတီးမြို့ဟောင်း သာဖြစ်သော်လည်း အခြားနေရာများဖြစ်သည့် စကြာ်တောင်ကိုလည်း ရှေးဟောင်းအမွေအနှစ် ဒေသအဖြစ် သတ်မှတ်သင့်ကြောင်း ရှေးဟောင်း သုတေသနဦးစီးဌာနကို အကြံပြု ပြောကြားပါသည်။ | အကြံပြုချက်များအား မှတ်သားထားပါသည်။ လူထုဗဟိုပြုစီမံကိန်း ပြုလုပ်နေသော အချို့ ကျေးရွာများသည် ဝတီးမြို့ဟောင်းဇရိယာပြင်ပ အနီးအနားတွင်တည်ရှိသည်။ ရွာချင်းဆက်လမ်း ဖောက်လုပ်ပါက အဆိုပါ ESMF ကိုအသုံးပြုမည် ဖြစ်ပြီး သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ DRD နှင့် ရှေးဟောင်းသုတေသနဦးစီးဌာနမှ နည်းပညာ အထောက်အပံ့များနှင့်အညီ လူထုမှ လိုက်နာရန် လိုအပ်သည်။ |
| **၂. သဘာဝပတ်ဝန်းကျင်နှင့် လူမှုစည်းမျဉ်း ဆိုင်ရာ အခန်းကဏ္ဍ**<br>တက်ရောက်လာသူတစ်ဦးမှ ဆွေးနွေးသည်မှာ - လမ်းဖောက်လုပ်ခြင်းတွင် ဂျင်းကျောက် အသုံးပြု ခြင်းကြောင့် သဘာဝသယံဇာတများ ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်သဖြင့်ဂျင်းကျောက် အသုံးပြု မည့်အစား အခြားပစ္စည်းများကို အသုံး ပြုပါက ပိုမိုသင့်လျော် မည်ဖြစ်ကြောင်း အကြံပြု ပြောကြားပါသည်။<br>လူထုဗဟိုပြုစီမံကိန်းမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေရန် အတွက် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေမှု အားသိရှိရပါသည်။ သို့သော်လည်း ၎င်းစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေသည့် ကျေးရွာများ | လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ရာတွင် သဘာဝ အရင်းအမြစ်များ အသုံးပြုမှုကိုမြန်မာနိုင်ငံ၏ဥပဒေ၊နည်းဥပဒေ များနှင့်အညီလုပ်ဆောင်ရန်လိုအပ်သည်ဟုလမ်း ညွှန်ထားပါသည်။ စီမံကိန်းအတွက်ဆောက်လုပ် ရေးလုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရာတွင် ယုံကြည်စိတ်ချရသောဆိုင်တွင် ဝယ်ယူရန် နှင့် အစားထိုးပစ္စည်းများ အသုံးပြုရန် သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းအတွက်အန္တ ရာယ်မဖြစ် စေသော ပစ္စည်းကို အသုံးပြုရန် တိုက်တွန်းပါ သည်။ ဥပမာ - သစ်သားနံရံအစား ကွန်ကရစ်နံရံကို အသုံးပြုရန်နှင့် သစ် အစား စတီးနှင့် ကွန်ကရစ်တိုင်ကို အသုံးပြုခြင်း တို့ဖြစ်သည်။ ထိုကဲ့သို့သော သစ်အစားထိုးသုံးစွဲ ရန်အတွက် ညွှန်ကြားမှုများရှိသော်လည်း ဒေသခံ များသည် ၎င်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် ထိုဒေသအနီးရှိ သစ်တောထွက်ပစ္စည်း များကိုသာ အသုံးပြုခြင်းကို ကျေနပ်မှုရှိကြ ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ အထူး သဖြင့် ဆောက်လုပ်ရေးပစ္စည်းဆိုင်များနှင့် ဝေး ကွာသောဒေသများ သို့မဟုတ် ပဋိပက္ခဖြစ်ပွါး သောဒေသများ သို့မဟုတ် သယ်ယူပို့ဆောင်ရေး ခက်ခဲသော ဒေသများတွင် သဘာဝသစ်တော ထွက် ပစ္စည်းများကိုသာ ပိုမိုအသုံးပြုလိုကြသည်။ |

| | |
|---|---|
| တွင် အခြားသော စက်မှုလုပ်ငန်းများ လုပ်ဆောင် နေခြင်းသည် သဘာဝပတ်ဝန်းကျင် ကို ထိခိုက် နိုင်သည့်အခြေအနေများတွေ့ရှိရ သဖြင့် EIA/SIA သင်တန်းများကို ထည့်သွင်း သင်ကြား ပေးရန် လိုအပ်မည်ဟု ထင်မြင်မိပါ သည်။ | |
| **၃. ရန်ပုံငွေခွဲဝေချထားပေးခြင်း**<br>ရန်ပုံငွေခွဲဝေချထားပေးမှုသည် လူဦးရေ အရေ အတွက်ပေါ်မူတည်၍ ပေးအပ်ခြင်းဖြစ်သော် လည်း အချို့ကျေးရွာများသည် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးတွင် စာရင်းရှိသောရွာနှင့် စာရင်းမရှိသော ရွာများတည်ရှိနေသည်ကို တွေ့ရှိရသည်။ အချို့ကျေးရွာအုပ်စုများတွင် ကျေးရွာ (၁၁) ရွာ ပါဝင်သော အုပ်စုများရှိသဖြင့် အုပ်စုမှ ရန်ပုံငွေ ခွဲဝေသည့်အခါ ကျေးရွာလူဦး ရေအပေါ် မူတည်ခွဲဝေသင့်ကြောင်း အကြံပြု ပြောကြားပါသည်။ | ကျေးရွာအုပ်စု၏ လူဦးရေပေါ်မူတည်၍ ရန်ပုံငွေ ခွဲဝေချထားပေးခြင်းဖြစ်သော်လည်း အထွေထွေ အုပ်ချုပ်ရေးမှူးရုံးတွင် စာရင်းရှိသောရွာနှင့် စာရင်း မရှိသော ရွာများ နှစ်မျိုးစလုံးအား ရန်ပုံငွေခွဲဝေ ချထားပေးနိုင်ပါသည်။ ကျေးရွာတွင်း လူဦးရေ ပြောင်းလဲမှုရှိပါက ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် သက်ဆိုင်ရာ မြို့နယ် အထွေထွေ အုပ် ချုပ်ရေးမှူးရုံးနှင့် ကျေးလက်ဦးစီးရုံးသို့တင်ပြရန်၊<br>ကျေးလက်ဦးစီးဌာန တိုင်းရုံးနှင့် သက်ဆိုင်သူ ပေါင်းစုံပါဝင်သော အဖွဲ့မှ ကျေးရွာအတွင်း အမှန် တစ်ကယ်လူဦးရေပြောင်းလဲမှုရှိ/မရှိ ကွင်းဆင်း စစ်ဆေးအတည်ပြုချက်ရယူရန်၊ သက်ဆိုင်ရာ တိုင်းရုံးမှ တစ်ဆင့် လူဦးရေပြောင်းလဲမှုကို ပြည် ထောင်စုအဆင့် ကျေးလက်ရုံးသို့ ဆက်လက် တင်ပြ၍ ရန်ပုံငွေပြောင်းလဲသွားမှုအတွက် တင်ပြ ပြီး အတည်ပြုချက်ရယူရန်၊ အဆိုပါအချက်များ ပြည့်စုံမှသာ လူဦးရေပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေ သတ်မှတ်ချက်ကို အတည်ပြုပေးနိုင်မည်ဖြစ် သည်။ |
| **၄. လက်ထောက်နည်းပညာမှူးများ (TFs) / လူထု စည်းရုံးရေးမှူးများ (CFs)**<br>စီမံကိန်းလုပ်ငန်းခွဲများတည်ဆောက်သည့် (လမ်း၊ တံတား၊ ရေကျော် စသည်) အခါ လက်ထောက်နည်းပညာမှူးများသည် အတွေ့ အကြုံအားနည်းသည်ကို တွေ့ရှိရကြောင်း ဆွေးနွေးပြောကြားပါသည်။ | လက်ထောက်နည်းပညာမှူး များအား Design နှင့် estimate ကို စီမံကိန်းလုပ်ငန်းခွဲ တစ်ခုစီအတိုင်း သေချာစွာ ရေးဆွဲရန် သင်တန်းများပေး ပြီးဖြစ် သည်။ လိုအပ်ပါက မြို့နယ် ကျေးလက်ဦးစီးရုံးမှ အကူအညီတောင်းခံနိုင်သည်။ထို့ပြင် ခန့်မှန်းကုန် |

| | |
|---|---|
| စီမံကိန်းဝန်ထမ်းများ ခန့်အပ်သည့်အခါ မည်သည့် မူဝါဒများအား သတ်မှတ်ချက်ထား၍ ခန့်အပ်သည်ကိုသိလိုကြောင်းမေးမြန်း ပါသည်။<br>ကျေးရွာအစည်းအဝေးပွဲများအတွက် ရွာလူထုအားဖိတ်ကြားခြင်းကို လူထုစည်းရုံးရေး မှုးများက ဖိတ်ကြားသင့်သည်။ အချို့ကျေးရွာများတွင် အစည်းအဝေးဖိတ်ကြားမှုများကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပြုလုပ်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် လူထုစည်းရုံးရေးမှူးများအတွက် လူထုဖြင့်စကားပြောနည်းသင်တန်းများကို ထည့်သွင်းသင်ကြားပါက ပိုမိုကောင်းမွန်မည် ဖြစ်ကြောင်း ပြောကြားပါသည်။ | ကျငွေ နှင့် အမှန်တကယ်ကုန်ကျငွေ ကွာဟချက်များရှိပါက ပြင်ဆင်တွက်ချက် ရန်ညွှန်ကြားထားပါသည်။<br>**လူထုစည်းရုံးရေးမှူးများကို** ဒေသခံများသာ ခန့်အပ်ရမည်ဖြစ်ပြီး - ပထမဦးစားပေးအနေဖြင့် လိုအပ်သော နည်းပညာအရည်အသွေးနှင့် ပြည့်စုံ သည့် ဒေသခံ လက်ထောက်နည်းပညာမှူးများကို ဦးစားပေးခန့်ထားရန်၊ အကယ်၍ ဒေသခံများ မရရှိပါက ထိုဒေသအနီးတဝိုက်ရှိ နည်းပညာ အရည်အသွေး ပြည့်စုံသော လက်ထောက်နည်း ပညာမှူးများကို ခန့်အပ် ရမည်ဖြစ်သည်။ CFs/ TFs ခန့်အပ်မှုများနှင့်ပက်သက်၍ အကြံပြုချက်များရှိပါက ဝေဖန်အကြံပြု တိုင်ကြားရေးစနစ်မှ တစ်ဆင့် ဝေဖန်အကြံပြုနိုင်ကြောင်း ဆွေးနွေး ပြောကြား ပါသည်။<br>အကြံပြုချက်များအား မှတ်သားထားပါသည်။ ကျေးလက်ဦးစီးသည် အဆိုပါအကြောင်းအရာကို မြို့နယ် TTA များနှင့် ညှိနှိုင်းဆွေးနွေး ပေးမည်ဖြစ်သည်။ |
| **၅. စီမံကိန်းအတွက် အထောက်အပံ့များ**<br>လူထုဗဟိုပြုစီမံကိန်းသည် အခြေခံအဆောက်အအုံများ ပံ့ပိုးရုံသာမက စီးပွားရေးအတွက် အသေးစားချေးငွေများ ထောက်ပံ့မှုမျိုးကိုလည်း လုပ်ဆောင်သင့်ကြောင်း ပြောကြားပါသည်။ ထို့ပြင် ချေးငွေကဏ္ဍသာမက အခြားလူမှုစီးပွါးကိုပါ ထည့်သွင်းစဉ်းစားရန် ပြောကြားပါသည်။ ၎င်းအပြင် လူထုဗဟိုပြုစီမံကိန်းမှ ဖွံ့ဖြိုးမှုနောက်ကျသော မြို့ပြဒေသရှိ ရပ်ကွက်များကိုလည်း ပံ့ပိုးပေးနိုင်ရန် အကြံပြု ပြောကြားပါသည်။ | ကမ္ဘာ့ဘဏ်သည် အခြေခံ အဆောက်အအုံများ ပံ့ပိုးပေးသည့်အပြင် အသေးစား ချေးငွေသဘောမျိုးမဟုတ်သောအသက်မွေးဝမ်းကြောင်း လုပ်ငန်း များကိုလည်း ပံ့ပိုးပေးနိုင်ရန်အတွက် ထည့်သွင်း စဉ်းစားလျက်ရှိသည်။ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ပါရှိပြီး ၎င်းအစီအစဉ်တွင် အသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သည့် လုပ်ငန်းများကို ထည့်သွင်းရေးဆွဲစေပါသည်။ ငပုတောမြို့နယ်တွင် ADB အထောက်အပံ့ဖြင့် လည်း ကျေးရွာ (၁၆) အုပ်စုကို စမ်းသပ်ဆောင်ရွက်နေပါသည်။ ကျန်ကျေးရွာ အုပ်စုများတွင် လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။ |

| | |
|---|---|
| | ကမ္ဘာ့ဘဏ်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားစီမံကိန်းရှိသည်။ လူထုဗဟိုပြုစီမံကိန်း သည် ကျေးလက်ဒေသများတွင်သာ အကောင် အထည်ဖော်ဆောင်ရွက်ပါသည်။ |
| **၆. လည်ပတ်ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်း (O&M)**<br>စီမံကိန်းဆောင်ရွက်သည့် လုပ်ငန်းများ ပျက်စီး ပါကပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ရန် မည်ကဲ့သို့ စဉ်းစားထားသနည်းဟု မေးမြန်း ပါသည်။ | ကျေးရွာများတွင် O&M အစီအစဉ်ကို ထည့်သွင်း ရေးဆွဲရန် သင်ကြားထားပါသည်။ long term အစီအစဉ်များအတွက် စာသင်ကျောင်း၊ ဆေးပေး ခန်းများကို သက်ဆိုင်သော ဌာနဆိုင်ရာ များသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါသည်။ |
| **၇. ဝယ်ယူရေးလုပ်ငန်း**<br>မီးလင်းရေးလုပ်ငန်းအတွက် ပစ္စည်းများဝယ်ယူ ရန် ဝယ်ယူ ရေးကော်မတီမှ ဝယ်ယူခြင်းမပြုရဘဲ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှ ဝယ်ယူပေးမည် ဟု သိရသဖြင့် ကျေနပ်ခြင်း မရှိကြကြောင်း ဆွေးနွေးပြောကြားပါသည်။ မြို့နယ် CDD တွင် လည်း လျှပ်စစ်အင်ဂျင်နီယာမရှိဘဲ၊ မြို့ပြအင် ဂျင်နီယာသာရှိသည်ဟုသိရှိရကြောင်းပြောကြား ပါသည်။ | ဝယ်ယူရေး ကော်မတီအနေဖြင့် နည်းပညာ အကြံဉာဏ်ကို မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ပူးပေါင်းဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် ဝယ်ယူရေးအနေဖြင့်ဝယ်ယူရေးကော်မတီ ကသာ ဆောင်ရွက်ခွင့်ရှိကြောင်း ရှင်းလင်း ပြောကြားပါ သည်။ |
| **၈. ESMF ဘာသာပြန်ခြင်း**<br>မြန်မာဘာသာပြန်ဆိုမှုသည် ကွာခြားမှုရှိကြောင်း - ဥပမာ - စာမျက်နှာ (၁၄)၊ နံပါတ် (၄) တွင် ရေးထားသော စကားလုံးသည် "မ" ပါဝင်နေ သဖြင့် စာကြောင်းအဓိပ္ပါယ်သည် လုံးဝ ကွာခြား သွားကြောင်း ဆွေးနွေးသွားပါသည်။ | အကြံပြုချက်များအား မှတ်သားထားပါသည်။ ကျေးလက်ဦးစီးဌာနသည် ဘာသာပြန်ဆိုမှုကို မှန်ကန်တိကျစေရန် လုပ်ဆောင်သွားမည်ဖြစ် သည်။ |
| **၉** . လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီး ဌာနအနေဖြင့် ရာသီဉတု ဖောက်ပြန်မှုများရှိနေသဖြင့် ကြိုတင်ပြင်ဆင်မှု များ ဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ် အခြေနေများတွင် ထိရောက်စွာတုံ့ပြန်နိုင်စေရန် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ရန်လိုအပ် ကြောင်းပြောကြားပါသည်။ ကျေးလက်လူထု ၏စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် လူမှုဝန် | ကျေးရွာမြေသားလမ်းအား သက်ဆိုင်ရာ တိုင်း ဒေသကြီးမှဖောက်လုပ်ပေးမည်ဟု သိရှိရကြောင်း ပြောကြားပါသည်။ စီမံကိန်းလုပ်ငန်းခွဲများကို မြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အတွက် ၂၀၁၇/၂၀၁၈ တိုင်းဒေသကြီး ရန်ပုံငွေ ဖြင့် အကောင်အထည်ဖေါ်ရန်လျာထား ခဲ့ပြီးဖြစ် သည်။ NCDDP စီမံကိန်းသည် ကျေးရွာ လူထုမှ |

| | |
|---|---|
| ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်လို ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြားဌာနဆိုင်ရာအဖွဲ့ (၅) ဖွဲ့ ရှိကြောင်းပြောကြားပါသည်။ ရမည်းသင်းမြို့နယ်တွင်းရှိ ကျေးရွာတစ်ခုတွင် ကတ္တရာလမ်းအထိ အဆင့်မြှင့်တင်မှု မပြုလုပ်နိုင်သေးသော်လည်း မြေသားလမ်းအဆင့်ကို ဖောက်လုပ်နိုင်သဖြင့် စီမံကိန်းမှလုပ်ဆောင်ပေးရန်တောင်းဆိုပါသည်။ | ကိုယ်တိုင်ရွေး ချယ်စေခြင်း ဖြင့်သာ လုပ်ဆောင်သော စီမံကိန်းဖြစ်သည်ဟု ရှင်းလင်းပြောကြားပါသည်။ လမ်းကြိတ်စက်ကို အသုံးပြုသော ကတ္တရာလမ်းပြုလုပ် ဆောင်ရွက်ခွင့်ရှိသည်။ |

**နောက်ဆက်တွဲ ၁၁.၃ - သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်မူကြမ်း (Draft ESMF) ဆိုင်ရာ သက်ဆိုင်သူပေါင်းစုံပါဝင်သော အကြံဉာဏ်ရယူခြင်းအစည်းအဝေး ၏ ဆွေးနွေးမှုမှတ်တမ်းများ**

**နေပြည်တော် MICC-2**

**၂၀၁၇ ခုနှစ် ဖွန်လ ၁ ရက် (၉း၀၀ - ၁၁း၀၀)**

တတိယမြောက် ဆွေးနွေးမှုကို ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက် ကြာသာပတေးနေ့တွင် နေပြည်တော် MICC-2 တွင် ကျင်းပခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် (၂၁) ဦး၊ အခြားဌာနမှ ဌာနဆိုင်ရာ အရာရှိများ (၂၄)ဦး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ မှ (၄) ဦး၊ ကမ္ဘာ့ဘဏ် မှ (၁) ဦး၊ မီဒီယာမှ (၈) ဦး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဝန်ထမ်း (၇၂) ဦး အပါအဝင် စုစုပေါင်း (၁၃၀) ဦး တက်ရောက်သည်။

အောက်ပါတို့မှာ တက်ရောက်လာသူများထံမှ ရရှိသည့် ဝေဖန်အကြံပြုချက်များ၊ မေးခွန်းများနှင့် အဆိုပါတို့ကို ကျေးလက်/ဦးစီးမှ ဖြေကြားခဲ့သည်များကို အကျဉ်းချုပ်ဖော်ပြထားခြင်း ဖြစ်သည်။

| ဝေဖန်အကြံပြုချက်/ မေးခွန်း | ဖြေကြားချက် |
|---|---|
| **၁. စေတုတ္တရာ မြို့နယ်ရှိ ရေကြီးနစ်မြုပ်ခံရ သောကျေးရွာများ** - စေတုတ္တရာမြို့နယ်ရှိ ရေကြီးနစ်မြုပ်ခံရသော ကျေးရွာ (၄) ရွာ ပြောင်း ရွှေ့နေရာချထားရာတွင် ရွာနေရာအသစ်သည် မူလ စိုက်ပျိုးမြေဧရိယာအတွင်းကျရောက်နေသောကြောင့် စီမံကိန်းအကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေ လက်ခံရရှိခြင်း မရှိခဲ့ပါ။ ၎င်း | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သည် ထိခိုက်ခံရသော ရွာ (၄) ရွာ အနက် မြေယာလျှော်ဒါန်းမှုဆိုင်ရာကိစ္စနှင့် အဓိကပက်သက် လျက်ရှိသည့် ထမင်းချက်ရွာ၏ ပြန်လည်နေရာချထားမှုဆိုင်ရာ စာရွက်စာတမ်း ကိစ္စရပ်များပိုမိုသေချာမှု ရှိစေရန်အတွက် ကမ္ဘာ့ဘဏ်မှသိရှိလိုသည့် အသေးစိတ် အချက်အလက်များကို ကွင်းဆင်းသွားရောက် မေးမြန်းခဲ့ပါသည်။ ကျေးလက်ဦးစီးဌာနသည် ကမ္ဘာ့ဘဏ်မှ တောင်းဆိုသော စာရွက်စာ တမ်းများ ပြည့်စုံပါက ကမ္ဘာ့ဘဏ်သို့ ဆက်လက်တင်ပြပြီး အထက်ဖော်ပြ |

| | |
|---|---|
| အတွက် အစားထိုးရန်ပုံငွေ ရရှိနိုင်ခြင်း ရှိမရှိ မေး မြန်းပါသည်။ | ပါနေရာများအတွက် စီမံကိန်းရန်ပုံငွေ ပြန်လည်ရရှိစေရေး အတည်ပြုချက်ကို ရယူရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ |
| ၂. **တပ်ကုန်းမြို့နယ် သစ်တောကြိုးဝိုင်း ဧရိယာ -** တပ်ကုန်းမြို့နယ် သစ်တောကြိုးဝိုင်းအတွင်းရှိ ကျေးရွာ (၁၅) ရွာအနက် (၁၁) ရွာသည် ယခုနှစ် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ရန်အတွက် ၂၀၁၇ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပသော TPIC အစည်းအဝေးပွဲတွင် ခွင့်ပြု ချက်မရရှိခဲ့ပါ။ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူ မှ အကာအကွယ်ဆိုင်ရာမူဝါဒကို ကောင်းစွာ နားလည်ကြောင်း နှင့် ယခုဖြစ်စဉ်အား ၎င်း၏ ဌာနသို့ပြန်လည်တင်ပြမည်ဖြစ်ပြီး ကျေးရွာ (၁၁) အတွင်းရှိ စီမံကိန်းလုပ်ငန်းခွဲများ အကောင် အထည်ဖော်နိုင်ရန်အတွက် ခွင့်ပြုချက်ရရှိရန် ဆွေးနွေးညှိနိုင်းမှုပြုလုပ်မည် ဟုပြောကြားသွား ပါသည်။ | အကြံပြုချက်များအား မှတ်သားထားပါသည်။<br>အကြံပြုချက်များအား ကျေးဇူးတင်ရှိပါသည်။ |
| ၃. **နိုင်ငံတကာမြစ်ကြောင်းများ -** ရေဝတီမြစ်ရေအသုံးချသည့် လုပ်ငန်းခွဲများအား စီမံကိန်းမှ ထောက်ပံ့ခြင်းရှိ/ မရှိမေးမြန်း ပါသည်။ | ဥပမာအားဖြင့် ညောင်ဦးမြို့နယ်ရှိ လူထုဗဟိုပြု စီမံကိန်းတွင် ဧရာဝတီမြစ်ရေအား အသုံးပြု၍ ရေပေးဝေခြင်းကို ခွင့်မပြုပါ။ သို့သော် အဆိုပါ ကျေးရွာများသည် အခြားသော ရေပေးဝေခြင်း လုပ်ငန်းများကို ရွေးချယ်နိုင်သည်။ |
| ၄. **ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှု အရင်းအမြစ် (PCR) -** ရှေးဟောင်းနယ်မြေဟု သတ်မှတ်မထား သည့် ဒေသများတွင် လုပ်ငန်း များဆောင်ရွက် နေစဉ် ရှေးဟောင်း ပစ္စည်းများ တွေ့ရှိခဲ့ပါက မည်ကဲ့ သို့ဆောင်ရွက်ရမည်နည်း ဟုမေးမြန်းပါသည်။ | ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ချမှတ်ထား သော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုလုပ်ထားသော ESMF ၏ လမ်းညွှန်ချက်များအတိုင်း စီမံကိန်းကို လုပ်ဆောင်မည်ဖြစ်သည်။ |
| ၅. **သဘာဝပတ်ဝန်းကျင် စည်းမျဉ်းဆိုင်ရာအခန်း ကဏ္ဍ -** ၂၀၁၇ ESMF မူကြမ်း၏ "စာမျက်နှာ (၂၆) တွင် ပါရှိသည့် (lack of environmental protection legislation and enforcement capacity) ကိုပြင်ဆင်ပေးစေလိုကြောင်း ပြောကြားပါသည်။ ထို့ပြင် (until 2012) ဆိုသည် | အကြံပြုချက်များအား ESMF တွင် မွမ်းမံပြင်ဆင် မည်ဖြစ်သည်။ |

| | |
|---|---|
| ကိုပါ ထပ်မံဖြည့်စွက်ပေးစေ လိုကြောင်း ပြောဆို ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် ၂၀၁၂ ခုနှစ်မတိုင်မီတွင် 'မူ'တစ်ခုရှိခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ် environmental policy ရှိခဲ့ကြောင်း ရှင်းလင်းပြောဆိုပါသည်။ | |
| **၆. ဥပဒေပိုင်းဆိုင်ရာ မြန်မာ ဘာသာပြန် အသုံးအနှုန်းများ - ESMF** တွင် မြန်မာဘာသာ ပြန်ဆိုမှုအချို့သည် မှန်ကန်တိကျမှု မရှိကြောင်း အကြံပြုပြောဆိုပါသည်။ ဥပဒေရေးရာ ဌာနမှ အကြံပြုသည်မှာ ESMF တွင်မှန်ကန်စွာ သုံးနှုန်း နိုင်ရန်အတွက် ဥပဒေရေးရာစာအုပ်များကို ကိုးကားနိုင်ကြောင်း အကြံပြုပါသည်။ | ကျေးလက်ဦးစီးမှ မှန်ကန်တိကျသော အသုံး အနှုန်းများကို မြန်မာဘာသာ ပြန်ဆိုရာတွင် ပြန်လည်အသုံးပြုမည်ဖြစ်သည်။ |
| **၇. ရန်ကုန်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီး ဌာနနှင့် ဆက်လက်လုပ်ဆောင်ရန် ကိစ္စ - EMP** လိုအပ်သော စီမံကိန်းလုပ်ငန်းခွဲ များသည် ပြန်လည်သုံးသတ်ရန်နှင့် ခွင့်ပြုချက် ရယူရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန (ECD) ကိုတင်ပြရမည်ဖြစ်သည်။ DRD နှင့် ECD တို့အကြံပြုစဉ်းစားကြသည်မှာ လူထုဗဟိုပြု စီမံ ကိန်းရှိ စီမံကိန်းလုပ်ငန်းခွဲများသည် ပမာဏ သေးငယ်လွန်းသည့်အတွက် လုပ်ငန်းခွဲများအ ကုန် ECD မှ ခွင့်ပြုချက်ရယူရန်မှာ အချိန်ကုန် မည်ဖြစ်ကြောင်း နှင့် အဆိုပါ ECD မှတာဝန်ရှိသူ သည် ညွှန်ကြားရေးမှူးချုပ် ထံတင်ပြ၍ ထပ်မံအကြောင်းပြန် သွားပါမည်ဟုပြောကြားပါသည်။ | |